www.burmeseclassic.com

ရသ စာအုပ်တိုက်

# အရိုး

ဇီဝတာ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

**ထုတ်ဝေသူ**
ဒေါ်ခင်မာရှို (ပန်းဝေဝေစာပေ)
၃၆၀၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့

**အတွင်းနှင့်အဖုံးပုံနှိပ်**
Color King ပုံနှိပ်တိုက်

**မျက်နှာဖုံးဒီဇိုင်း**
ဗဂျိုလင်းဝဏ္ဏ

**ထုတ်ဝေသည့်အကြိမ်**
ပထမအကြိမ်၊ ၂၀၁၃၊ ဇန်နဝါရီလ

**အုပ်ရေ**
၅၀၀

**တန်ဖိုး**
၂၅၀၀ ကျပ်

**ဖြန့်ချိရေး**
ရသစာအုပ်တိုက်
အမှတ်-၈၇၊ စိန်ခြယ်လမ်း၊ (၅) ရပ်ကွက်၊
ဒဂုံအရှေ့၊ ရန်ကုန်မြို့
ဖုန်း-၀၉ ၅၄၀ ၉၃၂၂၊ ၀၉ ၄၂၁၀ ၆၇၂၃၃

BURMESE CLASSIC .com

# အရိုး
## ဇီဝတာ

www.burmeseclassic.com

www.burmeseclassic.com

ကျမ်းတကာတို့၏ အပြင်ဘက်ထွက်ကာ ငါ ဆိုသည်
ဤမည်သောနေရာတွင် ထိုကြမ္မာသည် ရှိအံ့
ထိုကြမ္မာသည် ငါ၏အရာဖြစ်လျှင် ငါလာမည်
ငါသည်
နတ်ဘုရားတို့ ရေတွက်အပ်သော
ဆဋ္ဌမနေရာ
သတ္တမတာန်ဖိုး
Zeta ဖြစ်သည် ...

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ညဦးပိုင်းသည် လွန်စွာအေးချမ်းလှ၍ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံနေလေသည်။

အချိန်မရွေး မိုးရွာချနိုင်သော ကာလဖြစ်၍ ကုန်းတော်ပေါ်တွင် လူအနည်းငယ် ပါးနေ၏။ အချိန်မှာကား ညရှစ်နာရီခန့်။ ကုန်းတော်သည် ဓါတ်မီးရောင်များ ရွှေရောင်များနှင့် လင်းချင်းနေ၏။

အသက်နှစ်ဆယ်ကျော်ရုံမျှသာ ရှိဦးမည်ဖြစ်သော ကောင်မလေး တစ်ယောက်သည် တစ်ဦးတည်း အေးအေးစွာ စေတီတော်ကြီးကို မော့ကြည့် ရှုမော်ရင်း လက်ယာရစ် ဖြည်းဖြည်း လျှောက်လာလေသည်။ အသားအရေ အထူးတလည် စိုပြည်ဝင်းဝါလှ၍ ဥစ္စာစောင့်တမျှ လှပသည့်အပြင် ခြင့်မားသော အရပ်အမောင်းနှင့်အညီ အချိုးအစားကျလှသော ကိုယ်နေဟန်ထားကြောင့် ဖြတ်သွားဖြတ်လာ အများတွင် အချို့က သမင်လည်ပြန် ငေးသွားကြကုန်၏။ ကောင်မလေးကတော့ ဤကိစ္စများကို ကြုံဖူးပေါင်းများလှပြီ ဖြစ်သည့်ပုံနှင့် ဂရုမစိုက်။ သူ့ဟာသူ အေးချမ်းစွာသာ စေတီတော်ကြီးကို မော့ကြည့် ဖူးမြော်ရင်း ဖြည်းဖြည်း လျှောက်နေ၏။ အတန်ငယ် လူသူရှင်းသည့် ခေါင်းလောင်းကြီး တစ်လုံးနား ရောက်သော် ခေါင်းလောင်းကြီးကိုကပ်လျက် ကျောပေးကာ ပုဆစ်တုပ် ထိုင်ချလိုက်လေ၏။ စေတီတော်ကြီးကို အတန်ကြာ မော့ကြည့် ဖူးမြော်နေပြီးမှ မျက်လွှာလေးချကာ ဦးသုံးကြိမ် ဖြည်းညင်းစွာချ၏။ ထို့နောက် လွယ်လာသော အကောင်းစားအညိုရောင် သားရေအိတ်လေးထဲမှ ပုတီးလေးတစ်ကုံးကို ထုတ်ကာ ရှေ့တွင်

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ချ၏။ ပြီးလျှင် ဦးသုံးကြိမ်ချပြန်က မျက်စိလေးမှိတ်၍ နှုတ်ခမ်းလေးများ လှုပ်ရုံ အသံမထွက်ဘဲ ဘုရားရှိခိုးနေလေတော့၏။ ကောင်မလေး၏ လှုပ်ရှားမှုများအားလုံးသည် ကျွမ်းကျင်လှသော ကချေသည်တစ်ဦး၏ နူးညံ့သော ကကွက်များအလား သွယ်ပျောင်း ချောမွတ်လျက် ရှိတော့၏။ ထို့ကြောင့် မလှမ်းမကမ်းတွင် ထိုင်၍နေသော အသက်လေးဆယ်နီးပါး သန့်သန့်ပြန့်ပြန့် လူတစ်ယောက်သည် ကောင်မလေးအား ကျကျနန ငေး၍ နေလေ၏။ ကောင်မလေးမှာ ထိုသည်ကို လုံးလုံးမသိ။ မျက်လွှာလေးများ စုံမှိတ်ကာသာ ဘုရားရှိခိုးနေလေသည်။ ထိုစဉ် ····

အသားဖြူဖြူ ရုပ်ရည် သန့်သန့်ပြန့်ပြန့်နှင့် လည်ကတုံး အဖြူရောင် ကိုယ်စီကို လည်ပင်းအစေ့ကြယ်သီးများ တပ်ထားကြသော ကချင်ပုဆိုးဆင်တူနှင့် လူငယ်နှစ်ယောက်သည် စကားတပြောပြောနှင့် ထိုနေရာနားသို့ ရောက်လာကြလေ၏။ ကောင်မလေးကို ငေးနေသော လေးဆယ်ခန့်လူနားမှ လူငယ်နှစ်ယောက် ဖြတ်သွားကြသော် စကားပြောသံများ ကြားလိုက်ရလေ၏။ ရုပ်ရည် အတန်ငယ် ချောမောသော လူငယ်မှ ခပ်ဖိုင့်ဖိုင့် လူငယ်အား

'ကုသိုလ်ကောင်းမှုပြုပြီးလို့ ထိုးမယ့်ထိုးရင်တော့ ငါက ဓမ္မစေတီ ခေါင်းလောင်းကြီးပဲ ထိုးချင်တာဟ'

'ရဲသင် မင်း ပေါက်ကရ မကြံနဲ့၊ ဓမ္မစေတီခေါင်းလောင်းကြီးက ငဇင်ကာရှည်လို့ မြစ်ထဲကျနေတာ၊ ဘယ်လိုလုပ် ထိုးမှာတုံး၊ မင်းဟာက လေဖမ်း ရှိလာကိုစတာစီး ဆိုတာလို ···'

'လေဖမ်းဒန်းစီးပါဟ၊ နေစမ်းပါဦး ချိုကြီး၊ မင်းက ငဇင်ကာတွေ ဘာတွေ ငါ့ လာပြောရအောင် မင်းက ဘယ်လောက်သိလို့တုံး'

'အေး ကြည့်စမ်း၊ မင်းကို ငါ မေးမလို့ မေ့ မေ့နေတာ၊ လာကွာ၊ ဒီနားထိုင်ရအောင်'

လူငယ်နှစ်ယောက်သည် ကောင်မလေးနှင့် လေးဆယ်ခန့်လူကြား အုတ်ဖိနပ်လေးတစ်ခုပေါ်တွင် ကျကျနန ထိုင်ကြလေတော့၏။ လေးဆယ်ခန့်လူမှာ လူငယ်နှစ်ယောက် ထိုင်ချလိုက်သောကြောင့်`ကောင်မလေးအား မြင်ကွင်းကွယ်သွားသည် ဖြစ်ရာ ကောင်မလေးအား ကျကျနန မြင်ရရန်





အတွက် နေရာပြောင်းထိုင်ရလေရာ စိတ်ထဲတွင် လူငယ်နှစ်ဦးအား ကသိကအောက် ခံစားရလေ၏။

လူငယ်နှစ်ဦးမှာ ကောင်မလေးအား သတိပင် မထားမိ။ လေးဆယ်ခန့်လူအားလည်း သတိပင်မထားမိ။ သူတို့ဟာ သူတို့သာ ဆက်လက်ပြောဆိုနေကြလေ၏။ ရဲသင် ဟုအခေါ်ခံရသော ကောင်လေးမှ ဆက်ပြော၏။ လေးဆယ်ခန့်လူမှာ လူငယ်နှစ်ယောက်သည် ၄င်းနှင့် ပိုမိုနေသဖြင့် အကုန်ကြားနေရလေသည်။

'ငါ့အထင်တော့ အဲဒီ ငဇင်ကာဆိုတဲ့ အကောင်ဟာ အော်လန်ဒိုဘလွန်းလို ခပ်ဖြောင့်ဖြောင့် ခပ်လည်လည် အကောင်စားမျိုး ဖြစ်လိမ့်မယ် ချိုကြီးရ၊ မင်း စဉ်းစားကြည့်လေ၊ ဒီလောက် ရှုပ်တဲ့အကောင်ဟာ သန်လျင်မြို့စားတွေ ဘာတွေဖြစ်၊ သူများသားသမီး သွားယူပြီး ငါတို့နိုင်ငံ ရောင်းစားဖို့ အပေးအယူတွေ လုပ်လိုလုပ်၊ နတ်သျှင်နောင်လို ငနဲကြီးကိုတောင် စည်းရုံးလို စည်းရုံးနဲ့ ဥပမိရုပ်ခံက အော်လန်ဒိုဘလွန်းလောက်တော့ ကောင်းကိုကောင်းမှာ သေချာတယ်'

'တော် တော် ··· ဟေ့ကောင် ငါ သိချင်တာ အဲဒီ ဖင်ကိုတံကျင်လျှိုး အသတ်ခံရတဲ့ကောင်အကြောင်း မဟုတ်ဘူး၊ ခေါင်းလောင်းအကြောင်းဟ၊ မင်းဟာက ခုတ်ရာတလွဲ ဝက်ခေါက်တခြား ဖြစ်နေပြီ'

'ခုတ်ရာတလွဲ ရှရာတခြားပါဟ'

'ဘာဖြစ်ဖြစ်ကွာ၊ မင်းက အင်ဆိုင်ကလိုပီးဒီးယား ဆိုတော့ ဓမ္မစေတီခေါင်းလောင်းအကြောင်း ငါ့ နည်းနည်းပြောပြ'

'ပြောရရင် ဘုရင်မကြီး ရှင်စောပုက စတာကွ၊ နည်းနည်းရှည်တယ်'

'ရှည်ရှည်ကွာ၊ ရတယ်'

'ပြီးရော၊ ရှေ့သမိုင်းတွေ မပြောတော့ဘူး၊ မိဖုရားကြီးရှင်စောပုဟာ အင်းဝမှာ မပျော်လို့ မွန်ရဟန်းနှစ်ပါးနဲ့ ဟံသာဝတီကို စွန့်ဆင်းလာတယ်၊ အဲဒီထဲက တစ်ပါးက အရှင်ဓမ္မရေလို့ ဘွဲ့မည်တယ်၊ လောကီပညာ တတ်ကျွမ်းတယ်၊ အဲဒီ အရှင်ဓမ္မရေကို မြန်မာ့သမိုင်းမှာ တစ်ဦးတည်းသော ဘုရင်မကြီးဖြစ်တဲ့ ရှင်စောပုက သူ့ ဘုရင်မကြီး ဖြစ်လာတော့ အင်းဝက



www.burmeseclassic.com

www.burmeseclassic.com



ဟံသာဝတီ ... အခု ပဲခူးပေါ့ကွာ'

'သိပါတယ်ဟ'

'အေး အဲလို အင်းဝက ဟံသာဝတီကို လာတုန်း ကူညီခဲ့တဲ့ အရှင်မဇ္ဈိမရကို လူထွက်ခိုင်းပြီး သမီးတော်နဲ့ ပေးစား မဇ္ဈိမစေတီအမည်နဲ့ အိမ်ရှေ့အရာ ပေးတာကွ'

'ဘယ်တော့ ဘုရင်ဖြစ်ပြီး ဘယ်တော့ ခေါင်းလောင်းလုပ်တုံး'

'ခရစ်နှစ် ၁၄၇၁ မှာ ဘုရင်ဖြစ်တယ်၊ ၁၄၇၆ မှာ ခေါင်းလောင်းကြီး သွန်းပြီး ရွှေတိဂုံစေတီတော်ကို လှူတယ်၊ အဝ ၈တောင်၊ အစောက် ၁၂ တောင်၊ အလေးချိန် ပိဿာ တစ်သိန်းရှစ်သောင်း၊ တကယ်လို့ ဆယ်လို့ ရခဲ့မယ်ဆိုရင် ကမ္ဘာပေါ်မှာ ဒုတိယအကြီးဆုံး မင်းကွန်းခေါင်းလောင်းကြီးထက် သုံးဆကျော် ကြီးတဲ့အတွက် ကမ္ဘာ့အကြီးဆုံးခေါင်းလောင်းကြီး ဖြစ်လာမှာ၊ အဲဒီ ဓမ္မစေတီခေါင်းလောင်းကြီးကို ဖေဗကာက အမြောက်လုပ်မယ်ဆိုပြီး ယူသွားတာကနေ မြစ်သုံးခွဆုံအလယ်မှာ သစ်ဖောင်ကွဲပြီး ရေထဲကျသွားတာ၊ အခုခေတ် ဆယ်ရင် ရလောက်တယ်ကွ'

'နေစမ်းပါဦး ရဲသင် ... မင်း အဲဒါမျိုးတွေ ဘာလို့ အတိအကျ မှတ်မိနေတာတုံး'

'ဟ ငါ စိတ်ဝင်စားတဲ့ဟာတွေကိုးဟ'

'မင်းဦးနှောက်ကလည်းကွာ၊ မှတ် မှတ်နိုင်လွန်း'

လေးဆယ်ခန့်လူမှာ မသိမသာ စိတ်ဝင်တစား နားထောင်နေရာမှ အနည်းငယ် ရှက်သွားသလို တစ်ယောက်တည်း ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဓမ္မစေတီခေါင်းလောင်းဆိုသည်ကို အခုမှ သူကြားဖူးသောကြောင့် ဖြစ်လေ၏။ ခပ်ဖိုင့်ဖိုင့်လူငယ်မှ စကားဆက်၏။

'ကဲ .. သူငယ်ချင်း ... မဆယ်ရသေးတဲ့ ခေါင်းလောင်းတော့ မထိုးချင်ပါနဲ့ကွာ၊ နီးရာတစ်ခု ထိုးပြီး ပြန်ကြတာပေါ့'

'အေး ကောင်းတယ်၊ ဘယ်မလဲ ခေါင်းလောင်း'

'ဟိုမှာလေ'

'လာ သွားထိုးကြစို့'

လေးဆယ်ခန့်လူမှာ ထိုင်ရမလို ထရမလို ဖြစ်လေ၏။ လူငယ်





နှစ်ယောက် ဦးတည်သွားသည်က ကောင်မလေး ဘုရားထိုင်ရှိခိုးနေသော နောက်အနားကပ်လျက်မှ ခေါင်းလောင်းကြီး။ တစ်စုံတစ်ရာ လှမ်းတားလိုက်ရန် စိတ်ကူးသော်လည်း နောက်ကျလေ၏။

လူငယ်နှစ်ယောက်မှာ သွက်သွက်လက်လက်နှင့် ခေါင်းလောင်းနား ရောက်သွားကာ ရဲသင်ဆိုသော လူငယ်မှ ခေါင်းလောင်းဘေးတွင် အသင့်ထောင်၍နေသော ခေါင်းလောင်းထိုးတံကြီးကို မ လေသည်။ လေးဆယ်ခန့်လူမှာ ထိုင်ရာမှ 'ဟေ့' ဟု လှမ်းအော်ကာ ထ၏။ လူငယ်နှစ်ယောက်က မကြား။ ရဲသင်ဆိုသော လူငယ်မှ ခေါင်းလောင်းထိုးတံကြီးကို အားရပါးရလွှဲကာ စိတ်ရှိလက်ရှိ ထိုးချလိုက်လေတော့၏။

'ဒေါင် .... ဟောင် .... ဟောင် .... '

နားကွဲမတတ် ခေါင်းလောင်းသံကြီး ပေါ်လာလေသည်။

မိမိ နောက်နားကပ်လျက်မှ အလွန်ကျယ်လှသော ခေါင်းလောင်းသံကြီး ရုတ်တရက် ပေါ်လာလေသော် ကောင်မလေးမှာ အလွန် လန့်သွားပြီး ထိုင်နေရာမှ ဆတ်ခနဲ မတ်တတ်ထကာ မျက်လုံးလေးများပြူးလျက် တောင့်တောင့်ကြီး ဖြစ်နေလေ၏။ လေးဆယ်ခန့်လူမှာလည်း 'ဟေ့' ဟု အော်ပြန်ကာ အနားရောက်လာ၏။ လူငယ်နှစ်ယောက်မှာလည်း ခေါင်းလောင်းသံကြောင့် မကြား။ ကောင်မလေး မတ်တတ်ထရပ်ကာ သူတို့ဘက်သို့ ကျောပေးလျက် တောင့်တောင့်ကြီး ဖြစ်နေသည်ကိုတော့ သတိထားမိကြ၏။ သို့သော် ထိုကိစ္စသည် ကိုယ့်ကိစ္စမဟုတ်ဟု သဘောရကြသည့်အလျောက် ရဲသင်ဆိုသော လူငယ်မှာ ခေါင်းလောင်းကြီးကို နောက်တစ်ကြိမ် အားရပါးရ နှက်ပြန်လေ၏။

'ဒေါင် ... ဟောင် ... ဟောင် ... ဟောင် '

မတ်တတ်ကြီး တောင့်၍နေသော ကောင်မလေးမှာ ဒုတိယမြောက် ခေါင်းလောင်းသံကြီး ကြားလိုက်မှ အသက်ပြန်ဝင်လာသလို ဖြစ်ကာ ဒေါသတကြီး ချာခနဲ လှည့်ကြည့်လေ၏။

ပထမ သူ့အနား အူကြောင်ကြောင်နှင့် ရပ်ကြည့်နေသော လေးဆယ်ခန့်လူကို တွေ့၏။ ကောင်မလေးမှာ ဒိုင်းခနဲ မျက်စောင်းထိုးကာ ခေါင်းလောင်းဆီသို့ အကြည့်ရွှေ့၏။ လူငယ်နှစ်ယောက်ကို သေချာမြင်



www.burmeseclassic.com

www.burmeseclassic.com



လေသော် ထွက်နေသော ဒေါသသည် အမြင့်သို့ ဆက်တက်ကာ ကုန်းအော်လေတော့၏။

'ဟဲ့ကောင်တွေ ... နင်တို့ ...'

'ဒေါင် ... ဟောင် ... ဟောင်'

ခေါင်းလောင်းသံကြီး ပေါ်လာပြန်၍ ကောင်မလေး၏ အသံကို လွှမ်းလေ၏။ လေးဆယ်ခန့်လူမှာ ယောင်၍ နားနှစ်ဖက်ကို လက်နှင့်ပိတ်မိ၏။ ကောင်မလေး၏ ဒေါသကို ခေါင်းလောင်းသံက ထပ်ဆွပေးလိုက်သလိုဖြစ်ရာ ကောင်မလေးသည် ရောက်နေရာ ပတ်ဝန်းကျင်ကိုပင် မေ့သွားသလိုဖြစ်ကာ ကျယ်စွာ အော်မိလေတော့၏။

'ဟဲ့ ... ရဲသင်ရဲ၊ ဇော်ချိုဦး'

လူငယ်နှစ်ယောက်မှာ အခုမှ သေချာကြား၍ ကောင်မလေးအား တွေ့ကြသော် ခပ်ဖိုင့်ဖိုင့်လူငယ်မှ မျက်လုံးပြူးသွားကာ

'ဟိုက် ... မျက်ရှုလရောင်'

ဖြောင့်ဖြောင့်လူငယ်မှာလည်း အံ့ဩသွားပြီးမှ ချက်ချင်း မျက်နှာချိုသွေးလျက်

'ဟီး ဟီး နေကောင်းတယ်နော်'

တစ်စပ်တည်း ဘေးတွင် အူကြောင်ကြောင်နှင့် နားပိတ်ကာ ရပ်နေသော လေးဆယ်ခန့်လူကိုပါ တွေ့၍ ကောင်မလေးနှင့် ထိုသူကို လက်ညှိုးဖြင့် တစ်လှည့်စီ မဝံ့မရဲ ညွှန်၍

'အတူတူ လာတာလား'

ရန်တွေ့ရန် ပြင်နေသော ကောင်မလေးမှာ ရုတ်တရက် ဘာပြောရမှန်းမသိဖြစ်ကာ ထိုလူကို ဒေါသနှင့် လှည့်ကြည့်၏။ ထိုသူမှလည်း အူကြောင်ကြောင်နှင့် ပြန်ကြည့်ရင်း

'ဟို .. ကိုယ် ကိုယ်လည်း ဒီလိုဖြစ်မှာစိုးလို့ အချိန်မီလာတားတာပဲ'

'ရှင်က ဘာလဲ'

'သန်းနိုင်လေ'

ကောင်မလေးမှာ ကြောင်သွားပြီးမှ ဘာမှန်းလဲမသိဘူးဟု မှန်





ဘုတ်ကုတ် ရေရွတ်လျက် ဒေါသကို ကောင်လေး နှစ်ယောက်ဘက်သို့ ပြောင်းဦးတည်ကာ ...

'ရဲသင်ရဲ နင် ဒါဘာလုပ်တာလဲ'

ရဲသင်ရဲမှ ပြူးကြောင်ကြောင်နှင့် ကောင်မလေးအား ငါဘာလုပ်လို့လဲဟု ပြန်ပြော၏။ တစ်စပ်တည်း ခပ်ဖိုင့်ဖိုင့် ဇော်ချိုဦးဘက်လှည့်ကာ ချိုကြီး ငါဘာလုပ်လို့လဲဟု မေး၏။ ကောင်မလေးမှာ ဒေါပွစွာနှင့် ရဲသင်ရဲလက်ထဲ အခုထက်ထိ ကိုင်ထားသော ခေါင်းလောင်းထိုးတံကြီးကို ပြကာ

'နင့်လက်ထဲက ဘာလဲ'

ရဲသင်မှာ တုတ်တံကြီးကို မ ကြည့်ကာ ပြန်ဖြေ၏။

'တုတ်တံကြီးလေဟာ၊ လိုချင်လို့လား ရော့'

'ဟာ .. ကျွတ် .. နင်ဘာမှ ကူလီကူမာလိုမ့်ဖို့ မစဉ်းစားနဲ့၊ နင် ထိုးတာ မဟုတ်လား ခေါင်းလောင်းကို'

'အေးလေ၊ ဘာဖြစ်လို့လဲ၊ ဘုရားပေါ်မှာ ခေါင်းလောင်းထိုးတာပဲ'

'ငါ ထိုင်နေတာမြင်လို့ ငါ လန့်ပြီး အရှက်ကွဲအောင် တမင်သက်သက် အကျယ်ကြီး လာထိုးတာ မဟုတ်လား'

'မဟုတ်ပါဘူးဟ၊ ငါ နင့်ကို တွေ့တောင်မတွေ့ဘူး'

ချိုကြီးက ဝင်ထောက်ခံ၏။

'အေး ဟုတ်တယ်၊ ငါတို့ နင့်ကို လုံးလုံး မမြင်ဘူး'

'ဘာ မမြင်ပါဘူးလဲ၊ နင်တို့နှစ်ယောက်လုံး တစ်ကျိတ်တည်း တစ်ဉာဏ်တည်း၊ ငါ လန့်ပြီး မတ်တတ်ကြီး အရှက်ကွဲအောင် တမင်လုပ်တာ'

'မဟုတ်ပါဘူးဆို၊ နင် မတ်တတ်ကြီး အရှက်ကွဲခဲ့တာလည်း ငါတို့ လုံး၀ မမြင်ဘူး၊ နင် ထအော်လို့ ငါတို့ လန့်တောင်သွားသေးတယ်'

'ဒီလူ မြင်တယ်ဟဲ့'

ဒီလူ ခေါ် ကိုသန်းနိုင်အား လက်ညှိုးထိုးကာ သက်သေထူ၏။ ထိုလူမှာလည်း ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်ကာ



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် ကိုယ် မြင်တယ်'

'တွေ့လား ရဲသင်ရဲ ·· နင် ငါ့ကို သက်သက် အရှက်ခွဲတာ၊ တောက် ··· ငါ ငါ နင့်ကို သတ်ချင်တယ် သိလား'

ကောင်မလေးမှာ ချာခနဲလှည့်ကာ သူ့အိတ်သူ ကောက်၍ စိတ်ဆိုးမာန်ဆိုး ထွက်သွားလေတော့၏။

သုံးယောက်သား တစ်ယောက်ကို တစ်ယောက်ကြည့်ကာ ကြောင်စီစီ ကျန်ခဲ့ကြ၏။ ထိုစဉ် ကုန်းတော်လုံခြုံရေးဝန်ထမ်း အမျိုးသမီး ဝဝကြီး တစ်ဦး ရောက်လာကာ ခပ်တင်းတင်း မေး၏။

'ဆူညံဆူညံနဲ့ မင်းတို့ ဘာဖြစ်နေကြတာလဲ၊ ခုနက ထွက်သွားတဲ့ ကောင်မလေးကို မင်းတို့ ဘာသွားလုပ်လို့ ဟိုက စိတ်ဆိုးသွားတာလဲ'

'သွားထိုးလို့'

ကိုသန်းနိုင်က ယောင်၍ ပြန်ဖြေ၏။ မိန်းမကြီး မျက်မှောင်ကုတ်သွားကာ

'ဘာကွယ့်'

ရဲသင်ရဲမှာ ကပျာကယာ ဝင်ရှင်းပြော ပြောပြီး ချိုကြီး ခေါ်ကာ လစ်လေ၏။

'ဘာမှ မဖြစ်ဘူး ခင်ဗျ၊ ခုနက ထွက်သွားတာ ကျွန်တော်တို့ သူငယ်ချင်းပါ၊ သူ့ ဘုရားရှိခိုးတုန်း ကျွန်တော် ခေါင်းလောင်းထိုးလိုက်လို့ လန့်ပြီး စိတ်ဆိုးသွားတာ၊ ဟိုမှာ သူ့ ပုတီးကျကျန်ခဲ့ပြီ၊ လာ လာ ချိုကြီး ··· ငါတို့ မြန်မြန် လိုက်ပေးရအောင်၊ ရော့ ကိုသန်းနိုင် ဒါကြီး ယူထားပြီး ခင်ဗျား မြင်တာ အသေးစိတ် ရှင်းပြလိုက်'

ကိုသန်းနိုင်မှာ ရဲသင်ရဲ ပေးခဲ့သော ခေါင်းလောင်းထိုးတံကြီးကို ကိုင်ကာ ယောင်နနနှင့် ကျန်ခဲ့လေ၏။ မျက်ရှုလရောင် ကျကျန်ခဲ့သော စိပ်ပုတီးကို ရဲသင်ရဲ ကောက်၍ အိတ်ထဲထည့်ကာ ခပ်သုတ်သုတ် လစ်သွားကြလေတော့၏။



# ၆ီတာ



www.burmeseclassic.com

www.burmeseclassic.com

ထိုအဖြစ်အပျက် ဖြစ်ပွားခဲ့ပြီးနောက် တစ်ပတ်ခန့်အကြာ မနက်စောစောတွင် ဖြစ်လေသည်။

အင်းလျားလမ်း Boat Club ရှေ့တွင် ခဲရောင် Fairlady ကားလေးတစ်စီးသည် လမ်းဘေး၌ ရပ်၍နေလျက် ရှိ၏။ ကားလေးဘေးဝလက်ဖောင်းပေါ်၌ ကောင်လေးတစ်ယောက်သည် စိတ်ရှုပ်ရှုပ်နှင့် မတ်တတ်ရပ်ကာ ဟိုကြည့်ဒီကြည့် ကြည့်နေလေသည်။ နံနက်စောစောဖြစ်၍ အင်းလျားလမ်းပေါ် ကားအတော်ရှင်းနေ၏။ ကောင်လေးသည် ကားကိုကြည့်လိုက် လမ်းကိုကြည့်လိုက်နှင့် တစ်စုံတစ်ရာ အကြံအိုက်နေပုံ ရ၏။ ထိုစဉ် ပြည်လမ်းဘက်မှ မောင်း၍တက်လာသော အနက်ရောင် မာစီဒီးဆူးဒိုးကားလေးတစ်စီး ပေါ်လာလေသည်။ ကောင်လေးသည် ထိုကားလေးကို မြင်သော် ပထမ ဝမ်းသာသွားသလို ဖြစ်၏။ သို့သော် ချက်ချင်းအလိုမကျသလို မှုန်ကုတ်ကုတ် ဖြစ်သွားပြန်၏။ ထိုသည်သာမက ကားလေးတဖြည်းဖြည်း နီးလာသော် ဟျာယီးဟျာယာပုံ ပေါက်လာကာ ဟိုကြည့်ဒီကြည့်နှင့် ဂနာမငြိမ်ဖြစ်ကာ လာ၏။ ထို့နောက် ကပျာကယာပင် ရပ်ထားသောကားကို ကွယ်ကာ ဆောင့်ကြောင့်ထိုင်ချလျက် လာနေသောကားလေးပေါ်မှလူ သူ့ကို တွေ့မသွားအောင် ပုန်းလေသည်။

မာစီဒီးအနက်ကလေးမှာ ပထမ ရပ်ထားသောကားလေးကိုကျော်လာ သွား၏။ ခပ်လှမ်းလှမ်းရောက်မှ ရပ်သွားကာ နောက်ပြန်ဆုတ်လာလေသည်။ ပုန်းနေသော ကောင်လေးမှာ မာစီဒီးလေးကို ချောင်းကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်ဖြစ်ရာ ရပ်သွားပြီး နောက်ပြန်ဆုတ်လာသည်ကို မြင်သော် အတော်စိတ်ပျက်လက်ပျက် ဖြစ်သွားပြီး ထိုင်နေရာမှ လေးတိလေးကန် ထလိုက်လေသည်။

မာစီဒီးလေးသည် ရပ်ထားသောကားနှင့် ရှေ့ဆင့်နောက်ဆင့်ရောက်သည်အထိ နောက်ဆုတ်လာပြီးမှ ရပ်လိုက်ကာ မောင်းသူဘက်မှ တံခါး ဖျတ်ခနဲ ပွင့်သွားလေ၏။ ကောင်လေးသည် ထိုအခြင်းအရာကို စိတ်ညစ်ညစ်နှင့် ခါးထောက်ကာ ကြည့်နေလေသည်။

မာစီဒီးလေးပေါ်မှ အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် လှပသော ကောင်မလေးတစ်ယောက်သည် မချိုမချဉ် ပြုံးစိစိ မျက်နှာထားနှင့် ဆင်းလာကာ ကောင်လေးထံသို့ လျှောက်၍လာလေသည်။ ကောင်လေးမှာ မှုန်ကုတ်ကုတ်နှင့် ကြည့်နေလေသည်။ ကောင်မလေးသည် ကောင်လေးနား ရောက်သည်နှင့် ခေါင်းကလေးကို စောင်းကာ မထီတရီ ပြုံးစိစိမျက်နှာပေးနှင့် ကောင်လေးအား သေချာကြည့်လေ၏။ ကောင်လေးမှာ ကောင်မလေးကို ကြည့်နေရာမှ မှုန်ကုတ်ကုတ်နှင့် မျက်နှာလွှဲသွားကာ Boat Club ဘက်သို့ ကြည့်နေလေသည်။

'ကျွတ် ကျွတ် ကျွတ် ကျွတ်'

ကောင်မလေးထံမှ စုတ်သပ်သံ ပေါ်လာ၏။ တမင်လုပ်ယူထားသော အသံမှန်း ကြားရရုံနှင့်ပင် မည်သူမဆို သိနိုင်လေသည်။ ကောင်လေးမှာ ဘာမှမပြော။ ရှုတည်တည်ကြီးသာ နေ နေ၏။ ကောင်မလေးထံမှ စကားသံ ပေါ်လာ၏။

'ဘယ်လိုလဲ မောင်လေးပုဏ္ဏားရဲ့ ... ကားပျက်နေပြီ မဟုတ်လား'

ကောင်လေးမှ ဘာမှ ပြန်မပြော။ ကောင်မလေးမှသာ စကားဆက်၏။

'မနေ့က မောင်ပုဏ္ဏားလေး ကင်တင်းမှာ မမကို ဟိုဘက်ပိုင်း ဒီဘက်ပိုင်း မကြားတကြား ပြောခဲ့တာ မောင်လေး မှတ်မိပါတယ်နော်၊ ဘာဖြစ်တယ် ... Fairlady က မာစီဒီးထက် ပိုကောင်းတယ်ဆို၊ မာစီဒီးဆိုတာ အိုကြီးအိုမတွေမှ စီးတာဆို၊ လူမအိုရင်တောင် စိတ်အိုနေတဲ့ လူ





ကြီးတွေပဲ စီးတာဆို၊ ဟိုလမ်းဘေးပျက် ဒီလမ်းဘေးပျက်ဆို၊ အခုတော့ ဘယ့်လိုဖြစ်ရတာလဲကွယ်၊ ကျွတ် ကျွတ် ... သူတော်ကောင်းကို စောင်းမြောင်းပြောမိတာကိုးကွဲ့ မောင်လေးရဲ့၊ မောင်လေးရဲ့ Fairlady လေး ကျန်းမမာ လမ်းဘေးထိုးရပ်နေရှာပြီ မဟုတ်လား'

'မျက်ရှု ... နင် ကျောင်းသွားစရာရှိ သွားနော်၊ ငါ့ကို လာပြောင်နေနဲ့၊ ငါ စောသေးလို့ လေညင်းခံနေတာ'

'အို အဲဒီလိုလား၊ မောင်လေးက လေညင်းခံနေတာလား၊ ဒါဆိုလည်း မောင်လေး လေညင်းခံပြီးလို့ ကျောင်းကို ကားကလေးနဲ့ ဝူးခနဲ မောင်းထွက်သွားတဲ့အထိ မမ စောင့်ကြည့်ချင်လိုက်တာကွယ်၊ မမ စောင့်ကြည့်မယ်နော်'

'မျက်ရှု နင် သွားစရာရှိတာ သွားပါလို့ဆို'

'အဲဒါပြောတာပေါ့ မောင်လေးရယ်၊ အမှန်ကို အမှန်အတိုင်း ဝန်ခံလိုက်စမ်းပါ၊ စက်ပစ္စည်းပဲကွယ်၊ ပျက်တဲ့အခါလည်း ရှိမှာပေါ့၊ ဘာဖြစ်သလဲ ကားပျက် ပျက်တယ်ပေါ့၊ မမက မောင်လေးကို စေတနာနဲ့ လိုက်ခဲ့မလားလို့ လာခေါ်တာ၊ တစ်နေရာထဲ အတူတူ သွားမှာပဲဥစ္စာ၊ မောင်လေးလည်း မာစီဒီး စီးဖူးသွားတာပေါ့၊ မာစီဒီးဆိုတာ သူတော်ကောင်းတွေပဲ စီးတာကွယ့်၊ ဟိုစောင်းပြော ဒီစောင်းပြောနဲ့ စိတ်ပုပ်တဲ့လူတွေ အတွက် စီးဖို့ မတန်ဘူးကွယ့်၊ မောင်လေးတောင် ခဏလေး စီးခွင့်ရမှာ၊ လာလိုက်ခဲ့'

'မလိုက်ဘူး'

'ဒါဆိုလည်း မမဟာမမ သွားရမှာပေါ့ကွယ်၊ မောင်လေး ရဲသင်ချို့ ခေါ် မောင်ပုဏ္ဏားလေးဟာ မာစီဒီး စီးခွင့်ရဖို့ ကံမပါရှာပေဘူးကိုး၊ ကျွတ် ကျွတ် ... မမသွားမယ်နော်'

ကောင်မလေးမှာ မရယ်ချင်သည်ကို အတင်း ရယ်သံပြုကာ ထွက်သွားလေ၏။ ကောင်လေးမှာ ကောင်မလေးကို မကြည့်။ မျက်မှောင်ကြုတ်ကာ ပွစိပွစိနှင့် Boat Club ဘက် ငေးကာသာ ကျန်ခဲ့၏။ ကောင်မလေးမှာ သူ့ကားပေါ်သို့ ကျော့ကျော့မော့မော့လေး ပြန်တက်သွားလေ၏။ တစ်မိနစ် ... နှစ်မိနစ် ... သုံးမိနစ်ခန့် ကြာသွား၏။ ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းထွက်သွားသံ မကြားရ။ ရဲသင်မှာ မျက်ရှုကားကို လှည့်ကြည့်လေသည်။ မျက်ရှုကားမှာ တုပ်တုပ်မျှ မလှုပ်။ မာစီဒီးအနက်လေးမှာ ဤနေရာတွင်ပင် ခန္ဓာဝန်ချ မထတမ်း နေတော့မည် ဟူသော ပုံမျိုးနှင့် ငြိမ်သက်စွာ ရှိနေ၏။ ကားက မလှုပ်သော်လည်း ကားထဲက မျက်ရှု တလှုပ်လှုပ် ရှိနေသည်ကို တွေ့ရ၏။ ရဲသင်ရုံမှာ တဖြည်းဖြည်း ပြုံးလာကာ မျက်ရှုကားဆီ လျှောက်သွားလေ၏။ ကားဘေးနားရောက်၍ ကားအမိုးကို လက်နှစ်ဖက်ဖြင့် ကျကျနနထောက်ကာ အထဲသို့ ငုံ့ကြည့်သည့်ရှိသော် မှန်ကုတ်ပုပ်သိုးသော မျက်နှာနှင့် ပါးစပ်မှ ပွစိပွစိလုပ်ရင်း ကားကို ဟိုဒီကလီ၍နေသော မျက်ရှုလရောင်ကို ရှာဖွေတွေ့ရှိလေသည်။ ရဲသင်ရဲ ပိတ်၍ထားသော မှန်တံခါးကို လက်ညှိုးနှင့် ခေါက်၏။ မျက်ရှုလှည့်ကြည့်သော် လက်နှစ်ချောင်းဖြင့် လမ်းလျှောက်သွားသည့်ပုံ မျက်နှာမချိုမချဉ်နှင့် လုပ်ပြ၏။ မျက်ရှု တံခါးဖွင့်ကာ အိတ်ဆွဲ၍ ဒေါကြီးမောကြီး ဆင်းလာလေ၏။

'သော့ယူခဲ့ဦး'

'ရဲသင် နင် ငါ့ကားပျက်အောင် ကျိန်လိုက်တာ မဟုတ်လား'

'မဟုတ်ပါဘူးဟ'

'ဟုတ်ပါတယ်၊ နင်ဟာ အကျင့်ကို မကောင်းဘူး၊ မိဘဆွေမျိုးတွေ ကောင်းသလောက် နင်ဟာ ဇီဇကို မကောင်းတာ'

'အဲဒါကြောင့် မွေးကတည်းက နင်နဲ့ ခြံချင်းကပ်လျက် မွေးလာတာပေါ့'

'သွားသေပါလား၊ ငါ့ကားကောင်းအောင် ပြန်လုပ်ပေး'

'ဟ ... ငါမှ ကားမပြင်တတ်တာ၊ ငါ့ကားငါတောင် ထွက်လာကတည်းက တုန်ချိတုန်ချိ ဖြစ်နေလို့ ဒီနားရောက်အောင် မနည်းမောင်းယူလာရတာ ဟား ဟား'

'ဘာရယ်တာလဲ နင်နော်'

'ဟား ဟား ဘာမှမဟုတ်ပါဘူး'

'နင်ဟာ အလကားကြိုဟ်ကောင်ပဲ၊ ငါ့ကို ဒုက္ခပေးဖို့ မွေးလာတဲ့ ဖုတ်ထီးကောင်'





'ဖုတ်မှာ အထီးအမ ရှိလို့လား၊ အဲဒီကိစ္စ ငါမသိဘူး'

'အလကား တော့၊ ဒါနဲ့များ ကျောင်းကဟာတွေကလည်း ဘာ ညီသိတဲ့ အင်ဆိုက်ကလိုပီးဒီးယား ဆရာကြီးတဲ့ ဟွန်း'

'ဖုတ်ကိစ္စတော့ ငါတကယ် မသိဘူးဟ၊ လေ့လာဦးမှ'

'ငါ့ စိပ်ပုတီးပြန်ပေး'

'ဟ ... ငါ ကောက်လာမယ်မှန်း နင် ဘယ်လိုသိလဲ'

'ပြန်ပေးမှာသာ ပေးစမ်းပါ'

'မပါလာဘူးဟ အိမ်မှာ၊ နင်ကလည်း တရေးနိုးမှ လာပြန်တောင်းနေတယ်'

'သေပါလား၊ နင့်ကို စိတ်ဆိုးနေတာကိုး'

'ဒါဆိုဘာလို့ ခုနက ငါ့ဟာငါနေတာကို နင် ဘာလို့ လာပြောင်လဲ'

'မသိဘူး၊ သွားဟာ ငါ နင်နဲ့အတူတူ ကျောင်းထဲ မဝင်ဘူး'

'ငါလည်း မဝင်ချင်ပါဘူး၊ သိက္ခာကျတယ်'

'ဖုတ်ထီးကောင်'

ဆယ့်ငါးမိနစ်ခန့် ကြာသောအခါ ကျောင်းဝင်းကြီးတစ်ခုအတွင်းသို့ ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက် ရှေ့ဆင့်နောက်ဆင့် ဝင်၍ သွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

စီတာ

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

ဒီလိုပါပဲ ....
ကောင်းကင်သက်သက် ရှိရုံနဲ့ကတော့
ဘယ်တိမ်တွေ
ဘယ်ဆည်းဆာတွေ
ဘယ်မိုးကြိုးသွားတွေကိုမှ
ခွဲပြလို့ မရပေဘူး
ဒီလိုပါပဲ ....
မြေပြင်သက်သက် ရှိရုံနဲ့လည်း
ဘယ်အရိပ်တွေမှ
ခင်းကျင်းပြလို့ မရပြန်ဘူး
ဒီလိုပါပဲ ....
ကောင်းကင်နဲ့ မြေကြီး ပေါင်းမိပြန်ရင်လည်း
သံသရာတစ်လျှောက်
အပ်ကြောင်း ပြောက်သောက်ထပ်နေတဲ့
ပြဇာတ်ဟောင်း သောင်းပြောင်း
ထောင်းထောင်းကြေ ပေါ်နေဦးမှာပါ
ဒီလိုပါပဲ ....

အိမ်သူရွှေမ
(မှော်ဝင်နတ်နန်း ကဗျာစုမှ)

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

(၁)

အင်းလျားကန်ပေါင်ပေါ်တွင် ညနေ နေအေးစ ပြုနေလေ၏။ မိုးဝါးသွားပြီဖြစ်သော ကာလဖြစ်၍ ထုံးစံရှိသည့်အတိုင်း အတွဲများ၊ လေညင်းခံသူများ၊ ဈေးသည်များ၊ ဂစ်တာလာတီးသူများ၊ အလှလာပြကြလေ ဆုန့်သော ကလေးမများ၊ ကိုယ့်အသက်အရွယ်မှ မထောက် ပြေးချင်လွှားချင် ခုန်ချင်ပေါက်ချင်ကြသူများ၊ ပုလင်းပုန်း လာထောင်ကြသူများ၊ ခွေးနှင့် ဟန်ရေးလာပြကြသူများ စသဖြင့် စည်၍ နေလေ၏။ အင်းလျားကန်ပေါင်လျှောက်လမ်း၏ IBC ဘက်ခပ်ကျကျ တစ်နေရာတွင် လူငယ်သုံးယောက်သည် စွန်လွှတ်၍ နေကြလေ၏။ စွန်လွှတ်နေကြသည် ဆိုခြင်းထက် ကျကျနန ကောင်းကင်ပေါ်ရောက်ပြီး ဖြစ်၍ ခပ်မှန်မှန်ခန့်သာ မြင်ရတော့သော ချာလည်ချာလည် စွန်ကို သူ့သဘောသူ ဆောင်နေစေကာ ရစ်လုံးသောချ၍ ကျကျနန ထိုင်ကြည့်နေကြသည်ဟု ဆိုက ပိုမှန်လေသည်။ အလယ်တွင် ထိုင်နေသော လူငယ်မှာ တစ်ခါတစ်ရံ ရစ်လုံးကိုယူ၍ ထိန်းထိန်းပေးတတ်၏။ တစ်ဖက်တစ်ချက်မှ လူငယ်နှစ်ယောက်မှာ စကားမပြောဖြစ်ကြဘဲ စွန်ကို ငေးနေကြ၏။ အတန်ကြာတော့မှ ဘယ်ဘက်က လူငယ်ပိန်ရှည်ရှည်က တိတ်ဆိတ်ခြင်းကို ဖြိုခွင်းရန် စကားစ၏။

'သေသေချာချာ စဉ်းစားကြည့်လေလေ ငါတော့ သောက်ကျိုးနည်းတဲ့အလုပ်ကို ငါတို့သုံးယောက် ထိုင်လုပ်နေကြတာပါလားလို့ မြင်မိတော့သလေပဲ'

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်နှစ်ယောက်မှာ နားမလည်ဖြစ်ကာ လှည့်ကြည့်ကြလေ၏။ အလယ်မှ လူငယ်က

'တင်မောင် … မင်း အကောင်းကြီးကနေ ဘာ ထ ဖြစ်ပြန်တာတုံး'

တင်မောင် ဟုအခေါ်ခံရသော လူငယ်မှ စွန်ကို ရှုံ့မဲ့ကြည့်ကာ ခေါင်းခါရင်း

'မင်းတို့ စဉ်းစားကြည့်လေကွာ၊ စွန်လွှတ်တယ်ဆိုတဲ့ ကိစ္စဟာ တကယ်တမ်းကျ ဘာသောက်ကျိုးမှ မရှိဘူး၊ သောက်ကျိုးမရှိတဲ့အပြင် အခန့်မသင့်ရင် သောက်ကျိုးတောင် နည်းနိုင်သေးတယ်၊ အလကား အချိန်ကုန် လူပင်ပန်း အလုပ်ကွ၊ အခု လက်တွေ့ စဉ်းစားကြည့် ရဲသင် … မင်း အခု စွန်လွှတ်နေတာ ဘာအကျိုးရှိတုံး'

ရဲသင် ဟုအခေါ်ခံရသော အလယ်မှ လူငယ်မှာ ဘာမှပြန်မပြော။ အတော်ဝေးသွားသော စွန်ကိုသာ ပြန်နီးလာအောင် ရစ်လုံးနှင့် ပြန်ရစ်ယူနေရင်း တစ်ချက် ပြုံး၏။ ညာဘက်စွန်တွင် ထိုင်နေသော ခပ်ဖိုင့်ဖိုင့်လူငယ်သာ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး တင်မောင်ဆိုသော လူငယ်ကို ပြန်ပြော၏။

'ဟေ့ကောင် … အရင်းမရှိ အနှီးမရှိ ဘာထဖြစ်တာလဲ၊ အားလုံး သဘောတူလို့ စွန်လာလွှတ်တာ ဘာမကောင်းပြောချင်နေတာတုံး'

'အရင်းမရှိ အဖျားမရှိပါဟ၊ ချိုကြီး မင်း မမှတ်သေးဘူးလား၊ စကားပုံတွေ မသိဘဲ လျှောက် လျှောက်မပြောပါနဲ့ဆို၊ ဆရာကန်တော့ပွဲ အခမ်းအနားမှူး လုပ်တုန်းကလည်း ဆရာများ သားကျူးရှင်ဖိုးကုန် ဆိုပြီး ပြောလို့ ဆရာတွေပြန်တော့ မင်းကို နှုတ်မဆက်ကြဘူးလေ၊ စကားကို အရမ်းမပြောပါနဲ့ ဆိုတာကို'

'အာ … ဘာဖြစ်လဲ အဲဒါ၊ တင်မောင် ငါမေးတာ ဖြေစမ်းပါ၊ ငါတို့ စွန်လာလွှတ်တဲ့ကိစ္စကို မင်းက ဘာပြောချင်တာတုံး'

'တွေးလေ တွေးလေ အဓိပ္ပာယ် မရှိလေပဲ'

'ပြန်လေကွာ ဒါဆို၊ ဘာလို့ အစက မင်းကိုယ်တိုင် သဘောတူပြီး လိုက်လာတုံး'





'ဟ … အစက အဓိပ္ပာယ်ရှိမယ် ထင်လို့ပေါ့ကွ'

'တင်မောင် … မင်းဟာ ငါ့ကိုသာ ပြောတယ်၊ မင်းလည်း အထင်နဲ့ စွတ် စွတ်လုပ်တတ်တဲ့ အကျင့်ကိုလျှော့၊ မင်းဟာက လေဖမ်း အချုပ်ခန်းထဲထည့် ဆိုတာလို'

'လေဖမ်းဒန်းစီးပါဟ'

'ဘာဖြစ်ဖြစ်ကွာ၊ မင်းဟာမင်း ထင်ချင်ရာ လျှောက်ထင်ပြီးလည်း လိုက်လာသေးတယ်၊ ဟိုပြောဒီပြောနဲ့ ဘာဖြစ်လဲ စွန်လွှတ်တာ'

'ဒါဆို ပြော၊ စွန်လွှတ်လို့ မင်း ဘာအကျိုးရှိလဲ'

'ဟ … အရသာရှိတယ်ကွ'

'ပြောစမ်း ဘာအရသာလဲ'

'စွန်လေး ကောင်းကင်ပေါ် ရောက်သွားအောင် အတော်ကြိုးစားရတယ်လေကွာ၊ ကောင်းကင်ပေါ် ကောင်းကောင်းရောက်သွားပြီး သူ မျှောနေတာ ကြည့်ရတာ ပျော်စရာ ကောင်းတယ်ဟ'

'မဟုတ်သေးပါဘူးကွာ'

'ဟေ့ကောင် တင်မောင် … အဓိပ္ပာယ်တစ်ခုခု မရှိဘဲနဲ့တော့ စွန်လွှတ်တဲ့အလုပ်ကို လူတွေ ရှာဖွေတွေ့ရှိဖို့ တကူးတက ကြိုးစားခဲ့ကြမှာ မဟုတ်ဘူး'

'ကြီးကြီးကျယ်ကျယ် ချိုကြီးရာ၊ လောကနဲ့ချီပြီး လာပြောရအောင် မင်းစွန်လွှတ်တဲ့ကိစ္စက ဘာများကြီးကျယ်လို့တုံး'

'အဲဒါဆို အခု တကယ်လွှတ်နေတဲ့ ကာယကံရှင်ကို မေးကြည့်လေကွာ'

'အေး ဟုတ်တယ်၊ ဟေ့ကောင် ရဲသင် … မင်းပဲ မင်းဟာမင်း ငြိမ် ပြောနေတာ၊ အဓိပ္ပာယ် မရှိတာ မလုပ်ဘူးဆို၊ စွန်လွှတ်တာ မင်းအတွက် ဘာ အဓိပ္ပာယ်ရှိလဲ'

အလယ်မှ လူငယ်မှာ စွန်ကိုကြည့်နေရင်းမှ ကျကျနန ပြုံးလေ၏။ ထို့နောက် တစ်လုံးချင်း ပြော၏။

'စွန်လွှတ်တဲ့ကိစ္စဟာ ယူတတ်ရင် တရားရတယ်ကွ'

'ဘာကွ'



www.burmeseclassic.com

www.burmeseclassic.com



'အဓိပ္ပာယ်မရှိတာ'

လှူငယ်မှ ဆက်ပြော၏။

'မင်းတို့ စဉ်းစားကြည့်လေ၊ စွန်လွှတ်တယ်ဆိုတဲ့ကိစ္စ တစ်ခုကို ခဏလေး လုပ်လိုက်တာဟာ မြင်တတ်ရင် လူတစ်ယောက်ရဲ့ ဘဝတစ်ခုလုံး ဖြစ်ပျက်သွားတာနဲ့ အတူတူပဲ၊ မွေးဖွားလာတယ်၊ ရုန်းကန်နေထိုင်တယ်၊ သေဆုံး ပြီးဆုံးသွားတယ်၊ အဲဒီကိစ္စ ဖြစ်စဉ်ကြီးတစ်ခုလုံး စွန်လေးခဏ လွှတ်လိုက်ရုံနဲ့ ကြည့်တတ်ရင် မြင်နိုင်တယ်ဟ'

ချိုကြီးမှ တင်မောင်ကို ဘယ့်နှယ့်ရှိစဟူသော အကြည့်နှင့် ကြည့်၏။ တင်မောင် မခံချင်ဖြစ်သွားကာ

'အတင်းလာပြီး မကြီးကျယ်ပြနဲ့ ဟေ့ကောင်၊ သေသေချာချာ ပြောစမ်း'

ရဲသင်မှ သက်ပြင်းတစ်ချက် ချ၍ ရှည်လျားစွာ ပြောပြလေ၏။

'မင်းတို့က စွန်လွှတ်တယ်ဆိုတဲ့ ကိစ္စကို သေးသေးမွှားမွှား မှတ်နေတာကိုးဟ၊ စွန်လွှတ်တယ်ဆိုတဲ့ ကိစ္စက ဂန္ဓာရီအတတ်ပညာနဲ့တောင် ဆိုင်သလိုလို သုတေသန ပြုနေကြတဲ့ ပညာရှင်တွေက ထင်မြင်ယူဆကြဖူးတယ်ဟ၊ မင်းတို့ လိပ်ပြာလွှင့်တဲ့ အတတ်ကို ကြားဖူးတယ် မဟုတ်လား၊ လူခန္ဓာကိုယ် ရုပ်ကြီးကတော့ တစ်နေရာထဲမှာ ငြိမ်ငြိမ်သက်သက် အေးအေးချမ်းချမ်း ကျန်ခဲ့ပြီး အစွမ်းအမျိုးမျိုးရအောင် ကျင့်ကြံ အားထုတ်ထားတဲ့ လူခန္ဓာကိုယ်ရဲ့ ပုံသဏ္ဌာန်အတိုင်း စိတ်ခန္ဓာကိုယ်က ကိုယ်သွားချင်တဲ့ နေရာကို သွားလို့ရအောင် လုပ်နိုင်တဲ့ ပညာလေကွာ၊ အမျိုးမျိုး ခေါ်ဝေါ်ကြတာပဲ၊ တယ်လီပသီတို့၊ အော်တိုဆပ်ဂျပ်ရှင်းတို့ပေါ့၊ ဒါပေမဲ့ မြန်မာလိုတော့ လိပ်ပြာလွှင့်တာပေါ့ကွာ၊ အဲဒီ လိပ်ပြာလွှင့်တဲ့ အတတ်မှာ ငြိမ်ငြိမ်ကြီးကျန်ခဲ့တဲ့ ရုပ်ခန္ဓာကိုယ်ကြီးနဲ့ ကိုယ်သွားချင်ရာကို လွှတ်လိုက်တဲ့ စိတ်ခန္ဓာကိုယ် နှစ်ခုက Silver Cord လို့ခေါ်တဲ့ ငွေမျှင်ရောင်ကြိုးလေး တစ်ချောင်းနဲ့ ချိတ်ထားတာကွ၊ အဲဒီ Silver Cord ဟာ ကျင့်ကြံထားတဲ့ သူ မဟုတ်ရင် မမြင်ရဘူး၊ သူ့မှာ အတိုင်းအရှည် မရှိဘူးကွ၊ စွန်လွှတ်တဲ့ကိစ္စဟာ အဲဒါနဲ့ တထေရာတည်း နီးပါး တူညီနေတာ၊ ကိုယ်က ငြိမ်ပြီး ရပ်နေပေမဲ့ အဝေးကြီးကို ရောက်နေတဲ့ ကိုယ့်စွန်က ကိုယ်ဖြစ်စေချင်တဲ့





အတိုင်း၊ ကိုယ့်စိတ်အတိုင်း လှုပ်ရှားသွားလာနေအောင် အပ်ချည်ကြိုးမျှင်မျှင်လေး တစ်ချောင်းထဲနဲ့ပဲ ဆက်သွယ်ထိန်းချုပ်ထားတာ၊ စွန်နဲ့ ရစ်ဘီးနဲ့ကြားက အပ်ချည်မျှင်လေးဟာ စွန်လွှတ်ခြင်းကိစ္စအတွက် Silver Cord ပဲ'

'အဲဒီ Silver Cord ပြတ်သွားရင်ကော'

တင်မောင်မှ ဝင်မေးသည်ကို ချိုကြီးမှ မှုန်ကုတ်ကုတ် ကြည့်၏။ ရဲသင် ဆက်ပြောလေသည်။

'Silver Cord ပြတ်သွားရင်တော့ လိပ်ပြာလွှင့်တဲ့ကိစ္စမှာ စွန်ပြတ်သွားသလိုပေါ့ကွာ၊ စွန်ဟာ လွင့်ချင်ရာလွင့်သွားသလို စိတ်ကလည်း လွင့်ချင်ရာ လွင့်သွားတော့တာပေါ့၊ သေချာတာကတော့ စွန်ဟာ သူ့ရစ်လုံးဆီကို ဘယ်လောက်ပဲ ပြန်လာဖို့ ကြိုးစားကြိုးစား ရစ်လုံးကလည်း သူ့စွန်နောက်ကို ဘယ်လောက်ပဲ လိုက်ဖို့ ကြိုးစားကြိုးစား ဖြစ်နိုင်ချေက သိပ်နည်းလွန်းသွားပြီလေ၊ လိပ်ပြာလွှင့်တဲ့အတတ်မှာလည်း ဒီသဘော အတိုင်းပဲ ဖြစ်လိမ့်မယ်၊

ငါ ပြောချင်တာက အဲဒါမဟုတ်ဘူးကွ၊ လေတံခွန်ခေါ်ခေါ် စွန်ခေါ်ခေါ် အဲဒီကိစ္စ လွှတ်တင်တဲ့အတတ်ဟာ ကမ္ဘာမှာ ကြာခဲ့ပြီကွ၊ ပေါ့သေးသေး မဟုတ်ဘူး၊ လူတွေဟာ စွန်ကို အမျိုးမျိုး သုံးခဲ့ကြတာ၊ စစ်ပွဲတွေအတွက်၊ ဆက်သွယ်ရေးအတွက်၊ တစ်စုံတစ်ရာ မကျေနပ်မှုတွေ အသိပေးလိုမှုတွေ တိုင်တန်းလိုမှုတွေ နားလည်စေလိုမှုတွေကို ကြေညာမောင်းခတ်ဖို့အတွက်၊ နောက်ပြီး သဘာဝတရားမွေကို သွန်သင်ပြသလိုမှုတွေ အတွက်တောင် စွန်လွှတ်ခြင်းကို လုပ်ခဲ့ကြတယ်၊

မင်းတို့ စဉ်းစားကြည့်လေ၊ စွန်တစ်ကောင်စလွှတ်ဖို့ ပြင်ဆင်မှုဟာ လူသားတစ်ယောက် လောကထဲ လျှောက်ဝင်ဖို့ ပြင်ဆင်မှုနဲ့ အတူတူပဲ၊ စွန်တစ်ကောင် ပိုင်ဆိုင်ရလာတာဟာ လူတစ်ယောက် သန္ဓေတည်လာသလိုပဲ၊ စွန်တစ်ကောင်ကို ဆိုင်းကြိုးတပ်တာဟာ လူတစ်ယောက်ကို မိသားစုအသိုင်းအဝိုင်းနဲ့ ဆက်စပ် ချည်နှောင်လိုက်ခြင်းပဲ၊ စွန်တစ်ကောင်ကို ပေါ့ဆော့တင်တာဟာ လူတစ်ယောက် လောကထဲမှာ ဝင်ဆံ့အောင် သင်ကြားပေးခြင်းပဲ၊ ကောင်းကင်မှာ စွန်တစ်ကောင် ကောင်းကောင်းမြင့် သွားနိုင်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဟာ လူတစ်ယောက် လောကထဲ ကောင်းကောင်းမွန်မွန် ဝင်သွားနိုင်ခြင်းပဲ၊ စွန်တစ်ကောင် ဟိုငြိ ဒီငြိ ဟိုကျဒီကျနဲ့ မစုတ်ပြဲသွားအောင် စွန်လွှတ်သူနဲ့ ရစ်လုံးက ထိန်းသိမ်းပေးနေခြင်းဟာ လူတစ်ယောက် လောကအလယ်မှာ မပျက်စီး မမှားယွင်း မတိမ်းပါးသွားအောင် သူ့ဆိုင်ရာမိသားစု ပတ်ဝန်းကျင်က ထိန်းသိမ်းသွားခြင်းပဲ၊ စွန်လွှတ်သူ ဒါမှမဟုတ် ဖဲ့ကိုင်သူ အသိုင်းအဝိုင်းရဲ့ ကျွမ်းကျင်မှု မကျွမ်းကျင်မှုပေါ် မူတည်ပြီး စွန်တစ်ကောင် ဒါမှမဟုတ် လူသားတစ်ယောက်ဟာ လောကမှာ ဘယ်လိုဖြစ်ပျက်သွားမလဲဆိုတာရဲ့ အချက်အချာပဲ၊ ဒါကြောင့် စွန်လွှတ်တာဟာ ယူတတ်ရင် တရားရတယ်လို့ ငါပြောတာဟ'

ရှည်လျားလှသော ရဲသင်၏ စကားအဆုံးတွင် သုံးယောက်သား အတွေးကိုယ်စီနှင့် ငြိမ်ကျသွားကြလေ၏။ အတန်ကြာသော် ချိုကြီးမှာ တင်မောင်အား 'ဘယ့်နှယ့်ရှိစ သဘောပေါက်ပလား ဟေ့ကောင်' ဟူသော အဓိပ္ပာယ်ပါသည့် အကြည့်နှင့် ကြည့်၏။ ရဲသင်ရုံမှာ သူတို့ ဘာဖြစ်နေကြမှန်း မသိ။ စွန်ကိုသာ ကြည့်နေ၏။ တင်မောင်မှာ ချိုကြီးကို ဘုကြည့်ပြန်ကြည့်ကာ မျက်နှာလွှဲလိုက်ပြီး အင်းလျားကန်ပေါင်ရိုးတစ်လျှောက်ကိုသာ ဟိုဒီကြည့်နေ၏။ ထိုခဏ၌ တင်မောင် အံ့သြလေ၏။

'ဟ ... ဟေ့ကောင်တွေ ... ဟိုမှာဟ မျက်ရှု မျက်ရှု'

နှစ်ယောက်သား တင်မောင်ညွှန်ရာသို့ ပြူးခနဲ လှည့်ကြည့်ကြ၏။

ဂျင်းဘောင်းဘီတို၊ တီရှပ်အဖြူလေးနှင့် ကျောလည်ခန့်ဆံပင်ကို ပိုနီတေးစီးထားသော အရပ်မြင့်မြင့်နှင့် ဖြူဖြူဖွေးဖွေး လှတပတ ကောင်မလေးတစ်ယောက်သည် သူတို့ဘက်သို့ လျှောက်၍ လာနေလေ၏။ ခရေဓီကာလာ အစိမ်းရောင် ဖိုင်ဘာရစ်လုံး တစ်လုံးကို ဘယ်ဘက် ချိုင်းကြားတွင်ညှပ်၍ ကိုင်လာ၏။ ညာဘက်လက်တွင် ထပ်၍ထားသော စက္ကူစွန်ငါးကောင်ခြောက်ကောင်ကို ကိုင်လာ၏။ မျက်နှာလေးမှာ စူပုပ်ပုပ်လေး ဖြစ်၍ နေ၏။ တစ်စုံတစ်ရာ အလိုမကျမှု တစ်ခုခုကို ကြုံတွေ့ခဲ့ပုံမျိုး ဖြစ်၏။ တင်မောင်တို့တစ်သိုက်မှာ အကြောင်းရင်းကို ကြာကြာ မရှာလိုက်ရ။





မျက်ရှုနောက် မလှမ်းမကမ်းမှ ပါလာသော ပေစုတ်စုတ် ပုလင်းပုန်းသုံးကောင်ကို တွေ့သည်နှင့် မည်သို့ ဖြစ်ပျက်လာသည်ကို ရိပ်မိလိုက်ကြလေ၏။ ဆောင့်ကြီးအောင့်ကြီးနှင့် လျှောက်လာသော မျက်ရှုမှာ ချိုကြီးတို့ကို မထင်မှတ်ဘဲ ရုတ်တရက် တွေ့သော် အံ့သြဝမ်းသာသွားပုံ ရ၏။ သို့သော် ရဲသင်ကိုပါ ရောတွေ့လေသော် အလိုမကျသလို ဖြစ်သွားပုံနှင့် ချိုကြီးတို့၏ မလှမ်းမကမ်းတွင် ကိုင်လာသောစွန်များကို ချကာ ရစ်ဘီးမှကြိုးနှင့် စွန်တစ်ကောင်မှ တပ်လာပြီးသော ဆိုင်းကြိုးကို ချည်ကာ စွန်ကို တော့၍ တင်ရန် ကြံလေ၏။ ပုလင်းပုန်းသုံးကောင်မှာ မလှမ်းမကမ်းမှ အကဲခတ်နေလေသည်။ တင်မောင်တို့ သုံးယောက်မှာ ထိုအဖြစ်အပျက်ကို မှိတ်မသုန် ကြည့်၍ နေကြလေသည်။

ညနေသည် အတော် ရင့်ရော်လာပြီ ဖြစ်၏။ IBC နှင့် နီးသော ဘက်ခြမ်းမှ အင်းလျားကန်ပေါင်သည် ထုံးစံအတိုင်း လူအနည်းငယ် ရှင်း၍ နေလေသည်။ ယောကျ်ားလေးခြောက်ယောက်သည် အလယ်တွင် စွန်လွှတ်နေသော ကောင်မလေးတစ်ယောက်ကို ရံလျက် တစ်ဖက်တွင် သုံးယောက်စီ ကိုယ်စီမတူသော အမြင်များနှင့် ကြည့်နေကြလေ၏။ မျက်ရှုစွန် ကောင်းကင်ပေါ်သို့ ကောင်းစွာ တက်သွားလေသည်။ ရဲသင်မှ လွဲ၍ ကျန်ယောကျ်ားလေးငါးယောက်မှာ စွန်ကို ဂရုမစိုက်။ စွန်လွှတ်သူ ကောင်မလေးကိုသာ စောင့်ကြည့်နေကြ၏။

စွန်လေး အောင်အောင်မြင်မြင် ကောင်းကင်ပေါ် ရောက်သွားသဖြင့် မျက်ရှုမှာ ပျော်သွားပုံရ၏။ ပတ်ဝန်းကျင်အား တဒင်္ဂ မေ့လျော့သွားပုံနှင့် ရဲသင်ရုံကို လှမ်းကြည့်၏။ ရဲသင်ရုံမှာ မျက်ရှုကို ကြည့်မနေ။ ထပ်တက်လာသော မျက်ရှု၏ စက္ကူစွန်ပြာလေးကို ပြုံး၍ကြည့်ရင်း သူ့စွန်ကို သူ ပြန်ဆွဲနေ၏။

ပုလင်းပုန်း သုံးယောက်သည် မျက်ရှုအနား မသိမသာ တိုးလာ၏။ တင်မောင် ထိုင်နေရာမှ ထရန် ပြင်၏။ ချိုကြီးက ဆွဲထားလေသည်။ ထိုသည်များကို ရဲသင်နှင့် မျက်ရှု မသိ။ မျက်ရှုမှာ လေကြောင်းသွားပြီဖြစ်သော သူ့စွန်လေးအား ထိန်းရင်း ရဲသင်ရုံကို တစ်ချက်လှည့်ကြည့်၏။ ရဲသင်ရုံမှာမူ မည်သူ့ကိုမှ မကြည့်။ ထိုင်ရာမှ ထလိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ ခြေနှစ်လှမ်းခန့် လေးလေးပင်ပင် ဆုတ်လိုက်ရင်း သူ့စွန်ကိုသူ သိမ်းရန် ကြံ၏။ မျက်ရှုမျက်နှာတွင် မဲ့ပြုံးတစ်ချက် ပေါ်သွား၏။ ရဲသင်ရံ ထရပ်လိုက်သဖြင့် ချိုကြီးနှင့် တင်မောင်လည်း ထရပ်လေသည်။ ပုလင်းပုန်းသုံးယောက်မှာ မျက်ရှုနောက် အတော်နီးနီးတွင် ဖိုခနောက်ဆိုင် ရှိနေလေပြီ။ မျက်ရှုမှာ သတိမထားမိ။ ရဲသင်ရံ၏ စွန်ကို ဖြတ်ရန်သာ စိတ်စောနေ၏။ ရဲသင် တစ်ချက်ပြုံးလိုက်သည်ကို မျက်ရှု မမြင်။

'ရပြီ ညီမလေး၊ ဝိုက်ဆွဲလိုက် ရစ် ရစ်'

မျက်ရှု နောက်နားမှ အနီးဆုံး ပုလင်းပုန်း တစ်ယောက်မှ အော်လိုက်ရင်း မျက်ရှုပခုံးကို လှမ်းကိုင်လိုက်လေသည်။ စွန်နှစ်ကောင် ပူးသွားသလို မျက်ရှုလည်း တွန့်ခနဲ ဖြစ်သွား၏။

'ခွမ်း'

'အ'

'ဖြောက် .. ဗုန်း'

'အု'

'ဖတ် ... ဂျွတ်'

'အား'

'လာ .. မိန်းမ သွားမယ်၊ ရော့ ချိုကြီး ... ငါ့ကားမောင်းခဲ့ဟ'

အဖြစ်အပျက်သည် အလွန်တရာ မြန်ဆန်စွာ ဖြစ်ပျက်သွားသဖြင့် လက်ကောက်ဝတ်မှ ဆွဲခေါ်ခံသွားရသော မျက်ရှုပင်လျှင် ဘာဖြစ်လိုက်မှန်းမသိ ကန့်လန့်ကန့်လန့် ပါသွားလေသည်။ တင်မောင်နှင့် ချိုကြီးမှာ အံ့အားသင့်ကာ ကျန်ခဲ့ပြီးမှ တင်မောင်သည် ရဲသင် ပစ်ပေးသွားသော ကားသော့ကို ကောက်ကာ ချိုကြီးကိုပေး၍ ရဲသင်တို့နောက်သို့ အပြေးတစ်ပိုင်း လိုက်လေ၏။ အမှောင်သည် အင်းလျားကန်ပေါင်ကို အုပ်စီးစပြုလေပြီ။ ပုလင်းပုန်း သုံးယောက်ကား ပိုးလိုးပက်လက်။



ဘယ်အရပ်မှာ
ဘယ်ဇာတ်ဝင်မလဲ ပြော
အသောခန်းပါရင်
ငါ လာမယ်
ရှင်ဘုရင် ကျွားကိုက်
ထားလိုက်တော့ ဇာတ်တစ်ထုပ်
လုပ်မဲ့လုပ်ရင်လည်း
မစကတည်းက ယဉ်သကို
ဟိုလိုလို ဒီလိုလိုချည်း
ပါတော်ပဲမှုပြီးသွားတာ ကြာလှပေါ့။

( ၁၈၈၅ ကုန်းဘောင်ကြီးကြော်ကဗျာများမှ )



www.burmeseclassic.com

www.burmeseclassic.com

## (၂)

'အား ကျွတ် ကျွတ်'

အမှုမဲ့ အမှတ်မဲ့ လက်ထောက်ပြီး ထလိုက်တော့မှ ညာဘက်လက်ကောက်ဝတ်က အတော် နာနေပါလားဟ။ မှန်းစမ်း။

'ဟိုက်'

ယောင်ကိုင်းနေပါလား။ ဘယ်လိုဖြစ်တာလဲ။ ဪ် သိပြီ။ မနေ့ က သတ်ပုတ်လာခဲ့လေသကိုး။ နေစမ်းပါဦး။ အေးအေးဆေးဆေး ပြောရင်လည်း ရကောင်းရနိုင်တဲ့ဟာကို ငါက ဘာကိစ္စ သွားသတ်ပုတ်ရတာတုံး။ မဟုတ်သေးပါဘူး။ ဒီကောင်မလေးကရော ဘာကိစ္စ စွန့်လာလွှက်ရတာတုံး။ မိန်းကလေးတန်မဲ့ စွန့်လာလွှတ်စရာလား။ ပြီးတော့ တစ်ယောက်တည်းလည်း လာသေး။ လွှတ်လည်း သိပ်မလွှတ်တတ်ဘဲနဲ့။ ပြီးတော့ ဟိုလူသုံးယောက်ကရော အလကား ဘာကိစ္စ ရေကန်ပေါင်မှာ လာမူးနေရတာတုံး။ မူးချင်လည်း ကိုယ်ဟာကိုယ် မူးနေပါလား။ ဘာကိစ္စ သူများအားသမီး လာပတ်သက်ချင်ရတာတုံး။ ဟိုကောင်မလေးကလည်း ဘာကိစ္စ ငါတို့ဟာငါတို့ နေ နေတဲ့ဘက်ကို လာရတုံး။ သူ့ဟာသူ နေပါလား။

မဟုတ်သေးဘူး။ ငမူးတွေ ရိသဲ့သဲ့ လုပ်ခံရတာကိုး။ အဲဒါဆိုလည်း အိမ်ပြန်သွားပါတော့လားဟ။ ဟုတ်သေးဘူးလေ။ ငါတို့ကို တွေ့တာကိုး။ ငါတို့က ဘာပဲပြောပြော တည့်တည့် မတည့်တည့် သူ့သူငယ်ချင်းတွေတိုးဟ။ ငါတို့ကို လာခေါ်တာပေါ့။ လာခေါ်တာ ထားလိုက်ပါတော့။



www.burmeseclassic.com

www.burmeseclassic.com



ဟိုသေနာကျနှစ်ကောင်က ငါ့ဘာလို့ မဆွဲတုံး။ မသကာ ငါ ဘာမှမလုပ်ခင် အရင် တစ်ခုခု ဝင်ပြောကြပါတော့လား။ ဒါဆို အေးအေးဆေးဆေး ပြီးရင်လည်း ပြီးသွားမှာပေါ့။ ငါလည်း ဘာမှ လက်ကြီးယောင်ကိုင်းလာစရာ မလိုဘူး။ မဟုတ်သေးဘူးလေ။ ဟိုငမူးတွေက ကောင်မလေး ပခုံးကိုင်တာကိုး။ ကိုင်တော့ ဒေါသဖြစ်စရာပေါ့။ နေဦး။ နေဦး။ နေစမ်းပါဦး။ သူ့ဟာသူ ပခုံးအကိုင်ခံရတာ ငါနဲ့ဘာဆိုင်လို့ ငါက ဒေါပွရတာလဲ။ ဒေါပွရင်လည်း ကောင်းကောင်းမွန်မွန် ပြောကြည့်ပါတော့လား။ ဘာလို့ ရစ်လုံးနဲ့ ထရိုက်ရတာတုံး။ ရိုက်ရင်လည်း ပခုံးကိုင်တဲ့ကောင်ကိုပဲ ရိုက်ပါတော့လား။ ဘာလို့ ကျန်တဲ့နှစ်ကောင်ကိုပါ ဆက်လုပ်ရတာတုံး။ မဖြစ်ဘူးလေ။ ဒီအတိုင်းထားရင် ဟိုနှစ်ကောင် ငါ့လုပ်မှာပေါ့။ ငါ့လုပ်လည်း ချိုကြီးတို့က ဒီအတိုင်း ကြည့်နေမှာမှ မဟုတ်တာ။ လက်က ဘယ်လိုနှာ သွားပါလိမ့်။ ဟာ တော်ကွာ။ ဘာပဲဖြစ်ဖြစ် ဒါ မျက်ရှု စလို့ဖြစ်တာ။ အိမ်မှာ သူ့ဟာသူ မနေဘဲ ဘာလို့စွန်လာလွှတ်တုံး။ နေစမ်းပါဦး။ ဒါဆို ငါတို့ကရော အိမ်မှာမနေဘဲ ဘာလို့ စွန်သွားရှည်လွှတ်သလဲ ကဲ။

ရဲသင်ရုံမှာ အိပ်ရာမှနိုးလာသော်လည်း မထသေးဘဲ ခုတင်ပေါ်တွင် ငူငူကြီး ထိုင်ကာ တောင်တွေးမြောက်တွေး တွေးနေလေ၏။ သို့သော် သူ့အတွေးအမြီးကို သူ့အတွေးခေါင်းက ပြန်မျိုမိသည့်ရှိရာ အတွေးများမှာ ဝိုင်းကြီးပတ်ပတ်ဖြစ်၍ နေလေသည်။

ပထမတစ်ကောင်ကတော့ ခေါင်းကွဲသွားတယ်။ အဲဒါ ငါ မြင်တယ်။ တတိယတစ်ကောင်ကတော့ လက်မျှားကျိုးသွားလား မသိဘူး။ ဒုတိယတစ်ကောင်က ငါ့ကို တစ်ခုခု လှမ်းလုပ်လိုက်ပါသေးတယ်။ ဘာပါလိမ့်။ ဩော် သိပြီ။ မျက်နှာကို လှမ်းထိုးတာ။ ငါ ခံမျှားခံလိုက်ရသလား မှန်းစမ်း။

'အောင်မလေးဗျာ'

· လက်စသတ်တော့ မေးရိုးတည့်တည့် ထိသကိုး။ ယောင်နေသဟ။ လူမြင်ရင် ကိုယ်ခံလိုက်ရတာ လူတကာ သိပါပြီဗျာ။ ရှက်စရာကြီး။ နေစမ်းပါဦး။ ဒီကောင်တွေ ဘယ်ကကောင်တွေပါလိမ့်။ တစ်ခါမှလည်း မမြင်ဖူးပါဘူး။ လူဆိုတာ လက်စသတ်တော့ ကိုယ်နဲ့ တစ်ခါမှ မမြင်ဖူး





တဲ့လူနဲ့လည်း ရန်ထဖြစ်ရင် ဖြစ်တတ်လေသကိုး။ သေချာတွေးကြည့်ရင် ဒီကိစ္စက တယ်ရယ်စရာကောင်းပါလား။ ဟဲ ဟဲ။ ကြည့်စမ်း။ တစ်ခါမှလည်း မမြင်ဖူးဘဲနဲ့ ထသတ်ကြရတယ်လို့။ ဟီ ဟီ။ ဟင်း ဟင်း ဟင်း။ ဟား ဟား ဟား ဟား။

'ဂျောက် .. ကျွိ'

'ဟေ့ကောင် ပုဏ္ဏား'

'ဟာ အဖေ .. ဟဲ ဟဲ .. ဥတ်မောနင်း ဟီး ဟီး'

မှုန်ကုတ်ကုတ်နှင့် ဝင်၍လာသော သူ့အဖေ သူ ကြည့်ကာ အူကြောင်ကြောင်ဖြစ်၍နေသည်ကို မြင်သော် ရဲသင်ရုံမှာ အူထဲက ကလိကလိနှင့်ကို ပို၍ ရယ်ချင်လာလေသည်။

'အဖေ ဘာကြည့်နေတာလဲ၊ ဟဲ ဟဲ .. ဟား ဟား .. ဟား ဟား ဟား ဟား'

'ဟေ့ကောင် မင်း စိတ်မှ ကောင်းသေးရဲ့လား၊ မနက်စောစောစီးစီး ဘာတဟီဟီ ဖြစ်နေလဲ'

'ဟီး ဟီး ကောင်းပါတယ် အဖေရ၊ ဟား ဟား'

'အူကြောင်ကြောင် လုပ်မနေနဲ့၊ မျက်နှာသွားသစ်စမ်း သွား၊ ပြီးရင် အောက်ဆင်းလာခဲ့၊ မင်းကို ငါ မေးစရာ ရှိတယ်'

ပြောပြီး ဘုကြည့်ကြည့်ကာ ပြန်ထွက်သွားသော သူ့အဖေ့သူ ကြည့်ကာ ရယ်ချင်လာပြန်၏။ ဒီမနက် ငါ ဘာဖြစ်နေပါလိမ့်ဟု တွေးရင်း ရေချိုးခန်းဘက် သွားရန်ထရာ လက်ထောက်မိပြန်သဖြင့် နာသွားပြီး 'အလယ်လယ်' ဟု အော်မိပြန်လေ၏။

သွားတိုက်နေစဉ်အတွင်း သူ့အော်သံ သူပြန်စဉ်းစားမိကာ တခွိခွိ ရယ်မိသဖြင့် သွားတိုက်ဆေး သီးမလို ဖြစ်၏။ မျက်နှာသစ်စဉ် မှန်ကို ကြည့်မိရာ သူ့မျက်ခွက်ကြီး သူ တွေ့သော် မထိန်းနိုင်ဘဲ ရယ်မိပြန်လေ၏။ နာကျင်နေရတဲ့ကြားထဲ အူလာမြူးနေရသလားဟု ကိုယ့်ဟာကိုယ်တွေးရင်း အောက်ထပ်ဆင်းလာသည်ရှိသော် ဧည့်ခန်း နှစ်ယောက်ထိုင်သလွန်ကြီးပေါ်တွင် သူ့အဖေ ဦးဘုန်းရံသည် သလွန်တစ်ဖက်တွင် တည်တည်ကြီး ထိုင်လျက် တစ်ဖက်တွင် သူ့အဖေ့အချစ်တော် ခွေးကြီး ဘရစ်ပေ သူ့အဖေ



www.burmeseclassic.com

www.burmeseclassic.com



စတိုင်နှင့် တူလှစွာ တောင့်တောင့်ကြီးထိုင်၍ ရှုတည်တည်နှင့် သူ့အဖေကို ကြည့်နေသည်အား တွေ့ရသည့်ရှိသော် ဘာမှန်းမသိ ရယ်ချင်လာပြန်၍ မျက်နှာပိုးမနည်း သတ်ထားရလေ၏။

'ထိုင်စမ်း ဟော့ကောင်'

ဣန္ဒြေအတော်ဆည်ကာ နီးရာ ခုံတစ်လုံးတွင် ဝင်ထိုင်ရလေ၏။

'ပြောစမ်း ပုဏ္ဏား … မင်း မနေ့ညနေက ရန်ဖြစ်တယ်ဆို'

'ဗျာ .. အဖေ ဘယ်လိုလုပ်သိလဲ'

'ဟိုဘက်ခြံက ဖရက်ဒီဆိုတဲ့ကောင် ခုနကတင် ဖုန်းဆက်တိုင်တာကွ'

'မဟုတ်သေးပါဘူး အဖေရာ၊ အန်ကယ်ဖရက်ဒီက ကျွန်တော့်ကို ဘယ်တုန်းကတည်းက စပြီး တစ်ချိန်လုံး လိုက်ကြည့်နေလို့ သိရတာတုံး၊ နေရထိုင်ရတောင် ရှိုးတိုးရှန့်တန့် ဖြစ်လာပြီ'

'ပေါက်ပန်းဈေးတွေ လျှောက်မပြောနဲ့ ဟော့ကောင်၊ သူ့တူမ သူ့ပြန်တိုင်လို့ သူ သိတာ၊ မင်းကစပြီး ဖြစ်တာဆိုကွ'

'ဟာ အဖေကလည်း သူ့တူမကြောင့် ဖြစ်တာဗျ'

'ငါ သိပြီးပြီ၊ မင်း မပြောနဲ့၊ မင်းနဲ့ ရန်ဖြစ်တဲ့ ကောင်လေးတွေကိုလည်း သူ သိတယ်၊ မင်းသာ သူတို့ကို မသိတာ၊ မင်းတို့ကို သူတို့က ကောင်းကောင်း သိတယ်'

'ဘုရားရေ … သိနေလျက်သားနဲ့ ဘာကိစ္စ လာပတ်သက်တုံး၊ သူတို့ဟာသူတို့ နေပါလား'

'သူ့အသိစက်ရုံက ချာတိတ်တွေတဲ့ကွ၊ မူးနေကြတယ်ဆို'

'ကျွန်တော် သေချာမသိဘူး'

'ထားတော့ အဲဒီကိစ္စ၊ သူ တိုင်တာ ရန်ဖြစ်တဲ့ကိစ္စ မဟုတ်ဘူး၊ မင်းက သူ့တူမကို လူကြားသူကြားမှာ 'မိန်းမ' လို့ခေါ်ပြီး ပိုင်စိုးပိုင်နင်း လက်ဆွဲခေါ်သွားတယ်ဆို၊ ဟုတ်လား ဟော့ကောင်'

'ဗျာ'

ရဲသင်ရုံ လွန်စွာ အံ့အားသင့်လေ၏။ သူ မျက်ရှုကို လက်ဆွဲခေါ်လာတာတော့ မှတ်မိ၏။ ဘယ်လိုခေါ်မိလိုက်သလဲတော့ မမှတ်မိတော့။





ဓဝေဇဝါ ဖြစ်နေ၏။ မသေချာသဖြင့် ခွတ်ငြင်းတာ မမှားဘူးဟု ယူဆသည့်အလျောက် ငြင်းလေ၏။

'အာ … ဘာကိစ္စခေါ်ရမှာလဲ အဖေရ၊ မခေါ်ပါဘူး'

'ဟော့ကောင် … ကြားတဲ့လူတွေ သေချာကြားတယ်တဲ့၊ မင်းအသံအကျယ်ကြီးတဲ့'

'အာ … မဖြစ်နိုင်ဘူး'

'ဟော့ကောင် ငြင်းမနေနဲ့၊ ဟုတ်ဟုတ်မဟုတ်ဟုတ် ကောင်မလေးကို မင်း သွားတောင်းပန်လိုက်၊ ဒီလူနဲ့ ဒီလူကြားမှာ ငါ မျက်နှာမပျက်ချင်ဘူး၊ ဖရက်ဒီဆိုတဲ့ကောင်က ငါ့သူငယ်ချင်းဆိုပေမဲ့ ငါ့လိုပဲ ကတ်သီးကတ်သတ်ကောင်၊ ဘာမဟုတ်တာကို ဗာရာဏသီချဲ့နေဦးမယ်၊ ငါ နားညည်းခံနိုင်ဘူး၊ ငါ ပြောသလို သွားတောင်းပန်လိုက်'

'မဟုတ်သေးပါဘူး အဖေရာ၊ ခေါ်မိတယ်ဆိုရင်တောင် သူက မိန်းမမို့လို့ မိန်းမလို့ ခေါ်တာကို ဘာနာစရာရှိလို့လဲ'

'မရှည်နဲ့ ဟော့ကောင်၊ ငါ ခိုင်းတာလုပ်၊ နောက်ပြီး ဆင်ဆင်ခြင်ခြင်နေစမ်း၊ နောက်ထပ် ဟိုနေရာမှာ ဟိုဟာဖြစ် ဒီနေရာမှာ ဒီဟာဖြစ် ငါ ထပ်မကြားချင်ဘူး၊ ကြားလား၊ မင်းကိုယ်မင်း ကလေးမှတ်နေလား၊ ဣန္ဒြေရရနေစမ်း'

'ဟုတ် ဟုတ်ကဲ့'

သူ့အဖေ ထ ထွက်သွားသဖြင့် ရဲသင်ရုံ တစ်ယောက်တည်း ကြောင်စီစီ ကျန်ခဲ့လေ၏။ သူ့အဖေ၏ ခွေးကြီးမှာလည်း ကြားလား ဟော့ကောင် မင်းအဖေပြောတာ မင်းလုပ်စမ်း ဟူသော မျက်နှာပေးမျိုးနှင့် ရှုတည်တည်ကြည့်ကာ သူ့အဖေနောက် လိုက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

(၃)

'တိုက်ကြက်ဖကြီး ကြွပါ ခင်ဗျ'

ဝိုင်းထဲ ဝင်ထိုင်လိုက်သည်နှင့် တင်မောင်မှစ၍ ခွပ်လေရာ ရဲသင်ရဲ့ အောင့်သီးအောင့်သက် ဖြစ်သွားလေ၏။ မကျေမနပ်ကြည့်ကာ ဝင်ထိုင်၏။ ကော်ဖီဆိုင်ထဲတွင် အေးစိမ့်ကာ နေလေသည်။ စားပွဲထိုးလေးများမှာ ရဲသင်ရဲ့တို့ကို ရင်းနှီးပြီးဖြစ်၍ ထုံးစံအတိုင်းလား အစ်ကိုဟု တစ်ယောက်က ပြုံး၍ မေး၏။ ရဲသင်ရဲ့ ခေါင်းညိတ်ပြလိုက်သော် အနားမှ ထွက်သွားလေသည်။ ထိုနေ့က ကီစွတွင် ပါဝင်ခွင့်မရလိုက်သော ဇော်ဝါးက မေး၏။

'ဘယ့်နှယ်လဲ ဟေ့ကောင် … အခွက်ကြီးလည်း တစ်ဖက်ယောင်လို့၊ အရသာ အတော်ရှိရဲ့လား'

'သွားမပြောနဲ့ ဟေ့ကောင်၊ ဒီကောင်နဲ့ မျက်ရှုနဲ့က တစ်သက်လုံး ဒီလိုပဲ ဖြစ်နေမှာပဲ၊ တစ်ယောက်နဲ့တစ်ယောက် ရှောင်လို့လည်း ဘယ်တော့မှ မလွတ်ဘူး၊ တွေ့လိုက်တိုင်းလည်း တစ်ယောက်မဟုတ်တစ်ယောက် တင်ခုမဟုတ် တစ်ခု ဖြစ်တာပဲ'

ရဲသင်ရဲ့ တစ်ခုခုပြောရန် ပြင်စဉ် ချိုကြီးမှ ဖြတ်ပြော၏။

'ဒီကောင်နဲ့ မျက်ရှုနဲ့က ကံကိုပါလာလို့ မွေးကတည်းက ခြံချင်းထပ်လျက်အပြင် တစ်ရက်ထဲတောင် မွေးလာသေးတာပဲဥစ္စာ၊ တစ်သက်လုံးလည်း မတည့်အပေါက်နဲ့လွဲ ဆိုတာလို'

'ညစ်ပတ်လှချည်လား ချိုကြီး၊ မတည့်အတူနေပါကွာ'



www.burmeseclassic.com

www.burmeseclassic.com



'မင်းခေါင်းက အတွေးကိုက ညစ်ပတ်တာ၊ ငါ ပြောတာက ဘီလီယက်ထိုးတာကို ပြောတာဟ'

'အာ ·· မင်းတို့ကလည်း တစ်မျိုး၊ ကွိုင်တက်နေရတဲ့ကြားထဲ'

'ဘာလဲ ပုဏ္ဏား ··· ရိုက်မှုဖြစ်ပြီ မဟုတ်လား၊ မင်းကိုက လက်ဆော့ခြေဆော့ သွားလုပ်တာကိုး၊ ဟိုကောင်တွေက တရားစွဲပြီ မဟုတ်လား'

'တောက်တီးတောက်တဲ့၊ ဘာအမှုမှ မဖြစ်ဘူး၊ ဖြစ်တာက အဲဒီနေ့က ငါက မျက်ရှုကို မိန်းမလို့ ခေါ်မိတယ်တဲ့၊ အဲဒါ ဖားသားက ငါ့ကို မျက်ရှုကို သွားတောင်းပန်ခိုင်းနေတာဟ၊ ငါက မမှတ်မိဘူး၊ တင်မောင် မင်းတို့ရော ငါ အဲလိုခေါ်လိုက်မိတာ ကြားလား'

'အေးလေ ကြားလိုက်သားပဲ၊ လာ မိန်းမ ဆိုပြီး ပိုင်စိုးပိုင်နင်းနဲ့ လက်ဆွဲခေါ်သွားတာ၊ ငါနဲ့ချိုကြီးတောင် ခုနကတင် အဲဒါ ပြောနေသေးတယ်၊ မင်းတို့ချင်းများ တိတ်တိတ် အဂ္ဂာပြုနေကြသလားလို့'

'ကြဲကြီးစည်ရာကွာ'

'နေစမ်းပါဦး ပုဏ္ဏားရာ၊ မင်း မျက်ရှုကို တကယ် ဘယ်လိုမှ သဘောမထားဘူးလား'

'ဘာကိုလဲ'

'မဟုတ်ဘူးလေ၊ တစ်သက်လုံးလည်း ခြံချင်းကပ်လျက် နေလာတယ်၊ မင်းတို့အချင်းချင်း ဘယ်လောက် ကိုယ့်ဟာကိုယ် ကြိုးစားပြီး ကင်းကင်းနေနေ တစ်ခုမဟုတ်တစ်ခု အမြဲ လာ လာပတ်သက်ပြီး နေနေတယ်၊ ပတ်သက်တိုင်းလည်း တစ်ခုမဟုတ် တစ်ခု ပြဿနာတက်တယ်၊ တစ်ခါတလေများ မင်း မျက်ရှုကို စိတ်မဝင်စားမိဘူးလား'

'ဟင့်အင်း'

'မလိမ်နဲ့ ဟေ့ကောင် ··· တစ်ခါတလေတော့ မင်းဟာမင်း တွေးမိမှာ သေချာတယ်၊ ဒီလောက် ဝိုင်းဝိုင်းလည်နေတဲ့ ကောင်မလေးကွာ၊ တစ်ခါမြင်ရုံနဲ့ ပြန်လှည့်ကြည့်ရတဲ့ ကောင်မလေးမျိုး၊ သူ့အကြောင်းသိသွားရင် ပိုပြီးတောင် မရမနေဖြစ်သွားကြတဲ့ အကောင်တွေချည်းပဲ ဥစ္စာ၊ မင်း စိတ်ကူးမယဉ်မိဘူးဆိုတာ နည်းနည်းမှ ယုံစရာမရှိဘူး ဟေ့ကောင်'





'ကဲ အဲဒါဆို မင်းတို့ရော မျက်ရှုကို မကြိုက်ကြဘူးလား ပြော'

'အင်'

'အဲ'

'အဲ ·· အဲဒါက'

ဘာပြန်ပြောရမှန်းမသိ ဖြစ်နေကြရာမှ ဇော်ဝါးက ဖြေရှင်းချက်ပေး၏။

'မဟုတ်သေးဘူးလေကွာ၊ ငါတို့ကကျတော့ ငယ်ငယ်ထဲက တစ်ကျောင်းထဲတက်ပြီး တူတူကြီးလာကြတဲ့ သူငယ်ချင်းတွေဟ၊ ကြီးမှ မျက်ရှုနဲ့ ငါတို့ ခပ်တန်းတန်း ဖြစ်သွားတာဥစ္စာ၊ သူလည်း ယောကျ်ားလေးတွေနဲ့ ရန်းရန်းနဲ့ ပေါင်းနေလို့ မသင့်တော်ဘူးလေကွာ၊ ငါတို့က ကြိုက်မလားဟ၊ မောင်နှမလိုတောင် ဖြစ်နေတဲ့ဥစ္စာ'

'အေးလေကွာ၊ ငါလည်း မင်းတို့လိုပဲ ဥစ္စာ'

'မဟုတ်သေးပါဘူးကွာ'

'ဟုတ်ပါတယ်ဆို'

လိပ်ပတ်မလည် ဖြစ်နေကြပြန်၏။ ချိုကြီးမှ ရှင်းရန်ကြဲကာ ဝင်ပြောပြန်၏။

'မဟုတ်ဘူး ပုဏ္ဏား ··· ငါတို့ဆိုလိုတာက မျက်ရှုနဲ့ ပတ်သက်ရင် မင်းက ငါတို့နဲ့ မတူတာကို ပြောချင်တာ'

'ဘာမတူတာရှိလို့လဲ၊ ဘာမှမတူတာ မရှိဘူး'

'မဟုတ်ဘူး ရှိတယ်၊ မင်းနဲ့ မျက်ရှုက တို့ထက်ပိုပြီး ပတ်သက်မှု ရှိတယ်လို့ ငါတို့ ခံစားရတယ်၊ ကဲ ဒါဆို ··· ငါ မင်းကို မေးမယ်၊ ဆေးဝေးမပြောဘူး၊ ဟိုတစ်နေ့က မင်း ရန်ဖြစ်တဲ့ကိစ္စကိုပဲ မင်း အရင်ရှင်းဦး'

'ဘာရှင်းရမှာလဲ'

'ဟ ··· မင်းဟာမင်းပဲ ပြန်စဉ်းစားကြည့်လေ၊ မျက်ရှုကို မှေးနောင့်ယှက်တာ ငါတို့သုံးယောက် တစ်ပြိုင်နက် တွေ့တာပဲ၊ မှေးက မျက်ရှုပခုံး လှမ်းကိုင်တာလည်း ငါတို့ အတူတူ တွေ့တာပဲ၊ မျက်ရှုကို ခေါ်ပြီး အေးဆေးပြန်လို့ ရတယ်လို့ ငါတို့နှစ်ယောက် တွေးပို့ရပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



မင်းကျတော့ အဲလိုမတွေးဘဲ ဘာလို့ မလိုအပ်ဘဲ ဝုန်းဒိုင်းထကြဲလဲ၊ ပြီးတော့ ရှုးနေသလို မင်းကိုယ်မင်း မသိသလိုနဲ့ မျက်ရှုကို ဆိုးဆိုးဆတ်ဆတ် ဆွဲသွားရော၊ ဟိုကလည်း ခါတိုင်း မင်းကို ကန့်လန့်တိုက်နေကျဥစ္စာ၊ အဲဒီတုန်းကတော့ ဘာမှမဖြစ်သလိုဘဲ၊ ရုတ်တရက် လန့်သွားတာက လွဲရင် အေးအေးဆေးဆေးကို မင်းနဲ့ လိုက်သွားတာ၊ သူ့ကားသော့တောင် မင့် ပေးလိုက်သေးတယ်၊ ငါနဲ့ တင်မောင်နဲ့ တစ်ချိန်လုံး မင်းတို့ကို ကြည့်နေတာ၊ မင်းတို့ဟာမင်းတို့ ကားမောင်းထွက်သွားတဲ့အထိပဲ၊ အဲဒီအချိန်တုန်းက မင်းတို့နှစ်ယောက်လုံး တစ်မျိုးကို ဖြစ်နေတာ၊ ပုဏ္ဏား ··· ငါ သေသေချာချာ မေးမယ်၊ မင်း စဉ်းစားပြီးမှ ဖြေ၊ မင်းဟာ ပင်ကိုယ်က အေးအေးနေတတ်တဲ့ကောင်၊ မျက်ရှုနဲ့ ပတ်သက်ရင်ကျ အခုတစ်ခါမှ မဟုတ်ဘူး၊ အဲဒါဘာဖြစ်တာလဲ ကဲ ပြော'

'ဟုတ်တယ် ပုဏ္ဏား ··· မင်း မသိစိတ်က မျက်ရှုကို အထိမခံနိုင်ဘူးလို့ ငါ ထင်တယ်၊ ငါ သတိထားမိသလောက် ဆယ်တန်းလောက်ကတည်းက မင်း အဲလိုဖြစ်နေတာ'

'ငါတို့ ကြည့်နေတာ ကြာပြီ၊ ဆယ်တန်းအောင်ပြီးတဲ့နောက်ပိုင်း မျက်ရှုနဲ့ ငါတို့နဲ့ ဝေးသွားတယ်ဆိုပေမဲ့ မင်းနဲ့ကျ အလိုလိုကို ဆုံ ဆုံနေတာ'

'မဟုတ်သေးပါဘူးကွာ၊ ငါက မဆုံ ဆုံအောင် အတင်းလိုက်ပြီး ···'

'ဟာ ကွျတ် ·· အဲဒါပြောတာ မဟုတ်ဘူး၊ မင်းတို့ ခြံချင်းကပ်လျက်ပေမဲ့ အခုနောက်ပိုင်း မင်းရော မျက်ရှုရော ဘာသိဘာသာ နေကြတာ ငါတို့လည်း သိတာပဲ၊ မင်းတို့နှစ်ယောက် ပယောဂမပါဘဲ မကြာ မကြာ လာပတ်သက်နေတာကို ပြောတာ၊ ငါတို့ပြောချင်တာက မင်းတို့မှာ ပါလာတဲ့ ကံကို ပြောနေတာ၊ ထူးဆန်းတာက ပတ်သက်ပြီးရင်လည်း အဆင်ပြေပြေကို မရှိပြန်ဘူး'

'အေး ဟုတ်တယ်၊ ငါလည်း အဲဒါကို ပြောချင်တာ'

ဇော်ဝါးမှ စကားကို ဝင်ပိတ်ပေးလိုက်လေ၏။ ရဲသင်ရဲ ငိုင်ကျသွားလေသည်။ ပတ်တီးစည်းထားသော လက်ကောက်ဝတ်ကို ကြည့်ကာ ငေးစားနေလေ၏။ သို့သော် သူ့လက်ကိုတော့ သူ မြင်ပုံမရ။ တင်မောင်က စကားတစ်ခွန်းကို ဖျတ်ခနဲ မေးလိုက်၏။

'ပုဏ္ဏား ··· မင်းကို ပုဏ္ဏားဆိုတဲ့နာမည် ဘယ်သူက စခေါ်တာလဲ'

ရဲသင် ဆတ်ခနဲ ခေါင်းမော့လာကာ တင်မောင့်ကို အံ့အားတသင့် ကြည့်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

(၄)

ခြံထဲက ဒန်းပေါ်တွင် တစ်ယောက်တည်း စာထိုင်ဖတ်နေသော ချောက်ရှမှာ ဟိုတစ်နေ့က ကိစ္စကို ပြန်တွေးမိလေသည်။ ဟိုကိစ္စကို ပြန်တွေးမိသောအခါ ဟိုအကောင်ကိုပါ ပြန်တွေးမိလေ၏။ တွေးရင်း တွေးရင်း ဒေါပွလာ၏။ ထိုအကောင် ရှန်းရင်းဆန်ခတ်ထလုပ်သဖြင့် ဆူဆူညံညံဖြစ်ကာ လူတွေဝိုင်းကြည့်တာ ခံရ၏။ ပြီးတော့ ဒင်းကပဲ မိမိလက်ကို ခိုင်စိုးပိုင်နင်းဆွဲကာ မိန်းမဟုပင် ခေါ်လိုက်သေး၏။ မိမိကရော ဘာကိစ္စ ဒင်းခေါ်ရာကို လိုက်ခဲ့မိလေသနည်း။ လူလယ်ခေါင်တွင် ရှက်စရာကောင်းလေစွ။ ထို့ကြောင့် ဟိုကောင် ငယ်ငယ်ကတည်းက နည်းနည်းလန့်သော အန်ကယ်ဖရက်ဒီကို တိုင်ပြောပစ်လိုက်ခြင်း ဖြစ်၏။ အန်ကယ်ဖရက်ဒီက သူ့ဘော်ဒါကြီး အန်ကယ်ဘုန်းကို ပြောလိုက်ပုံရ၏။ အန်ကယ်ဘုန်း ဆူဆူပုံရသဖြင့် အခုရက်ပိုင်း ဟိုအကောင်ကို သိပ်မတွေ့။ အန်ကယ်ဖရက်ဒီကို လန့်လို့လည်း ရှောင်နေခြင်း ဖြစ်ချင်ဖြစ်မည်။ ဘာပဲဖြစ်ဖြစ် ဟိုအကောင်နှင့် ခပ်ကင်းကင်း နေ နေခွင့်ရခြင်းက မိမိအတွက် ပြဿဒါးမွှတ်ကြောင်း တစ်သက်လုံး ကြုံလာပြီးသော အတွေ့အကြုံများအရ မျက်ရှ ကောင်းကောင်း သိ၏။ အခုလို အေးအေးဆေးဆေး အားနေတုန်း ဟိုအကောင်နှင့် မိမိအကြောင်းကို မျက်ရှ သေသေချာချာ ပြန်တွေးကြည့်မိသေး၏။

ဟိုအကောင်သည် ဘယ်ဘဝတုန်းကတည်းက မိမိနှင့် အဆင်

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မပြေလှစွာ ပတ်ပတ်သက်သက် ရှိခဲ့ဖူးသည် မသိ။ ဤဘဝတွင် ခြံချင်းကပ်လျက် လူလာဖြစ်ကြသည်သာမက တိုက်တိုက်ဆိုင်ဆိုင် တစ်ရက်တည်း လာမွေးလေသည်။ ဇွန်လ ခြောက်ရက်။ ဒင်းကို မနက်ပိုင်းမွေးနှင့်ပြီး မိမိက ညနေပိုင်းမွေးလာ၏။ ထို့ကြောင့် ထိုအကောင်သည် ကတ်သီးကတ်သတ် မိမိထက် နာရီပိုင်း လာကြီး၍ နေ၏။ ထို့ကြောင့် ငယ်ငယ်ကတည်းက ရန်ဖြစ်ကြတိုင်း ကိုယ့်ထက်အသက်ကြီးတဲ့သူကို ရိုသေရတယ်ဟု ထိုအကောင် ကတ်သတ်ပြောသည်ကို အမြဲ ခံရ၏။ မိမိကတော့ မခံ။ ထုစရာ ရှိလျှင် ထု၍ ကုတ်စရာ ရှိလျှင် ကုတ်ဖဲ့လိုက်သည်ချည်း ဖြစ်၏။ ဒင်းကလည်း မခံ။ ထိုးစရာရှိ ပြန်ထိုး၍ ကန်စရာရှိ ပြန်ကန်၏။

နောက်တိုက်ဆိုင်တာ တစ်ခုက ထိုအကောင်သည်လည်း မောင်နှမတစ်ယောက်မှ မရှိသော တစ်ဦးတည်းသောသား၊ မိမိကလည်း တစ်မျိုးလုံးပေါင်းမှ တစ်ဦးတည်းသော အမွေဆက်ခံသူ သမီး။ ဆွေမျိုးမိဘများ၏ ကိုယ်စီ ကိုယ်စီ ဖူးဖူးမှုတ် အလိုလိုက်ခံခဲ့ရသော တစ်ဦးတည်းသောသားနှင့် တစ်ဦးတည်းသောသမီးတို့ ခြံချင်းကပ်လျက် မွေးလာသောအခါ ကိုယ့်ပုံစံနှင့်ကိုယ် အတ္တကြီး၍ ကြီးလာခဲ့ကြသည်ဖြစ်ရာ ဆယ်ခါ အတူတူကစားလျှင် ခုနစ်ခါခန့် သတ်ပုတ်ကြရ၏။ ကြီးပြင်းလာခဲ့ရသော ပတ်ဝန်းကျင် ရပ်ကွက်ကလည်း ခြံတွေဝင်းတွေနှင့် လူသူနည်းပါးသည် ဖြစ်ရာ ရွယ်တူကစားဖော်ဆို၍ ထိုအကောင်နှင့် မိမိသာ ရှိခဲ့၏။ နောက် ခြံနှစ်ခြံချင်းကလည်း အမျိုးတွေလိုဖြစ်၍နေရာ ကျောင်းသွားအပ်ခံရတော့လည်း အတူတူ တစ်ရက်တည်း ဖြစ်၍ ဒင်းနှင့် တစ်ခန်းတည်း။ ဒီကြားထဲ မိမိကလည်း မိန်းကလေး သိပ်မဆန်လှသည်ဖြစ်ရာ ကျောင်းမှာလည်း ဒင်းနှင့် ဒင်းအပေါင်းအသင်းများနှင့်သာ ပေါင်းပြီး တစ်နှစ်ပြီး တစ်နှစ် အတန်းတက်ခဲ့ရ၏။ တော်တော် အရွယ်တွေရလာကြတော့မှသာ ခပ်တန်းတန်း ဖြစ်သွားကြခြင်း ဖြစ်၏။

ထိုအကောင်နှင့် ပတ်သက်လျှင် မိမိမှာ တစ်သက်လုံး လွန်စွာ ပတ်ပတ်သက်သက်ရှိခဲ့ကာ ခွတီးခွကျ လွန်စွာနိုင်ခဲ့၏။ မိမိမှာ မွေးပြီး တစ်နှစ်ခန့်ကတည်းက ဖခင်ဆုံးနှင့်ပြီဖြစ်၍ မိခင်၊ အဒေါ်အပျိုကြီး နှစ်ယောက်နှင့် ဘကြီးတစ်ယောက်ဖြင့်သာ ကြီးခဲ့ရ၏။ မိမိနှင့် တစ်အိမ်လုံး





တို့ ဖခင်သဖွယ် ထိန်းသိမ်း စောင့်ရှောက်လာပေးခဲ့သော ဘကြီးလူပျိုကြီး အန်ကယ်ဖရက်ဒီမှာ ဒင်းအဖေ အန်ကယ်ဘုန်းနှင့် သူငယ်ချင်း အရင်းကြီးတွေဖြစ်၏။ အံ့သြဖွယ် တိုက်ဆိုင်သည်က ဒင်းမိခင်မှာလည်း ဒင်းငယ်စဉ်ကပင် ဆုံးပါးသွားခဲ့၏။ မိမိတွင် ဖခင်မရှိသလို ထိုအကောင်သည်လည်း မိခင်မရှိ။ ထို့ကြောင့် ထိုအကောင်သည် မိမိ၏မိခင်နှင့် အဒေါ်များကို ငယ်ငယ်ကတည်းက မိခင်များလို ခင်တွယ်၍ မိမိကလည်း ဒင်းဖခင်ကို အဖေလို ချစ်၏။ အထူးခြားဆုံးမှာ မိမိ၏နာမည် မျက်ရှုလရောင်ကို ထိုအကောင်၏အဖေ အန်ကယ်ဘုန်းက ပေးခဲ့ခြင်းဖြစ်၍ ထိုအကောင်၏ ခိုင်သင်ရုံဟူသော နာမည်ကို အန်ကယ်ဖရက်ဒီက ပေးခဲ့ခြင်း ဖြစ်၏။ အယူသီးကြသောကြောင့် နာမည်နှစ်ခုလုံးမှာ နေ့သင့်နံသင့် မဟုတ်ကြ။ ထိုသို့ဖြင့် ထိုအကောင်နှင့် မွေးကတည်းက ပတ်ပတ်သက်သက် ရှိခဲ့၏။

ထိုအကောင်သည် ထူးထူးဆန်းဆန်း ဉာဏ်ကောင်း၏။ ငယ်ငယ်က ထိုကိစ္စကြောင့် မကြာခဏ သတ်ပုတ်ကြရ၏။

ငယ်ငယ်က စာမေးပွဲနီး၍ မိမိ ခြံထဲဆင်းကာ စာအော်ကျက်နေပြီဆိုလျှင် ထိုအကောင်သည် ခြေယောင်မလည် ခြံကူးလာကာ ဟိုလိုလို ဒီလိုလိုနှင့် မိမိစာကျက်သည်ကို လာနားထောင်၏။ မိမိက ငါးခေါက်ခန့် ကျက်မှ စာတစ်ပုဒ်ရသော်လည်း ထိုအကောင်မှာ စာတစ်ပုဒ်ကို နှစ်ခေါက် သုံးခေါက်မျှ ကြားရုံနှင့်ပင် အလွတ်ရသည်ဖြစ်ရာ မိမိ စာအော်ကျက်သော အသံကို လာ လာနားထောင်ကာ စာမေးပွဲ သွား သွားဖြေလေ့ရှိသဖြင့် မကြာခဏ ရန်ဖြစ်ကြရ၏။ အော်ကြီးဟစ်ကျယ် ပင်ပန်းတော့ မိမိက။ အမှတ်ရသွားတော့ ဒင်း။ တော်တော် တင်းစီးသောကိစ္စ ဖြစ်၍ မကြာခဏ သတ်ကြရ၏။ ထိုအခါ ဒင်းက မိမိအားနည်းသော သချ်ာကို အလျော် ပေးသည့်အနေနှင့် အမြဲပြန်ရှင်းပြရ၏။ အထက်တန်းလောက် ရောက်တော့ မိမိကလည်း စာအော်မကျက်ဖြစ်တော့ဘဲ ဒင်းလည်း ဒင်းဟာဒင်း ကျက်ခြင်းဖြင့် ထိုသတ်ပုတ်ရသောကိစ္စ တစ်စခန်း ရပ်သွားတော့၏။

ငယ်စဉ်က အတူကြီးခဲ့ရသောကြောင့်လား မသိ။ ထိုသတ္တဝါနှင့် မိမိသည် အကြိုက်တော်တော်များများ တူ၍ အတော် တိုက်တိုက်ဆိုင်ဆိုင် ရှိတတ်၏။ အရုပ်တစ်ရုပ်တည်း တွေ့တူသွားကြိုက်နေ၍ လုကြခြင်း



www.burmeseclassic.com

www.burmeseclassic.com



မျိုးမှာ အလွန် မဆန်းလှတော့သော ကိစ္စမျိုး ဖြစ်၏။ ထိုသည်မှာ ကြီးလာတော့မှသာ အတော် ကွဲသွားကြခြင်း ဖြစ်၏။ ယောက်ျားလေးနှင့် မိန်းကလေးဖြစ်နေခြင်းကလည်း သတ်နေကြရခြင်းကို ကယ်တင်သွားခြင်း ဖြစ်ပုံရ၏။ အခုနှစ်ပိုင်းတွင် ပြန်၍ ထူးခြားလာပြန်သည်။

ထိုအကောင်နှင့် မိမိသည် ကိုယ့်စိတ်ကူးနှင့်ကိုယ် သွားကြသည် ဆိုငြား သွားသည့်နေရာနှင့် သွားသည့်အချိန် သွား သွားဆုံနေတတ်၏။ သို့သော် အေးအေးချမ်းချမ်း ဘယ်တော့မှ မပြီး။ အမြဲ တစ်ခုမဟုတ်တစ်ခု ဖြစ်ပျက်တတ်၏။ မိမိကိုယ်မိမိ ဤနှစ်ပိုင်းထဲ သတိထားမိလာသည်မှာ ထိုအကောင်နှင့် တစ်စုံတစ်ရာ တစ်ခုခု တစ်နေရာရာတွင် ဖြစ်ပျက်တော့မည်ဆိုလျှင် ရုတ်တရက် ထိုအကောင်ကို ဖျတ်ခနဲ သတိရ ရ လာတတ်ခြင်း ဖြစ်၏။ ဤသည်ကိုတော့ မျက်ရှ မအံ့သြ။ တစ်သက်လုံး အတူတူနေလာသော လူတစ်ယောက်သည် အခြားသူတစ်ယောက်၏ စိတ်၌ အနည်းနှင့်အများတော့ ရှိကိုရှိနေပေလိမ့်မည်။ သို့သော် ရိုးသားစွာ ရှိနေခြင်းသာ ဖြစ်ပါသည်။

ထူးဆန်းသည်က သက်တမ်းတစ်လျှောက်လုံး အတူတူနေခဲ့ကြသဖြင့် တစ်လျှောက်လုံးရှိလာခဲ့သော သံယောဇဉ်သည် ဤတစ်နှစ် နှစ်နှစ်လောက်တွင် လုံးဝပျောက်သွားခြင်း ဖြစ်၏။ ထိုအကောင်လည်း မိမိစိတ်ထင် ထိုသို့ဖြစ်နေပုံ ရ၏။ မပတ်သက်ချင်ဘဲ လာ လာပတ်သက်နေကြရခြင်းမှလွဲ၍ အရင်ဟိုတုန်းကလောက် ပတ်ပတ်သက်သက် မရှိကြတော့။ တစ်ယောက်အပေါ် တစ်ယောက် ခံစားမှု သိပ်မရှိတော့။ အရင်ငယ်ငယ်ကလို တစ်ယောက်ကိုတစ်ယောက် နိုင်ချင်စိတ်လည်း သိပ်အမြဲတမ်း ရှိမနေတော့။ ဤသည်မှာ ဘာဖြစ်သွားခြင်းမှန်း မျက်ရှ မသိ။ ဒန်းပေါ်ခေါင်းမှီကာ မျက်လုံးမှိတ် စဉ်းစားနေရင်းမှ မျက်ရှ တစ်စုံတစ်ရာ ခံစားလိုက်ရ၏။ တစ်ယောက်ယောက်က သူ့ကို ကြည့်နေသည်အား ခံစားသိလိုက်ရသလို။ မရည်ရွယ်ဘဲ ခြံစည်းရိုးတွင်ရှိသော ဟိုဘက်သည်ဘက် ကူးရန် လုပ်ထားသည့် ခြံတံခါးကို ကြည့်မိ၏။ တံခါးတွင် လောလောလတ်လတ် ချိတ်ထားခဲ့ပုံရသော အထုပ်ကြီးတစ်ထုပ်။ အထုပ်ကြီးမှာ အခုလေးတင် ချိတ်သွားပုံ တလှုပ်လှုပ်နှင့်။ မျက်ရှ သွားယူကြည့်လေသည်။





ဖိုက်ဘာရစ်လုံး တစ်လုံး၊ ပုတီးတစ်ကုံးနှင့် စာတစ်စောင်။

ဖတ်ကြည့်တော့ ...

'ရော့ နင့်ပုတီး၊ ရစ်လုံးက နင့်ရစ်လုံး ပျောက်သွားတာကို အလျော်ပေးတာ၊ ဆောရီး မျက်ရှ .. ငါ တောင်းပန်တယ်၊ နင့်ကို ငါ လောလောဆယ် မတွေ့ရဲသေးဘူး၊ လက်နာမပျောက်သေးဘူးဟ'

စာလုံးများကို ဖတ်နေသော်ငြား ဘေးနားတွင် ရဲသင်ကိုယ်တိုင် လာပြောနေသလို နားမှ စကားသံများ ကြားယောင်လိုက်ရသဖြင့် မျက်ရှ ထိတ်ခနဲ ဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

စီတာ

ရာသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

လှလိုက်ပုံများလေ
လောကသုံးပါး
အမှောင်တွေ သေဆုံးသွားကြသလိုပဲ
ဒီနေရာမှာ
ပြီးတော့
ဟိုးမှာလည်း ဟိုးမှာ
အဖြူတွေပေါ်မှာ အလင်းတွေလဲ့ဖြာ
မိုးကုပ်စက်ဝိုင်းမှာ
တောင်တွေပေါ်မှာ
မြက်ခင်းအဖြူ
ပန်းတွေအဖြူ
ပြီးတော့
သက်တံကလည်း အဖြူ
အိုး ...
ကိုယ့်အရိပ်တောင်မှ အဖြူ
ဒါဆို
ကိုယ်လည်းအဖြူပေါ့
အေးချမ်းလိုက်တာ။
အဖြူထဲက

ရေသာစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အလင်းတွေ ဖြာထွက်သွား
လှလိုက်တဲ့ဘဝတွေများကွယ်
ဒါပေါ့
အရောင်တွေထဲက
လောကမှာ အများဆုံး တွေ့ရတာက
အဖြူရောင်လေ။

အိမ်သူရွှေမ
(မှော်ဝင်နတ်နန်း ကဗျာစုမှ)



(၁)

ကန်ရေပြင်ကျယ်ကြီးတစ်ခုကို လှမ်းမြင်နေရသည့် တိတ်ဆိတ်ငြိမ်သက်သော စားသောက်ဆိုင်လေး တစ်ခုထဲတွင် ဖြစ်၏။ အချိန်မှာ နေဝင်ဖျိုးဖျ။ အသက်ငါးဆယ်ကျော်ခန့် ဖြူဖြူဖိုင့်ဖိုင့်နှင့် ခန့်ခန့်ညားညား ရှိလေသော လူကြီးတစ်ယောက်သည် လှပသော ဝီစကီဖန်ခွက်လေးတစ်ခုကို လက်ထဲတွင် မထိတထိ ကိုင်ထားလျက် စားပွဲတစ်ဖက်မှ လူငယ်ကို သေချာစိုက်ကြည့်နေလေသည်။ ဆိုင်ထဲတွင် လူ သိပ်မရှိ။ တိတ်ဆိတ်လျက် ရှိလေသည်။ လူငယ်မှာ လူကြီးကို အလိုမကျသလို ပြန်ကြည့်နေလေ၏။ ထို့နောက် တိတ်ဆိတ်ခြင်းကို လူငယ်ကပင် စတင် ဖြိုခွင်းလိုက်၏။

'သားအဖချင်း စကားပြောတာပဲ အဖေရာ၊ အိမ်မှာပြောလည်း ရတဲ့ဥစ္စာကို၊ ဘာကိစ္စ ဒီနေရာ တကူးတကန့် လာထိုင်ရတာတုံး'

လူကြီးမှာ ကိုင်ထားသော ဝီစကီခွက်ကို စားပွဲပေါ်ပြန်တင်ရင်း ပြုံးလိုက်၏။ ထို့နောက် အေးဆေးစွာ ပြောလေသည်။

'ဒီနေရာကို မင်းက ဘာအောက်မေ့လို့လဲ၊ လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်ကျော် နှစ်သုံးဆယ်လောက်တုံးက ဒီနေရာမှာ မင်းအမေက ငါ့ကို အဖြေပေးခဲ့တာကွ'

လူငယ်သည် မဆိုစလောက် လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ ချက်ချင်း တစ်စုံတစ်ရာကို သတိပြုမိသွားသလိုနှင့် မေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးက ချက်ချင်း ပြန်မဖြေ။ ဖင်ကပ်သာ ကျန်တော့၍ အရောင် အဆင်း ဖျော့တော့လွန်းနေသော ဝီစကီကို ကုန်အောင် မော့လိုက်၏။ လူငယ်မှ အလိုက်သိစွာ စားပွဲအလယ်မှ ဂိုးလ်လေဘယ် ပုလင်းအပြည့် နီးပါး ခေါင်းကျိုးရုံလောက်ကို ယူကာ လူကြီး၏ခွက်ထဲသို့ သင့်ရုံထည့် ပေးလေ၏။ ထို့နောက် ရေခဲတုံးလေးများကို ထပ်၍ ဖြည့်ပေးရင်း

'တော်ရုံတန်ရုံ ပြောစရာကိစ္စလောက်နဲ့တော့ အဖေ တကူးတက ဒီကိုလာမှာ မဟုတ်ဘူး ထင်တယ်၊ ကျွန်တော် သိသလောက်တော့ အဖေ့ မှာ အထူးအထွေ ဘာမှမရှိလှဘူး၊ အဆင်ပြေနေတာပဲ၊ မဟုတ်မှလွဲရော ကျွန်တော်နဲ့ ဆိုင်တာပဲ ဖြစ်မယ်၊ အဖေ ဟုတ်လား'

လူကြီးလေသံ အတော်ဖမ်း၍ မေးလေ၏။ လူကြီးမှာ သူ့သား သူ ကြည့်ကာ ရယ်လေ၏။

'ပုဏ္ဏား မင်းဟာလေ မင်း သူငယ်ချင်း ချိုကြီးတို့ ဘာတို့ကတော့ တော်လှတော်လှနဲ့ ပြောတာပဲ၊ ငါ့မျက်စိထဲတော့ မင်းဟာ အတော်ရယ်ရတဲ့ လေးငါးနှစ် ငါ့သားပဲ၊ အားလုံး ကိုးရိုးကားရား ... အေး ဟေး ဟေး.. မင်းမေးတာတော့ ဟုတ်တယ်၊ မင်းအကြောင်း ပြောမလို့ ငါ ဒီခေါ်လာတာ'

'အာ အဖေကလည်း ... ပြောလေ ဘာကြီးလဲ'

'မင်း စာမေးပွဲဖြေနိုင်တယ် မဟုတ်လား၊ မေးသာမေးရတာပါ ကွာ၊ မင်းအကြောင်း ငါသိပါတယ်'

'ဘာဖြစ်လို့လဲ အဖေ'

'မင်း အခု ကျောင်းလဲပြီးပြီ၊ ဘွဲ့လည်းရမှာပဲ၊ မင်း ဘာဆက်လုပ် မလဲ ဟေ့ကောင်၊ ကောင်းကောင်းဖြေနော်၊ ငါ အကောင်းမေးနေတာ ပြောစရာရှိလို့'

လူငယ် စိတ်ညစ်ညစ်နှင့် ခေါင်းကုတ်နေလေ၏။ သူ့ဟာသူ ဘာလုပ်ရကောင်းမည်ကို စဉ်းစားထားမိသေးပုံ မရ။ ခဏငြိမ်နေပြီးမှ ပြန် ဖြေ၏။

'ကျွန်တော် ဆံပင်အရှည်ထားမယ် အဖေ၊ ပြီးတော့ မုတ်ဆိတ် နဲ့ နှုတ်ခမ်းမွေးလည်း အရှည်ထားကြည့်မယ်၊ အဲလိုထားနေရင်း ကျွန်တော် အလုပ်တစ်ခုခု လုပ်မယ် အဖေ'





လူကြီးမှာ ခေါ်ပွသွားလေ၏။

'ဟေ့ကောင် ... ကောင်းကောင်းဖြေပါလို့ ငါ ပြောထားတယ် နော်၊ ငါ အကောင်းပြောနေတာ၊ မင်း နောက်စရာ မဟုတ်ဘူး'

'ကျွန်တော်လည်း တကယ် စဉ်းစားပြီးမှ ပြောတာပါ အဖေရ'

'မင်းကိုယ်မင်း မေးကြည့်ဖူးလား၊ မင်း ဖြေကြည့်စမ်း၊ မင်း ဘာကောင်လဲ'

လူငယ်မှာ တွေဝေသွားလေ၏။ ထို့နောက် မျက်မှောင်ကုတ်ကာ စဉ်းစားနေပြန်၏။ လူကြီးမှာ ဘာမှ ဆက်မပြောဘဲ ပြုံးကာ ကြည့်နေလေ ၏။ အတန်ကြာသွားမှ လူငယ် ပြန်ဖြေ၏။

'သေချာစဉ်းစားကြည့်တော့မှ ကျွန်တော်ဟာ ဘာကောင်မှ မဟုတ် ဘူး အဖေ'

လူကြီးမှ စိတ်ကျေနပ်သွားပုံဖြင့်

'အေး .. အဲဒါပြောတာဝဲ ငါ့သား၊ မင်းဟာ ဘာကောင်မှ မဟုတ်တာတော့ မဟုတ်ဘူး၊ ဘာကောင်မှ မဟုတ်ခဲ့တာ၊ ရှေ့လျှောက် မှာတော့ မင်း အဲဒီလို ဖြစ်နေဖို့ မကောင်းတော့ဘူး၊ လူ့လောက တော နက်ကြီးထဲမှာ မင်းဟာ တစ်ကောင်ကောင်တော့ ဖြစ်ကို ဖြစ်လာရတော့ မယ်၊ မင်းဟာ အရွယ်ရောက်ခဲ့ပြီ၊ ရှေ့ဆက်သွားမယ့် မင်းဘဝအတွက် လိုအပ်ချက် အတော်များများလည်း မင်းမှာ ပြည့်စုံပြီးပြီ၊ တစ်ခုပဲ ကျန် တော့တယ်'

'ဘာလဲ အဖေ'

'အဲဒါ မင်းဘဝအတွက် တစ်သက်လုံး အဖော်အဖြစ်နဲ့ နေသွား နိုင်မယ့် တစ်ယောက်ယောက်ပဲ၊ ပုဏ္ဏား .. မင်း မိန်းမယူဖို့ စ စိတ်ကူး ကြည့်ပေတော့'

'ဗျာ'

'ဟုတ်တယ်၊ မင်းကို အဲဒါပြောချင်လို့ ဒီခေါ်လာတာ'

'မလုပ်ပါနဲ့ အဖေရယ်၊ အေးအေးဆေးဆေး နေပါရစေ၊ ချမ်းသာ ပေးပါ'

'ဒီမှာ ငါ့သား'



www.burmeseclassic.com

www.burmeseclassic.com



လူကြီးမှ လေးလေးနက်နက်ပြောရန် ပြင်၏။ လူငယ်မှာ စိတ်ရှုပ်ရှုပ်နှင့် ကြည့်နေလေ၏။

'မင်းကို ငါက မိန်းမပေးစားလိမ့်မယ်လို့တော့ ဘယ်တော့မှ စိတ်မကူးနဲ့၊ အဲလို အဓိပ္ပာယ်မရှိတဲ့ နိုင်ထက်စီးနင်းကိစ္စမျိုးကို ငါ ဘယ်တော့မှ လုပ်မှာမဟုတ်ဘူး၊ ဟိုလူ့သမီးလေး မဆိုးဘူးကွ၊ ဒီလူ့သမီးလေး စဉ်းစားကြည့်ပါလားဆိုတဲ့ ရေလာမြောင်းပေး ခပ်ညံ့ညံ့အောင်သွယ်အလုပ်လည်း ငါ လုပ်မှာ မဟုတ်ဘူး၊ ငါ ပြောချင်တာက မင်း အိမ်ထောင်ကျခါနီးပြီ၊ သတိနဲ့နေလို့ ပြောချင်တာ'

'အဖေ ဘာတွေပြောနေတာလဲ'

'ဒီမှာ ငါ့သား … လောကကြီးမှာ တချို့ကိစ္စတွေက လူတွေဦးနှောက်နဲ့ လက်လှမ်းမမီတာမျိုးတွေ ရှိတယ်၊ အဖေ အယူသီးတတ်တဲ့လူမျိုး မဟုတ်ဘူးဆိုတာ မင်း သိပါတယ်၊ ဒါပေမဲ့ မင်းနဲ့ ပတ်သက်တဲ့ကိစ္စတွေမှာတော့ အဖေ တစ်ခုခုကို ယုံကြည်လာမိတာ ရှိတယ်၊ တကယ်လည်း ဒီနေ့အထိ မင်းနဲ့ ပတ်သက်တဲ့ တိုက်ဆိုင်မှုတွေက အမြဲ မှန်ကန်လာခဲ့တာကိုး၊ မင်းဘဝနဲ့ ပတ်သက်တဲ့ အဖြစ်အပျက်တွေကို ငါတို့နဲ့ ဘယ်လိုမှ မပတ်သက်တဲ့ လူတစ်ယောက်က ကြိုပြီး ပြောသွားခဲ့ဖူးတယ်၊ ဘယ်သူလဲလို့ မမေးနဲ့၊ အဖေလည်း ဘယ်လိုမှ မမှတ်မိတော့ဘူး၊ မှတ်မိတာက သူ ပြောသွားတဲ့ မင်းရဲ့ ဘဝအကြောင်းပဲ၊ ဒီနေ့ထိ သူ ပြောခဲ့တာတွေနဲ့ မင်း တောက်လျှောက် ဖြစ်ပျက်လာခဲ့တာတွေက အံ့သြဖို့ကောင်းလောက်အောင် အားလုံး တိုက်ဆိုင်ခဲ့တာချည်းပဲ၊ ဒါပေမဲ့ တစ်ခု ဆန်းတာက မင်းအကြောင်းကို မင်း အိမ်ထောင်ကျသွားမယ့် အချိန်အထိပဲ သူ ပြောနိုင်တယ်လို့ ပြောသွားတယ်၊ အဲဒီကိစ္စကို သူကိုယ်တိုင်လည်း အံ့သြတယ်၊ ဘယ်လိုဖြစ်တာလဲ မသိဘူးလို့ ပြောသွားတာကိုတော့ အဖေ မှတ်မိနေသေးတယ်၊ အခု သူ ပြောသွားတဲ့ အချိန်နား နီးလာပြီ ငါ့သား၊ အဲဒါကြောင့် မင်း မိန်းမယူဖို့ စ စိတ်ကူးကြည့်တော့လို့ ပြောတာ'

ဗေဒင်တွေ ယတြာတွေ ဟိုကိစ္စ ဒီကိစ္စတွေနှင့် လုံးဝနီးပါး ပတ်သက်လေ့မရှိသော မွေးသဖခင်မှ ဤသို့လာပြောနေသဖြင့် လူငယ်မှာ အံ့သြကာ တွေနေလေသည်။ လူကြီးမှာ အာခြောက်သွားပုံနှင့် ဝီစကီကို





အနည်းငယ် ကျိုက်လေသည်။ လူငယ်သည် လူကြီးကို သေချာကြည့်၍

'အဖေ မူးများနေလား'

လူကြီးမျက်နှာ ရှုံ့မဲ့သွားလေသည်။ ဒေါသလည်း ထွက်သွားပုံရ၏။

'ဟေ့ကောင် … ငါ တစ်ခါတလေ သောက်တတ်ပေမဲ့ မင်း တစ်သက်မှာ ငါ အရက်မူးတာ မြင်လို့လား'

'မမြင်ဖူးပါဘူး'

'ဒါဆို ဘာကိစ္စ လာမေးနေလဲ၊ ဘာလဲ ငါ ပြောတာတွေ မင်း မယုံဘူးလား'

'မဟုတ်ဘူးလေ၊ အဖေက တစ်သက်လုံး ဒါမျိုးတွေနဲ့မှ မပတ်သက်ဖူးတာ'

'အေး ငါလည်း မင်းလိုပဲ အစက မယုံဘူးကွ၊ တိုက်ဆိုင်တာတွေ များ များလာလွန်းလို့ ယုံသလိုလို ဖြစ်လာတာ၊ မင်းက ကာယကံရှင်မို့လို့ မင်း သိသင့်တယ်ထင်လို့ ငါ ပြောပြတာ၊ ကျန်တာ မင်းသဘောပဲ ငါ့သား'

'အဲလူပြောခဲ့တာတွေနဲ့ ကျွန်တော် တောက်လျှောက် ဖြစ်ပျက်လာခဲ့တာတွေက တော်တော် တိုက်ဆိုင်လား'

'တစ်ထပ်တည်း မဟုတ်ပေမဲ့ အတော်နီးစပ်တယ်၊ မင်း ဘယ်အရွယ်မှာ ဘာဖြစ်လိမ့်မယ်ဆိုတာတွေကတော့ ကွက်တိပဲ၊ ဥပမာကွာ ငါက သူပြောခဲ့တာ မယုံလို့ မင်းကို ရှစ်နှစ်သားမှာ ရှင်ပြုပေးဖို့ လုပ်တယ်၊ ထူးထူးခြားခြား အကြောင်းကိစ္စ အမျိုးမျိုး လာ လာ ပေါ် ပေါ်နေပြီး သူ ပြောခဲ့သလိုပဲ မင်း ဆယ်နှစ်သားကျမှ ရှင်ပြုဖြစ်တယ်၊ အဲလိုမျိုးတွေ အများကြီး တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ခဲ့တာကွ'

'အဲ့လူနဲ့ အဖေက ဘယ်မှာတွေ့တာလဲ'

'ရွှေဘုန်းပွင့်ဘုရားပေါ်မှာကွ၊ ငါက မင်းကိုချီပြီး ဘုရားလာတာ၊ ဘယ်သူမှ မပါဘူး၊ အဲဒီလူက ရုတ်တရက် ရောက်လာပြီး ငါနဲ့လည်း မသိဘဲနဲ့ မင်းကိုကြည့်ပြီး မင်းအကြောင်းတွေ ပြောတော့တာပဲ'

'ဆန်းတော့ဆန်းသားနော် အဖေ'



www.burmeseclassic.com

www.burmeseclassic.com



'အေးလေ၊ ဒါကြောင့် မင်း သိသင့်တယ်ထင်လို့ ငါ ပြောတာပေါ့'

'ဒါဆို အဖေ အစကတည်းက ဘာလို့ မပြောပြလဲ'

'ကျန်တဲ့ကိစ္စတွေက အရေးမှ သိပ်မကြီးတာကိုးကွ၊ အိမ်ထောင်ကျမယ့်ကိစ္စကျတော့ မင်း တစ်သက်လုံးအတွက် အရေးပါတာကိုး'

'ကျွန်တော် မိန်းမရပြီး ဘာဖြစ်မှာလဲ'

'သူလည်း ဒီနေရာကစပြီး မမြင်တော့လို့ ထူးဆန်းတယ်ဆိုပြီး ငါ့ လာပြောတာလေကွာ၊ ငါလည်း ဘယ်သိမှာလဲ'

'မဟုတ်သေးပါဘူး အဖေရာ၊ ကျွန်တော်က မိန်းမ မရမနေရကို ရမယ်ပေါ့ ဟုတ်လား'

'မသိဘူးလေကွာ၊ သူကတော့ ရကိုရမယ် ပြောတာပဲ'

'ဘယ်တော့တဲ့လဲ အဖေ'

'အခု မင်းရောက်နေတဲ့ နှစ်ဆယ့်နှစ်နှစ်နဲ့ နှစ်ဆယ့်ငါးကြားတဲ့'

'ဒါကျ အတိအကျ မဟုတ်ပါလား အဖေရဲ'

'ငါလည်း စဉ်းစားနေတာ အဲဒါပဲ၊ ခါတိုင်းဟာတွေက အတိအကျကွ၊ မှန်လည်း မှန်ခဲ့တာချည်းပဲ'

လူယေမှာ စဉ်းစားရင်း ခဏငြိမ်သွား၏။ ပြီးမှ တစ်စုံတစ်ရာကို စဉ်းစားမိသလို လန့်သွားပြီး အလောတကြီး ပြော၏။

'နေဦးအဖေ၊ ကျွန်တော်က မိန်းမကို တစ်ခါပဲရမှာလား၊ ခဏ ခဏ ရ ရနေမှာလား'

'အဲ'

'နောက်ပြီး မိန်းမရပြီးတော့ ကျွန်တော့်ကံကြမ္မာကို သူ ဆက်မမြင်တော့ဘူးဆိုတော့ ကျွန်တော်ရတဲ့ မိန်းမက ကျွန်တော့်ကို အကြီးအကျယ်နိုင်ပြီး ကျွန်တော့်ကံကြမ္မာကိုပါ သူက စီမံခန့်ခွဲသွားတော့မှာမျိုးလား'

'ဟေ ‥ အေး ဟုတ်သား၊ မင်းပြောမှပဲ ငါ ဒါမျိုးစဉ်းစားမိတော့တယ်'

'နှစ်ခုလုံးကတော့ လုံးလုံး မကောင်းဘူးနော် အဖေ၊ မိန်းမ ခဏ ခဏ ရရနေ မိန်းမ ခဏ ခဏ ယူယူနေရတာလဲ လူကြားလို့ မကောင်း၊





မိန်းမအနိုင်ခံနေရတာမျိုးက ပိုဆိုးသေး'

'အေးကွ'

'ဒုက္ခပါပဲ အဖေရာ၊ အဖေ့ဟာကလည်း'

'ငါ့ဟာ မဟုတ်ဘူး၊ မင်းဟာကွ၊ တစ်သက်လုံး မိန်းမအနိုင်ခံနေရတာထက်စာရင် မိန်းမ ခဏ ခဏ ရရနေတာကမှ တော်ရင်တော်ဦးမှာ'

'အာ ... သေရချည်ရဲ့ အဖေရာ၊ စဉ်းစားကြည့်ရုံနဲ့တင် တော်တော် စိတ်ညစ်စရာကြီး၊ တစ်ယောက်ကိုလိုက်ပိုးရ၊ မင်္ဂလာဆောင်ရ ပေါင်းရ ပြီးတော့ ပြန်ကွာရ၊ ပစ္စည်းခန်းတွေ ဘာတွေ ခွဲရ၊ ကလေးတွေဘာတွေရနေပြန်ရင်လည်း သူယူငါယူ ငြင်းရ၊ ကိစ္စရှင်းတော့ နောက်တစ်ယောက်တစ်ခါတွေ့ပြန်ပြီး အစက ပြန်ပိုးရ၊ မင်္ဂလာဆောင်ပြန်ရ၊ ကျွန်တော် မဖြစ်ခင် ဘယ်လိုနေမလဲ သိရအောင် အဖေ မိန်းမ လေးငါးယောက်လောက်ယူလိုက်ကွာလိုက် လုပ်ကြည့်ပါလား'

'ဟ ... အာ ... တော် တော် ယော့ကောင်၊ မင်းပြဿနာ ငါ့ ပြဿနာ လာမလုပ်နဲ့'

'နေဦးအဖေ၊ ဘာမှမမြင်တော့ဘူးဆိုတော့ မိန်းမရပြီး ကျွန်တော် သေသွားတာရော မဖြစ်နိုင်ဘူးလား'

'အဲလိုတော့ မဟုတ်ဘူးကွ၊ ငါလည်း အဲဒီတုန်းကတည်းက စိုးရိမ်လို့ မေးပြီးပြီ၊ သေတာမဟုတ်ဘူးကွ၊ ကံကြမ္မာတွေ ပြောင်းသွားတာ၊ အတိအကျ ပြောရရင် မင်းရမယ့် မိန်းမကြောင့် မင်းကံတွေ ပြောင်းကုန်တာ'

'ဒီနှစ်အတွင်း ဘုန်းကြီးဝတ်နေရင်ကော'

'မင်း သုံးနှစ်လုံး ဘုန်းကြီးဝတ်နေနိုင်ရင် လုပ်ကြည့်လေ၊ ငါတော့ မထင်ဘူးကွ၊ ဖြစ်စရာရှိ ဖြစ်ကိုဖြစ်ခဲ့တာချည်းပဲ'

'ဘယ်လိုကြီးလဲ အဖေရာ၊ ဒုက္ခပါပဲ'

'ဟ ငါလည်း မတတ်နိုင်ဘူးလေကွာ၊ မင်းကံကို သူ ပြောသွားတာပဲဟာ'

'မိန်းမရပြီး ဒုက္ခတွေဘာတွေ ရောက်ဦးမှာလား'



www.burmeseclassic.com

www.burmeseclassic.com



'ငါလည်း မသိဘူးလေကွာ၊ မင်းဟာမင်းသာ သတိနဲ့နေပေတော့ ပုဏ္ဏား'

'ပြဿနာပဲ'



(၂)

'မင်းဟာကြီးက ဘာကြီးလဲကွ'

'အေးလေ၊ ဘာကြီးမှန်းမသိလို့ မင်းတို့ကို ပြောပြတာပေါ့'

'မဟုတ်သေးပါဘူး ရဲသင်ရာ၊ ကံကြမ္မာဆိုတာ အပြောင်းအလဲ ရှိတာချည်းပါပဲ၊ ဒီလို ဒီလို ဖြစ်ရမယ်ဆိုတိုင်းသာ လျှောက်ဖြစ်နေရင် လူတွေက ဘာလုပ်စရာ လိုတော့မလဲ၊ နဂိုတည်းက ဖြစ်စရာရှိတာတွေ အတိအကျ အစီအစဉ်နဲ့ ရှိနှင့်ပြီးသားဆိုမှတော့ ငါတို့က ဘယ်လိုနေပြီး ဘာလုပ်စရာ လိုတော့မလဲ'

'တင်မောင် … မင်း အဲလိုတော့ မပြောနဲ့ကွ၊ လောကကြီးမှာ လူတွေ လက်လှမ်းမမီနိုင်တဲ့ကိစ္စတွေ ရှိတယ်နော်၊ အဲဒါကိုတော့ မင်း လက်ခံ'

'ဒါတော့ ငါလက်ခံပါတယ် ချိုကြီးရ၊ ငါပြောချင်တာက ဒီကောင့် ကိစ္စမှာ အစွဲအလန်းကြောင့် မလိုလားတာတွေ ဖြစ်ကုန်မှာ စိုးလို့ဟ'

'အေး ဒါတော့ ငါလည်းသဘောတူတယ် တင်မောင်၊ ဒါပေမဲ့ မင်းတို့ ငါ့ကို သိပါတယ်၊ ငါ့စိတ် အဲလောက် မပျော့ပါဘူး၊ ဒါဖြစ်လာမယ်ဆိုတာ သိရတိုင်း ဖြစ်တော့မှာပဲဆိုပြီး စွတ်ယုံပစ်လိုက်တဲ့လူမျိုးထဲ ငါ မပါပါဘူးဟ၊ ငါ့စိတ်ထဲ ထူးဆန်းတယ်ထင်လို့သာ မင်းတို့ကို ပြောပြတာပါ၊ အဲလောက်ကြီးလည်း မဟုတ်ပါဘူး၊ လူပဲကွာ၊ အချိန်တန် အိမ်ထောင်ကျချင် ကျမှာပေါ့၊ မကျချင်လည်း မကျဘဲ နေချင်နေမှာပေါ့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ကျတော့လည်း ကျတဲ့အလျောက် မကျတော့လည်း မကျတဲ့ အလျောက်ပေါ့ကွာ၊ သိပ်အရေးမကြီးပါဘူး၊ ဒါပေမဲ့ ငါလိုကောင်မျိုး အိမ်ထောင်ကျမယ်ဆိုတာကို ထူးဆန်းလို့ မင်းတို့ကို ပြောပြတာဟ၊ စဉ်းစားကြည့်လေကွာ၊ ငါ့မှာ နီးနီးကပ်ကပ်နေလို့ ဖြစ်သွားရလောက်မယ့် မိန်းကလေးသူငယ်ချင်းလည်း သိပ်ရှိတာမဟုတ်၊ နဂိုကတည်းကလည်း ရည်းစားထားဖို့တို့ အီစီကလီလုပ်ဖို့တို့လည်း ဝါသနာပါတာ မဟုတ်ဘူး၊ မိန်းကလေးမိတ်ဆွေတွေ အသိအကျွမ်းတွေကတော့ အများကြီးပေါ့ကွာ၊ ဒါပေမဲ့ သူတို့လည်း ငါ့ကြိုက်တာမဟုတ်၊ ငါကလည်း သူတို့ ကြိုက်တာ မဟုတ်၊ တခြားမကြည့်နဲ့လေကွာ၊ မျက်ရှုကိုပဲ ကြည့်၊ ငယ်ငယ်တုန်းက သူနဲ့ငါ အတော်ရင်းတာကွာ၊ ပြီးတော့ ခြံချင်းလည်း အခုထိ ကပ်လျက်၊ ဒါပေမဲ့ ခပ်တန်းတန်းပဲ ဥစ္စာ'

'ဒါပေမဲ့ မင်းမိန်းမ မယူချင်ဘူး ဆိုရင်တော့ သတိထားစရာ အကောင်းဆုံးထဲမှာ မျက်ရှုကတော့ ထိပ်ဆုံးကပဲ၊ မင်းတို့က အလကားနေရင်းကို ပတ်ပတ်သက်သက် ရှိ ရှိနေတာ'

'အေး မင်းပြောတာ ဟုတ်တယ် ဖော်ဝါး၊ ငါသတိထားရမယ့် အထဲမှာ အဲဒီကောင်မလေး ထိပ်ဆုံးကပဲ'

'ငါတော့ မထင်ဘူး ရဲသင်၊ ကံအကြောင်းတိုက်ဆိုင်လို့ ပတ်ပတ်သက်သက် ရှိနေတာက တခြားပဲ၊ မင်းတို့နှစ်ယောက်လုံးကို ငါတို့ ငယ်ငယ်ထဲက သိတာပဲ၊ မင်းလည်း သူ့မကြိုက်သလို သူကလည်း မင့်ကြိုက်ပုံမှ မရတာ'

'အဲလို မပြောနဲ့ တင်မောင်၊ အိမ်ထောင်ကျတယ်ဆိုတာ ဘယ်လို မဆို ဖြစ်သွားနိုင်တာပဲ၊ လူကြီးတွေက ထပေးစားရင်ကောကွာ'

'အဲဒါက ပိုတောင် မဖြစ်နိုင်သေး၊ ငါ့အဖေအကြောင်း ငါသိသလို သူတို့အိမ်အကြောင်းလည်း ငါသိတယ်၊ အဲဒါမျိုး ဘယ်တော့မှ လုပ်မှာ မဟုတ်ဘူး'

'ဒါမှမဟုတ် အခုမှစတွေ့ပြီး ဗြုန်းစားကြီး အိမ်ထောင်ကျသွားရင်ရောကွာ'

'အဲဒါတော့ ဘယ်တတ်နိုင်မလဲကွာ'





'ထားလိုက်ပါတော့ကွာ၊ လောကကြီးမှာ အရေးကြီးတဲ့ကိစ္စတွေ အများကြီးပါ၊ ငါ မိန်းမရတာ မရတာက သိပ်အရေးမကြီးပါဘူး၊ လာကြကွာ၊ ပျင်းစရာကြီး၊ ဘီလိယက် သွားထိုးရအောင်'



www.burmeseclassic.com

www.burmeseclassic.com

(၃)

တစ်ပတ်ခန့် ကြာသောအခါ ရဲသင်ရုံမှာ သူ မိန်းမရမည့် ကိစ္စအဟောကို မေ့သွားလေ၏။ အကြောင်းမှာ သူ့အဖေ၏ အကူအညီဖြင့် Tour ကုမ္ပဏီ တစ်ခုကို ထူထောင်နေသောကြောင့် ဖြစ်လေသည်။ မိခင်ဘာသာစကားအပြင် အခြားဘာသာစကား သုံးမျိုးခန့်တတ်သည့်သာမက အေသန္တရဗဟုသုတလည်း အထိုက်အလျောက် ရှိသဖြင့် သူကိုယ်တိုင် Tour Guide လုပ်ကာ Package Tour များ လုပ်ကိုင်ရန် စီစဉ်လေ၏။ မည်သူနှင့်မျှ သိပ်မတွေ့ဖြစ်။ ရုံးနှင့်အိမ်၊ အိမ်နှင့်ရုံး ကူးချည်သန်းချည်နှင့် အလုပ်ရှုပ်၍ နေလေသည်။ တစ်ခါတစ်ရံ အိမ်မပြန်ဖြစ်တော့ဘဲ ရုံးတွင် အိပ်လိုက်ရသည်လည်း ရှိ၏။ တစ်ညနေ စာရွက်စာတမ်းများ၊ ရုံးဖိုင်များနှင့် ရှုပ်ပွစွာ အိမ်ပြန်ရောက်လာသည် ရှိသော် …

ညှော့်ခန်းမှ ဆိုဖာဆက်တီကြီးပေါ်တွင် ကျကျနန လဲလျောင်းလျက် တိုင်းမ်မဂ္ဂဇင်းကို တစ်ရွက်ချင်း စိမ်ပြေနပြေဖတ်နေသော ဆံပင်တိုတို ဖြူဖြူချောချော ကောင်မလေးတစ်ယောက်ကို တွေ့လေ၏။ ရဲသင်ရုံမှာ နေ့ခင်းကြောင်တောင် တစ္ဆေအခြောက်ခံရသူကဲ့သို့ လွန်စွာ အံ့အားသင့်လျက်

'ဟာ … မနိုး နင် နင် ဘယ်တုန်းက ပြန်ရောက်နေတာတုံး'

အသံကြားသဖြင့် ကောင်မလေးမှာ စာအုပ်ကိုချကာ လှမ်းကြည့်သော် ရဲသင်ရုံကို မြင်လေရာ ဝမ်းသာအားရ ခုန်ထလျက် ပြေးလာကာ ဖက်၍ နှုတ်ဆက်ရင်း ဖြေလေ၏။

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



'ဝေး ကိုကို ... နေ့လည်က ရောက်တာ၊ ဟား ဟား'

ရဲသင်ရုံမှာ ဝမ်းသာအားရ အလိုက်သင့် ပြန်ဖက်နှုတ်ဆက်ရင်း အဆက်မပြတ် မေးလေ၏။

'နင် နင်တစ်ယောက်ထဲ ပြန်လာတာလား၊ အန်တီမေရီတို့ရော'

ကောင်မလေးမှာ ရဲသင်လက်ကို ဆွဲခေါ်လာကာ ခုံမှာထိုင်စေရင်း ဖြေ၏။

'ဒက်ဒီနဲ့ မာမား ကျန်ခဲ့တယ်၊ ဒက်ဒီခွင့်မရလို့ မေနိုးတစ်ယောက်တည်း ပြန်လာတာ'

'နင် ကျောင်းပြီးသွားပြီလား၊ လူကြီးတွေရော နေကောင်းကြရဲ့လား၊ ဟိုကောင် ဂျိုနသန်ရော'

'မေနိုးက ပြီးခဲ့တဲ့လက ကျောင်းပြီးသွားပြီ၊ အားနေတဲ့ကြား ပြန်လာတာ၊ မာမီတို့အားလုံး အိုကေပဲ၊ still going strong ပဲ ဂျိုနသန်က ဂရိတ်ဖိုက် ရောက်နေပြီ'

'ဟ အတော်ကြီးပြီပဲ၊ ဒီကောင် ဗမာလိုရော တတ်ရဲ့လား'

'တတ်တယ်၊ အိမ်မှာဆို မေနိုးတို့ ဗမာလိုပဲပြောတာ ကိုကိုသိသားပဲဟာ'

'နင်ကလည်းဟာ အွန်လိုင်းမတက်တာ လနဲ့ချီပြီ၊ ဟိုတလောက အဖေတောင် နင်တို့ကို မေးနေသေးတယ်'

'Exam Hell လေ ကိုကိုကလည်း'

'ပြန်လာမှာကို ဘာလို့ ကြိုမပြောတာလဲ၊ နေဦး နင်ရောက်နေတာ အဖေ သိလား'

'သိတာပေါ့၊ မေနိုးကို အန်ကယ်လာကြိုတာပဲ ဥစ္စာ၊ အန်ကယ်က ကြိုသိပြီးသား၊ ဟီး ဟိ၊ ကိုကို suprise ဖြစ်အောင် ကြိုမပြောခိုင်းထားတာ ဒါကြောင့် အန်ကယ်က ကိုကို့ကို သိမသိ မေနိုးတို့အကြောင်း မေးတာ ဖြစ်မှာပေါ့'

'ကောင်မစုတ်လေး ... ဟဲ့ နင် ဘယ်လောက် ကြာမှာလဲ တောင်ကြီးအိမ်သွားဦးမှာလား'

'ဘာလဲ ကိုကိုက ဒီမှာခေါ်မထားချင်ဘူးလား'





'မဟုတ်ပါဘူးဟ၊ ရိုးရိုးမေးတာပါ'

'မသိသေးဘူး ကိုကို၊ ကြာရင်လည်း ကြာမယ်ထင်တယ်၊ မေနိုး ဒီမှာပြန်လာနေချင်တာ၊ ဘာလုပ်ရမလဲ မသိသေးဘူး'

'ဘာလဲ တောင်ကြီးမှာ နေမလို့လား'

'တောင်ကြီးမှာတော့ နေချင်ဘူး၊ သူတို့အကြောင်းလည်း ကိုကိုသိတာပဲဥစ္စာ၊ မေနိုးနဲ့ ဖြစ်မှာမဟုတ်ဘူး၊ ပြီးတော့ မေနိုးက ရန်ကုန်မှာပဲ နေချင်တယ်'

'ဒါဆိုလည်း အိမ်မှာနေပေါ့ဟာ၊ နင်ကြိုက်တဲ့အခန်း နင့်ဟာနင် သူတို့ကလည်း ငါတို့ကို အဆက်အသွယ်မလုပ်တာ ကြာပြီဟ၊ ဟိုတစ်ခါ အဖေနဲ့ ပြဿနာဖြစ်ပြီးကတည်းကပဲ၊ နင်သိတယ် မဟုတ်လား'

'သိတယ်လေ၊ ကောင်းပါတယ်၊ နောက်ဆို တစ်ချိန်လုံး ဟိုဟာ တောင်း ဒီဟာလှမ်းတောင်း လုပ်နေဦးမှာ၊ မေနိုးတို့ဆီတောင် တစ်ခါ လှမ်းပြီး နားပူနားဆာ လုပ်သေးတယ်'

'အောင်မာ ညည်းက နားပူနားဆာတွေ ဘာတွေ မှတ်မိသေး'

'မှတ်မိတာပေါ့ ဟား ဟား'

'နေဦး နင် ဘာစားပြီးပြီလဲ'

'စားရသေးဘူး၊ အန်ကယ်က မှာသွားတယ်၊ သူ နောက်ကျမယ် မစောင့်နဲ့တဲ့၊ ကိုကိုပြန်လာမှ ထွက်စားတဲ့'

'ဘာစားချင်လဲ'

'သိဘူး၊ အားလုံး လျှောက်စားချင်တယ်၊ ဒါပေမဲ့ အခု မဆာသေး ကိုကို ရေချိုးပြီးမှ'

'မေနိုး၊ နင်အခန်းရွေးဦး၊ ရွေးပြီးပြီလား'

'အင်း ကိုကို့အခန်းမှာ နေမယ်၊ ကိုကို့အခန်းက view ကောင်း ရေကန်ကို လှမ်းမြင်ရတယ်'

'အင် ငါက ဘယ်မှာသွားနေရမှာလဲ'

'သိဘူး ဟီး ဟိ'

'ကောင်မစုတ်လေး ရောက်တာနဲ့ ငါ့အနိုင်ကျင့်တာပဲ၊ နေဦး ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘုရားခန်းဘေးက အခန်းမှာအိပ်၊ နောက်နေ့မှ ကိုကုလားတို့ကို ငါ ရှေ့ခိုင်းပေးမယ်'

'ကိုကို ရေချိုးမလို့လား'

'ရေကူးမလို့ဟ၊ ငါ ခါးနည်းနည်းနာချင်နေတယ်'

'အတော်ပဲ မေနိုးလည်း ရေကူးမလို့'

'ဘုရားရေ'

'ဟုတ်တယ်လေ၊ ကိုကိုက ကိုယ်ချင်းမှမစာတာ၊ လေယာဉ် အကြာကြီးစီးခဲ့ရတာတော့'

'အေး အေးဟ၊ ပြီးရော'

'ကိုကိုက အဘိုးကြီးနဲ့ တူလာတယ် ဟား ဟား'

'မေနိုး ညည်းဟာ အကျင့်ကိုမပျောက်ဘူး၊ အဲဒါကြောင့် ဘယ် သူမှ ညည်းနဲ့ မတည့်တာ၊ သူများဆို နည်းနည်းတော့ မကောင်းပြော လိုက်ရမှ'

'ကိုကိုမို့လို့ ပြောတာပါနော်'

'ထားပါတော့ ထားပါတော့၊ ငါ အကျီသွားလဲဦးမယ်'





ထူးထူးဆန်းဆန်း ဟိုအကောင့်ခြံထဲ ရေကူးကန်ဘက်မှ ဟီးဟီး ဟားဟား အသံများကြား၍ မျက်ရှု အိမ်ဘေးဝရံတာဘက် ထွက်ကြည့်မိ လေသည်။

မျက်ရှု မျက်လုံးပြူးသွားလေ၏။

တစ်သက်လုံး ဘယ်မိန်းမမှ စိတ်မဝင်စားခဲ့သော ဟိုအကောင် မှာ ဖြူဖြူချောချော ကောင်မလေးတစ်ယောက်နှင့် ရေကူးကန်ထဲတွင် စိန် ချင်းတမ်းကစားနေလေ၏။ ကောင်မလေးနှင့်လည်း အတော် ရင်းနှီးပုံရ ၏။ ဘယ်လိုဖြစ်သွားတာပါလိမ့်။ ဘယ်လိုမှတော့ မခံစားရ။ သို့သော် မျက်ရှု ခေါင်းထဲ မိုက်ခနဲ တစ်ချက်တော့ ဖြစ်သွား၏။ တုပ်ကွေးမိထား သဖြင့် အားနည်းနေသည်ဟု ယူဆကာ မျက်ရှု အိမ်ထဲ ပြန်ဝင်လာခဲ့လေ သည်။



www.burmeseclassic.com

www.burmeseclassic.com

(၄)

'မြတ်စွာဘုရား … ဒါ ဒါ မေနိုးလား၊ ဟဲ့ကောင်မလေး နင် ရုပ်ပြောင်းသွားလှချည်လား'

'ဘာလဲ ပိုချောလာတယ် မဟုတ်လား ကိုချိုကြီး ဟဲ ဟဲ'

'အဲဒါတော့ ချိုကြီးအစား ငါ ထောက်ခံတယ် မေနိုး၊ နင်က ဘာလဲ အပြီးပြန်လာတာလား'

'အဲဒါတော့ ကိုတင်မောင်တို့အပေါ် မူတည်တယ်၊ အပြီး ပြန်လာနေစေချင်ရင် အလုပ်ရှာပေးလေ၊ ကောင်လေးချောချောလေးတွေလည်း ရှိမယ်၊ လခလည်း ကောင်းကောင်း ရမယ်၊ ဟီ ဟီ'

'အဲဒါဆို နင် မင်းသမီးလုပ်ဖို့ပဲ ရှိတယ်'

'အာ မင်းသမီးတော့ မလုပ်ချင်ပါဘူး၊ ဟိုလူက ကိုယ့်လာဖက်လိုက်၊ ဒီလူက ကိုယ့်လာထိလိုက်နဲ့၊ နောက်ပြီး မေနိုးက အလှပြင်ရတာ ဝါသနာ မပါဘူး'

'ဟဲ့ ညည်း ယောကျ်ားယူလိုက်ပါလား၊ ဒါဆို အေးအေးလူလူ ထိုင်စားရုံပဲ၊ ငါတို့ ဝိုင်းရှာပေးမယ်လေ'

'လုံးဝပဲ၊ တစ်သက်လုံး မယူဘူး၊ ကိုယ့်လွတ်လပ်မှုကို အဆုံးရှုံးခံနိုင်ဘူး၊ အမယ် ကိုချိုကြီးက ရှာပေးမယ်သာပြောတာ၊ ကိုချိုကြီးတို့ ကိုတင်မောင်တို့ ကိုကိုတို့ အားလုံး အတူတူပဲ၊ တစ်ယောက်မှ အသုံးမကျကြဘူး၊ ကိုယ့်ဟာကိုယ်တောင် အဖြစ်ရှိအောင် ရည်းစားလေးတစ်ယောက် မရှာနိုင်ကြသေးဘဲနဲ့'



www.burmeseclassic.com

www.burmeseclassic.com



'သေရောဟ'

'ဟား ဟား ဟား ငါတို့ကလည်း ဟုတ်တာပဲ'

'အမယ် ငါတို့လည်း ညည်းလိုပေါ့၊ အပ္ပမရှာတာပါဟ'

'အင်းပါ အင်းပါ ယုံပေးရတာပေါ့'

'မေနီး ... လောလောဆယ် အလုပ်မရှိသေးရင် နင့်ရဲ့အစ်ကို နှစ်ဝမ်းကွဲကြီးဆီမှာ လုပ်ပါလား၊ ပေါ့သေးသေး မဟုတ်ဘူးနော် အမ်ဒီဟ၊ အမ်ဒီလည်းသူပဲ ပြာတာလည်း သူပဲ'

'အမလေး ကိုကို့ဆီမှာတော့ မလုပ်ပါရစေနဲ့၊ ဘယ်တော့မှ လခကောင်းမှာ မဟုတ်ဘူး၊ ငယ်ငယ်ကတည်းက သိပ်ကပ်စေးနဲတာ'

'အောင်မာ ညည်းအခု ဘယ်သူ့ပိုက်ဆံနဲ့ သုံးဖြုန်းနေသလဲ'

'ကိုကို့ပိုက်ဆံနဲ့လေ ဟီ ဟီ'

'ဒါများ ငါ့လာပြောနေသေး'

'နေဦး နေဦး မေ့နေတာ အခုမှသတိရတယ်၊ ကိုတင်မောင်ကို တွေ့မှ သတိရတာ၊ ကိုကို ဟိုဘက်ခြံက မမမျက်ရှုကော ယောကျာ်းရသွားပြီလား'

'ဘယ်ရဦးမလဲ မေနီးရဲ့၊ တို့သုံးယောက်ကို စောင့်နေရှာတာလေ'

'ဘယ်ကလာ တင်မောင်ရာ၊ ငါတို့ကို မဟုတ်ဘူး မေနီးရဲ့၊ နင့်အစ်ကိုကို စောင့်နေတာ'

'ဟုတ်လားကိုကို ဟီ ဟီ'

'တော်စမ်းပါကွာ၊ မင်းတို့ကလည်း ငါ့ကို အဲဒီကောင်မလေးအကြောင်း မပြောကြစမ်းပါနဲ့၊ မျက်ခုံးလှုပ်လွန်းလို့၊ အခုတလော မတွေ့တာကြာလို့ သက်ပြင်းလေးချမိရုံရှိသေး'

'ကိုကိုတို့က မိုက်တယ်၊ အရင်လိုပဲ၊ ဘာ changes မှ မရှိဘူး၊ အေးဆေးပဲ'

'အမယ် မိုက်တယ်တွေ၊ အေးဆေးပဲတွေ ညည်းမှတ်မိတုန်းပါလား'

'မှတ်မိတာပေါ့ ကိုချိုကြီးကလည်း၊ မြန်မာမပဲဥစ္စာ မြန်မာစကားမှတ်မိတာပေါ့'





'မသိဘူးလေဟာ၊ တချို့က သူများတိုင်းပြည် သုံးလလောက် ရောက်သွားရင်ကို what is ငပိတွေ ဘာတွေ ဖြစ်ကုန်တတ်လို့'

'ဟာ ကိုတင်မောင်ကလည်း မေနီးက အဲလိုအစားမျိုးလား၊ နေဦး ကိုဇော်ဝါးကြီးရော'

'ခရီးသွားတယ် မရှိဘူးဟ၊ ဇော်ဝါးဆိုတဲ့အတိုင်း မှုန်ဝါးဝါးပဲ'

'မဟုတ်ဘူးဟ၊ ညည်းကိုယူဖို့ အလုပ်ကြိုးစားနေတာ'

'အမလေးတော်၊ သူ့ယူမယ့်အစားတော့ သီလရှင်ပဲ ဝတ်လိုက်တော့မယ်'

'ဟား ဟား မနက်က ငါနဲ့ ဖုန်းရပါတယ်ဟ၊ မင်းကိုယူဖို့ မေနီး ပြန်ရောက်နေတယ်လို့ ငါပြောတော့ ညည်းအတိုင်း ပျာပျာသလဲပဲ၊ ဒီကောင် ဘားအံရောက်နေတယ်ဟ၊ ညည်းကိုယူမယ့်အစား သံလွင်မြစ်ထဲ ခုန်ချမယ်တဲ့'

'အောင်မာ ... သူကပဲ နာရတယ်ရှိသေးတော်၊ တော်ပြီ တော်ပြီ ဒီဆိုင်မှာ ထိုင်ရတာပျင်းလာပြီ၊ သွားမယ်'

'ဟ ရုတ်တရက်ကြီး ဘယ်တုံးဟ'

'ဗိုလ်ချုပ်ဈေး သွားချင်တယ်၊ မရောက်သေးဘူး၊ တစ်ယောက်ယောက် လိုက်ပို့'

'တင်မောင် ... မင်းလိုက်ပို့လိုက်ကွာ၊ ငါက ဒီမှာ ချိုကြီးအသိ ဘစ်ယောက်နဲ့ အလုပ်ကိစ္စ ချိန်းထားသေးတယ်ဟ'

'ဩော ... ခြေထောက်ညောင်းမယ့်ကိစ္စကျတော့ လက်ရှောင်ကြတယ်ပေါ့လေ'

'မဟုတ်ပါဘူး၊ တကယ်ပါဟ'

'လာပါ ကိုတင်မောင်ကလည်း ... ဒီလောက် အကြာကြီး တွေ့ရတဲ့ ကိုယ့်ညီမကိုတောင် လိုက်မပို့ချင်ဘူးလား၊ လာ လာ ထသွားတယ်'

'လိုက်ဆို လိုက်ခဲ့မယ်၊ ခွေးလိုတော့ လာမခေါ်နဲ့၊ ကဲ ကြွ ကြွ သွားနူးရှင်လေး'

'ဟီ ဟီ လိမ္မာတယ် လိမ္မာတယ်'



www.burmeseclassic.com

www.burmeseclassic.com



‘တော်စမ်း’

ကော်ဖီဆိုင်ထဲမှ မေနိုးနှင့် တင်မောင် ထွက်သွားကြသည်ကို ကြည့်ရင်း ချိုကြီးနှင့် ရဲသင်မှာ ပြုံးကာ ကျန်ခဲ့ကြလေ၏။ တစ်ဖက်ဝိုင်းမှ ချာတိတ်နှစ်ယောက် မေနိုးကို လိုက်ငမ်းနေကြသည်ကိုပါ တွေ့ကြလေ၏။ ချိုကြီးမှ

‘ဟုတ်တော့ဟုတ်တယ် ရဲသင်ရ၊ ဒီကောင်မလေး တော်တော်တော့ လှလာတယ်၊ အရင်လို ညစ်ပတ်ပေရေ မနေတော့ဘူး ဟား ဟား’

‘သူတို့ဆီမှာက ပြင်ပြင်ဆင်ဆင်နေမှ လူတောတိုးတာကိုးဟ၊ ဒါတောင် ဒီကောင်မလေး အလှပြင်တာ သိပ်ဝါသနာမပါလို့ တော်သေးတယ်၊ နောက်မဟုတ်ရင် ဒင်းအတွက် အကုန်အကျ ပိုများမှာ’

‘အေး ဟုတ်တယ်၊ ငါတော့ မေနိုးကို သဘောကျတယ်၊ ဒီလောက် အကြာကြီး ကွဲသွားကြတာတောင်မှ ဘာမှမပြောင်းလဲသွားဘူး၊ ငါတို့နဲ့လည်း ဟိုးတုန်းကအတိုင်းပဲ၊ ဘာမှ ရှိုးတိုးရှန့်တန့် ဖြစ်မနေဘူး’

‘သဘောကျရင် မင်းယူလိုက်ပါလား ငါ့နှမကို၊ ငါလည်း ထိန်းရကျောင်းရ သက်သာသွားအောင်’

‘မလုပ်ပါနဲ့ကွာ၊ ဇော်ဝါးပြောသလို နီးရာမြစ်ထဲ ခုန်ချဆို ချပါ့မယ်’

‘ဟား ဟား မင်းတို့ကလည်း ငါ့ညီမကို အဲလောက်လန့်ရလားဟ’

‘ဟ အကြောင်းသိနေတာကိုးကွ၊ နေဦး မေနိုးက တကယ် မပြန်တော့ဘူးလား’

‘မသိဘူးဟ၊ သူကတော့ ပြန်ချင်ပုံမရဘူး’

ချိုကြီးမှာ ရုတ်တရက် တစ်စုံတစ်ရာ သတိရသွားပုံနှင့် အံလန့်တကြား ထပြော၏။

‘ဟ ငါအခုမှ သတိရတယ်၊ မင်း မင်း .. ဟိုကိစ္စ ဟိုကိစ္စ’

‘ဘာလဲ၊ ဘာကိစ္စတုံး၊ ဘာထဖြစ်တာလဲ မင်းက’

‘ဟိုဟာလေ ... မင်း မိန်းမရမယ့်ကိစ္စ၊ မေနိုး ရုတ်တရက် ပြန်ရောက်လာတာနဲ့ တိုက်ဆိုင်မနေဘူးလား’





‘အယ် ... ငါ့ညီမလေဟ၊ ဘာဆိုင်တုံး’

‘ဟေ့ကောင် ညီမဆိုပေမဲ့ အမေဘက်က တော်တော်စပ်ယူမှ နှစ်ဝမ်းကွဲလိုလို သုံးဝမ်းကွဲလိုလိုလောက် တော်တာလေကွာ၊ လာရင်းနှီးနေကြလို့သာ ညီမဖြစ်နေတာလေကွာ’

‘တောက်တီးတောက်တဲ့ ချိုကြီးရာ၊ မင်းမို့လို့ ကြံကြံဖန်ဖန် လျှောက်တွေးတယ်၊ ဒီကောင်မလေးနဲ့ငါနဲ့ ရစရာလားဟ၊ မကြံကောင်းမစည်ရာ’

‘ကံဆိုတာ ပြောမရဘူးနော် ဟေ့ကောင်’

‘တော် တော် ချိုကြီး ... နေဦး ဟိုမှာ ဆိုင်ထဲဝင်လာတဲ့လူက မင်းပြောတဲ့ ကိုအေးလွင်လား’

‘ဟ အေး ဟုတ်တယ်၊ ငါ သွားခေါ်လိုက်ဦးမယ်’

စကားစ ပြတ်သွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

စီတာ

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

သီချင်းတစ်ပုဒ် သက်သက်ပါ
အနိမ့်အမြင့်တွေလည်း ပါ ...

သီချင်းတစ်ပုဒ် သက်သက်ပါ
အနေးအမြန်တွေလည်း ပါ ...

သီချင်းတစ်ပုဒ် သက်သက်ပါ
နေရာအလွတ်တွေလည်း ပါ ...

သီချင်းတစ်ပုဒ် သက်သက်ပါ
သံပြိုင်အပုဒ်တွေလည်း ပါ ...

သီချင်းတစ်ပုဒ် သက်သက်ပါ
လာ ...
ကောင်းကင်နဲ့ မြေကြီးအကြောင်း
တို့ကောင်းကောင်း ဆိုဖွဲ့ကြည့်ရအောင် ...

အိမ်သူရွှေမ

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

ကားမောင်းလာနေရင်းမှ ရုတ်တရက် မိုက်ခနဲ တစ်ချက်ဖြစ်သွား၍ မျက်ရှုလန့်သွားကာ ကားကို လမ်းဘေးသို့ချပြီး ရပ်လိုက်ရလေသည်။ အယ်လိုဖြစ်တာပါလိမ့်။ နာရီကြည့်မိတော့ ညနေ လေးနာရီ။ ရာသီဥတုသလည်း အရမ်းပူမနေ။ ထို့ပြင် ကားထဲမှာလည်း အဲကွန်းကြောင့် အေးနိမ့်နေ၏။ အပူဒဏ်ကြောင့် ခေါင်းကိုက်သွားခြင်း ဟူသော အတွေးကို နှုတ်ရှု ခေါင်းထဲက ထုတ်ပစ်လိုက်၏။ ဘာဖြစ်တာလဲ။

ရုတ်တရက် ကျောရိုးအလယ်ခေါင်တည့်တည့်လောက်ဆီမှ ပူခနဲ တစ်ချက်ဖြစ်သွားကာ တစ်စုံတစ်ရာသော အငွေ့အသက်တစ်ခုသည် ကျောရိုးမှတစ်ဆင့် ဦးနှောက်ဆီသို့ စိမ့်၍ တက်လာနေကြောင်းကို ထိတ်လန့်စွာ သတိထားမိလိုက်ရင်း မျက်ရှု အသိဉာဏ်များ မှောင်အတိ ကျသွားလေ၏။

သို့သော် တကယ် ဖြစ်ပျက်သွားခဲ့သည်ကတော့ မျက်ရှုသည် ကားလေးကို ဖျတ်လတ် သွက်လက်စွာ ရပ်ထားရာမှ ပြန်ထွက်ကာ ဂငယ်ဆွဲ ကွေ့ချလိုက်ပြီးနောက် အရှိန်မြင့်ကာ ကျင်လည်စွာ မောင်းထွက်သွားလေသည်။ အနက်ရောင် မာစီဒီး ကားကလေးမှာ လှည်းကူးမြို့ဘက်သို့ လျှင်မြန်စွာ ပြေးထွက်သွားလေသည်။

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

ဖောင်ကြီးဘက်သို့ သွားသော လမ်းငယ်ဘေးမှ သဘာဝထန်းရည်ဆိုင်လေးတစ်ဆိုင်တွင် ဖြစ်၏။

သီးသန့်ထိုးပေးထားသော တဲကလေးများအနက်မှ တစ်လုံးထဲတွင် ဆူညံကာနေလေသည်။

'ကိုချိုကြီးနော် … ဘာမှ သောက်တာလည်း မဟုတ်ဘဲနဲ့ လူကိုအာရစ်မနေနဲ့'

'မေနိုး … ညည်းစားချင်တယ်ဆိုလို့ ငါတို့ တကူးတက လိုက်ခဲ့ရတာ၊ အမြည်းတွေမှာတုန်းက လျှောက်မှာပြီး ကုန်အောင်စားရမယ်၊ ရေဘူး'

'ဟင် … ကိုချိုကြီးတို့ ဝိုင်းစားမယ်ထင်လို့ မှာတာပေါ့၊ ဘာဆို့ ဝိုင်းမစားပေးလဲ၊ ပြီးတော့ ထန်းရည်ဆိုင်လာပြီး ထန်းရည်လည်းတစ်ယောက်မှ မသောက်ကြဘူး'

'လမ်းမှာကတည်းက ညည်းကို ငါတို့ပြောတာ ညည်းကမှ မယုံဘာလေ၊ ငါတို့အားလုံး ထန်းရည်လည်း မသောက်ဘူး၊ ဘီယာလည်း မသောက်ဘူး၊ ဝိုင်တွေ ရှန်ပိန်တွေ ကောက်တေးလ်တွေလည်း မသောက်ဘူး၊ အရက်ကတော့ ဝေးရောပါဆို'

'ဒါဆို ဘာလို့ ဒီထန်းရည်ဆိုင်ကျ သိလဲ'

'ဟ ငါက အစားသမားလေဟာ၊ အစားကောင်းကောင်းရှိတဲ့နေရာ ငါသိတာ ဆန်းလားဟ'

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ကူစားပေးလေ'

'ဟာ ‥ နင့်အစ်ကိုနဲ့ ငါနဲ့ မနက်ကတည်းက ရှမ်းခေါက်ဆွဲတွေရော ထမင်းတွေရော သွတ်ထားပါတယ်ဆို၊ ဘယ်လိုလုပ် စားနိုင်တော့မှာလဲ'

'ဒါဆို ကိုတင်မောင် ကူစားပေး'

'ဗိုက်မကောင်းပါဘူးဆို၊ ငါ အပြင်စာ မစားရဲဘူး'

'ဒါဆို ဒါတွေ ဘယ်လိုလုပ်မလဲ'

'နမြောရင် ပါဆယ်ထုပ်သွားပေါ့ဟ၊ ငါတို့ပြောလျက်နဲ့ နင်ဘာလို့ မြွေတွေရော ဖားတွေရော ကြွက်တွေရော အစုံလျှောက်မှာလဲ'

'အိုး … မစားဖူးလို့ စားကြည့်ချင်လို့ပေါ့၊ ယောက်ျားရင့်မာကြီးတွေ ဖြစ်ပြီး ထန်းရည်တောင် မသောက်တတ်ကြဘူး'

'ဘာဆိုင်လဲဟ၊ ငါတို့ ထန်းရည်မသောက်တာနဲ့ နင့်အမြည်းတွေနဲ့ …'

'မသိဘူးလေ၊ ကိုကိုတို့ မူးသွားရင် နမြောပြီး ကုန်အောင်စားရင် စားပစ်ကြမှာပေါ့၊ ဘာလဲ ကိုကိုတို့ မူးရင် မူးနေတဲ့ပုံတွေကို မေနှိုး အွန်လိုင်းတင်မှာ ကြောက်လို့ မသောက်တတ်ချင်ယောင် ဆောင်နေကြတာ မဟုတ်လား၊ ရုပ်ကြီးတွေကိုက ခွက်ပုန်းရုပ်ကြီးတွေ'

'ချိုကြီး တွေ့လား၊ မင်းမျက်ခွက်ကြီးကိုက မသောက်တတ်ဘဲ အရက်သမားရုပ် ထွက်နေလို့ အပြောခံရတာ'

'ငါနဲ့ ဘာဆိုင်လဲ၊ မင်းသာ အရက်ချိုးပိန် ပိန်နေလို့ အပြောခံရတာ'

'မသိဘူး မသိဘူး၊ ဒါတွေကုန်အောင် ကူစားပေး ဒါပဲ'

'ဟ မစားနိုင်တာ အတင်းသွတ်ထည့်ရင် အန်ထွက်ကုန်မှာပေါ့ဟ၊ ဘယ်လိုလဲ ဒီဟာမလေး'

'အား … လား … လား'

'ဟ ဟော့ကောင်'

'ရဲသင် … ဘာဖြစ်တာလဲ မြွေကိုက်တာလား'

'ကိုကို ကိုကို … ဘာလဲ ဘာဖြစ်တာလဲ'





'နေ နေ ရတယ်၊ ဘာမှ မဖြစ်ဘူး၊ ခေါင်းထဲက စူးခနဲကိုက်သွားလို့၊ ရတယ် ရတယ်၊ ကောင်းသွားပြီ'

'အမယ် ကိုကိုနော် မစားချင်လို့ ဥာဏ်များတာ မဟုတ်လား၊ ရော့ ရော့ လိမ္မာတယ်၊ ဒီဖားပေါက်စကြော်လေး ‥ ကိုချိုကြီး ဒါလေးဆွဲကို ဘယ်လိုခေါ်တယ်'

'ကျော်စံကေး ကျော်စံကေး'

'အဲ အဲ ဟုတ်တယ်၊ ကိုကိုရှေ့ … ကျော်စံကေးလေး တစ်ကောင်စားလိုက်'

'အာ အရေးထဲ ညည်းကတစ်မျိုး'

ငြင်းခုံနေကြစဉ် သူတို့ထိုင်နေကြသော အိမ်ဆိုင်လေးရှေ့သို့ မာစီဒီးကားနက်လေးတစ်စီး ဝေါခနဲ ထိုးဆိုက်လာသည်ကို မသိလိုက်ကြ။ အရှိန်နှင့် မောင်းဝင်လာသဖြင့် အခြားနေရာများမှ သောက်၍နေကြသော ကဇော်သမားများကမူ ဂရုစိုက်မိလိုက်ကြ၏။ မျက်ရှတံခါးဖွင့်၍ ဆင်းလာသည်ဆို ကဇော်သမားများ တွေ့ကြလေသော် မျက်လုံးများ ကျယ်သွားကြ၏။ သို့သော် မျက်ရှ မျက်နှာထားကို မြင်သောအခါ ကိုယ်ရှိန်သတ်၍ မသိချင်ယောင် ဆောင်သွားကြလေသည်။ မျက်ရှမှာ လူသတ်တော့မည့် မျက်နှာမျိုးနှင့် ဆိုင်ထဲ ဝင်လာလေ၏။ ရဲသင်ရုံတို့မှာ ထိုအဖြစ်အပျက်များကို မသိ။ သူတို့တဲလေးထဲတွင် သူတို့ဟာသူတို့ ငြင်းခုံနေကြ၏။ မျက်ရှလရောင် သူတို့ တဲလေးရှေ့အထိ ရောက်လာပြီး မီးထွက်မတတ်မျက်လုံးများနှင့် ခါးထောက်ကာ ကြည့်နေသည်အထိ သတိမပြုမိကြ။ မေနှိုးမှ ရဲသင်ရုံအား ဖားကြော် အတင်းခွံ့နေလေ၏။

'ကိုကိုကလည်း ဒီလောက်ခွံ့ကျွေးနေတာတောင် အားမနာဘူးလား'

'ဟ မစားချင်ပါဘူးဆို'

'ကျွေး ကျွေး … ဒီကောင် တစ်ကောင်စားရင် ငါတို့လည်း တစ်ကောင်စီ လိုက်စားပေးမယ်'

'ဟော့ကောင်တွေ … လာမကြပ်နဲ့၊ မေနှိုး ညည်း မရစ်နဲ့နော်၊ ညည်းဘာမှ မသောက်ထားတာ ငါသိတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကိုကိုကလည်း ...'

'ရဲသင်ရဲ'

မထင်မှတ်သော အချိန်၊ မထင်မှတ်သော နေရာတွင် မထင်မှတ်ထားသော အသံစူးစူးကို ကြားလိုက်ရသောအခါ အားလုံး အလန့်တကြား လှည့်ကြည့်မိကြလေ၏။ မေနီးမှာ အံ့သြရုံအံ့သြနေသော်လည်း ရဲသင်တို့ သုံးယောက်မှာ နေ့ခင်းကြောင်တောင် ဥစ္စာစောင့် ကိုယ်ထင်ပြသည်ကို တွေ့လိုက်ရသည့်အလား အလွန်အမင်း အံ့အားသင့်ကာ ကြက်သေသေသွားကြလေ၏။ မျက်ရှုလရောင်မှာ စားတော့ဝါးတော့ ကုတ်တော့ ဖွဲတော့ မတတ် မျက်လုံးများနှင့် ရဲသင်ရဲကို တစ်လှည့်၊ ဖားကြော်ခွဲ့ကျွေးနေသော လက်တန်းလန်းနှင့် မေနီးကိုတစ်လှည့် ကြည့်ရင်း ဆိုးဆိုးဆတ်ဆတ် ဝင်လာကာ မေနီးကို စေ့စေ့ကြည့်လျက်

'မင်းက သူ့ကို ဘယ်လိုခေါ်လိုက်တယ်၊ ပြန်ခေါ်စမ်းပါဦး၊ နားနဲ့ ဆတ်ဆတ်လေး ထပ်ကြားရအောင်'

မေနီးမှာ ဘာဖြစ်သွားမှန်းမသိ။ ကြောင်တက်တက်လေး ပြန်ဖြေ၏။

'ကို ကိုကိုလေ၊ ကိုကိုလို့ ခေါ်တာလေ'

မျက်ရှုမှာ ရဲသင်ဘက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်ရင်း

'နင် ဘာလုပ်တာလဲ ပုဏ္ဏား၊ ထ ‥ ငါနဲ့ အခုပြန်လိုက်ခဲ့၊ အိမ်ထောင်သည် ယောကျ်ားတစ်ယောက်က ဒီလို နေစရာလား၊ လာခဲ့'

ပြောပြောဆိုဆို ရဲသင်ရဲ၏ လက်ကောက်ဝတ်ကို ပိုင်စိုးပိုင်နင်း ဝင်ဆွဲလေ၏။ ရဲသင်မှာ အခုမှ သတိဝင်လာကာ အလိုက်သင့် လိုက်ထရင်းမှ ထစ်ထစ်ငေါ့ငေါ့ ပြောလေ၏။

'နေ နေဦးလေ မျက် မျက်ရှု ··· နင် နင်'

တင်မောင်နှင့် ချိုကြီးမှာလည်း သတိဝင်လာကာ ထိုင်ရာမှ ကပျာကယာထကြရင်း

'မျက် မျက်ရှု ··· ငါတို့ ဒီမှာရှိတာ၊ နင်ဘယ်လို'





'ဘာ ဘာလုပ်တာလဲ၊ နင် ဘာဖြစ်လာ ...'

မျက်ရှုမှ သူတို့ဘက်သို့ ဒေါသတကြီး လှည့်ကြည့်ရင်း

'တင်မောင်နဲ့ ခော်ချိုဦး'

'ဟိုက်'

'အဲ'

'နင်တို့ သိပ်သူငယ်ချင်းကောင်း ပီသတယ်ပေါ့လေ၊ ဟုတ်လား၊ နင်တို့ကို ငါယုံတာ မှားတယ်၊ နင် နင်တို့ ငါ့ကို ...'

ရဲသင်မျက်နှာကို စေ့စေ့ပါအောင် နာနာကျည်းကျည်း ပြန်လှည့်ကြည့်ပြန်၏။ လက်ကိုတော့ လုံးဝမလွှတ်။ မျက်ရှုကိုကြည့်ကာ အားလုံး ဘာလုပ်ရမှန်းမသိ ဖြစ်နေ၏။ မျက်ရှုမှာ ရဲသင်လက်ကို စိစိပါအောင် ဆုပ်ကိုင်ထားရင်း စေ့စေ့ကြည့်ကာ မျက်ရည်များ ကျလာ၏။ ရဲသင်ရဲမှာ ဘာလုပ်လို့ လုပ်ရမှန်းမသိ။ ကြောင်ကာ ပြန်ကြည့်နေ၏။ မျက်ရှုမှာ ရဲသင်ကို နာနာကျည်းကျည်း ကြည့်ရင်း တောက်တစ်ချက်ကို ပြင်းပြင်း ခေါက်လေ၏။ အားလုံး လန့်သွားစဉ် မျက်ရှုမှာ ရဲသင်ကို တစ်လုံးချင်း ပြော၏။

'ပုဏ္ဏား ‥ နင် နင်ဟာ သစ္စာဖောက်'

ရုတ်တရက် မျက်ရှု ခွေလဲကျသွားလေသည်။ ရဲသင်မှာ အနိုင်နိုင် ဆီးတွေ့ထားလိုက်ရတော့၏။ တဒင်္ဂအတွင်း ဖြစ်ပျက်သွားသော အဖြစ်အပျက်တစ်ခုတွင် အားလုံး မှင်တက်လျက်။

တင်မောင် သတိဝင်လာသော ခဏ၌ အားလုံးက သူတို့ကို စိတ်ဝင်တစား အကဲခတ်နေကြသည်ကို တွေ့ရလေ၏။

'ညီလေးရေ ‥ ရှင်းမယ်ဟေ့'



www.burmeseclassic.com

မျက်ရှု သတိပြန်ရလာသောအခါ မိမိအိပ်ခန်းထဲမှ ကုတင်ပေါ်
ရောက်၍နေကြောင်း အံ့သြစွာ တွေ့ရှိရလေ၏။

ဘာလဲ။ ဘာတွေဖြစ်သွားတာလဲ။

အပြင်းအထန် စဉ်းစားကြည့်၏။ သူ နောက်ဆုံး မှတ်မိသည်က
ါင်းထဲ မိုက်ခနဲ ဖြစ်သွား၍ ကားရပ်လိုက်သည်ကိုသာ မှတ်မိ၏။ ဘာ
ဖြစ်ပျက်ခဲ့ပြီး အိမ်ပြန်ရောက်နေသည်ကို ဘယ်လိုမှ တွေးကြည့်၍
။ နောက်ဆုံး သတိရသည်က ကျောရိုးတစ်လျှောက် စိမ့်၍တက်လာ
သော တစ်စုံတစ်ရာ ခံစားမှု။ မျက်ရှု ထိတ်ခနဲ ဖြစ်သွား၏။ မိမိဘာတွေ
ခဲ့လေသနည်း။ ရုတ်တရက် ထထိုင်ကာ ခန္ဓာကိုယ်ကို စစ်ဆေးကြည့်
။ အကောင်းပကတိ။ အခန်းထဲ လှည့်ပတ်ကြည့်တော့လည်း မည်သူ
မရှိသည်ကလွဲ၍ အကောင်းပကတိ။ အခြေအနေကို တွေးရင်း မျက်ရှု
ကြောက်လာ၏။

'တီတီလေး တီတီလေး'

ဒေါ်ယဉ်ယဉ်ကျော့ခေါ် မျက်ရှု၏ ဒေါ်လေးအငယ်မှာ အပြေး
ပိုင်း ချက်ချင်း ဝင်လာ၏။

'ဘာဖြစ်လဲ သမီး ... သမီး ဘာဖြစ်လဲ၊ နိုးလာပြီလား'

'သမီး ဘာဖြစ်တာလဲ တီတီလေး၊ အခု ဘယ်နှစ်နာရီရှိပြီလဲ'

'သမီး ပုဏ္ဏားတို့နဲ့ မုန့်သွားစားရင်း မနေ့က ဖောင်ကြီးလမ်းမှာ
လဲသွားတာလေ၊ မှတ်မိလား'

www.burmeseclassic.com



'ဖောင်ကြီးလမ်းမှာ'

'အေးလေ၊ ဆရာဝန်ကတော့ သွေးအားနည်းပြီး သွေးပေါင်ကျ သွားတာ ဖြစ်လောက်တယ်လို့ ပြောတာပဲ၊ သမီး အစောကြီး အိပ်ပျော် သွားတာ၊ သမီး မမှတ်မိဘူးလား၊ အိမ်ရောက်တော့ သမီးပဲ ပုဏ္ဏားကို ကြိမ်းမောင်းနေသေးတယ်လေ'

မြတ်စွာဘုရား။ လုံးဝ မမှတ်မိတော့ပါလား။

'အခု ဘယ်နှစ်နာရီရှိပြီလဲ တီတီလေး'

'မနက် ဆယ်နာရီ ထိုးပြီးပြီ'

'ပုဏ္ဏားရော'

'ညက သမီး လုံးလုံးအိပ်ပျော်သွားတော့မှ ပြန်သွားတာ၊ ဖုန်း ဆက်ကြည့်လေ၊ သမီး နေကောင်းရဲ့လား'

'ကောင်းသွားပြီထင်တာပဲ တီတီလေး'

'သမီးအန်ကယ်က ပြောနေတယ်၊ နောက်ဆို တစ်ယောက်တည်း မသွားနဲ့တော့တဲ့၊ အခုလည်း ပုဏ္ဏားတို့ ရှိနေလို့၊ တစ်ယောက်ထဲများ မူး ပြီး ကားတွေဘာတွေ တိုက်ပြုနေရင် ဒုက္ခ၊ သမီး သွေးပေါင်ကျတတ်တာ အခုမှ သိကြတော့တယ်၊ တော်သေးတာပေါ့ သမီးရယ်၊ နားလိုက်ဦး ဘာစားမလဲ'

'စားချင်ဘူး တီတီလေး၊ အိပ်ပဲ အိပ်ချင်တယ်'

'အိပ် အိပ်၊ ဒီနေ့တော့ နားလိုက်၊ ဆေးရှိန်က ကျန်ဦးမှာပေါ့'

မျက်ရှု ပြန်လှဲချလိုက်တော့ တီတီလေး ပြန်ထွက်သွားတယ်။ တံခါးလည်း ပိတ်ပေးသွားတယ်။

သွေးပေါင်ကျတာတော့ လုံးဝ မဟုတ်ဘူး။ ဘာဖြစ်သွားတာလဲ။ ပုဏ္ဏားကို ကြိမ်းမောင်းနေတယ်တဲ့။ ဘာတွေလဲ။ ပြဿနာ အားလုံးကို ဟိုကောင် ကိုင်တွယ် ဖြေရှင်းသွားတာ ဖြစ်မယ်။ ဒီနေ့တော့ မတတ်နိုင် တော့ဘူး။ နောက်နေ့မှ မေးရမှာပဲ။ ရဲသင်ရဲရေ ...။

ငါ ဘာတွေ ဖြစ်ခဲ့တာလဲ။



'နောက်တော့ ဘာဆက်ဖြစ်ကြလဲ'

'မင်းတို့နဲ့ လမ်းခွဲပြီးတော့ အိမ်ပြန်ပို့ပေးလိုက်တယ်လေ၊ ဆရာဝန် ခေါ်ပေးလိုက်တယ်၊ သူ့အိပ်မှ ငါ ပြန်တာ'

ရဲသင်ရဲတို့ ခြံထဲ ရေကူးကန်ဘေးတွင် ထိုင်စကားပြောနေကြခြင်း ဖြစ်၏။ ထီးစိုက်ထားသော စားပွဲဝိုင်းကို ဝိုင်းထိုင်နေကြလေသည်။

'ယောက်ျားတန်မဲ့ ပြောရမှာလည်း ရှက်ပါတယ်ကွာ၊ တကယ် ပြောတာ ငါ ရုတ်တရက်တော့ လန့်ရုံပဲ၊ နောက်မှ တွေးတွေးပြီး ကြောက် လာတာ၊ ရဲသင် .. ဘာကြီးလဲကွာ၊ မင်းတို့ဟာကလဲ'

'ချိုကြီးပြောတာ ဟုတ်တယ်၊ ငါတို့ ဘယ်သွားပြီး ဘာလုပ်မယ် ဆိုတာ မင်း မျက်ရှုကို လုံးလုံးမပြောခဲ့တာတော့ သေချာပါတယ်နော်၊ မင်းတို့နှစ်ယောက်ပေါင်းပြီး ငါတို့ကို ဖုံးထားတာ တစ်ခုခုတော့ မရှိလောက် ဘူးလို့ ငါထင်တယ်၊ အဲလို ဖုံးထားတာ တစ်ခုခုရှိလို့ကတော့ တခြားလူ တော့ မသိဘူး၊ ငါကတော့ စိတ်ဆိုးမှာ ရဲသင်၊ ငါတို့ ငယ်ငယ်ကတည်းက ပေါင်းလာတာ၊ ငါတို့ကြားမှာ လျှို့ဝှက်ထားစရာ ဘာမှမရှိဘူး၊ ငါကိုယ် တိုင်လည်း မင်းတို့ကို ဘာမှ ဖုံးထားဝှက်ထားတာမျိုး မရှိဘူးဆိုတာ မင်း တို့ သိပါတယ်'

'မဟုတ်ဘူး တင်မောင်၊ မင်း ဘာမှ သံသယမရှိနဲ့၊ ငါရော မျက်ရှုရော မင်းတို့ကို ဘာမှ ကွယ်ဝှက်ထားစရာမှ မရှိတာ၊ အခုဟာက ထူးဆန်းလွန်းလို့ ငါလည်း စဉ်းစားနေတာ၊ ငါတွေးတာ မမှားလောက်ဘူး ဆိုရင် အခုဟာက ပေါ့သေးသေးတော့ မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ကိုကို မမျက်ရှုက ဘာလို့ မေနိုးကို လုံးဝမမှတ်မိတာလဲ၊ မေနိုးကို ကြည့်တဲ့မျက်နှာကြီးက ကြောက်စရာကြီး'

'မဟုတ်ဘူး မေနိုး၊ ကိုကို ပြောပြမယ်၊ ကိုကိုထင်တာ မမှားဘူးဆိုရင် အဲဒီအခိုက်အတန့်မှာ မေနိုးကိုမှ မဟုတ်ဘူး၊ မျက်ရှုက သူ့ကိုယ်သူ ဘာဖြစ်နေမှန်းတောင် မှတ်မိမှာ မဟုတ်ဘူး၊ အဲဒီအခိုက်အတန့်မှာ သူဟာ သူ မဟုတ်ဘူး'

'ဟင်'

'ဟော့ကောင် ရှင်းအောင်ပြောကွာ၊ လန့်ပါတယ်ဆိုမှ မျက်ရှုက မျက်ရှုမဟုတ်လို့ ဘယ်သူလဲ၊ တစ္ဆေပူးနေတာလား'

'ချိုကြီး ... အဲလို တစ္ဆေတွေ၊ သရဲတွေ စုန်းတွေ ကဝေတွေ သိုက်တွေ ဘာတွေ အကြောင်းကြောင်း လျှောက်တွေးမနေနဲ့၊ ငါ သိတယ်၊ အဲဒါတွေ တစ်ခုမှ မဟုတ်ဘူး၊ အခု ဖြစ်နေတာက စိတ်ပညာနဲ့ဆိုင်တဲ့ ကိစ္စ၊ ပြောရရင် ငါတို့ မသိနိုင်တဲ့ စိတ်နဲ့ ပတ်သက်တဲ့ သဘာဝလွန်စဲ ပြောပြောကွာ၊ ဖြစ်တော့ ဖြစ်တတ်တယ်၊ ဒါပေမဲ့ အရမ်းဖြစ်ခဲတဲ့ ကိစ္စ တစ်မျိုး ဖြစ်လိမ့်မယ်လို့ ငါယုံကြည်တယ်၊ ငါ အဲဒါ နည်းနည်းလေ့လာ နေတယ်'

'ဘယ်လိုဟာမျိုးလဲ ရဲသင်'

'ဒီလိုမျိုးကွာ တင်မောင်ရာ .. မင်းတို့ကို ငါ ဥပမာတစ်ခု ပေးမယ်၊ လူတိုင်း ဖြစ်ဖူးတယ်ကွာ၊ ဒါပေမဲ့ လူတိုင်း သိပ်မမှတ်မိတဲ့ကိစ္စ မျိုး'

'ဘယ်လိုဟာမျိုးလဲ၊ ငါတို့ရော ဖြစ်ဖူးလား'

'ဖြစ်ဖူးခဲ့လိမ့်မယ်လို့ ငါ ယုံကြည်တယ်၊ ငါ ပြောပြမယ်၊ မင်းတို့ သေချာ ပြန်စဉ်းစားကြည့်၊ ဒီလိုကွာ ချိုကြီး ... မင်းဟာ ကားမောင်း လာတယ်၊ အေးအေးလူလူပဲ၊ မင်းဟာမင်း တခြားဟာမျိုးစုံ လျှောက်တွေး ရင် တွေးနေမယ်၊ ဒါပေမဲ့ မင်း ခုံးကျော်တစ်ခုကို စမောင်းတက်လိုက်တာ နဲ့ တစ်ပြိုင်နက် ရုတ်တရက် မင်းဟာ ဒီနေရာကို အရင်က ရောက်ဖူးသ လိုလို စိတ်ထဲမှာပဲ မြင်ခဲ့ဖူးသလိုလို ထင်လိုက်မိတယ်၊ အဲဒါနဲ့ တစ်ပြိုင် နက် ရှေ့ဘာဖြစ်လာတော့မယ်ဆိုတဲ့ နှစ်စက္ကန့် သုံးစက္ကန့်လောက်ကို မင်း





ကြိုသိလိုက်တယ်၊ ခုံးတက်ဖြစ်နေတော့ အမှန်တကယ် အပြင်မှာက မင်း ခုံးရဲ့အဆင်းဘက်ကို မမြင်ရဘူး၊ ဒါပေမဲ့ မင်း သိနေပြီ၊ မင်း ခုံးကိုကျော် လိုက်တာနဲ့ ညာဘက်မှာ ကားအနီတစ်စီး ရပ်ထားလိမ့်မယ်၊ လူသုံးလေး ယောက် လမ်းကူးဖို့ ကြည့်နေမယ်၊ ခွေးတစ်ကောင် မင်းကားရှေ့က အလော တကြီး ဖြတ်ပြေးလိမ့်မယ်၊ အဲဒီအချိန်မှာ မင်းဖုန်း မြည်လာလိမ့်မယ်၊ အဲဒီလို မင်းသိလိုက်တယ်၊ အခု ငါ စကားနဲ့ပြောသွားတာမှ ကြာသေးတယ်၊ မင်း အဲလို ဖြစ်နေရှိနေလိမ့်မယ် ဆိုတာတွေကို သိလိုက်တာက အရမ်းမြန် တယ်၊ အဲလိုသိနေရင်းကပဲ အဲဒါတွေ မင်းသိနေတဲ့အတိုင်း တောက်လျှောက် ဖြစ်သွားပြီး ပြီးသွားတယ်၊ မင်း အကြောင်းကြောင်း ဖြစ်ကျန်ခဲ့တယ်၊ ဘာ ထဲဟာပေါ့ကွာ၊ နောက်သုံးလေးရက်ကြာတော့ မင်း သတိလက်လွတ် မေ့ သွားရော အဲဒီကိစ္စကို၊ ဒါပေမဲ့ ပြန်စဉ်းစားကြည့်ရင် အဲဒီကိစ္စကို မင်း ကိုယ်တိုင် အသေးစိတ် မှတ်မိနေပြန်ရော၊ ဘယ်လိုလဲ အဲဒါမျိုး မင်းတို့ ဖြစ်ဖူးတယ် မဟုတ်လား'

'ဟ အေး ဖြစ်ဖူးတာပေါ့၊ ငါဆို တစ်နေ့ကတောင် ဖြစ်သေးတယ်'

'တင်မောင် မင်း မနောက်နဲ့နော်'

'မနောက်ဘူး၊ မနောက်ဘူး၊ လုံးဝနောက်တာ မဟုတ်ဘူး၊ ရဲသင် ပြောသလို ဟိုတစ်နေ့ကကို ငါ ဖြစ်သေးတာ၊ ကြီးကြီးကျယ်ကျယ်တော့ မဟုတ်ဘူးကွာ၊ ငါ ပြောပြမယ်'

'အေး လုပ်စမ်း၊ ပြောစမ်း'

စကားဝိုင်းသည် ရုတ်တရက် လေးနက်လာကာ အားလုံးစိတ်လှုပ် ရှားပြီး စိတ်ဝင်တစားဖြစ်လျက် အားတက်သရော ရှိလာကြလေ၏။ တစ်စုံ တစ်ရာသော အငွေ့အသက် တစ်ခုခု ရုတ်တရက် အားလုံးအပေါ် ဖုံးလွှမ်း သွားသလိုလို။ တင်မောင်မှ ဆက်ပြော၏။

'တနေ့ကကွာ နေ့လယ်ဘက်ကြီး .. ငါက ငါ့အခန်းထဲမှာ တစ်ယောက်တည်း စာကြည့်စားပွဲမှာ ထိုင်နေတာ၊ မင်းတို့သိတယ် မဟုတ် လား၊ Dummies စီးရီးစာအုပ်လေးတွေလေ၊ အဝါနဲ့ အနက်ကြားလေးတွေ၊ Physic for Dummies တို့ Maths for Dummies တို့လိုဟာမျိုး လေးတွေလေကွာ'



www.burmeseclassic.com

www.burmeseclassic.com



'အေး သိတယ်'

'အေး အဲဒီအထဲက Chemistry for Dummies စာအုပ်လေး ကို ငါ အေးအေးလူလူ အပျင်းပြေ ဘာသာပြန်ကြည့်နေတာ၊ ဖတ်လိုက် ပြန်ချရေးကြည့်လိုက်ပေါ့ကွာ၊ အဲဒီမှာ ဘာမှမဆိုင်ဘဲ ခုနက ရဲသင်ပြော သလို ငါဟာ ဒီနေရာမှာပဲ ဒီလိုထိုင်နေပြီး ဒီလိုလုပ်နေခဲ့ဖူးသလိုလို ထင် လာတယ်၊ နောက် တောက်လျှောက်ပဲ၊ ခဏနေ ငါဟာ ထလိမ့်မယ်၊ တီဗီစင်ရှေ့က ဆေးလိပ်ဘူးနဲ့ မီးခြစ်ကို သွားယူလိမ့်မယ်၊ ပြီးတော့ စာ ကြည့်စားပွဲပေါ် လာတင်ပြီး အခန်းထောင့်မှာ ထောင်ထားတဲ့ ဂစ်တာကို သွားယူလိမ့်မယ်၊ ပြီးရင် ကုတင်ပေါ် သွားထိုင်လိမ့်မယ် ဆိုတာတွေကို ဖျတ်ခနဲ သိလိုက်ရတယ်ဟ၊ ဒါပေမဲ့ သိလိုက်ပြီးတာနဲ့ အဲဒါတွေကတောက် လျှောက် အဲဒီအတိုင်း လျှောက်ဖြစ်သွားရော၊ ငါ မသိဘဲနဲ့ လုပ်တာ မဟုတ်ဘူးနော်၊ သိသိကြီးနဲ့ကို အဲဒီအတိုင်း လျှောက်ဖြစ်သွားတာ၊ ငါ လည်း ကုတင်ပေါ်မှာ ဂစ်တာကြီး ပိုက်ထိုင်နေမိပြီးတော့မှ ဘာလဲဟ ဆိုပြီး အကြာကြီး ကြောင်စီစီ ဖြစ်နေသေးတယ်၊ လူက တစ်မျိုးကြီး ဖြစ် ကျန်ခဲ့တာကွာ၊ အူတူတူနဲ့၊ ဒါပေမဲ့ ခဏပဲဟ၊ ညနေလောက်ကျ မေ့သွား ရော၊ အခု ရဲသင်ပြောသလို ပြန်စဉ်းစားကြည့်တော့လည်း သူ့အလိုလို စိတ်ထဲ အသေးစိတ်ကအစ ပေါ်လာပြီး ပြန်မှတ်မိနေတယ်၊ ငါ့လို မီးခြစ် ဂရုမစိုက်ဘဲ ခဏခဏ ပျောက်တဲ့ကောင်တောင် အဲဒီတုန်းက မီးခြစ် အရောင် မှတ်မိသေး၊ ဂက်စ်မီးခြစ် အနီလေးဟ'

ခဏ တိတ်ဆိတ်သွားကြ၏။ ရဲသင် တစ်ချက်ပြုံးလိုက်သည်ကို အားလုံး သတိထားမိလိုက်ကြ၏။ တင်မောင်မှ ချိုကြီးအား

'ချိုကြီး မင်းကော ဖြစ်ဖူးလား'

ချိုကြီးမှာ မျက်မှောင်ကုတ်ကာ အတန်ကြာ စဉ်းစားနေ၏။ ပြီးမှ တုံ့ဆိုင်းဆိုင်း ဖြေ၏။

'အေး ခဏ ခဏတော့ ဖြစ်ဖူးတယ် ထင်တာပဲဟ၊ ဒါပေမဲ့ ငါ က မင်းတို့လို မကြာဖူး၊ ရေခဲသေတ္တာဆွဲဖွင့်ခါနီး ငါဟာ ဒီနေရာမှာ ဒီ လိုရပ်ပြီး ဒီတံခါးကို ဒီပုံအတိုင်း ဆွဲဖွင့်ခဲ့ဖူးသလိုလို ... နောက် ပစ္စည်း တစ်ခုခုကျသွားလို့ ကုန်းကောက်လိုက်ရင် ငါဟာ ဒီပစ္စည်းကို ဒီပုံစံ ဒီ





နေရာမှာ ဒီအတိုင်း ကုန်းကောက်ခဲ့ဖူးသလိုလိုပဲဟာမျိုးတော့ ခဏခဏ ခံစား ရဖူးတယ်၊ ငါ့ဟာငါ ဇဝေဇဝါ ဖြစ်ဖြစ်နေတာနဲ့ ဘယ်သူ့မှ မပြောပြဖြစ် ဘူး၊ မေနိုး ညည်းရော ဖြစ်ဖူးလား'

တစ်ချိန်လုံး မျက်လုံးပြူးလေးနှင့် နားထောင်နေရင်းမှ ချိုကြီး ရုတ်တရက် လှည့်မေးသဖြင့် လန့်သွားလေ၏။ ချက်ချင်း မျက်နှာလေးနီ ကာ စပ်ဖြဲဖြဲလေး ပြန်ပြော၏။

'ဖြစ် ဖြစ်ဖူးတယ်'

'ဒါဆို ပြောစမ်း'

'မေနိုးဖြစ်တာ ရက်စရာကြီး၊ ဒီမှာဖြစ်တာ မဟုတ်ဘူး၊ ကြာ ကြာပြီ၊ ဟိုမှာ ကျောင်းတက်နေရင်း ကျောင်းကအိမ်သာထဲမှာ ဖြစ် တာ'

'ဟေ'

'ဟုတ်တယ်၊ အဲဒီတုန်းက ကျောင်းကအိမ်သာထဲမှာ မေနိုးတစ် ယောက်ထဲ၊ အိမ်သာတက်မလို့ အိမ်သာထဲက ကမုတ်ပေါ် ထိုင်ချလိုက်တဲ့ အချိန်မှာ စဖြစ်တာ၊ ကိုချိုကြီး ပြောသလို ဒီနေရာမှာ အရင်ကပဲ ဒီအတိုင်း ဖြစ်ခဲ့ဖူးသလိုမျိုး ခံစားရတာ၊ ဆက်တိုက်ပဲ မေနိုး ထိုင်ချလိုက်မယ်၊ တစ်ရှူး ထည့်ထားတဲ့နေရာကို ကြည့်မယ်၊ တစ်ရှူးကုန်နေတာတွေ့တော့ မေနိုး လန့်သွားလိမ့်မယ်ဆိုတာ မေနိုး ကြိုသိလိုက်တယ်၊ ဒါပေမဲ့ အရမ်းမြန် တယ်၊ အဲဒီအတိုင်း ဆက်တိုက် ဖြစ်သွားရော'

'အာ ဒီကောင်မလေး တယ်ညစ်ပတ်ပါလား၊ တစ်ရှူးကုန်နေတော့ နင်ကိစ္စ ဘယ်လိုရှင်းခဲ့လဲ'

'ကိုတင်မောင်နော် ... စကားကိုဆုံးအောင် နားမထောင်ဘူး၊ ဘာတယ်ညစ်ပတ်ပါလားလဲ၊ မေနိုးက အိတ်ထဲမှာ တစ်ရှူးအမြဲဆောင် ထားတာ သိလား၊ ဘာမှန်းလဲ မသိဘူး'

'ညည်း ရုတ်တရက်တော့ လန့်သွားတယ် မဟုတ်လား၊ သေချာ တယ်၊ အီအီး ခဏတစ်သွားမှာ ...'

'ဟာ ကိုတင်မောင်ကလည်း'

'ဟား ဟား ဟား'



www.burmeseclassic.com

www.burmeseclassic.com



ရယ်ကြလေ၏။ ချိုကြီးမှ ရဲသင်ကို လှည့်မေး၏။

'ရဲသင် မင်းလည်း ဒါမျိုးဖြစ်ဖူးမှာပဲ၊ ဖြစ်ဖူးလို့ ငါတို့ကို ဒီကိစ္စ လာပြောတာ၊ ဟုတ်တယ်မလား၊ မင်းသိလား အဲဒါ ဘာဖြစ်တာလဲ'

'နည်းနည်းတော့သိတယ်၊ အသေးစိတ်တော့ မသိဘူးဟ၊ အကြမ်းဖျင်းပြောရရင် စိတ်ရဲ့ စွမ်းအင်တစ်မျိုးပေါ့ကွာ၊ စနစ်တကျ လေ့ကျင့်တတ်ရင် တန်ခိုးတွေဘာတွေ ရနိုင်တယ်လို့တောင် မှတ်ချက်ချဖူးတယ်'

'ဘယ်သူက ပြောတာလဲ'

'ဆက်ဂမန့်ဖရွိုက်လေ'

'ဟေ'

'ဟုတ်တယ်၊ ကမ္ဘာကျော် စိတ်ပညာရှင်ကတောင် မှတ်ချက်ချဖူးလို့ ဒီကိစ္စ ပေါ့သေးသေးမဟုတ်ဘူးလို့ ငါ ပြောတာပေါ့၊ မျက်ရှုဖြစ်သွားတာက ငါပြောခဲ့တဲ့ ကိစ္စမျိုးဆန်ဆန် စိတ်ရဲ့စွမ်းအင်တစ်ခုခု ပွင့်ထွက်လာတာမျိုး ဖြစ်လောက်တယ်၊ အဲဒီကိစ္စကလည်း လေ့လာရတာ သိပ်မလွယ်ဘူးဟ၊ စာအုပ်စာပေတွေကလည်း ရှားတယ်၊ တတ်ကျွမ်းတဲ့ ပညာရှင်တွေကလည်း ကမ္ဘာအနှံ့ ပြန့်ကျဲနေတာ၊ စိတ်နဲ့ပတ်သက်တဲ့ အဲဒီကိစ္စမျိုးတွေကို ဘာသာရပ်အမျိုးမျိုးနဲ့ အခေါ်အဝေါ်တွေကလည်း အမျိုးမျိုးဟ၊ ငါလည်း အဲဒီကိစ္စကို စိတ်ဝင်စားလို့ ပရောဂျက်တစ်ခုအနေနဲ့ ခေါင်းစဉ်ပေးပြီး လျှောက်စပ်စုနေတာ တစ်နှစ်ကျော်လောက်ပဲ ရှိသေးတယ်၊ အဲဒီကိစ္စမျိုး အဖြစ်အပျက်မျိုးတွေက တူမလိုလိုနဲ့ ကွဲနေတာတွေ အများကြီးဟ၊ ဥပမာ မင်းတို့သုံးယောက် ဖြစ်ခဲ့တာမျိုးကိုပဲ ကြည့်လေ၊ တင်မောင်က အချိန်ကြာတယ်၊ ချိုကြီးကျ ခဏလေးတွေ၊ ဒါပေမဲ့ ခဏခဏ ဖြစ်တာ၊ မေနိုးကျတော့ မင်းတို့နှစ်ယောက်လုံးနဲ့ မတူပြန်ဘူး၊ မင်းတို့ နှစ်ယောက်က ဖြစ်သွားတာ ခံစားမှု မပါဘူး၊ မေနိုးကျတော့ သူ လန့်သွားတယ်ဆိုတဲ့ ခံစားမှုကိုပါ ကြိုသိလိုက်တာလေ'

'အေး ဟုတ်သားဟ'

'ရဲသင် မင်းအကြောင်း ငါ သိတယ်၊ မင်း အသေးစိတ် မသိဘူးဆိုပေမဲ့ တစ်နှစ်လောက်နီးပါး ကြာအောင်တောင် မင်းလိုက်ထားတဲ့ ကိစ္စ၊ မင်းလို ဦးနှောက်မျိုး ဗဟုသုတမျိုး ဖွဲ့မျိုးနဲ့ မင်း တစ်ခုခုတော့ ခြေခြေမြစ်





မြစ် သိနေလောက်မှာ သေချာတယ်၊ ပေါင်းလာတာ ကြာပြီ၊ ပြောစမ်း မင်းပရောဂျက်ကို မင်းပေးထားတဲ့ နာမည်၊ နာမည်သိရရင်ကို မင်းဘယ်လောက် လေ့လာထားပြီး သိထားပြီးပြီလဲဆိုတာ ငါတို့ ရိပ်မိလောက်တယ်'

'အေး ဟုတ်တယ်၊ မင်း နှယ်နှယ်ရရကောင် မဟုတ်လို့ အင်ဆိုက်ကလိုပီးဒီးယားတွေရော ပုဏ္ဏားတွေရော နာမည်တွေ လျှောက်ပေးခဲ့ထားရှာတဲ့ကောင်၊ ငါတို့ကို စိတ်ဝင်စားလာအောင် လာလုပ်ပြီးတော့မှ ဟိုဟာ ပြောချင် ဒီဟာမပြောချင် မလုပ်နဲ့၊ မင်းသိထားသလောက်တော့ ငါတို့ကို ပြောပြ၊ မင်းပရောဂျက် နာမည်က စပြော ... ဘာလဲ'

'**ဇီတာ**'

'ဟမ်'

'ဘာကြီး ... ဘာဖြစ်တယ်'

'ဟင် ကိုကို့ဟာက ဘာကြီးလဲ၊ တစ်ခါမှ မကြားဖူးဘူး'

'အေးလေ'

'ဇီတာလေကွာ၊ မင်းတို့ကလည်း ဇက်အီးတီအေ zeta စာလုံးခေါင်းက ဒီလို'

ရဲသင်မှ လက်ညှိုးကို ချိုကြီးသောက်နေသော အအေးခွက်ထဲ နှိုက်ပြီး စားပွဲပေါ် စာလုံးပေါင်းရေးပြသည်ကို အားလုံးဝိုင်းပြု ကြည့်ကြ၏။ ချိုကြီးမှ သတိရကာ မျက်နှာရှုံ့သွားပြီး

'ဟေ့ကောင် မင်း ညစ်ပတ်လှချည်လား၊ ဘာလို့ ငါ့ခွက်ထဲ မင်း လက်ကြီးနဲ့ လာနှိုက်ရတာတုံး'

တင်မောင်မှ ချိုကြီးအား စိတ်မရှည်သလို လှည့်ဟောက်၏။

'မကျေနပ်ရင် နောက်တစ်ခွက် သွားဖျော်သောက်ကွာ၊ ဒီမှာ နားထောင်မလို့ဟာကို သွား သွား .. နောက်တစ်ခွက်သွားဖျော်သောက်'

'ဘာလို့ သွားရမှာလဲ၊ ငါလည်း နားထောင်ချင်တာပေါ့ကွ'

'ဒါဆို ငြိမ်ငြိမ်နေ၊ ရဲသင် ဆက်ပြောကွာ၊ ဘာလဲ ဇီတာ'

'ငါ့ပရောဂျက်နာမည် သိရုံနဲ့ မင်းတို့ ရိပ်မိလောက်တယ်ဆိုဟာ'

'ကိုကို့ဟာက ရိပ်မိဖို့ နေနေသာသာ ကြားတောင်မှ မကြားဖူးတဲ့ ဥစ္စာကြီးကို'



www.burmeseclassic.com

www.burmeseclassic.com



'အေးလေ'

'ကြာတယ်ကွာ ဟောကောင် ... လိုရင်းကိုပြော'

'လိုရင်းပြောရရင် ဇီတာဆိုတာက မင်းတို့ Oxford Advanced Learner's Dictionary ထဲမှာ သွားရှာကြည့်ရင် the 6th letter of the Greek alphabet လို့ တွေ့လိမ့်မယ်၊ သဘောက ဂရိဂဏန်း ခြောက်ပေါ့ ကွာ'

'ဟင် .. စိတ်နဲ့ ခြောက်နဲ့ ဘာဆိုင်လို့လဲ'

'အသေးစိတ် သက်ဆိုင်ပုံတွေကို အဘက်ဘက်က အချက်အလက် ပြည့်ပြည့်စုံစုံနဲ့ စနစ်တကျ သိပြီဆိုရင်တော့ ငါလည်း ဒီလိုဘယ်နေတော့ မလဲကွာ၊ အဲဒီကိစ္စရပ်တွေမှာ ငါ ဆရာတစ်ဆူ ဖြစ်နေမှာပေါ့၊ အခု ငါ နည်းနည်းသိသလောက်တော့ သုညကနေ ကိုးအထိ ဂဏန်းတွေဟာ ဖို ခြစ်ဒီခြစ် လျှောက်လုပ်ကြရင်းနဲ့ အလကားနေရင်း ပေါ်လာတဲ့ဟာတွေ မဟုတ်ဘူးကွ၊ တစ်ခုချင်းစီမှာ နက်ရှိုင်းတဲ့ အဓိပ္ပာယ်တွေ ပညာရပ်တွေရဲ့ သင်္ကေတ အမှတ်အသားတွေ အာကာသ စကြဝဠာသဘောတရားတွေ တော်တော်ကို ကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်း ရှိနေကြတယ်'

'ဘာလဲ နျူမရော်လော်ဂျီလိုဟာမျိုးကို မင်း ပြောချင်တာလား'

'နည်းနည်းတော့ ဆက်စပ် ပတ်သက်မှု ရှိတယ်၊ မင်းပြောတဲ့ နျူမရော်လော်ဂျီကို ချိုကြီးလို လူပြိန်းနားလည်အောင် ပြောရရင် ဂဏန်း ဗေဒင်ပေါ့ကွာ'

'ဟောကောင်'

ချိုကြီး ဒေါပွကာ လှမ်းဟန့်၏။ ရဲသင်က ဂရုမစိုက်။ မသိချင် ယောင်ဆောင်ကာ ဆက်ပြော၏။ တင်မောင်က သနားစရာ သတ္တဝါပါလား ဟူသော အကြည့်နှင့် ချိုကြီးကို လှည့်ကြည့်ရာ ချိုကြီးမှာ ရှုသိုးသိုးနှင့် မနေတတ်မထိုင်တတ် ဖြစ်ကာ နားထောင်လေ၏။ ရဲသင်မှ

'အနောက်တိုင်းမှာရော အရှေ့တိုင်းမှာပါ လောကီပညာရပ်တွေ လူ့စိတ်စွမ်းအင်တွေ တန်ခိုးသိဒ္ဓိတွေဟာ ကိန်းဂဏန်းတွေနဲ့ တော်တော် ကြီးကို ပတ်ပတ်သက်သက် ရှိကြတယ်ကွ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက နေ အခုခေတ်အထိကို ထူးခြားဆန်းကြယ်တဲ့ကိစ္စတွေ လောကီပညာတွေ





လူ့စိတ်စွမ်းအားတွေ တန်ခိုးသိဒ္ဓိဆိုင်ရာကိစ္စတွေကို စိတ်ဝင်စားကြတဲ့ လူ အမျိုးမျိုးတွေက သူတို့စိတ်ဝင်စားရာကိစ္စ အသီးသီးကို ကိန်းဂဏန်းတွေ ဘတစ်ဆင့် သဲလွန်စဖော်တာမျိုး ခြေရာခံတာမျိုး လုပ်လေ့ရှိကြတယ်၊ စိတ်မဝင်စားတဲ့လူတွေ အတွက်တော့ အလကားဟာတွေ အလကားကိစ္စ တွေပေါ့ကွာ၊ လုံးလုံး အယုံအကြည်မရှိတဲ့ လူတွေအတွက်တော့ ပိုတောင် ဆိုးသေးတာပေါ့၊ မဖြစ်နိုင်တာတွေပေါ့၊ ငါ ပြောချင်တာက အခု ငါဆက် ပြောမယ့်ဟာတွေက မင်းတို့ စိတ်ဝင်စားမှ နားထောင်လို့ အဆင်ပြေမှာ၊ စိတ်မဝင်စားရင် အဆင်ပြေမှာ မဟုတ်ဘူး၊ အူကြောင်ကြောင် ဖြစ်နေလိမ့် မယ်၊ ဘယ်လိုလဲ'

'ပြောစရာရှိတာ ပြော ဟောကောင်'

'အေးလေ ကိုကိုကလည်း ... စိတ်ဝင်စားလာအောင် သူ့ဟာသူ ဖြစ်တာတွေက ဖြစ်ခဲ့တာပဲဥစ္စာ'

'ဟုတ်တယ် ပြော ပြော'

'ဒီလိုဟ၊ မင်းတို့သိတဲ့အတိုင်း အစက ငါလည်း အဲလိုကိစ္စမျိုး တွေ သိပ်စိတ်ဝင်စားတာ မဟုတ်ဘူး၊ ဘာသိဘာသာ နေမိတာပဲ၊ ဒါပေမဲ့ ခုနက မေနီး ပြောသလိုပေါ့၊ စိတ်မဝင်စားလို့ မရအောင် ဘာမှန်းမသိတာ တွေ ခဏခဏ လာ လာဖြစ်နေတော့ ငါလည်း မလေ့လာလို့ မရတော့ ဘူးလေကွာ၊ အဲဒီမှာ ငါ စဉ်းစားတယ်၊ ဘာဖြစ်နေတာလဲ၊ ဒါက ဘာလဲ၊ ဒီကိစ္စဘာမှန်း ငါ သိရအောင် ဘယ်လိုလုပ်ရမလဲပေါ့၊ အဲဒီမှာ ငါ အဲဒီလို မျိုး ထူးထူးဆန်းဆန်း ကိစ္စတွေ စပြီး လျှောက်လေ့လာကြည့်တယ်၊ အဲဒီ မှာ ငါ ဘာသွားတွေ့လဲဆိုတော့ ထူးထူးဆန်းဆန်း လူသာမန်ဦးနှောက် နဲ့ ဘယ်လိုမှ တွေးကြည့်လို့မရတဲ့ ကိစ္စတွေက တစ်ကမ္ဘာလုံး အမှန်တကယ် ဖြစ်ပျက်နေတာ ဟုတ်တယ်ဆိုတဲ့ အခြေခံအချက်ကို သွားရှာတွေ့တယ်၊ ဘာမှန်းမသိတာ တစ်ခုကို လက်တွေ့ကျကျ လေ့လာကြည့်ဖို့က အဲဒီအချက် က အရေးကြီးဆုံးဟ၊ မင်းတို့ စဉ်းစားကြည့်လေ၊ ဘာကိစ္စမဆို အခြေခံကျ တဲ့ အချက်တစ်ခု မရှိဘဲနဲ့ ဘာဆက်လုပ်လို့ ရမှာလဲ၊ အားလုံး စမ်းတဝါး ဝါး ဖြစ်ကုန်မှာပေါ့၊ အခြေခံတွေ့တော့ ငါ ဆက်စဉ်းစားတယ်၊ ငါ ဖြစ်နေ တာတွေက စိတ်နဲ့ပတ်သက်တဲ့ ကိစ္စ ဖြစ်နေတာ၊ တခြားဟာ မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အဲတော့ စိတ်ကိုလိုက်ရမယ်ဆိုပြီး ဆိုင်ကိုလော်ရီနဲ့ ဆိုင်တဲ့ဘက်ကို ငါ လိုက်တယ်၊ အဲဒီတော့မှ ကျကျနန ဒုက္ခရောက်ပါလေရော'

'ဘာဖြစ်လို့လဲ'

'ဟ အဲဒီကိစ္စက အကျယ်ကြီးနဲ့ အကြီးကြီးဟ၊ ဘယ်က အစရှာ ရမှန်းကို မသိတာ၊ ပြီးတော့ သဘာဝလွန်ကိစ္စ၊ သဘာဝမကျတဲ့ကိစ္စကို စပ်စုရတာလေကွာ၊ အခန့်မသင့်ရင် ရူးသွားမယ့်ဟာမျိုးဟ၊ ရူးသွားတဲ့လူ တွေလည်း ငါ့ရှေ့မှာ သာဓက အများကြီး၊ ပြီးတော့ အဲဒီ သဘာဝလွန် နယ်ပယ်ကိစ္စမျိုးမှာ လူတစ်ယောက်ရဲ့ အသက်ဟာ ဘာမှမဟုတ်ဘူး၊ အချိန် မရွေး လွှော့သွားနိုင်တယ်ဆိုတာ ငါ သွားသတိထားမိတယ်၊ အဲဒါနဲ့ မဖြစ်ချေဘူးဟဆိုပြီး ပရောဂျက်တစ်ခုအနေနဲ့ သတိထားလုပ်မှ ရမယ်လို့ ဆုံးဖြတ်ရတာ'

'ဒါဆို မင်း အဲဒီကိစ္စတွေကို နည်းနည်းလောက်တော့ သိနေပြီ ပေါ့'

'အေး နည်းနည်းလေး သိသလိုပဲ၊ ပထမတော့ ငါ့အကျင့်အတိုင်း သဲကြီးမဲကြီးပေါ့ကွာ၊ နောက်မှ အရမ်းသွားလုပ်လို့ မရတာ သဘောပေါက် လာပြီး အေးအေးလူလူ လိုက်နေတာ၊ ကြားထဲကဟာတွေ မပြောတော့ဘူး ကွာ၊ ကြာလိမ့်မယ်၊ အခုတော့ ငါ ဘာဖြစ်ဖြစ်နေတယ်၊ မျက်ရှု ဘာဖြစ် ဖြစ်နေတယ်ဆိုတာ နည်းနည်းတော့ ရိပ်မိစပြုလာပြီ'

'ဘာဖြစ်နေတာလဲ အဲဒါဆို'

'connection သွားငြိနေတာ'

'ဘာ ဘာရယ်ကိုကို'

'connection သွားငြိနေတာလို့ ပြောတာ၊ သဘောကတော့ဟာ သူ့လှိုင်းနဲ့ ကိုယ့်လှိုင်းနဲ့ သွား သွားငြိနေတာ'

'ဘယ်လိုလဲ မင်းပြောချင်တာက ရေစက်ရှိတာမျိုး၊ နဖူးစာပါ တာမျိုး အဆက်ရှိတာမျိုးကို ပြောချင်တာလား'

'မဟုတ်ဘူး မဟုတ်ဘူး၊ အဲဒါမျိုးတွေနဲ့ ဘာမှမဆိုင်ဘူး၊ ငါ့ ပရောဂျက်ကို ငါ ဘာလို့ ဓီတာလို့ နာမည်ပေးလဲ သိလား၊ မင်းတို့ အင်္ဂလိပ်ဂဏန်းခြောက်ကို ဘယ်လိုရေးလဲ'





'ဘယ်လိုရေးရမလဲ ဒီလိုပေါ့ဟ'

တင်မောင်မှ ချိုကြီးအအေးခွက်ထဲ ဆိုးဆိုးဆတ်ဆတ် လက်ညှိုးနှင့် နှိုက်ပြန်ကာ စားပွဲပေါ်တွင် ရေးပြလေ၏။ ချိုကြီးမှာ တားချိန်ပင် မရ လိုက်။ တင်မောင် ခြောက်ဂဏန်းရေးပြလိုက်သည်နှင့် ရဲသင်ရုံမှ ချိုကြီး အအေးခွက် လက်ညှိုးနှစ်ပြန်ကာ တင်မောင့် ခြောက်ဂဏန်းဘေးတွင် အောက်ပါပုံကို ဆွဲပြလိုက်လေ၏။

၄

'ဘာကြီးလဲဟ'

'ဓီတာရဲ့ သင်္ကေတလေ၊ အဘိဓာန်ထဲမှာ သွားရှာကြည့်၊ သေး သေးလေးပါတယ်၊ အဲဒါ ဓီတာပဲ၊ ဂရိဂဏန်း ခြောက်ပဲ၊ အခုနေ ဓီတာ ကို လေ့လာလိုက်စားဖူးတဲ့ လူလေးယောက်လောက်ရှိရင် ဆုံပေးလိုက်၊ ငါ ဆွဲပြတဲ့ ဓီတာက မှားကိုမှားနေတာလို့ ဝိုင်းပြောလိမ့်မယ်၊ ပြီးရင် သူ တို့ချင်း ငြင်းရင်းသတ်ကြပုတ်ကြအထိ ဖြစ်လိမ့်မယ်၊ အပေါ်ကနေ စဆွဲ တာ၊ အောက်ကနေ စဆွဲရတာ၊ အလယ်ကနေ ဖောက်ဆွဲရတာ၊ အောက်က အဝိုက်က ပိုကြီးတယ်၊ အပေါ်က အဝိုက်က ပိုကြီးတယ်၊ အတွန့်လေးက နည်းနည်းသေးတယ် ကြီးနေတယ်နဲ့ ကျကျနနကို ငြင်းကြမှာ၊ ချိုကြီး အောက်ထိးကြီး ကြည့်မနေနဲ့လေကွာ၊ ငါ့ဘက်က လာကြည့်'

'အောင်မယ် ... ဆစ်နဲ့ ခပ်ဆင်ဆင်ဟ၊ အခု ဆစ်က ဘာလို့ လုံးလုံးကြီး ဖြစ်နေတာလဲ'

'သင်္ကေတတွေ ဖျောက်ပစ်လိုက်တာလေကွာ'

'ဘာလို့လဲ'

'မလိုလားအပ်တဲ့လူတွေ အတွက်ပေါ့၊ ဒီလိုကိစ္စမျိုးတွေကို ဆုံး သွားတဲ့ စာရေးဆရာ တာရာမင်းဝေတို့ ဆရာ မင်းသိင်္ခတို့လည်း လေ့လာ လိုက်စားဖူးကြတယ်ဟ၊ ဒါပေမဲ့ သူတို့နဲ့ ငါနဲ့ ချဉ်းကပ်ပုံလမ်းရော ယူဆ ချက်ရော တူချင်မှတူမှာ၊ ငါ့အယူအဆကတော့ ဓီတာကို ပတ်သက်မှုလို့ မြင်တယ်၊ ဒါကြောင့် ပရောဂျက်ခေါင်းစဉ် ပေးလိုက်တာ၊ ရှင်းပြရခက်



www.burmeseclassic.com

www.burmeseclassic.com



တယ်ကွ၊ ငါပြောတဲ့ ပတ်သက်မှု connection ဆိုတာက အချိန်နဲ့ နေရာ မရှိဘူး၊ အထီးအမ အကြီးအငယ် မရှိဘူး၊ သတ္တဝါမျိုးတူတာ မတူတာ မရှိဘူး'

'ဘယ်လိုကြီးလဲ'

'ဆိုကြပါစို့ကွာ၊ လူနှစ်ယောက်ပဲ ထားပါတော့၊ မဟုတ်သေးဘူး လူတစ်ယောက်နဲ့ သမင်တစ်ကောင်ပဲ ထားပါတော့၊ ရှိနေတဲ့ နေရာ လည်း တခြားစီ အဝေးကြီး၊ ဒါပေမဲ့ သူ့လှိုင်းနဲ့ ကိုယ့်လှိုင်းသွားငြိတဲ့ အချိန်တစ်ခုမှာ သမင်ကလည်း အဲဒီလူရှိနေပါလား ဆိုပြီး ဖျတ်ခနဲ သိ လိုက်သလို လူကလည်း လောကကြီးထဲမှာ အဲဒီသမင် ရှိနေပါလားဆိုတာ ဖျတ်ခနဲ သိလိုက်တယ်၊ ဒါပေမဲ့ အဲဒီ connection မိတဲ့အချိန်က ယံ ဖို့ကောင်းတယ်၊ ဘာမဆို ဖြစ်နိုင်တယ်၊ connection သွားမိတဲ့ object နှစ်ခုရဲ့ စိတ်စွမ်းအင်ပေါ် မူတည်နေတာ၊ ဘယ်လိုတောင် ဖြစ်နိုင်လဲ ဆို လား၊ သမင်က လူရှိနေကြောင်း သိလိုက်ချိန်မှာ လူက နောက်ဆုံးထွက် သက် နောက်ဆုံးစက္ကန့်မှာ သမင်တစ်ကောင် ရှိနေပါလားဆိုတာ ဖျတ်ခနဲ မြင်လိုက် သိလိုက်ပြီး သေသွားတာမျိုးတောင် ဖြစ်နိုင်တယ်၊ အဲဒါ connection နဲ့ မဆိုင်ဘူး၊ connection က သေခြင်းရှင်ခြင်းနဲ့ မပတ်သက် ဘူး၊ ဒါပေမဲ့ connection ကြောင့် သေခြင်းရှင်ခြင်းလည်း ဖြစ်သွားနိုင် တယ်၊ အဲဒီ connection ရဲ့ သင်္ကေတဟာ ဇီတာပဲ'

'ဟေ'

'သိပ်တော့ နားမလည်ဘူး၊ ဒါပေမဲ့ ကိုကိုဟာက ကြောက်စရာ ကြီး၊ မမျက်ရှုက connection တစ်ခုခု မိနေတာလား'

'မျက်ရှုမှ မဟုတ်ဘူး၊ လူတိုင်းက ဇီတာ မိနေတာ၊ အခု ညည်းတို့သုံးယောက်လုံး ဖြစ်ဖူးတယ်ဆိုတဲ့ဟာတွေက တစ်စုံတစ်ရာသော အဝန်းအဝိုင်း တစ်ခုခုနဲ့ ဇီတာ ဖျတ်ခနဲ သွားမိတာလို့တောင် ငါထင်တယ်'

'အမလေး ကြောက်စရာကြီး'

'ဘာကြီးလဲကွာ၊ မင်းဟာက ဒါဆို အရာအားလုံးဟာ connection ရှိနေတာလား'

'ငါကိုယ်တိုင် မသေချာသေးဘူး သူငယ်ချင်း၊ တင်မောင် ...





ခင်း တစ်ခု စဉ်းစားကြည့်လေ၊ ရှုရှားမှာရှိတဲ့ လူတစ်ယောက်ဟာ ရုတ် တရက် စိတ်ကူးတစ်ခု ပေါက်လာလို့ အဝေးမှာရှိတဲ့ အာဖရိကကိုသွားပြီး ဆင်ဆိုးတစ်ကောင်ကို ပစ်သတ်လိုက်တယ်၊ အဲဒီဆင်ဆိုးက အဲဒီဒေသမှာ လူတွေသတ်ပြီး ထွက်ပြေးနေလို့ အဲဒီဒေသက လူတွေပဲ အဲဒီဆင်ကို လိုက် ရှာနေတာ၊ အဲဒါတွေအားလုံး ရှုရှားကလူက သိတာမဟုတ်ဘူး၊ သူက အမဲလိုက်ပြီး ဆင်ပစ်ချင်လို့ လာပစ်တာ၊ ဆင်ကလည်း လိုက်ရှာနေတဲ့ ဒေသခံတွေကျ မသေဘူး၊ ရှုရှားပစ်မှ သေရော၊ သေချာ စဉ်းစားကြည့်၊ အဲဒီအထဲမှာ အပြင်ပန်းကြည့်ရင်တော့ တိုက်ဆိုင်တာပေါ့၊ ဒါပေမဲ့ အဲဒီ လောက် တိုက်ဆိုင်ရသလား'

အားလုံး ငြိမ်သွားကြလေ၏။ အတွေးကိုယ်စီနှင့်။ ရေကူးကန် အားတွင် အမှောင်သည် သိပ်သိပ်သည်းသည်း အားကောင်းစ ပြုလာပြီ။ မေနိုးက ရေကန်သို့ ငေးနေ၏။ တင်မောင်မှာ စားပွဲပေါ်မှ ခြောက်သွေ့ သွားပြီဖြစ်သော ဇီတာသင်္ကေတကို ကြည့်နေလေသည်။ ချိုကြီးမှာ အအေး ခွက်ကို မရည်ရွယ်ဘဲ ကိုင်ထားမိကာ ကြည့်နေ၏။ ရဲသင် အားလုံးကို တစ်ချက်ကြည့်ကာ ပြုံးမိ၏။ တိတ်ဆိတ်သွားခြင်းကို သူကပင် ပြန်ဖြိုခွင်း ၏။

'လာကွာ၊ ကြေးအိုးသွားသောက်ရအောင်၊ မင်းတို့ကလည်း ...'

တင်မောင် ဖျတ်ခနဲ ဖြစ်သွားကာ ရဲသင်မျက်လုံးကို တည့်တည့် စိုက်ကြည့်၍

'ပူရှ္တား မင်းက ဆင်လား'

ရဲသင် ပခုံးတွန့်ပြရင်း ပြန်ဖြေ၏။

'Don't know man .... မျက်ရှုကတော့ ရှုရှားမဟုတ်လောက် ဘူး ထင်တာပဲ'

မေနိုးမှ ...

'ဇီတာကို တစ်ခုခုနဲ့ ဖျက်ပစ်လို့ရလား ကိုကို'

ရဲသင် တစ်ချက်တွေသွားပြီး

'I am not sure ...'



www.burmeseclassic.com

www.burmeseclassic.com

# မီတာ

ရသာစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

ဝေ …

တောင်ပေါ်မှာ နှင်းတွေဝေလို့

ပန်းလေးတွေ ပွင့်လို့

လှလို့။

ဝေ …

အရှုးမလေးခေါင်းမှာ ပန်းတွေဝေလို့

သူ့မျက်နှာလေးလည်း ပြုံးလို့

လှလို့။

ဝေ …

ဒုက္ခသည် ကလေးလေးတွေကို ရိက္ခာတွေဝေလို့

သူတို့တွေ ကြည်နူးနေကြလို့

လှလို့။

ဝေ …

နောင်ဝေဝေ ကြေးစည်သံလေးက ဝေလို့

အမေကြီးမျက်နှာ အေးချမ်းလို့

လှလို့။

ဝေ …

သူ့ချစ်ခြင်းတွေ ဝေမျှလို့

အားလုံးအတွက် ဘဝသာယာဖို့

လှလို့။

အိမ်သူရွှေမ

(အတ္တပတ္တာ ကဗျာစုမှ)

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

(၁)

ရဲသင်ရဲ ရုံးခန်းထဲတွင် ဖြစ်၏။

'ငါပြန်ရောက်ကတည်းက တင်မောင်တို့ဆီက ကြားတယ်၊ ဒါပေမဲ့ င်းက tour group နဲ့ မြောက်ဦးဘက် ပါသွားပြီး ငါကလည်း Church ကိစ္စတစ်ခုနဲ့ ချင်းမိုင်ဘက် ထပ်ထွက်သွားရတော့ လွဲသွားတာ၊ ဟို ာင်တွေ မပြောပြဖူးလား'

'မင်းဟာက အရင်းမရှိ အဖျားမရှိ လုပ်ပြန်ပြီ ဖော်ဝါး၊ ဟိုကောင် တွေက ငါ့ကို ဘာပြန်ပြောရမှာတုံး'

'ဟ … အာ ‥ ဒီကောင်တွေ ထုံးစံအတိုင်း မေ့ကြပြန်ပြီ၊ ငါ သေသေချာချာ မင်းကို ပြောလိုက်ဖို့မှာခဲ့တာ'

'ဘာကိုလဲ'

'မင်းတို့ ထန်းရည်ဆိုင်မှာ ဖြစ်တဲ့ကိစ္စလေကွာ၊ မျက်ရှုလရောင် စ္စကို ပြောတာ'

'သြော် အေး၊ အခုတလော ဘာမှထပ်မဖြစ်လို့ ငါ မေ့တောင်နေ ာ၊ ဘာဖြစ်လဲ အဲဒီကိစ္စ'

'ငါ့မှာ အဲလိုကိစ္စမျိုးတွေနဲ့ ပတ်သက်ပြီး တော်တော် လေ့လာထား ဲ့ အသိတစ်ယောက် ရှိတယ်၊ မင်း စိတ်ဝင်စားရင် လိုက်ပို့ပေးမယ်လို့ မှာခဲ့တာ ဟိုနှစ်ကောင်ကို'

'ဟော ဟုတ်လား၊ ဘယ်သူလဲ၊ ဘယ်မှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဖြည်းဖြည်းလုပ်စမ်းပါဟ၊ မင်းကလည်း ဘယ်လိုဖြစ်တာလဲ'

'မဟုတ်ဘူး ဇော်ဝါး၊ မင်းတို့ သေချာမသိဘူး၊ အဲဒီကိစ္စက နည်းနည်းအရေးကြီးတယ်ဟ၊ ငါက လျှောက်စပ်စုထားတဲ့ကောင်ဟ'

'ရဲသင် ... မင်းက ငါ့ကို မိဘချမ်းသာလို့ တစ်ကမ္ဘာလုံး ပတ်သွားပြီး ဘာသာရေးကိစ္စတွေပဲ လျှောက်လုပ်နေတဲ့ကောင်လို့ပဲ မင်း ထင်လို့လား၊ မင်း မေ့သွားပြီလား၊ ငါ အရိုးဗေဒင် အဟော်ဟောပေးတာ တွေ၊ Magic Ball အဟော် မင်းတို့တွေကို ကြည့်ပေးတာတွေ ငါ ဘယ်တုန်း ကတည်းကလုပ်ခဲ့လဲ'

'ဖျောက်'

လက်ဖျောက်တစ်ချက်တီးကာ ရဲသင်ရဲ့ မျက်နှာဝင်းလက်သွားအောင်

'ကြည့်စမ်း ဟုတ်သားပဲ၊ ဇော်ဝါး .. ဆောရီး သူငယ်ချင်း ငါ လုံးလုံးမေ့နေတယ်'

ဇော်ဝါးပြုံးလိုက်ရင်း

'အဲဒါ ပြောတာပေါ့၊ ရဲသင် မင်းက မျက်လုံးလိုပဲ၊ အဝေးကြီးက ဟာတွေ အားလုံးမြင်တယ်၊ မင်းနားကပ်နေတဲ့ နှာရွက်ကျမမြင်ဘူး ဆို တာလိုပဲ၊ မင်း လိုက်စပ်စုနေတဲ့ ကိစ္စတွေကို ခုနက ငါ ပြောတဲ့လူဆီကနေ ငါ ဗဟုသုတတွေ အတွေးအမြင်သစ်တွေ အများကြီးရခဲ့တာဟ၊ ပြောရရင် အဲဒီကိစ္စတွေမှာ ငါ့ ဆရာတစ်ဆူပဲ'

'အိုကေ ဇော်ဝါး၊ ဘယ်သူလဲ ငါသွားတွေ့မယ်၊ မင်းတို့ ခရစ်ယာန် အသိုင်းအဝိုင်းကလား'

'မဟုတ်ဘူး၊ သူက ဘယ်ဘာသာမှ မကိုးကွယ်ဘူး၊ ဒါပေမဲ့ ဘာသာအားလုံးကို လေးစားတယ်၊ အရမ်းချမ်းသာတဲ့ ဆွေကြီးမျိုးကြီးက ဆင်းသက်လာတာ၊ ငါ စပိန်သွားတုန်းက မဒရစ်မှာ စတွေ့တာ၊ သူ့မှာ စိတ်ပညာနဲ့ ပတ်သက်တဲ့ ထူးဆန်းတဲ့ကိစ္စ တွေကို လေ့လာဖို့ အသင်းတစ်သင်း ထောင်ထားတယ်၊ သူတပည့်တွေ အပြောအရတော့ သူက တစ်စုံတစ်ရာ တစ်ခုခုကို မွေးရာပါ ပါရမီကြောင့် သိနေလောက်တယ်တောင် ပြောကြတယ်'

'ဒါဆို အသက်ကြီးပြီပေါ့'





'မကြီးသေးဘူး၊ သုံးဆယ်သာသာလောက်ပဲ ရှိဦးမှာ'

'ဘယ်မှာတုံး အဲဒီလူကြီးက'

'နယူးဒေလီမှာ၊ အခု ဘန်ကောက် ရောက်နေတယ်၊ ငါနဲ့ အဆက် အသွယ် အမြဲရှိတယ်၊ ရန်ကုန်လာဖို့လည်း ရှိတယ်၊ နေဦး သူက လူကြီး ဆိုပြီး ယောက်ျားကြီး မမှတ်နဲ့၊ မိန်းမကွ'

'ဟိုက်'



www.burmeseclassic.com

www.burmeseclassic.com

(၂)

ညစာထိုင်စားနေကြစဉ် ဖြစ်၏။

'အန်ကယ်ဘုန်း'

'ဗျူး ...'

ထမင်းလုတ် ပါးစပ်ထဲရောက်နေခိုက်ဖြစ်၍ ဦးဘုန်းရဲ ပြန်ထူးသံ ဆင်သံပေါက်သွားလေ၏။ ရဲသင်ရဲ ရယ်လေသော် ဦးဘုန်းရဲမှ မျက်ာင်းလှည့်ထိုး၏။ ပြီးမှ ထမင်းလုတ် မျိုချကာ

'ပြော သမီး'

'ဟိုဟာ .. ရှေ့လထဲကျရင် ဒက်ဒီခွင့်တင်လို့ရတယ်တဲ့ အန်ကယ်၊ ဒီနဲ့ မာမား ခဏ ပြန်လာမယ် ပြောတယ် အန်ကယ်၊ သူတို့လည်း ရောက်တာ ကြာလို့တဲ့၊ နောက်ပြီး အန်ကယ်နဲ့လဲ တိုင်ပင်စရာလေး ရှိလို့တဲ့၊ အီးမေးလ်ရတယ်၊ အဲဒါ ...'

'ဟ ... အေး ကောင်းတာပေါ့ဟ၊ ဒီမှာပဲ တည်းကြပစေလေ၊ မပြောလိုက်ဘူးလား၊ အေး ကောင်းသကွာ၊ ငါ့နှမနဲ့ ငါ့ညီ မတွေ့ အတော်ကြာပြီ၊ သမီးက စာပြန်လိုက်တာ မဟုတ်ဘူး၊ ဒီမှာပဲ ည်းကြလို့၊ ဘယ်တွေသွားချင် ဘာတွေလုပ်ချင် လုပ်ထားပေးရမလဲလို့ လုပ်ပေးထားရအောင်၊ ပုဏ္ဏားလည်း ရှိတာပဲဟာ'

'အဲ အဲဒါ အန်ကယ် ... ဒက်ဒီနဲ့ မာမားကလည်း ဖြစ်နိုင်ရင် ာလဲတည်းချင်လို့ အန်ကယ့်ဆီ လှမ်းခွင့်တောင်းတာ၊ သမီးက ပြောမလို့



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်က တန်းခွင့်ပြုနေတော့ ဘာဆက်ပြောရမှန်း မသိဘူး'

'ဘာမှ ပြောမနေနဲ့၊ အခု ထမင်းစားပြီးရင် မေးလ်ပြန်ပို့လို ဘာတွေ ကြိုလုပ်ပေးထားရမလဲသာ ပြောလို့ အန်ကယ်က ပြောတယ် ရန်ကုန်ပြန်လာနေရတာ မဲလ်ဘုန်းမှာ နေရတာထက် သာစေရမယ်လို့ ဟား ဟား ဟား'

'ဟုတ် .. ပြန်လိုက်မယ် အန်ကယ်'

'နေဦးဟ၊ မေနိုး ညည်းမောင် ဂျိုနသန်ပါ ပါလာမှာလား'

'ဟင် ကိုကိုကလည်း ... နာနားက ကျောင်းရှိတယ်လေ၊ လို လာလို့ မရဘူး'

'ဟ ဒါဆို ဘယ်သူနဲ့နေခဲ့တုံး၊ အန်ကယ်ဂျော့ရှ်ရော အန်တီ ရော နှစ်ယောက်လုံး ပြန်လာတော့'

'အာ ကိုကိုက မေ့ပြန်ပြီ၊ ဘေးအိမ်ကပ်လျက်က အန်က အဲလ်ဘတ်တို့လေ၊ သူတို့နဲ့ နေခဲ့မှာပေါ့'

'သြော် အေး ဟုတ်သား'

'နေဦး သမီးရဲ့၊ ဂျော့ရှ်တို့က အန်ကယ်နဲ့ တိုင်ပင်စရာရှိ ဘာလဲ၊ သမီးကို ပြောသေးလား'

'အတိအကျတော့ မပြောဘူး အန်ကယ်၊ သမီးကိုစွလို့တော့ ပြေ တာပဲ'



(၃)

'တကယ်ပြောတာဟဲ့ တင်မောင်ရဲ့၊ ငါ ဘာဆိုဘာမှကို မမှတ်မိတာ၊ ငါ မှတ်မိတာဆိုလို့ ငါ မိုက်ခနဲ ဖြစ်သွားပြီး လမ်းဘေးချရပ်လိုက်တယ်၊ နောက် ငါ့ကျောထဲက စူးခနဲ အောင့်လာတယ်၊ အဲဒါပဲ ငါသိတော့ ကျန်တာ ငါ ဘာမှမသိတော့ဘူး၊ ငါ ပြန်နိုးလာတော့ ငါ့အခန်းထဲ ငါ့အိပ်ရာပေါ်မှာ၊ ငါ ဘာမှမမှတ်မိဘူး၊ ဒါပေမဲ့ ငါ့အိမ်ကလူတွေကို အဲဒါမပြောပြချင်သေးလို့ မပြောသေးဘူးဟ၊ တော်ကြာ စိတ်ပူလွန် လျှောက်လုပ်ကုန်ကြမှာစိုးလို့'

'ရဲသင်ကတော့ သိပ်အံ့သြပုံမရဘူး၊ ငါရယ် ချိုကြီးရယ် မေနိုးကတော့ လုံးဝရှော့ခ်ပဲ၊ ဘယ်လိုမှ မထင်ထားတဲ့ ကိစ္စလေဟာ'

'အေးဟာ၊ ငါလည်း မေနိုးကို အားနာလိုက်တာ၊ သူ့ကို ရောက်ရောက်ချင်းနေ့ကတော့ ငါ မမှတ်မိဘူးဟ၊ နောက်တော့လည်း မှတ်မိသွားတယ်ဟာ၊ သူလည်းမအား ငါလည်းမအား ဖြစ်နေလို့ မနှုတ်ဆက်ဖြစ်သေးတာဟ၊ အခုလည်း ငါက ဘာတွေ သွားပြောမိခဲ့မှန်းမသိတော့ မျက်နှာတယ်ဟာ၊ မတွေ့ရဲသေးဘူး၊ ပုဏ္ဏားကရော ဘာပြောလဲ'

'ငါလည်း ကြောင်နေတော့ နင် ပြောသွားတာတွေ ကြားတစ်ချက်ကြားတစ်ချက်ဟ၊ မေနိုးကိုတော့ နင် အရမ်းကြီး အားနာမနေပါနဲ့၊ သူတောင် နင့်ကို ပြန်ပြီးစိတ်ပူနေတာ၊ နင် နေမကောင်းဘူးထင်လို့ နင့်ကိုဆက်သွယ်တာပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဟိုကောင်က ဘာပြောလဲ'

တင်မောင် အခက်တွေ့သွား၏။ ဟိုကောင် ပြောခဲ့သမျှတွေကို လည်း ဘာမှမသိသော မျက်ရှ အရမ်းကြောက်လန့်သွားမည်စိုး၍ ပြန်မပြော ပြချင်။ တစ်ခုခု မပြောလို့ကလည်း မဖြစ်။ ဒီကြားထဲ သူတို့ချင်း တွေ့သေး လား မတွေ့သေးလားလဲ မသိ။ အစ်အောက်ကြည့်ရန် ကြံ၍

'နင့်ကိုရော ဘာပြောလဲ'

'အဲဒီနေ့ထဲက မေးချင်လို့ ကိုယ်တော့်ကို ရှာ ရှာနေတာ တကထဲ ဖုန်းများနေသလားတောင် ထင်ရတယ်၊ တွေ့ကို မတွေ့ဘူး၊ ဟိုတလောက စိတ်မရှည်လွန်းလို့ အိမ်မှာ နေ့ရောညရောနေပြီး ဒင်းကိုစောင့်တာ မတွေ့ ဘူး၊ ဖုန်းဆက်တော့လည်း အိမ်ဖုန်းက ဘယ်တော့မှ မရှိဘူး၊ G ကျတော့ လည်း မရဘူး'

သူတို့ချင်း မဆုံကြသေးပါလား။ တင်မောင် စိတ်သက်သာရာရ သွား၏။

'မဟုတ်ဘူးဟ၊ ဒီကောင် စီးပွားရေးသောင်းကျန်းနေတာ၊ ဇော်ဝါး က နိုင်ငံခြားမိတ် အရမ်းများတယ်လေ၊ အဲဒါ ဇော်ဝါးနဲ့ဆက်ပြီး ဒီကောင် တွေ tour group ရ ရနေလို့ ခရီးတွေ လျှောက်သွားနေတာဟ၊ အခု ချိုကြီးတောင် ဒီကောင့်ရုံးမှာ ဝင်လုပ်နေတယ်၊ ဒီကောင် တစ်ယောက်ထဲ မနိုင်တော့လို့'

'ဟင် .. နင်ကျတော့ရော'

'ဟ ငါသွားလုပ်လို့ မရဘူးလေဟာ၊ အခု နင်ရောက်နေတဲ့ ငါ့ ကားရေဆေးဆီထိုးနဲ့ ဝပ်ရှော့ကို ဘယ်သိကြားမင်းက ဆင်းအုပ်ချုပ်ပေး မှာတုံး၊ နင် ငါ့ကားရဲ့ ယူလုပ်မလား၊ ငါ ပျော်ပျော်ကြီး ဟိုကောင်တွေနဲ့ သွားနေလိုက်မယ်'

'တော်ပါတော်၊ ငါ့ဟာငါ ပန်းဆိုင်ဖွင့်ဖို့ လုပ်နေတာပဲ ကောင်း ပါတယ်'

'နေဦး နင် ထပ်ဖြစ်သေးလား'

မျက်ရှ တွေဝေသွား၏။ စဉ်းစားနေ၏။ ခဏကြာမှ

'ဖြစ်တော့ မဖြစ်တော့ဘူးဟ'





'နင်ကလည်းဟာ မဖြစ်တော့တာကို ဒီလောက်တွေးနေရသလား'

'မဟုတ်ဘူးဟ'

'ဘာလဲ ဘာဖြစ်လို့လဲ'

'ငါ အခုတလော မှန်တွေကြည့်ရမှာ ကြောက်နေတယ်'

'ဟေ ...'



www.burmeseclassic.com

www.burmeseclassic.com

(၄)

အလုပ်ရှုပ်နေ၍ ဘယ်သူနှင့်မျှ မတွေ့တာ အတော်ကြာပြီ။ စိတ်ဆင် တစ်လခွဲတောင်ရှိပြီ ထင်၏။ သူနှင့် လိုက်နေသဖြင့် ချိုကြီး တောင် ရှစ်ပေါင်ကျသွားသည်ဟု သိရ၏။ ဖော်ဝါးဆိုသော အကောင်ကလည်း ဆက်ပေးတုန်းက မဆက်ပေး။ ဆက်ပေးမယ့်ပေးတော့လည်း အပြုံလိုက်။ ရောက်လာလိုက်ကြတဲ့ ဧည့်သည်တွေ။ တစ်ယောက်ချင်းရော၊ စုံတွဲတွေရော၊ အုပ်စုလိုက်ရော။ သွားချင်ကြသည်ကလည်း နေရာအစုံ။ ချိုကြီးနှင့် မိမိ မနိုင်တော့။ ရုံးမှာ လူထပ်ခန့်ရ၏။ ရုံးကို အဟန့်ကောင်းသောနေရာ ပြောင်းရ၏။ ဒီကြားထဲ အပြိုင်အဆိုင် အတွန်းအတိုက် အခုတ်အလှီးတွေက လေဆိပ်၊ သင်္ဘောဆိပ်မှစ၍ တစ်နိုင်ငံလုံး အနှံ့အပြား။ ကျောလှည့်ပေးလို့မရတဲ့လူတွေ များလာ၏။ မေနိုးကိုပါ ရုံးခေါ်ရပြီ။ မဆိုးဘူးအဆင့်ဆက် တယ်ဟုတ်ပါလားအဆင့် မိနေ၍ သက်ပြင်းချရ၏။ အခုလည်း ချိုကြီးက မြိတ်ကျွန်းစုမှာ၊ မေနိုးက ပုဂံမှာ။ မိမိကတော့ မုန်တိုင်းတွေ ဝင်ခဲ့သော ဒေသတွေကိုမှ တကူးတက ကြည့်ချင်လှပါချည်ရဲ့ဆိုသော အနောက်တိုင်းသားအုပ်စုနှင့်တိုးကာ လှည့်လည်သွားလာရင်း ညနေကမှ ဖုန်အလူးလူးနှင့် အိမ်ပြန်ရောက်၏။ စိတ်တိုင်းကျ ရေကူးပစ်လိုက်ပြီး ညစာစားကာ အိမ်၏အရသာကို ကျုကျုနန ခံစားပစ်လိုက်၏။ Home နှင့် House နှင့် ဘာကွဲနေသနည်းဆိုသည်ကို ကိုယ့်ဟာကိုယ် အလုပ်ရှုပ် ကြည့်တော့မှ ပိုပိုပြီး သိလာသလိုလို။ အဖေ့ကို ပိုနားလည်လာ၏။ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အဖေဟာ တစ်သက်လုံး အပြင်မှာကိစ္စရှိလို့ ဘယ်လောက်ညနက်နက် အိမ်ကို မရောက်ရောက်အောင် ပြန်ပေတာကိုး။ နောက်ဆို ငါလည်း အိမ်မရောက်ရောက်အောင်ပြန်မှဟု စိတ်ကူးထူးဆန်း ရ၏။ ထမင်းစားပြီးသော် ဂျက်ဆီကာအယ်လ်ဘာကားမျိုးစုံကို ခြေပစ်လက်ပစ် ကြည့်ပစ်ရင်း အိပ်ရာထဲမှာ အိပ်တစ်ဝက်နိုးတစ်ဝက် ဖြစ်နေ၏။ ဖုန်းမြည်လာ၏။ နာရီကြည့်တော့ ညရှစ်နာရီခွဲ။ မေနိုးထံမှ။

'ကိုကို ဘယ်မှာလဲ'

'အိမ်ပြန်ရောက်နေပြီ ညနေက၊ ညည်း အဲဒီမှာ အိုကေရဲ့လား'

'မေနိုးပါကိုကိုရဲ့၊ ဆရာမကြီးပါ မအိုကေစရာ မရှိဘူး ဟဲ ဟဲ'

'ဟိုတယ်မှာလား'

'အင်း အိပ်တော့မလို့'

'အိုကေ ဂွတ်နိုက်၊ မအိုကေတာရှိရင် ဆက်'

'အိုကေ ကိုကို၊ ဘိုင် .. အိပ်မက်လှလှ မက်ပါစေရှင်'

'ကောင်မလေးနော်'

ဖုန်းချသွားတော့ ဖုန်းကိုပစ်လိုက်ပြီး ရုပ်ရှင်ဆက်ကြည့်နေလိုက်သေး၏။ ဘယ်လိုကဘယ်လို အိပ်ပျော်သွားမှန်း မသိ။

ဖျတ်ခနဲ ပြန်နိုးလာတော့ ပထမဆုံး သိလိုက်သည်မှာ တိတ်ဆိတ်အေးစက်နေသော အလင်းရောင်မှိန်မှိန် အိပ်ခန်းတစ်ခု။ ရုတ်တရက် သိလိုက်သည်။ ဤအခန်းသည် မိမိအိပ်ခန်း မဟုတ်။ အိပ်ရာမှ ချက်ချင်း ထလိုက်သည်။ ခန္ဓာကိုယ်မှာ အားနည်းနေသလိုလို ခပ်ပျော့ပျော့။ ကုတင်ပေါ်မှ ခြေနှစ်ချောင်းချ၍ ထိုင်လိုက်သည်နှင့် အိမ်တွင်းစီး ချစ်စရာမွေးပွဖိနပ်လေးတစ်ရန်ကို သတိထားမိ၏။ အကျင့်ပါနေကျအတိုင်း ဖိနပ်နှစ်ဖက်ကို ကြည့်ပင်မကြည့်ဘဲစီးကာ ထလျှောက်လာမိ၏။ ညာဘက်မှ ခုနှစ်ပေကျော်မြင့်သော ကျွန်းသားအစစ်ဗီရိုကြီးတွင် ကိုယ်လုံးပေါ်မှန်ကြီးတစ်ချပ်။ မရည်ရွယ်ဘဲ မှန်ကြီးရှေ့သို့ သွားမိ၏။ မှန်ကြီးထဲတွင် ပေါ်လာသော ပုံရိပ်ကို ခေါင်းဖျား ခြေဖျား မြင်ရပြီ။

အလွန်တရာ အံ့ဩထိတ်လန့်သွားသဖြင့် အရမ်း အော်မိလိုက်နိုင်သော အသံကို လက်နှစ်ဖက်ဖြင့် ပါးစပ်ကို ပိတ်ကာ ထိန်းလိုက်ရလေ၏။





ဘို့နောက် ပုံရိပ်ကိုကြည့်ရင်း ဖရိုဖရဲ အလန့်တကြား။ မှန်ထဲတွင် ပေါ်နေသော ပုံရိပ်မှာ မိမိ ရဲသင်ရဲ့ မဟုတ်။

'မျက်ရှုလရောင်'

အရာအားလုံး ချက်ချင်း မှောင်အတိကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

မီတာ

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

ကျမ်းတကာတို့၏ အပြင်ဘက်ထွက်ကာ ငါတို့သည် ...
ဤမည်သော နေရာတွင် ထိုကြမ္မာသည် ရှိအံ့ ...
ထိုကြမ္မာသည် ငါ၏အရာဖြစ်လျှင် ငါ လာမည်
ငါသည်

နတ်ဘုရားတို့ ရေတွက်အပ်သော
ဆဋ္ဌမနေရာ
ဓိတာ ဖြစ်သည်

ရှသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# (၁)

တောင်ကမူစွန်းတစ်ခုတွင် သူ ရပ်နေ၏။

ဘာကြောင့် ရပ်၍ နေမိသည် မသိ။။ မည်သို့သောကိစ္စကြောင့် ဤသို့သောနေရာကို ရောက်၍လာရသည်ကိုလဲ မသိ။ မိမိဘဝတွင် ဤ [illegible]သို့ တစ်ခါမှ မရောက်ခဲ့ဖူးကြောင်းတော့ သေချာ၏။ မိမိရပ်နေသော [illegible]၏ တစ်ဖက်တွင် အင်မတန်မှ နက်ရှိုင်းလှသော ချောက်ကမ်းပါး [illegible] အောက်တွင် မှုန်မှိုင်းသေးကွေးလှစွာ မြင်ရသော လွင်ပြင်စိမ်းများ [illegible] တောင်ကုန်းတောင်တန်းများသည် သေးကွေးမှုန်မွှားလှစွာ။ အိုး ... [illegible]တိမ်မျှင်များက မိမိ ရောက်နေသောနေရာ၏ မြင်ကွင်းအောက်တွင် [illegible]င်မျှင် အဆုပ်ဆုပ် ပျံသန်းလျက်။ လေသည် တသုန်သုန် ဖြည်းဖြည်း [illegible] တိုက်ခတ်လျက်။ ပြင်းလည်း မပြင်း။ ငြိမ်လည်း ငြိမ်မနေသော [illegible]ညင်သာသာ။ အဝတ်အစားများနှင့် ဆံပင်များ တလွင့်လွင့် တဖျတ်ဖျတ် [illegible]ပျံ့နေကြသံများကို ကြားနေရ၏။ ပတ်ဝန်းကျင်သည် ထိတ်လန့်ဖွယ် [illegible] တိတ်ဆိတ်၍ နေလေသည်။ အာရုံမှ သိ၍နေသည်မှာ ညမဟုတ်။ [illegible] သို့သော် အချိန်ကာလကို ခန့်မှန်း၍ မရ။ မနက်လား၊ နေ့ခင်းလား၊ [illegible]လား မကွဲပြား။

နေရောင်သည် မိမိအောက်ရှိ လွင်ပြင်ပေါ်မှ တိမ်များကိုဖြတ်၍ [illegible]ရွှာ ဖြာကျနေ၏။ သို့သော် လျော့တိလျော့ရဲ။ မိမိ၏ အဝတ်အစား [illegible]ကို လေတိုက်ခတ်၍ မြည်လာသော တဖျတ်ဖျတ်လွင့်နေသံများ[illegible]လွဲ



www.burmeseclassic.com

www.burmeseclassic.com



၍ ပတ်ဝန်းကျင်သည် ထူးခြားလှစွာ အလွန်တိတ်ဆိတ်လျက်။ ကျေးငှက်သံများပင် မကြားရ။ မြင်ကွင်းတဆုံး မိုးကုပ်စက်ဝိုင်းအထိ လှုပ်ရှားမှုတစ်စုံတစ်ရာ၊ သက်ရှိတစ်စုံတစ်ရာ မတွေ့ရ။ စိတ်ထဲတွင် အမျိုးအမည်မသိသော တစ်စုံတစ်ရာ ခံစားမှုကို ရုတ်တရက် ခံစားလာရ၏။ တစ်စုံတစ်ရာ ဖြစ်လာတော့မည်ဟူသော အသိ။ ဘာလဲ။ ဘာဖြစ်လာမှာလဲ။ နောက်ဘက်သို့ တစ်ချက် ပြန်လှည့်ကြည့်မိ၏။ မညီညာသော မြေပြင်၊ အတွန့်အလိပ်များနှင့် တမျှော်တခေါ် စိမ်းစိုသော လွင်ပြင်ကြီး။ သို့သော် လှုပ်ရှားမှုမရှိ။ သက်ရှိမရှိ။ ခပ်လှမ်းလှမ်း မြူခိုးများ ဝေနေသောကြားတွင် မြင့်မားသော တောင်ကုန်းတောင်တန်းများလို အရာများ။ ရုတ်တရက် သူ လှုပ်ရှားလာ၏။

မိမိ အလိုဆန္ဒနှင့် ဆန့်ကျင်လှသော ခြေလှမ်းများက ချောက်ကမ်းပါးစွန်းဘက်သို့ တစ်လှမ်းချင်း။ မသွားနဲ့။ မသွားပါနဲ့။ စိတ်ထဲက အကြောက်အကန် အော်ဟစ်၍နေသော်လည်း ခြေလှမ်းများကမူ ပုံမှန်ရွေ့သွားနေဆဲ။ ချောက်ကမ်းပါးသည် လေးငါးလှမ်းမျှပင် မဝေးတော့။ အလွန်အမင်း ထိတ်လန့်စိတ်က ရုတ်ချည်း ကြီးစိုးလာ၏။ သေခြင်းတရားကို ကြောက်ရွံ့နေခြင်း မဟုတ်။ ရုတ်တရက် ဖြစ်လာတော့မည့် မိမိ မလိုလားအပ်သော တစ်စုံတစ်ရာကို ထိတ်လန့်စွာ ငြင်းဆန်လိုခြင်း ဖြစ်၏။ အရာရာအားလုံးသည် မိမိအလိုအတိုင်း မဟုတ်တော့။ နောက်ဆုံး မိမိခန္ဓာကိုယ်သည်ပင် မိမိဆန္ဒအတိုင်း မဟုတ်တော့။ ရုတ်တရက် မိမိခန္ဓာကိုယ်မှာ လွင့်ခနဲ ပျံဝဲတက်သွား၏။ ချောက်ကမ်းပါးကို ကျော်လွန်ပြီး ချောက်တည့်တည့်အပေါ်မှ လေထဲမှာ။ အဝတ်အစားများ လွင့်နေသံ တဖျတ်ဖျတ်အပ ဘာမှမကြားရ။ ကိုယ်ခန္ဓာသည် ဘာကိုမှ မှီတွယ်ထားခြင်း မရှိတော့။ မိမိခြေထောက်များသည် ဘာပေါ်မှ ရပ်နေသည် မဟုတ်တော့။ အောက်သို့ငုံ့ကြည့်လိုက်မိ၏။

'အား ...'

တိမ်ငွေ့များ လွင့်ဝဲနေသော အသူကာရာချောက်ကြီး။ မှောင်မည်းနေ၏။ သူသည် ထိုအထဲသို့ ကျဆင်းသွားတော့မည် သို့မဟုတ် တစ်ခုခုထပ်ဖြစ်တော့မည်ကို ရုတ်တရက် သိလာ၏။ အော်ဟစ်လိုက်မိသည်။





အသံက ထွက်မလာ။ ထိုစဉ် ...

သူ့ခန္ဓာကိုယ်သည် လေထဲတွင် ရပ်တန့်ငြိမ်သက်နေရာမှ ဝုန်းခနဲ ရှိန်မြန်စွာ လွင့်ထွက်သွားလေ၏။ ခြေထောက်အောက်မှ ချောက်ထဲသို့ မဟုတ်။ မီးခိုးရောင် တိမ်များရှိရာ ကောင်းကင်ဆီသို့ အလွန်လျှင်မြန်လှသော အရှိန်အဟုန်နှင့်။ ထိန်းချုပ်နိုင်သော စွမ်းအင်သူ့တွင် မရှိတော့။ အလန့်တကြား ကြည့်မိသည်။ သူ့တွင် ခန္ဓာကိုယ် မမြင်ရတော့။ ဤသို့ဆိုလျှင် ...

'ဟင်း ...'

အလန့်တကြား နိုးလာ၏။ နိုးလာရုံတင်မက အိပ်ရာထက်တွင် ထ၍ ထိုင်ပြီးသား ဖြစ်နေ၏။ လူတစ်ကိုယ်လုံးလည်း မောပန်းနုံးချည့်နေသည်။ ချွေးစေးများထွက်လျက် ခန္ဓာကိုယ်သည် အေးစက်စိုထိုင်းနေ၏။ သို့သော် နှလုံးခုန်နေသည်ဟူသော အသိကို လုံးဝ မသိရ။ ဘုရားတရှိန်း ညာဘက်လက်နှင့် နှလုံးရှိရာကို အုပ်စမ်းကြည့်မိ၏။ ဗုဒ္ဓေါရေ...။ ဘာလှုပ်ရှားမှုမှ မသိရှိရပါလား။ သူ့နှလုံးသည် ရပ်တန့်နေခဲ့လေသလား။ ဘယ်ဘက်ကို လက်နှင့်ဖိရင်း အိပ်ရာထဲသို့ ပက်လက်အနေအထားအတိုင်း ဖြည်းသာအယာ ပြန်လှဲချလိုက်၏။ ဤကြားထဲ မျက်စိမှ အကျင့်ပါနေသည့်အတိုင်း အခန်းထဲကို ကပျာကယာ အကဲခတ်ဖြစ်အောင် ခတ်လိုက်မိသေး၏။

မိမိအိပ်ခန်းထဲမှာပင် နံနက်စောစော ဝေလီဝေလင်းအချိန်။ လုံခြုံစိတ်ချရသောနေရာဟု အသိက သိပြီးနောက်တွင်တော့ မျက်စိ မှိတ်ကာ ဘယ်လက်လေး ငြိမ်ငြိမ်နေလိုက်တော့၏။

'ဒုတ်'

ညာဘက်လက်ဖြင့် ဖိထားသော နှလုံးဆီမှ သွေးတိုးမှုကို စခံစားရ၏။

'ဒုတ် ဒုတ် ဒုတ်'

ထူးထူးဆန်းဆန်း ငါ မသေသေးပါလားဟု ခံစားလာရ၏။ နှလုံးပြန်ခုန်လာနေသည်ကို ပျော်သလိုလို ဖြစ်လာ၏။ ဘယ်ဘက်ရင်အုံ၏ ပုံ



www.burmeseclassic.com

www.burmeseclassic.com



မှန် လှုပ်ရှားလာမှုတစ်ခုသည် အမျိုးအမည် မသိသော ခံစားမှုကို ဖြစ်ပေါ်စေလေ၏။ အရာအားလုံးသည် ပုံမှန် ပြန်ဖြစ်၍ သွားလေပြီ။ ဗိုးတဝါး မှတ်ဉာဏ်အတွင်း အရာအားလုံးသည် တစ်ခုချင်း ကွယ်ပျောက်သွား၏။ စနစ်ကျနစွာ။

မျက်ရှုလရောင် အိပ်ရာမှ နိုး၍ လာလေသည်။

သူ ဘာမှမမှတ်မိပါ။ အလွန် ခေါင်းကိုက်ခြင်းကိုတော့ ခံစားနေရလေ၏။ ထို့ပြင် ပင်ပန်းလှသော ခရီးရှည်ကြီးတစ်ခုကို အပြီးသတ်ခဲ့ရသူလို သူ နွမ်းနယ်နေ၏။ ကောင်းကောင်းအိပ်၍ မပျော်ခဲ့ဟု သူ ထင်၏။ သူ ခေါင်းကိုက်လာလေသည်။ ဆေးသောက်လိုက်ဦးမှ။

တစ်စုံတစ်ရာ အဓိပ္ပာယ်ရှိလေသော ညတစ်ညကို ဖြတ်သန်းခဲ့ရကြောင်းကိုတော့ မျက်ရှုလရောင် သိရှိခဲ့ခြင်း မရှိပါ။



(၂)

'ငါ တော်တော် လန့်သွားတာ ဇော်ဝါး၊ တကယ်ပြောတာ၊ ငါ့ တစ်သက်နဲ့တစ်ကိုယ် ဖြစ်ဖူးဖို့မပြောနဲ့၊ ကြားတောင် မကြားဖူးဘူးဟ၊ ငါ စဉ်းစားကြည့်တယ်၊ ဘာဖြစ်တာမှန်းလဲ မသိဘူး၊ ငါက ငါမဟုတ်ဘူးကွာ၊ ငါတော့ ငါပဲ၊ ဒါပေမဲ့ ငါလည်း မဟုတ်ပြန်ဘူး၊ ဘယ်လိုပြောရမှန်းလဲ မသိဘူးကွာ၊ တစ်မျိုးကြီးဟ'

'မင်း မှတ်မိသလောက်တော့ အသေးစိတ် ပြောပြကွာ၊ ဆက်စပ်ပြီး စဉ်းစားရအောင်လို့၊ မင်း သိပါတယ် ပုဂ္ဂိုလ်းရာ၊ အဲဒီကိစ္စတွေက…'

'အခန့်မသင့်ရင် အသက်ပါသွားနိုင်တယ်'

အခန်းထဲတွင် ငြိမ်ကျသွားလေ၏။

လေအေးပေးစက်သံ တဒီဒီကိုသာ ကြားနေရ၏။ မည်သူမျှတော့ မရှိပါ။ ရဲသင်ရဲ ရုံးခန်းထဲတွင် ဇော်ဝါးနှင့် ရဲသင် နှစ်ယောက်တည်း။ ဇော်ဝါးက ရဲသင်ရဲကို ခပ်တည်တည် စိုက်ကြည့်နေ၏။ ရဲသင်ရဲမှလည်း ဇော်ဝါးထံမှ မျက်လုံးမလွှဲ။ အတန်ကြာမှ ဇော်ဝါးက ဟက်ခနဲ တစ်ချက် ရယ်ကာ ပြောလေ၏။

'ရဲသင် မင်းဟာလေ ကိုယ်ဖြစ်တာကိုယ် ဘာမှန်းမသိသေးဘူး၊ အခြားလူကို လာစပ်စုနေပါလား'

ဇော်ဝါးသည် အသင့်ရှိနေသော ရဲသင်ရဲစားပွဲပေါ်မှ စက္ကူလွှတ်အစ်ရှက်ကို ဆွဲယူကာ အသင့်ရှိနေသော ဘောပင်ကို stand ထဲမှ ထုတ်၍ ရဲသင်ထံ ထိုးပေးပြီး …



www.burmeseclassic.com

www.burmeseclassic.com



'ရှေ့ ရေးစမ်းကွာ၊ မင်းက နျူမရော်လော်ဂျီ အကြောင်း တွေးနေလို့ ခိုင်းတာ၊ ဒီစက္ကူပေါ်မှာ တစ်ကနေ တစ်သောင်းအတွင်း မင်းကြိုက်တဲ့ နံပါတ်ရေးလိုက်၊ အခု မင်း ဘာစဉ်းစားနေတယ်ဆိုတာ မပြောနိုင်ရင် ငါ မင်းကို တစ်သက်လုံး အဆက်အသွယ် မလုပ်တော့ဘူး'

ရဲသင်ရံမှ တစ်ချက်ပြုံးလိုက်ကာ စာရွက်နှင့်ဘောပင်ကို လှမ်းယူ၏။ ဇော်ဝါးမှ

'ရတယ်၊ ဗမာလို ရေးရေး အင်္ဂလိပ်လို ရေးရေး လက်တင်လို ရေးရေး ဟီဘရူးလို ရေးရေး ဂရိလို ရေးရေးကွာ၊ ဒါပေမဲ့ နံပါတ်တော့ ဖြစ်ရမယ်၊ မင်းက မင်းကိစ္စ အလကားနေရင်း လာကူညီပေးမယ့်လူတောင် လာပြီး ရှည်ရှည်ဝေးဝေး လျှောက်စဉ်းစားနေလို့ ခိုင်းရတာ'

'အဲလိုမဟုတ်ပါဘူးဟာ'

'လုပ်စမ်းပါ၊ ရေးစရာရှိတာ ရေးကြည့်စမ်းပါဟ၊ တစ်ကနေ တစ်သောင်းထဲမှာနော်၊ ငါ တစ်ခုခု မင်းနဲ့ ပတ်သက်ပြီး မပြောနိုင်ရင် မင်းရုံးခန်းကို တစ်သက်လုံး လုံးဝမလာဘူး၊ စိတ်ချ'

ရဲသင်ရံ ဇော်ဝါးကို တစ်ချက်ကြည့်၍ ရေးလေသည်။

'၄၆၂၃'

မြန်မာလို ပီပီသသ။

ဇော်ဝါး တစ်ချက် တွေသွား၏။ ရဲသင်ကို သေချာကြည့်လျက်

'မင်းနဲ့ ဘယ်နေရာမှာမှ မဆိုင်တဲ့ ဂဏန်းစဉ်ပါလား'

ရဲသင်မှ ပခုံးတွန့်ပြလေ၏။

'မင်း ပြောပြီးသားလေ၊ တစ်ကနေ တစ်သောင်းအတွင်းဆို'

ဇော်ဝါး အတန်ငယ် မခံချင်ဖြစ်သွား၏။

'အိုကေ ငါ ကြည့်မယ်'

အခန်းထဲတွင် ခေတ္တငြိမ်သက်သွားပြန်၏။ အတန်ကြာမှ ဇော်ဝါးက

'အဲဒီကောင်မလေးကို မင်းစိတ်ထဲ ဘာလို့ထည့်ထားတာတုံး'

ကောက်ခါငင်ခါ မေးလိုက်သဖြင့် ရဲသင်ရံ လန့်သွား၏။ ဇော်ဝါးကိုလည်း မလွယ်ပါလားဟူသော အကြည့်နှင့် ကြည့်၏။ ဇော်ဝါးမှ စိတ်မရှည်သလိုနှင့် ...





'လုပ်ပါ၊ ငါမေးတာ ဖြေစမ်းပါ၊ ငါဆိုလိုတာ မင်းသိပါတယ်၊ ဟုတ်တယ် မဟုတ်လား၊ မင်းအခု တွေးနေတာ'

'ဇော်ဝါး ... မင်း ဒါတွေနဲ့ ပတ်သက်ပြီး ခရီးတော်တော်ရောက်နေပြီ မဟုတ်လား၊ မှန်မှန်ပြောစမ်း'

'ရဲသင် မင်း လျှာလျှောက်ရှည်မနေနဲ့၊ ပေါ့တီးပေါ့ပျက်လုပ်ပစ်ဖို့လည်း ကြိုးစားမနေနဲ့၊ ဒါ နောက်လို့ရတဲ့ ကိစ္စမျိုး မဟုတ်ဘူး၊ ဒီမှာ ဟောကောင် ... မင်းရဲ့ ဇီတာပရောဂျက်ကြီး ဘယ်လောက် ခရီးရောက်နေတာကအစ ငါ သိတယ်၊ ကျန်တဲ့နေရာမှာ မင်းငါ့ထက် တော်ချင်တော် သိမ့်မယ်၊ ဒီကိစ္စတွေမှာတော့ မင်း ငါ့ကို ရိုးရိုးသားသား ဆက်ဆံစမ်း၊ ငါ မေးတာ ဖြေဦး၊ အဲဒီကောင်မလေးကို ဘာကိစ္စ မင်းစိတ်ထဲ အတင်းထိုးထည့်ထားတာတုံး'

'မဟုတ်ဘူးလေ ငါက ...'

'ကွေဗာတွေ ဆီမီးကွေဗာတွေကို ပြောမလို့ မဟုတ်လား'

'အေးလေ၊ ဒါပေမဲ့'

'music ဘက်ကို ထပ်လိုက်ကြည့်ချင်နေတယ်၊ ဒါပေမဲ့ ထပ်ချဲ့ယ်သွားမှာလည်း မင်း မလိုလားပြန်ဘူးလေ၊ musical notes တွေ သင်္ကေတတွေ ဘယ်က ဆင်းသက်လာလဲဆိုတာလောက်တော့ မင်း စပ်စုကြည့်ချင်နေပြီ'

'ငါ ဆိုလိုတာက'

'ဟုတ်ပါတယ်၊ ကိုးကွယ်ယုံကြည်မှုနဲ့ ဘာသာတရားတွေနဲ့ လွတ်ပြီး သူ့ဟာသူရှိနေတဲ့ Naturer တွေပါ၊ ငါ မင်းကို မငြင်းပါဘူး၊ အတင်းချိုးဖောက်လို့ ရချင်မှရမယ်ဆိုတာ မင်း လက်ခံတာကို ငါ သဘောတူပါတယ်၊ အဲဒီကိစ္စ ငါ မငြင်းပါဘူး'

'ဒါဆို'

'အေးလေ မင်းသိပြီးသားပဲ၊ အဖြစ်အပျက်တွေက ဆင်မလိုလိုနဲ့ သုံးလေးမျိုးလောက် အနည်းဆုံး ကွဲနေတယ်လေကွာ၊ အဲဒါကိုပဲ အမိအသားပြီး လိုက်ရမှာပေါ့'

'ငါက'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ jumping နဲ့ cord ဘက်ကလိုက်နေတာ ပိုနီးစပ်တယ်၊ မင်း လုပ်နေတာတွေ မမှားပါဘူး၊ ဒါပေမဲ့ အန္တရာယ်များတယ်'

'ထပ်ပြီးတော့'

'Third person ထည့်တာကို မင်း မနိုင်နင်းဘူး ဖြစ်နေတယ် မဟုတ်လား၊ ဒီမှာ ငါပြောပြမယ် ရဲသင်၊ မင်းအခုတွေးနေတာ ငါ မငြင်းဘူး၊ အဲဒီ သဘာဝအခြေခံကြီးနဲ့ပဲ တစ်ကမ္ဘာလုံးက စာရေးဆရာတွေ၊ စာတ်လမ်းဖန်တီးတဲ့ အနုပညာသမားတွေ ရပ်တည် လုပ်ကိုင် နေထိုင်နေကြတာပဲ၊ ဒါက အခြေခံ သီအိုရီလေကွာ၊ ဘာလို့လဲဆိုတော့ သဘာဝတရားဖြစ်နေတာကိုး၊ ဒါပေမဲ့ မင်းကိစ္စလိုဟာမျိုးကျတော့ ဖန်တီးယူလို့ ကောင်းချင်မှကောင်းမှာ'

'ခဏနေဦး'

'ဘာလဲ အပေါ့သွားချင်လာတာ မဟုတ်လား၊ ငါ သိပါတယ်၊ စကားကောင်းကောင်းပြောနေတုန်း မင်း တမင်နှောက်တာ မဟုတ်မှန်း၊ သွား သွား .. ပြန်လာမှ ဆက်ပြောမယ်'

'ဧော်ဝါး မင်း ...'

'ဟုတ်တယ်၊ မင်း တွေးနေတာတွေ ငါ ကြိုသိနေတာပေါ့၊ ငါ့ကို လာမစပ်စုနဲ့ ရဲသင်၊ ဒီအချိန်က ငါ့ကို သုတေသနလာလုပ်ဖို့ ကောင်းတဲ့ အချိန် မဟုတ်ဘူး၊ မင်းကိစ္စ မင်း သေချာရှင်းရမယ့် အချိန်၊ လုပ်ပါ၊ သွားစရာရှိတာ သွားပါ၊ ငါ့အားနာမနေနဲ့၊ ငါ စောင့်နေမှာပေါ့'

'ဧော်ဝါး please get out of my mind'

'ဟား ဟား အေးပါ ဟုတ်ပါပြီ၊ တစ်ခုပဲ ... မင်းဖြစ်စေချင်သလို ငါ မျက်ရှုကို သွားတွေ့ပေးပါ့မယ်၊ ဟုတ်ပြီလား'

'ဟော့ကောင် တော်တော့'

'အေးပါ၊ အခုကိစ္စ မေနီးကို ငါ ပြန်မပြောပါဘူး၊ ငါ ကတိပေးပါတယ်၊ မင်းလည်း ငါ့ကို ကတိပေးရမယ်၊ ငါပြောထားတဲ့လူနဲ့ မင်း တွေ့ကြည့်ရမယ်၊ အိုကေလား'

'ဧော်ဝါး ... ငါ တင်းလာပြီနော်'

'အိုကေ အိုကေ ... the last one ကွာ၊ ငါထင်တာ မမှားဘူး





ဆိုရင်တော့ မင်းက ငါ့အရင် မျက်ရှုနဲ့ တွေ့လိမ့်မယ်ဟ ဟား ဟား ဟား ဟား'

'ဒီကောင် ဘာကောင်လဲဟ'

'ဟား ဟား ဘာကောင်မှ မဟုတ်ဘူး၊ မင်းကို ခင်လို့ လာကူညီတဲ့ကောင်ပါဟ၊ မင်းသူငယ်ချင်း အရင်းကြီး၊ ဒါပေမဲ့ ငါက သေးလိစ်ခင်စားတဲ့ကောင်နော်၊ သွား သွား အိမ်သာအရင်သွား၊ ထွက်ကျနေဦးမယ် ဟား ဟား'



www.burmeseclassic.com

www.burmeseclassic.com

(၃)

'မရဘူးဟ'

'သြော် ငါ့နှယ် ချိုကြီးရာ ‥ မရပါဘူးဆိုမှ၊ ဝပ်ရှော့ရှုံပိုင်ရှင်
တောင် မရပါဘူးလို့ လက်မြှောက်ပြီးပြီ ဥစ္စာကို၊ ခဏစောင့်စမ်းပါ၊
ာဖြစ်နေတာတုံး၊ ငါ ဖုန်းဆက်ထားပါတယ်၊ သူ့ဟာသူ ဆိုင်ရာ ကျွမ်း
င်သူ လာပါလိမ့်မယ်၊ အေးအေးနေစမ်းပါဟ'

'မဟုတ်သေးပါဘူးကွာ'

'ငါခွေးနဲ့မှ၊ မဟုတ်သေးရင်လည်း မင်းကားတံခါး မင်းဟာမင်း
ကျက်ခံနိုင်ရင် ဆက်ကလိကွာ၊ မင်းဟာမင်း အသုံးမကျလို့ ဖြစ်တဲ့ကိစ္စ၊
သော့အထဲမှာ ပိတ်ကျန်ခဲ့တာကိုပဲ အိုဘာမား ငှက်ပျောသီးနဲ့ထုပြီး
သားအရောင် ခွဲခြားခံရတာလောက်အထိ ဖြစ်နေ ‥ သော့သမား ခေါ်
ပါတယ်ဆို'

'မင်းမသိပါဘူး တင်မောင်ရာ၊ ငါ ချိန်းထားတာတွေ ရှိတယ်ဟ'

'ချိုကြီး ··· ငါ့ဟာငါ ရုံမှာနေတာကို မင်းဟာမင်း ရောက်လာ
ဖြစ်တဲ့ကိစ္စနော်၊ မင်းဟာမင်း ဘာလို့ သော့ထုတ်ဖို့မေ့လဲ'

'ဟ ခါတိုင်းလည်း ငါ သော့တန်းလန်း ထားခဲ့နေကျလေကွာ၊
ကောင်တွေပဲ ခုံပေါ်မောင်းတင်ပြီး ရေဆေးနေကျဟာကို'

'အောင်မာကွာ ဒါဆို ငါမေးမယ်၊ မင်းပြောပုံက ငါအကျင့်လုပ်
လို့ပဲ မင်း ဒုက္ခရောက်သလိုလို၊ ဘယ်မျောက်သင်းကွဲသားက Auto
ck System ရှည်ပြီး သွားတပ်တုံး'



www.burmeseclassic.com

www.burmeseclassic.com



'တင်မောင် … မင်း ငါ့ဖားသားကို မစော်ကားနဲ့'

'မစော်ကားပါဘူး၊ မင်းဟာမင်း မလုံတာ၊ ငါပြောတာ မဟုတ်လို့လား'

ထိုစဉ် မာစီဒီးအနက်ရောင် တူးဒိုးလေးတစ်စီး တင်မောင်၏ ရှေ့ဆေးဆီထိုးနှင့် ဝပ်ရှော့အလုပ်ရုံထဲ မောင်းဝင်လာကာ သူတို့နားတွင် ရပ်လေ၏။ မျက်ရှူလရောင် ဆင်း၍လျှောက်လာကာ ကားသော့ကို တင်မောင်အား ပေးလေသည်။ တင်မောင်မှ ချိုကြီးအား လှည့်၍ပြော၏။

'တွေ့လား၊ သူများသားသမီးတွေ မင်းလို မဟုတ်ဘူး၊ ကားပေါ်က ဆင်းလာရင် ဘာလုပ်လာရမှန်း သိတယ်၊ မင်းလို ခေါင်းကြီးကျကြီးပြီး ဦးနှောက်ကျ သေးသေးလေးပဲ ပါလာတဲ့ကောင်မျိုးသာ ကိုးရိုးကားရားဖြစ်တာ'

မျက်ရှူမှ ဝင်ပြော၏။

'ဘာလဲဟ၊ ဘာဖြစ်နေကြပြန်ပြီလဲ'

'ငါ့ကားသော့ ပိတ်ကျန်ခဲ့လို့ဟ'

'အသုံးမှမကျတာကိုး'

'တင်မောင် … မင်း တော်တော့'

'နင်တို့ကလည်းဟာ ဒါများ သော့သမား မခေါ်ဘူးလား'

'ခေါ်ထားပါတယ်၊ အဲဒါကို ဒင်းကိုက ရှည်ပြီး လုပ်တတ်တာလည်း မဟုတ်ဘဲနဲ့ သွားကလိနေလို့ ပြောဆိုဆုံးမနေရတာ'

'ဟေ့ကောင်'

ချိုကြီး ဘုကြည့်ကြည့်သည်ကို မသိယောင်ဆောင်ရင်း တင်မောင်မှ မျက်ရှူကို မေး၏။

'နင့်ကား ဘာဖြစ်လို့လဲ'

'မသိဘူးဟ၊ နောက်ဘက်က အသံနည်းနည်းမြည်လို့'

'ရတယ်လေ၊ ငါ ကြည့်ခိုင်းလိုက်မယ်'

ပြောပြောဆိုဆို တင်မောင် သူ့လူများဘက်သို့ လျှောက်သွားရင်း အော်သွားလေ၏။

'ဟေ့ ဘယ်သူရှိလဲ၊ အရှည်ကြီး လာ ဒီကား ခုံပေါ်တင်လိုက်'





သွာ သော့'

နှစ်ယောက်သား ကျန်ခဲ့ကြသော် ချိုကြီးမှ

'မျက်ရှူ … နင် ဟိုကောင်နဲ့ တွေ့သေးလား'

'အခုတလော မတွေ့ဘူးဟ၊ ငါက ဆိုင်ပြင်နေတော့ အိမ်မှာ သိပ်မရှိဘူး'

'နင့်ဆိုင်က ပြီးပြီလား'

'ပြီးတော့မယ်ဟ၊ ဒီနေ့ မှန်တွေလာတပ်လို့ ငါသွားကြည့်ပြီး အခုပဲ ပြန်လာတာ၊ *မင်းရော ဘယ်တုန်းက ပြန်ရောက်လဲ၊ ပြောသာပြောရတာပါကွာ၊ မင်း သိတဲ့အတိုင်းပဲ၊ အဲဒီ ကိုအေးဝင်းကျော်တို့က ဘယ်တော့မှ သေချာတာ မဟုတ်ဘူး၊ ဟိုတစ်လကလည်း စာရင်းတွေ ဘာမှိုလိုပို့၊ ချိုကြီး … ဒီတစ်ခါရော မင်း သေချာမှာခဲ့ရဲ့လား၊ ဟိုတယ် ဆိုးကတာက ဒီနေ့ …* ဟဲ့'

မျက်ရှူမှာ လန့်သွားပြီး သူ့ပါးစပ်ကိုသူ လက်နှင့်အုပ်ထားလိုက်လေ၏၊ ချိုကြီးမှာ အံ့အားသင့်လွန်းလှသဖြင့် ကြက်သေသေကာ မျက်ရှူကို ကြောင်ကြည့်နေလေ၏။ တစ်ယောက်ကိုတစ်ယောက် ကြည့်လျက် အတန်ကြာ ကြောင်နေပြီးနောက်မှ မျက်ရှူ သတိဝင်လာကာ …

'ချိုကြီး ငါ ဘာတွေလျှောက်ပြောမိတာလဲဟင် … ငါ ဘာတွေ လျှောက်ပြောမိတာလဲ'

'နင် ‥ နင် ‥ ငါနဲ့ပုဏ္ဏားနဲ့ အလုပ်ထဲက ကိစ္စတွေ ဘယ်… ဘယ်လိုလုပ်သိတာလဲ'

'မ ‥ မသိဘူး၊ နင်တို့အလုပ်ကိစ္စတွေ ငါ လုံးဝမသိဘူး၊ ငါ ငါ ပြောနေရင်း သူ့အလိုလို ထွက်သွားတာ၊ ဘာဖြစ်သွားတာလဲ'

'နင် နင်လေယူလေသိမ်း အခေါ်အဝေါ်တွေပါ ပြောင်းသွားတာ၊ ဟိုကောင် ငါ့ကိုပြောနေကျအတိုင်းပဲ၊ နင် ဟိုကောင့်ကိစ္စတွေ အကုန်သိနေတာလား၊ ဟုတ်လား မျက်ရှူ'

'မသိဘူး၊ ငါ တကယ် ဘာမှမသိဘူး၊ သူ့အလိုလို ပါးစပ်ကတောင် လျှောက်ထွက်သွားတာ၊ ငါ ငါပြောချင်တာက တစ်မျိုး၊ ငါ ပြောနေတာ ဒီဆိုင်ကိစ္စလေ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ဘာဖြစ်သွားတာလဲဟ၊ နင်မသိဘူးဆိုတာ ငါ သိတယ်၊ ဒါပေမဲ့ ဘာလို့ ငါနဲ့ဟိုကောင်နဲ့ နှစ်ယောက်ပဲသိတဲ့ ဒီနေ့စာပို့ရမယ့်ကိစ္စကို နင် ဘယ်လိုလုပ်သိနေတာလဲ၊ မျက်ရှု ·· နင် ·· နင် ပြန်စဉ်းစားကြည့်စမ်း၊ ငါ့ကို စကားတစ်ခုခု အကြောင်းတစ်ခုခု ထပ်ပြောကြည့်စမ်း'

မျက်ရှု မျက်မှောင်ကုတ်ကာ ငြိမ်သွား၏။ ချိုကြီးမှာ အံ့သြလွန်း၍ ထူးဆန်းတယ် ထူးဆန်းတယ်ဟု ရွတ်နေ၏။ မျက်ရှုမှ ···

'မရဘူးဟ၊ ဘာမှ စဉ်းစားလို့မရဘူး၊ ငါ နင့်ကို ဘာပြောရမှန်းလဲ မသိဘူး'

'ပြောကြည့်ဟာ၊ တစ်ခုခု ပြောကြည့်၊ ခုနက နင့်ဆိုင်အကြောင်း ပြောရင်းဖြစ်တာ မဟုတ်လား၊ နင့်ဆိုင်အကြောင်း ပြန်ပြောကြည့်စမ်းဟာ'

'ငါ့ဆိုင်က ရှေ့လလောက်ဆို ဖွင့်ရင်ဖွင့်လို့ရလောက်ပြီဟ၊ ဒါပေမဲ့ Decoration တွေတော့ ကျန်သေးတယ်၊ လူခန့်ဖို့တွေဘာတွေတော့ လုပ်ရဦးမှာပေါ့ဟာ၊ ပန်းမှာဖို့တော့ အဆက်အသွယ်တွေ တော်တော်ရပြီဟ၊ ဟင် ··· အခုကျတော့လည်း ဘာမှ မဖြစ်တော့ပါလားဟဲ့'

'အေး ခုနက ဘာဖြစ်သွားတာလဲ ဒါဆို'

'မသိဘူးလေ၊ တကယ် တကယ် ··· ငါ ဘာဆိုဘာမှ မသိလိုက်တာ'

'ဘာလဲဟ'

ထိုစဉ် တင်မောင် ပြန်ရောက်လာ၏။ ရေးကြီးသုတ်ပျာနှင့် အံ့သြတကြီး ဖြစ်နေကြသည်ကို မြင်သော်

'ဘာလဲ၊ ဘာဖြစ်နေကြတာလဲ မင်းတို့'

'မသိဘူး၊ ထူးဆန်းတယ်ဟ၊ ထူးဆန်းတာမှ သောက်ကျိုးနည်းဟေ့ကောင်၊ စိတ်တောင်မကူးမိတာမျိုး'

'ဘာလဲ၊ ဘာဖြစ်လို့လဲ၊ ငါ ခဏလေးသွားတာပါ'

'အေး၊ အဲဒီခဏလေးမှာကို ဖြစ်တာ၊ ဒီလိုကွာ မင်းသွားတော့ ဒီလိုပဲ ငါနဲ့မျက်ရှု ဟိုပြောဒီပြော ပြောနေကြရင်း မျက်ရှုက သူ့ဆိုင်အကြောင်း ပြောနေတုန်း စကားတန်းလန်းကြီးမှာ ဟိုကောင့်လေသံ ပြောင်းသွားပြီး ဟိုကောင်နဲ့ငါနဲ့ပဲ သိပြီး သူ လုံးလုံးမသိတဲ့ အကြောင်းတွေ ဟိုကောင့် အတိုင်း ငါ့လာပြောတာ'





'အာ ·· ဘာတွေလဲ၊ ဘယ်ကောင်လဲ၊ ချိုကြီး မင်းရှင်းကာမှ ရှုပ်ကုန်ပြီ၊ ဘာတွေပြောနေတာလဲ'

မျက်ရှုမှဝင်၍

'ဒီလိုဟာ··'

'အေး ကောင်းတယ် နင်ပြောတာ၊ ဟိုကောင်က လိပ်ပတ်မလည်ဘူး'

ချိုကြီးမှ ထောက်ခံ၏။

'ဟုတ်တယ် ဟုတ်တယ်၊ မျက်ရှု နင်ပြော၊ ဒါမှပြောရင်းနဲ့ ထပ်ဖြစ်ချင်ဖြစ်မှာ'

မျက်ရှု လန့်သလို ဖြစ်သွားသော်လည်း တင်မောင်အား ဆက်ရှင်းပြ၏။

'ဒီလိုဟာ'

'အေး'

'နင် ထွက်သွားတော့ ချိုကြီးက ငါ့ကို ပုဏ္ဏားနဲ့ တွေ့သေးလားလို့ မေးတယ်'

'အင်း'

'အဲတော့ ငါကလည်း ငါ ဆိုင်ပြင်နေလို့ မတွေ့ဘူးပေါ့ဟာ'

'အဲဒီတော့'

'အဲဒီတော့ စကားက ငါ့ဆိုင်ကိစ္စဘက် ပြောင်းသွားတာပေါ့ဟာ၊ ချိုကြီးက ငါ့ဆိုင်ပြီးပြီလားလို့ မေးတယ်'

'အခုထိတော့ ဘာမှ မထူးဆန်းသေးဘူး'

'ခဏနေဦး တင်မောင် မင်းစိတ်ရှည်ရှည်နဲ့ နားထောင်၊ ငါပြောတုန်းကလို မင်းရှုပ်သွားမှာစိုးလို့ မျက်ရှုက အသေးစိတ် ပြောနေတာ'

'အေး အေး ပြီးရော၊ ပြော ဆက်ပြော သူငယ်ချင်း၊ ဆောရီး'

မျက်ရှုမှ အားတက်သရော ဆက်ပြော၏။

'အေး၊ ချိုကြီးကမေးတော့ ငါ ပြန်ပြောတာပေါ့ဟာ၊ ဆိုင်က ပြီးတော့မယ်ပေါ့ဟာ၊ ငါ အဲဒီကပြန်လာတာပေါ့၊ ငါဆက်ပြောချင်တာက ချိုကြီးရော နင်ရော ပုဏ္ဏားရော တစ်ရက်ချိန်းပြီး ငါ့ဆိုင် လာကြည့်ပေးကြဦး၊ ဒီတာဝိုင်းကြည့်ပေးကြဦးလို့ ပြောမလို့ဟာကို ရုတ်တရက် ငါ့ပါးစပ်က



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေပြောလိုက်မိမှန်း မသိဘူး၊ ပြောချင်စိတ်နဲ့ ပြောချလိုက်တာက ငါ့ဆိုင်အကြောင်းဟာ၊ ဒါပေမဲ့ ပါးစပ်က ထွက်သွားတာက ငါနဲ့ ဘာမှမဆိုင်တဲ့ ငါလည်း လုံးဝမသိတဲ့ ပုဏ္ဏားနဲ့ချိုကြီးတို့ အလုပ်ထဲကအကြောင်းတွေ'

'ဟေ'

'မပြီးသေးဘူး နေဦး၊ ငါပြောချလိုက်မိတဲ့ သူတို့အလုပ်အကြောင်းတွေကို အခု ငါ နင့်ကိုပြောနေတဲ့ ငါ့လေသံ ငါ့လေယူလေသိမ်းနဲ့ မဟုတ်ဘူး၊ ပုဏ္ဏားက ချိုကြီးကိုပြောသလို မင်းတွေငါတွေနဲ့ ဖြစ်သွားတဲ့အပြင် လေယူလေသိမ်းကလည်း ပုဏ္ဏားရဲ့ လေယူလေသိမ်းအတိုင်းဟ'

'မြတ်စွာဘုရား၊ ထူးဆန်းလှချည်လား'

'အေး အဲဒါပြောတာပေါ့၊ အသံကတော့ ငါ့အသံ နဂိုအခုအသံပဲဟာ၊ ဒါပေမဲ့ ပြောထွက်သွားတဲ့ အကြောင်းအရာနဲ့ လေယူလေသိမ်းက ငါနဲ့ ဘာမှမဆိုင်တဲ့ ပုဏ္ဏားကိစ္စတွေနဲ့ ပုဏ္ဏားလေယူလေသိမ်း အသုံးအနှုန်းအခေါ်အဝေါ်တွေ၊ ငါ လုံးဝ ထိန်းလို့ မရလိုက်ဘူး၊ အေးအေးဆေးဆေးကို ပြောလိုက်မိတာဟ၊ ငါ သတိထားလိုက်မိတဲ့အချိန်မှ ငါ အရမ်းလန့်ပြီး ရပ်သွားတာ၊ ငါ ပြောလိုက်မိတဲ့အထဲမှာ ငါ လုံးဝမသိတဲ့ လူနာမည်တစ်ခု ပါတာရယ်၊ စာတစ်စောင်ကိစ္စ ပါတယ်ဆိုတာရယ်ပဲ ငါ မှတ်မိတော့တယ်၊ အခု ပြန်စဉ်းစားကြည့်တော့ ကျန်တာ ငါ ဘာတွေပြောလိုက်တယ်ဆိုတာ ငါ လုံးဝမသိတော့ဘူး၊ လူနာမည်ပါတာပဲ မှတ်မိတယ်၊ ဘယ်သူမှန်းတောင် မမှတ်မိတော့ဘူး'

'ဟ ဘယ်လိုဖြစ်တာလဲ၊ ဘာဖြစ်တာလဲ'

ချိုကြီးမှ ဝင်ပြော၏။

'ငါ ပြောပြမယ် မျက်ရှု၊ နင်မမှတ်မိတော့တဲ့ နင်ပြောသွားတာတွေက အခုလက်ရှိ ငါနဲ့ပုဏ္ဏားနဲ့ လုပ်နေတဲ့ကိစ္စတွေ၊ ငါ နင်ပြောသွားတာတွေ တစ်လုံးမကျန် မှတ်မိတယ်၊ မင်းတို့နှစ်ယောက်လုံး နားထောင်ကြည့်၊ ဘယ်လောက် အံ့သြဖို့ကောင်းတဲ့ ကိစ္စတစ်ခုရှိသေးလဲဆိုတာ ပြီးရင် ဆက်ပြောပြမယ်၊ မျက်ရှု အေးအေးဆေးဆေး ပြောသွားတာတွေက 'မင်းရော ဘယ်တုန်းက ပြန်ရောက်လဲ၊ ပြောသာ ပြောရတာပါကွာ၊ မင်း သိတဲ့အတိုင်းပဲ၊ အဲဒီကိုအေးဝင်းကျော်တို့က ဘယ်တော့မှ သေချာတာ မဟုတ်ဘူး၊ ဟိုတစ်လ





ကလည်း စာရင်းတွေ မှားပို့လိုပို့၊ ချိုကြီး ဒီတစ်ခါရော မင်းသေချာမှာခဲ့ရဲ့လား၊ ဟိုတယ်ခရီးကစာက ဒီနေ့ ..' ဆိုပြီး အဲဒီနေရာမှာ မျက်ရှုလန့်ပြီး ရပ်သွားတာ၊ ငါ့မှာ အံ့သြလွန်းလို့ သေများသွားမလားတောင် မှတ်တယ်'

'ဟောတော့'

'ဟိုက်၊ ဘာတွေလဲဟ အဲဒါတွေက'

'အေးလေ၊ ငါတော့ လုံးဝနားမလည်ဘူး၊ ငါ တကယ် အဲဒါတွေ ပြောလိုက်တာလားဟေ၊ ငါ ဘာမှမသိဘူးဟ နင် ပြောတာ'

'မင်းတို့နှစ်ယောက်က ဘာမှနားမလည်လို့ ... အဲဒါတွေအားလုံး နားလည်နေတဲ့ငါက ဘယ်လောက်ဖြစ်သွားမလဲဆိုတာ ပြောပြမယ်၊ မျက်ရှု ပြောသွားတာတွေအားလုံး မင်းတို့သိအောင် ငါ တစ်ခုချင်း ရှင်းပြမယ်'

'အေး အေး၊ ကောင်းတယ် ချိုကြီး၊ ငါတို့နားလည်အောင် ရှင်းပြစမ်းပါ'

'ဟုတ်တယ်၊ မင်းက ကာယကံရှင် မျက်ရှုထက်တောင် လန့်သွားပုံပဲ၊ အခုထက်ထိတောင် မျက်နှာ ဖြူဖတ်ဖြူရော်နဲ့ ချွေးစေးတွေပျံလို့'

'အေးပါ၊ မင်းတို့နားထောင်ကြည့်၊ နောက်ဆုံး အထူးဆန်းဆုံးတစ်ခုအဆုံးမှာ မပူနဲ့၊ အဲဒီတော့မှ ငါ ဖြူသွားရတဲ့အကြောင်း မင်းတို့သိမှာ၊ ဒီလိုကွ တင်မောင်ရဲ့၊ တစ်ခုချင်း ရှင်းမှဖြစ်မှာ၊ မင်းရောဘယ်တုန်းက ပြန်ရောက်လဲ ဆိုတာက ငါ မနေ့က အလုပ်ကိစ္စနဲ့ ပုသိမ် နေ့ချင်းပြန်သွားတာကို ညက ဘယ်အချိန်ရောက်လဲ မေးတာ၊ ငါ ပုသိမ်သွားတာ ငါရယ် ပုဏ္ဏားရယ် ဒရိုင်ဘာရယ်ပဲ သိတာ'

'ဟင်'

'ဟေ'

'နေဦး ပြောသာပြောရတာတို့၊ မင်းသိတဲ့အတိုင်းတို့၊ ကိုအေးဝင်းကျော်တို့၊ မသေချာတာတို့ ဆိုတာတွေက မနေ့က ငါသွားတဲ့ ပုသိမ်က ငါတို့နဲ့ စပ်တူအလုပ်တွဲလုပ်နေတဲ့ လူတွေနဲ့ကိစ္စတွေ၊ အဲဒီလူတွေက Tour Group ဆက်ခွဲရုံးတစ်ရုံးက၊ ကိုအေးဝင်းကျော်ဆိုတာက အဲဒီရုံးကပိုင်ရှင် ပုသိမ်သား၊ မင်းတို့နဲ့ သိဖို့မပြောနဲ့ မြင်တောင်မြင်ဖူးမှာ မဟုတ်ဘူး၊ ကိုအေးဝင်း



www.burmeseclassic.com

www.burmeseclassic.com



ကျော်က အလုပ်ပေါင်းစုံနဲ့ ပုသိမ်ကခွာလို့ ရတဲ့လူ မဟုတ်ဘူး၊ ဒီလောက် နီးနီးလေး ရန်ကုန်ကိုတောင် တစ်နှစ်နေလို့မှ တစ်ခါလာဖြစ်ရင် ကံကောင်း'

'ဟောတော့'

'အဲဒါပြောတာပေါ့ဟ၊ ဒီတစ်ခါရော သေချာမှာခဲ့ရဲ့လား ဆိုတာက မနေ့က ငါက ကိစ္စသုံးလေးခုနဲ့ သွားတာ၊ တစ်ခုက အဲဒီကိုအေးဝင်းကျော် တို့နဲ့ ပတ်သက်တော့ ငါက ဝင်တွေ့ရတယ်၊ မှာစရာရှိတာ မှာရတယ်၊ မှာရင်လည်း သေချာမှာရတယ်၊ အဲဒီလူက အလုပ်တွေ အများကြီး၊ ပြီးတော့ အားလုံး ရောထွေးကုန်ပြီး ဟိုပို့ရမယ့်ဟာ ဒီပို့လိုပို့၊ ဒီပြောရမယ့်စကားတွေ ဖုန်းတွေ ဟိုသွားပြော ဟိုသွားဆက် လုပ်လိုလုပ်နဲ့လူမျိုး၊ ဒါပေမဲ့ သူက ရိုးပြီးတော့ နှံ့စပ်တယ်၊ အမှန်မှာ မနေ့က ငါနဲ့ ပုဏ္ဏားနဲ့ တူတူသွားမလို့ မျက်ရှနောက်ဆုံးပြောသွားတဲ့ စာကိစ္စပေါ်လာလို့ ပုဏ္ဏားက ကျန်ခဲ့တာ ကောင်းတို့သိရင် ပိုတောင်အံ့ဩမယ်၊ အဲဒီ ဟိုတယ်ခရီးစာက အရေးတကြီး တင်ခိုင်းလို့ မနေ့က ပုဏ္ဏားက စာထိုင်စီပြီး ရုံးကအပြန် ငါ့အိမ်ဝင်ပို့ထား ခဲ့တာ၊ ငါက ပြန်မရောက်သေးဘူး၊ အဲဒီစာ အရေးကြီးမှန်းသိလို့ ဒီနေ့ ငါ့ကို သွားတင်ခိုင်းတာ၊ မျက်ရှက ဒီနေ့ဆိုပြီး လန့်ပြီး ရပ်သွားပေမဲ့ နောက်ဆက်တွဲတောင် ငါက ဆက်ပြောပြလိုက်ဦးမယ်၊ ဒီနေ့ တင်ရမှာနော် ချိုကြီးတဲ့၊ အဲဒီစာက ဒီကောင်နဲ့ငါပဲ သိတာ၊ အဲဒါကြောင့် မျက်ရှတကယ် ဘာမှမသိဘူးဆိုတာ ငါ ယုံတာပေါ့၊ ယုံလို့ ပိုလန့်တာပေါ့'

'နေဦး ချိုကြီး၊ မင်းက ဘာကိစ္စ အဲလောက် အတိအကျ မှတ်မိနေ တာတုံး'

'အေး အဲဒါပဲ၊ ပြောမယ် ပြောမယ်၊ ငါ ခုနက မင်းတို့ကိုပြောတယ် မဟုတ်လား၊ သေအောင်လန့်သွားတယ် ဆိုတာလေ၊ တခြား မဟုတ်ဘူး မျက်ရှ တောက်လျှောက် အေးအေးလူလူ ပြောချသွားတာတွေ အားလုံးက မနက်ကတင် ပုဏ္ဏားက ဖုန်းထဲကနေ ငါ့ကို ပြောသွားတာတွေ ငါ နား နဲ့ ဆတ်ဆတ်ကြားရပြီးသားမို့လို့ပေါ့'

'ဘာ'

'ဘုရားရေ'

အတွေးကိုယ်စီနှင့် အားလုံး ငြိမ်ကျသွား၏။ သုံးယောက်လုံး မတ်တတ်





ဆိုင်ရန် သတိပင်မရကြ။ ခဏနေမှ ချိုကြီးက တစ်စုံတစ်ရာ သတိရ၍ မျက်ရှအား မေး၏။

'မျက်ရှ နင် နေကောင်းရဲ့လား'

တင်မောင်လည်း ထိုအခါမှ သတိဝင်လာ၍

'အေး ဟုတ်တယ်၊ မျက်ရှ နင် အိုကေရဲ့လား'

မျက်ရှက ဇဝေဇဝါနှင့်

'အိုကေပါတယ်ဟ၊ ဘာမှ မဖြစ်ပါဘူး၊ ငါ အကောင်းကြီးပဲ၊ တကယ် အကောင်း'

'မဟုတ်ဘူးလေဟာ၊ ခေါင်းမူးနေတာတို့ ရင်တုန်နေတာတို့ ဟိုတစ်ခါ အန်းကလို ကျောထဲက စူးလာအောင့်လာတာမျိုးတို့ ...'

'ဟင့်အင်း ဘာမှမဖြစ်ဘူး'

'ဘာဖြစ်လို့လဲ ချိုကြီး'

'မဟုတ်ဘူး တင်မောင်ရ၊ ငါက ဆိုင်များဆိုင်သလားလို့ မေးကြည့် ကြည့်တာ'

'ဘာကိုလဲ'

'ဘာမှန်းတော့ ငါလည်း မသိဘူးလေကွာ၊ ဟိုကောင်က တုပ်ကွေးမိ ပြီး ဂိုနေတာကွ၊ ဒီကောင်ရော မေနိုးရော ရုံးမတက်ဘူး ဒီနေ့၊ မေနိုးက သွားစောင့်ပေါ့ကွာ၊ အဲဒါ ဟိုကောင်ကဂိုနေတော့ မျက်ရှလည်း နေမကောင်း တွေဘာတွေ ဖြစ်နေရင် ဆိုင်များသွားဆိုင်နေမလားလို့ မေးကြည့်တာဟ'

'ကြံကြီးစည်ရာ ချိုကြီးရာ .. မေနိုး ခရီးသွားလို့ဆို ပြန်ရောက်နေ ပြီလား'

'မင်းကလည်း ငါတို့အလုပ် မသိတာကျနေတာပဲ၊ အခု ပျောက်သွား တာ၊ အခု ပြန်ပေါ်လာလိုက်ပဲဟာကို၊ အဲဒါကြောင့် ငါ့ကားသော့ မြန်မြန် ပြန်ထုတ်ပေးပါလို့ ပြောတာဟ၊ ရုံးမှာ ဘယ်သူမှမရှိဘူး၊ ငါ သွားနေပေး ဦးမယ်၊ မေနိုးက ဒီသုံးလေးရက် ရုံးလာတော့မှာ မဟုတ်ဘူး၊ သူ့အဖေ တွေ အမေတွေ ပြန်လာစရာရှိသေးတယ် ပြောတယ်'

'ချိုကြီး ... တဖြည်းဖြည်းနဲ့ လူကြီးစုံရာ ဖြစ်လာနေပြီနော်၊ ဟိုကောင် ဆီတို့ကို ငြင်းထားတဲ့ ဟိုကိစ္စမမေ့နဲ့'



www.burmeseclassic.com

www.burmeseclassic.com



မျက်ရှမှာ နားထောင်နေရင်းမှ စိတ်ထဲ တစ်မျိုးဖြစ်သွား၏။

ဘာမှတော့ မမေးဖြစ်လိုက်။

တစ်ခုခု မေးလိုက်ရန် ရုတ်တရက် ပြင်ဆင်လိုက်မိကြောင်းကိုတော့ သူမ တစ်ယောက်ထဲသာ သိလေသည်။ သို့သော် သူ ပြောလိုက်မိသည်က တခြား။

'ငါ ခုနက ဘာဖြစ်သွားတာလဲဆိုတာလည်း စဉ်းစားပေးကြဦးလေ ဟာ၊ နင်တို့ကလည်း'

နှစ်ကောင်လုံး ပြန်ငြိမ်သွားကြပြန်၏။ ချက်ချင်းပင် တညီတညွတ်ထဲ အဖြေထွက်ကာ ပြိုင်တူပြောမိကြ၏။

'ငါတို့လည်း မသိဘူးဟ'

မျက်ရှ စိတ်ကောက်ချင်သွား၏။ မသိလို့မေးပါတယ်ဆိုမှ။

'ဟဲ့ အကြံလေးဘာလေး ပေးကြဦးလေဟာ'

တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြပြန်၏။ စိတ်မရှည်ချင်စရာ။ မျက်ရှ ရုတ်တရက် ဝမ်းနည်းသွားသလို ခံစားလာရ၏။

'နင်တို့ကလည်းဟာ ...'

ထိုအခါကျတော့ ပျာပျာသလဲ။

'မ မဟုတ်ဘူးလေဟာ၊ ငါတို့လည်း ဘာလုပ်ရမှန်းမသိတော့၊ ဘာ ပြောရမှန်းလဲ မသိဘူး၊ ဒီလိုလုပ်ဟာ မျက်ရှ'

'ဘယ်လိုလဲ'

'ငါ နင့်ကို ချိန်းပေးမယ်၊ နင် သွားတွေ့လိုက်ပါလား၊ ဒီလိုဟာမျိုးက ဒီကောင်နဲ့ အဆင်ပြေမယ် ထင်တယ်'

'ဘယ်သူလဲဟ ဘယ်သူလဲ၊ ဗေဒင်ဆရာလား အကြားအမြင်ဆရာ လား'

'မဟုတ်ဘူး၊ ဇော်ဝါးနဲ့'

'ဟင်'

'ချိုကြီး ..မင်းပြောတာ မပြည့်စုံသေးဘူး၊ တစ်ယောက်ကျန်သေး တယ်ဟ'

'ဘယ်သူလဲ ပုဏ္ဏားလား'





'သိပ်ဟုတ်တာပေါ့ သူငယ်ချင်း၊ အဓိကကျတဲ့လူကို မျက်ရှချန်ထား ခဲ့လို့ မရဘူးလေ'

'ဟာ နင်တို့ကလည်း'

'ဟုတ်တယ်ဟ၊ ဟို နင့် စွန်လွှတ်လို့ ပြဿနာမဖြစ်ခင်လေးက ပုဏ္ဏား ငါတို့ကို ပြောဖူးတာ ငါ မှတ်မိနေတယ်၊ silver cord ဆိုလား .. တစ်ခု နဲ့ တစ်ခု နဂိုကတည်းက ဆက်ထားတဲ့ ကြိုးလေးတွေ မမြင်ရဘဲ ရှိနေကြ တတ်တယ်တဲ့ ဟား ဟား ဟား'

'အာ .. ဘာမှန်းလဲ မသိဘူး၊ တင်မောင် .. ငါ့ကားရပြီလား သွားကြည့်ပေးဦး'

'အေး ဟုတ်သား .. ငါလည်း အခုမှ သတိရတယ်၊ ဟေ့ကောင် သော့သမား သော့သမား လုပ်ဦးဟ'

'အေးပါ မင်းက တစ်မျိုး'

မှန်ရာကို သစ္စာရှိရှိ ဝန်ခံရလျှင်တော့ ထိုနေ့က ဘာမှန်းမသိ မျက်ရှ ဝမ်းနည်းတော့ ရှက်သွားခဲ့လေ၏။ ကိုယ့်ကိုကိုယ် မေးမိသည်။

Why !

တစ်ခါတလေတော့ လောကကြီးက တစ်မျိုးပါပဲလေ။ ဘာမှန်းလဲ မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com

(၄)

ကန်ရေပြင်ကျယ်ကြီးကို လှမ်း၍ မြင်နေရသော ဆိုင်ကလေးတစ်ဆိုင် တွင် ဖြစ်လေသည်။ လူရှင်း၍ တိတ်ဆိတ်နေ၏။ နေ့လည်ခင်း နေပူ သော်လည်း သူတို့ထိုင်နေသော နေရာမှာ အရိပ်ကောင်းလှသော သစ်ပင် ကြီး တစ်ပင်အောက်တွင် ဖြစ်၍လည်းကောင်း၊ လေတသုန်သုန်က ရေကန် ကို ဖြတ်သန်းလာကာ အေးမြစွာ တိုက်ခတ်နေ၍လည်းကောင်း အပူ မခံရဘဲ အေးချမ်းစွာ ရှိနေလေ၏။ ရဲသင်မှ မေနှိုးအား ကြည့်၍

'ပြောစရာရှိလို့ဆို မေနှိုး၊ အိမ်မှာပြောလည်း ရရဲ့သားနဲ့ ဘာလို့ ဒီနေရာ တကူးတက ခေါ်လာတာတုံး၊ ဘာလဲ မုန့်ဖိုးကုန်သွားပြန်ပြီ မဟုတ်'

'မဟုတ်ဘူး ကိုကို'

ရဲသင် ပေါ့ပေါ့ပါးပါး မေးလိုက်သော်လည်း မေနှိုး ပြန်ဖြေသံက တည်ငြိမ်ငြိမ်။ ထို့ပြင် ခါတိုင်းလို ဖျတ်ဖျတ်လတ်လတ် သွက်သွက် ရှင် ရှိမနေဘဲ တစ်စုံတစ်ရာကို သေသေချာချာ တွေးနေ စဉ်းစားနေ ပုံမျိုး ဖြစ်နေသည်ကို ရဲသင် သတိထားမိသွား၏။

'မေနှိုး ... ဘာဖြစ်နေတာလဲ၊ အန်ကယ်ဂျော့ရှ်တို့နဲ့ ပြဿနာတစ်ခုခု လား၊ အိမ်မှာပြောတာ မလွတ်လပ်လို့ ကိုကို့ကို ဒီခေါ်လာတာ မဟုတ်'

'ဟုတ်တယ်ကိုကို၊ အိမ်မှာ အခန်းထဲ တံခါးပိတ်ပြောရင်လည်း မျိုး



www.burmeseclassic.com

www.burmeseclassic.com



ထင်ကြမှာစိုးလို့ ကိုကို့ကို ဒီခေါ်လာတာ၊ ပြဿနာရှိတာတော့ ဟုတ်တယ် ကိုကို၊ မေနိုး ပြဿနာလို့တော့ တိုက်ရိုက်ပြောလို့လည်း မရဘူး၊ ဒါပေမဲ့ မေနိုးနဲ့လည်း ဆိုင်နေတယ်'

'ဘာလဲဟ ညည်းဟာက .. ငါနဲ့ရော ဆိုင်သလား'

'အင်း ဆိုင်တယ်'

'ဘာလဲ ဒါဆို'

'ပြဿနာက နာနားကိစ္စ ကိုကို၊ နာနား တစ်ခုခု ဖြစ်နေတယ်'

'ဟင် .. အန်ကယ်ဂျော့ရှ်တို့ ရောက်နေတာပဲ တစ်ပတ်ပြည့်တော့မယ်၊ ကိုကို့ကိုလည်း ဘာမှ မပြောပါလား၊ ဂျိုနသန် ဘာဖြစ်လို့လဲ'

'မာမားတို့က ဘာဖြစ်လို့ ကိုကို့ကို မပြောလဲတော့ မေနိုးလည်း မသိဘူး၊ ကိုကိုနဲ့ မဆိုင်လောက်ဘူးထင်လို့လည်း ဖြစ်ရင်ဖြစ်မှာပေါ့၊ ဒါပေမဲ့ မေနိုးကတော့ ကိုကိုနဲ့ ဆိုင်ကိုဆိုင်တယ်ထင်လို့ ပြောပြမလို့ ခေါ်လာတာ။ မေနိုးလည်း နာနားကိစ္စ တနေ့ကမှ အန်ကယ်ဘုန်းနဲ့ အတူတူသိရတာ။ ဒက်ဒီကတော့ သိပ်ကြီးကြီးကျယ်ကျယ် မဟုတ်ဘူးလို့ ထင်နေတာ၊ မာမားကတော့ နည်းနည်း စိုးရိမ်နေတယ်၊ မေနိုးက ကိုကို့ ပရောဂျက်ကိုမှ သိနေတော့ ကိုကိုသိသင့်တယ်လို့ကို ယုံကြည်ထားတယ်၊ ကိုကို့ အကူအညီလည်း လိုချင်တယ်'

ရဲသင်ရဲ့ မျက်မှောင်ကုတ်သွားလေ၏။ သူပါ အလေးအနက် ဖြစ်လာလေသည်။

'မေနိုး သေချာပြောပြစမ်း ကိုကို့ကို၊ ဂျိုနသန်က ဘာဖြစ်လို့လဲ'

စားပွဲထိုးလေးတစ်ဦးမှ စားစရာ သောက်စရာများ လာချပေးနေသဖြင့် ခေတ္တ စကားပြတ်သွားကြ၏။ စားပွဲထိုးလေး ပြန်ထွက်သွားမှ မေနိုးက အအေးတစ်ငုံယူသောက်ပြီး

'အစက စပြောမှ ကောင်းမယ်ထင်တယ် ကိုကို၊ နည်းနည်းတော့ ရှည်လိမ့်မယ်'

'ကိစ္စမရှိဘူး မေနိုး၊ ရှင်းအောင်သာ အကုန်ပြောပြ၊ ကိုကို တစ်ခုခု ရိပ်မိသလိုပဲ၊ ကိစ္စက မသေးဘူး ထင်တယ်၊ ဘာမှ မချန်ထားနဲ့၊ မေနိုး ကိုကို့ကို ယုံတယ်မဟုတ်လား'





'ယုံလို့ အကုန်ပြောပြဖို့ ဒီခေါ်လာတာပေါ့ ကိုကိုရဲ့၊ ပြောပြရင်လည်း ကြာနိုင်လို့ ဒီမှာ လာပြောပြတာ'

'အိုကေ၊ ကိုကို သေချာနားထောင်မယ် ပြော'

'ဒီလို ကိုကိုရဲ့၊ နာနားကို တတ်ပုံကလွဲလို့ ကိုကိုတို့ မမြင်ဘူးပေမဲ့ ကိုကိုတို့ ကြားဖူးတဲ့အတိုင်း နာနားက မွေးကတည်းက နည်းနည်းထူးဆန်းတယ်၊ ငယ်ငယ်ကတည်းက တော်တော့်ကို ငြိမ်တာ၊ အရမ်း တိတ်တိတ်ဆိတ်ဆိတ် နေတတ်တယ်ဆိုတာ ကိုကို ကြားဖူးမှာပေါ့၊ ကိုကိုတို့ကတော့ သာမန်လောက်ပဲ ထင်ချင်ထင်ကြမှာ၊ အဲလို မဟုတ်ဘူး ကိုကိုရဲ့၊ မေနိုးက အသက်ကွာတဲ့မောင်လေးဆိုတော့ နာနားကို အရမ်းချစ်တာ၊ တစ်ချိန်လုံး သူနဲ့ နေခဲ့တာ၊ သူ့ပုံစံက တစ်မျိုး၊ ငယ်ငယ်ကဆို အရမ်းငိုခဲတယ်၊ ဘာဖြစ်ဖြစ် သိပ်မငိုသလောက်ကို ဖြစ်နေတာ၊ မေနိုးကပဲ အချိန်မှတ်ပြီး နို့ဘူးတိုက်တာတို့ ဒိုက်ဖာလဲတာတို့ သိပ်တာတို့ သူ့ပုခက်ထဲ အကောင်းလောင်ရှိနေမနေ ကြည့်ပေးရတာတို့ လုပ်ခဲ့ရတာ၊ သူက ဘာဖြစ်နေနေ အော်တာငိုတာ မရှိသလောက်ပဲ၊ ဒက်ဒီရော မာမားရောက အလုပ်လုပ်ကြရတော့ နာနားက မေနိုးနဲ့ပဲ နေရတာများတယ်၊ တဖြည်းဖြည်း ကြီးလာတော့လည်း နာနားက ငြိမ်ငြိမ်သက်သက်ပဲ၊ ထားရင်ထားတဲ့နေရာမှာ ငြိမ်ငြိမ်လေးနေပြီး ပေးထားတာလေးတစ်ခုခုနဲ့ ဆော့နေတာပဲ၊ မှောက်တတ်လေးဘက်ထောက်တတ်တဲ့ အရွယ်၊ လမ်းလျှောက်တတ်တဲ့ အရွယ်ကနေ အခုထိ လျှောက်သွားတာတို့ အနှောင့်အယှက်ရှိမယ့်ပစ္စည်းမျိုးတွေနဲ့ ကစားနေတာတို့ လုံးဝမရှိဘူး'

'အင်း အဲဒါတော့ အမေပြန်ပြောပြလို့ ကိုကို ကြားဖူးတယ်၊ ဂျိုနသန်က အရမ်းလိမ္မာ အရမ်းငြိမ်တယ်တဲ့'

'ဟုတ်တယ်ကိုကို၊ ငြိမ်တာမှ သူများနဲ့မတူဘူး၊ အိမ်မှာ သူ့အကြောင်းကို မေနိုးက အသိဆုံးဆိုတော့ တစ်ခါတလေ လန့်တောင်လန့်တယ်၊ နာနားကလည်း မေနိုးကို မာမားတို့ထက် ပိုချစ်သလိုပဲ၊ မေနိုးကလည်း ကိုကို့ကို ပြောတဲ့အတိုင်း ကိုယ့်မောင်လေးကိုယ် အရမ်းချစ်တာ၊ ဒါပေမဲ့ သူငယ်ငယ်လေးကတည်းက တစ်ခါတလေ သူနဲ့ မျက်လုံးချင်းဆုံပြီး ကြည့်မိရင် သူ တစ်ခါတလေ စိုက် စိုက်ကြည့်လိုက်တိုင်း လန့် လန့်သွားတတ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှန်းတော့ မသိဘူး၊ တစ်မျိုးကြီးပဲ ကိုကိုရာ၊ ကိုယ်က ရုတ်တရက် မလုံသလို သိမ်ငယ်သွားသလိုမျိုး ခံစားရတယ်၊ မာမားတို့ကို မေးကြည့် တော့လည်း သူတို့လည်း တစ်ခါတလေ အဲလိုဖြစ်တယ်လို့ ပြောတယ် ဒါပေမဲ့ သိတဲ့အတိုင်း ကိုကိုရာ၊ ဟိုမှာက လူတိုင်းက အမြဲတမ်း အလုပ် ကိစ္စပေါင်းစုံနဲ့ ရှုပ်နေကြတာဆိုတော့ အဲဒီကိစ္စ ဘယ်သူမှ ရေးကြီးခွင်ကျယ် လုပ်မနေဖြစ်ကြဘူး၊ အားလုံး သတိထားမိတာ တစ်ခုရှိသေးတယ်၊ နာနား က ဒီနေ့အထိ နေမကောင်းတစ်ခါမှ မဖြစ်ဖူးဘူး ကိုကိုရဲ့'

'ဟဲ့ ထူးဆန်းလှချည်လား၊ ညည်း ဘာလို့အဲဒါတွေ ငါ့ကို အရင်က မပြောတာလဲ'

'မပြောဆို ကိုကိုကလည်း စကားမှ မစပ်မိတာကိုး၊ မပြီးသေးဘူး ရှိသေးတယ်'

'အေး လုပ်စမ်း'

'နာနား သုံးနှစ်ကျော်ကျော် သုံးနှစ်ခွဲလောက်ကျတော့ အရမ်းထူးဆန်း တာတစ်ခု ဖြစ်တယ် ကိုကိုရဲ့၊ သူနဲ့ပတ်သက်ပြီး မေနီးတို့အားလုံး မှတ် မှတ်ရရ ပြန် ပြန်ပြောဖြစ်ကြတဲ့ သုံးလေးငါးခုထဲက တစ်ခု ကိုကို ကြောက်လည်း ကြောက်ဖို့ကောင်းတယ်၊ အံ့လည်း အံ့သြဖို့ကောင်းတယ် မေနီးတို့ သုံးခြံကျော်လောက်က ဖာသာကြီးဆို အခုထိ အဲဒီကိစ္စ လူ တိုင်းပြောတုန်း၊ အဲဒီနေ့က ညနေကြီး၊ ကိုကိုသိတဲ့အတိုင်း မေနီးတို့ မြို့ပြင်ရပ်ကွက်မှာ နေကြတာလေ၊ ဖာသာကြီးက ကိစ္စရှိလို့ ဒက်ဒီ ရောက်လောက်ပြီဆိုပြီး အိမ်လာတာ၊ နာနားက အိမ်ရှေ့မြက်ခင်းမှာ အ ဆက်တဲ့ဟာလေးတွေနဲ့ ဆော့နေတာ၊ မေနီးရော ဒက်ဒီရော မာမား ပြန်မရောက်သေးဘူး၊ နာနီကြီးက နာနားကို ခဏထားပြီး နောက်ဖေး ဝင်သွားတာ၊ သိတဲ့အတိုင်း နာနားက စိတ်ချရတယ်လေ၊ ဒီနားဆို ဒီနား ပဲနေတဲ့ ကလေးကိုး၊ ဖာသာကြီး ခြံထဲလည်း တံခါးဖွင့်ဝင်လိုက်ရော တံခါးခပ်လှမ်းလှမ်းက မြက်ခင်းမှာ နာနားကို တွေ့တာပေါ့၊ အဲဒီမှာ ဘုရား တပါလေရော၊ နာနားဘေးမှာ မြွေအကြီးကြီး နှစ်ကောင်တောင်၊ တစ်ကောင် က နာနားပေါင်ပေါ်တောင် တက်နေတာ၊ နာနားက ဘာမှမဖြစ်သလို မြက်ခင်းပေါ် ထိုင်ဆော့နေတာ အေးအေးပဲ၊ သူ့အရုပ်လေးတွေနဲ့ ဆော့





ရင် မြွေကြီးတွေကိုတောင် တွန်း တွန်းပစ်နေသေးတာတဲ့၊ ဖာသာကြီးက အရမ်းလန့်သွားတာပေါ့၊ မြွေကြီးတွေက မည်းနက်ပြောင်နေတာ၊ ဖာသာ ကြီးက အော်တာပေါ့၊ အဲဒီတော့မှ နီးရာလူတွေ ဝိုင်းလာကြတယ်၊ ဘာမှ လည်း သွားမလုပ်ရဲကြဘူး၊ တစ်ခုခု သွားလုပ်လိုက်မှ မြွေတွေက ကလေး ကို ပေါက်ရင် ဒုက္ခလေ၊ ဒက်ဒီတို့က အရင် ပြန်ရောက်တာ၊ မေနီး ပြန် ရောက်တော့ ရဲကိုဆက်တဲ့လူက ဆက်၊ မီးသတ်ကိုဆက်တဲ့လူက ဆက်၊ Wild Life Organization တွေ ဆက်တဲ့လူက ဆက်နဲ့ ယောက်ယက်ခတ် နေကြပြီ၊ မေနီးဆို တွေ့တွေ့ချင်း မျက်လုံးကို ပြာခနဲ ဖြစ်သွားတာပဲ၊ မီးသတ်က အရင်ရောက်လာတာ၊ အဲဒီ fire fighter နာနား နား ကပ်သွား တော့ နာနား လှည့်ကြည့်လိုက်တဲ့မျက်လုံးက ကြောက်စရာကြီး၊ မြွေကြီး တွေကလည်း ချက်ချင်း ရှူးရှဲရှူးရှဲ ဖြစ်လာတယ်၊ အားလုံး လန့်နေကြတာ ပေါ့၊ နာနားက ထိုင်နေရာက ထတယ်၊ ဘာမှမပြောဘူး၊ အိမ်ဘေးကနေ ပတ်ပြီး အိမ်နောက်ဖေးဘက် လျှောက်သွားရော၊ သူ ထတော့ သူ့ပေါင်ပေါ် က မြွေကြီးကို ပုတ်ချပစ်ခဲ့တာနော် ကိုကို၊ မြွေတွေက ဘာမှမလုပ်တဲ့ အပြင် သူနဲ့ လိုက်သွားတာ၊ မေနီးတို့ ခြံနောက်မှာ တောတန်းလေးနဲ့ ကုန်းလေး ရှိတယ်၊ လူတွေလည်း လိုက်ကြည့်ကြတာပေါ့၊ နာနားက နောက်ဖေးရောက်တော့ မြွေကြီးတွေကို ကြည့်ပြီး ကုန်းလေးကို လက်ညှိုး ထိုးပြတယ်၊ ဘာမှ မပြောဘူးနော် ကိုကို၊ မြွေတွေက ထွက်သွားရော၊ အဲဒီတော့မှ နာနားက မေနီးဆီ ပြန်ပြေးလာတယ်၊ နောက်ပိုင်း ပြဿနာ တွေ ရှင်းရပါလေရော၊ နာနားကိုလည်း နှစ်ပတ်သုံးပတ်လောက်အထိ လူတွေ လာ လာကြည့်ကြသေးတယ်၊ ဖာသာကြီးဆို လက်ဖျားတခါခါပဲ၊ အခုထိ ပြောလို့မဆုံးဘူး၊ နာနားကဖြင့် ဂရိုတ်ဖိုက်တောင် ရောက်နေပြီ'

မေနီးမှာ မောသွားပုံနှင့် စကားဖြတ်ကာ အအေးသောက်လေ၏။ ခေါင်မှာ နည်းနည်းဖြူသွားပုံနှင့် ပခုံးတွန့်လေ၏။ မေနီး အအေးခွက်ပြန် ချသော် မေးလေ၏။

'နောက်တော့ကော'

'နောက်ပိုင်းကျတော့လည်း ဘာမှ မဖြစ်တော့ပြန်ဘူး ကိုကိုရဲ့၊ မေနီး တို့လည်း ချော့မေးကြတာပဲ၊ အဲဒီမြွေကြီးတွေက သူ့ friend တွေဆို ပြော



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဲဒါထက် ဘာမှထပ်မေးလို့ မရဘူး၊ သတိထားပြီးတော့ ပိုထိန်းရတာပေါ့ ကိုကိုရာ၊ သူ ကျောင်းနေတော့ တစ်ခု ထပ်ဖြစ်သေးတယ်'

'အင်း လုပ်ပါဦး'

'ဖြစ်တဲ့အဖြစ်က မထူးခြားဘူး ကိုကိုရဲ့၊ ဟိုကကျောင်းတွေမှာ ဖြစ်တတ်တဲ့ဟာမျိုးပါ၊ ကလေးချင်း အနိုင်ကျင့်ချင်ကြတာလေ၊ နာနားက ကိုကို မြင်တဲ့အတိုင်း နည်းနည်းထွားတယ်၊ ကစားချိန် စားချိန် အိပ်ချိန်မှာ ခဲ့တာကိုး၊ အဲဒီတော့ ကလေးချင်းက သိပ်မစမ်းရဲကြဘူး၊ ဒါပေမဲ့ နာနားကအေးတော့ ကြောက်တတ်မယ် ထင်ပြီး တစ်ရက်ကျ ကျောင်းအဆောင်မှာလား ကျောင်းအတက်မှာလား မသိဘူး၊ မေနိုး ကောင်းကောင်း မမှတ်မိတော့ဘူး၊ ကလေး သုံးလေးယောက်က ဝိုင်း ရန်စတယ်လေ၊ သူက တစ်ယောက်တည်း၊ ကျန်တဲ့ ကလေးတွေကလည်း ဝင်မပါရဲကြဘူးတဲ့၊ ဒီအတိုင်း ကြည့်နေတာတဲ့၊ မေနိုးကို သူကိုယ်တိုင် ပြန်ပြောပြတာ၊ သူ့ကို ဝိုင်းထိုးဖို့ လုပ်တာတဲ့၊ သူ့ကို စထိုးဖို့လုပ်တဲ့ကလေးကို သူက မျက်စိနဲ့ ကြည့်လိုက်တာတဲ့၊ ကျန်တဲ့ ကလေးတွေကိုလည်း လိုက်ကြည့်တယ်တဲ့၊ အားလုံးကြောက်ပြီး ထွက်ပြေးကြတယ်တဲ့၊ စထိုးဖို့ လုပ်တဲ့ ကလေးက ပြေးရင်းချော်လဲပြီး နောက်တစ်နေ့ကျ အပြင်းဖျားလို့ ကျောင်းတစ်ပတ်လောက် မတက်နိုင်ဘူးတဲ့၊ သူ ပြန်ပြောပြတာနဲ့ ကျောင်းကလူတွေ ပြောတာနဲ့ အတူတူပဲ၊ မေနိုးတို့လည်း နောက်တစ်ခါ မလုပ်ရဘူးနော် ဘာညာနဲ့ ဝိုင်းပြောရတာပေါ့၊ သူကတော့ အေးအေးပဲ၊ Why they try me ဆဲ ပြောတယ်၊ ကျောင်းမှာတော့ သူ့ကို Devil တွေ Demon တွေရော စုံအောင် ပြောခံရတော့တာပေါ့၊ မပေါင်းရဲကြတော့ဘူး၊ သူကလည်း နဂိုတည်းက တစ်ယောက်တည်းနေတာ များတော့ ဘာမှဖြစ်ပုံ မရဘူး၊ မေနိုးတို့က အားငယ်မှာစိုးလို့ မေးမြန်းကြည့်တော့ သူက တကယ်ကို ဘာမှဖြစ်ပုံမရဘူး၊ they don't know me ပဲ ပြော ပြောနေတယ်၊ မေနိုးက ဒါဆို မေမေတို့ ဒက်ဒီတို့ မာမားတို့ ကရောလို့ မေးတော့ အတူတူပဲတဲ့၊ အဲဒီတုန်းက ခြောက်နှစ်လောက်ပဲ ရှိဦးမယ်၊ မမတို့ မာမားတို့ကို နာနားက သိတယ်တဲ့၊ နာနားကို မမတို့ မာမားတို့ မသိဘူးတဲ့၊

နောက်တစ်ခု ရှိသေးတယ်၊ ဟိုနေ့ကမှ ဒက်ဒီ ပြန်ပြောပြတာ၊ အဲဒီ





အရွယ်ပဲ၊ တစ်နေ့ ဒက်ဒီ ရုံးသွားခါနီး နာနားက ပြောတယ်တဲ့၊ ဒက်ဒီရုံးက အခန်းထောင့်က ဗီရိုကြီးပေါ်မှာ တင်ထားတဲ့ အထုပ်အဖြူကြီး ဒီနေ့ ပြုတ်ကျလိမ့်မယ်တဲ့၊ ဒက်ဒီ ရုံးရောက်ရင် ဒက်ဒီ့အခန်းအပြင်က မှတ်ဆိတ်နဲ့ လူကြီးကို ချမိုင်းလိုက်တဲ့၊ ဒက်ဒီကလည်း အမှုမဲ့အမှတ်မဲ့ အေးပါ အေးပါပေါ့၊ ရုံးရောက်တော့လည်း မေ့သွားတာပေါ့၊ နေ့လည်ကျတော့ အထုပ်ကြီးရော ဗီရိုပါ ပြိုကျပါလေရော၊ အထုပ်ကြီးက ဒက်ဒီထိုင်နေကျ ကုလားထိုင်ပေါ် တည့်တည့်ကို ကျတာ၊ စာရွက်စာတမ်းဟောင်းတွေ စုထုပ်ထားတဲ့ အထုပ်ကြီး၊ ဒက်ဒီ နောက်မှ ပြန်စဉ်းစားကြည့်တော့ နာနားက ဒက်ဒီ့ရုံးကို တစ်ခါမှ ရောက်ဖူးတာ မဟုတ်ဘူး၊ ဒက်ဒီ့ရုံးခန်း အပြင်က သူပြောတဲ့ မှတ်ဆိတ်နဲ့လူကြီးဆိုတာလည်း သူ တစ်ခါမှ မြင်ဖူးတာ မဟုတ်ဘူး၊ ဒက်ဒီက ပြန်ပြောပြတာ၊ အဲဒီလူကြီးက ထွားထွားကြီးနဲ့ သိပ်သဘောကောင်းတာတဲ့၊ လူတိုင်းကို ကူညီနေကျတဲ့၊ ရုံးမှာ လေးလေးပင်ပင် မစရာသယ်စရာရှိရင် သူပဲ လုပ်ပေးနေကျတဲ့၊ တနေ့ကမှ အန်ကယ်ဘုန်းကို ပြောပြရင်းမှ မေနိုးနဲ့မာမား သိရတာ၊ ကံကောင်းတာက အထုပ်ကြီးပြိုကျတော့ ဒက်ဒီ မရှိဘူး၊ အစည်းဝေး ရောက်နေတယ်လေ၊ မေနိုး ဘာပြောချင်သလဲဆိုတာ ကိုကို သိလောက်ပြီ ထင်တယ်'

မောသွားပုံ ရ၏။ ရဲသင်ရုံမှာ စိတ်ရှုပ်နေဟန်ရှိသော မျက်နှာဖြူဖြူလေးကို ကြည့်ကာ ပြုံးမိ၏။ အတန်ကြာ စဉ်းစားနေပြီးမှ

'ကဲ ပြော မေနိုးနဲ့ တိုက်ရိုက် ဘယ်လိုပတ်သက်နေလဲ'

ပြန်မေးသံ မကြားရ။ ကြည့်လိုက်တော့ အဝေးကို ငေးနေ၏။

'အားလုံး ပြောပြမယ်ဆို၊ ဂျိုနသန်နဲ့ ညည်းနဲ့ ဘယ်လောက်ထိ ပတ်သက်လဲ'

ဖျတ်ခနဲ လှည့်ကြည့်လာ၏။ ဆုတ်ဆိုင်းဆိုင်း ဖြစ်နေပြီးမှ

'နာနားက မေနိုးကို ကောင်းကောင်းသိတယ် ကိုကို'

'အေးပါ ဟုတ်ပါပြီ၊ ဘယ်လို ကောင်းကောင်းသိတာလဲဆိုတာ သိမှ ကိုကို စဉ်းစားပေးလို့ရမှာပေါ့'

'အခု မာမားနဲ့ ဒက်ဒီလာတာ ကိုကိုနဲ့ မေနိုးကို နာနားက ခေါ်ခိုင်းလိုက်လို့တဲ့ ကိုကို'



www.burmeseclassic.com

www.burmeseclassic.com



'ဟော'

လုံးလုံးမထင်ထားသော ကိစ္စကို ကြားလိုက်ရသဖြင့် ဘာဆက်ပြော ရမှန်းမသိ ဖြစ်၍သွားလေ၏။ အထစ်ထစ် အငေါ့ငေါ့ ပြန်မေးရ၏။

'ဘာ ဘာဖြစ်လို့လဲ'

'အဓိကက နာနားက မနီးကို ပြန်လာစေချင်တာ ကိုကို၊ မနီးထို သူ စိတ်မချဘူး၊ မနီး ဒီပြန်ရောက်ပြီးကတည်းက နာနားကို ခဏခဏ အိပ်မက်မက်တယ်၊ အစကတော့ ကိုယ့်မောင်လေးကိုယ် သတိရလို့ မက် တာလို့ ထင်တာ၊ သူ ပုံလေးတွေ ဆွဲပေးလိုက်ပြီး မာမားတို့နဲ့ ထည့်ပေး လိုက်တာ တွေ့တော့မှ ကိုကို့ကိုပြောမှ ဖြစ်တော့မယ်လို့ မနီး ဆုံးဖြတ် လိုက်တာ၊ ဒက်ဒီတို့ကတော့ နာနားဟာ သူ့အစ်မသူ အရမ်းသတိရနေတာ လို့ ယူဆနေကြပုံရတယ်၊ မနီးကတော့ အဲလို မတွေးဘူး၊ နာနားကိစ္စ တစ်ယောက်ယောက်နဲ့ တိုင်ပင်ရမယ် ထင်တယ်လို့ ယူဆတယ်၊ မာမား တို့ကတော့ ကိုကိုတို့နဲ့ မဆိုင်လောက်ဘူး ထင်ပေမဲ့ မနီးတော့ အဲလို မထင်ဘူး'

'နေ ‥ နေဦး မနီး၊ ဂျိုနသန်က ပုံလေးတွေ ဆွဲပေးလိုက်တယ်ဆိုတာ ဘယ်မှာလဲ၊ ကိုကို ကြည့်ချင်တယ်'

မနီးက တစ်ချက်ပြုံး၍ သူ့အိတ်လေးလှမ်းဖွင့်ယူကာ အထဲမှ စက္ကူ လိပ်လေးတစ်လိပ် ထုတ်ပေးလေသည်။

ကျောင်းသားငယ်တစ်ယောက်၏ လေ့ကျင့်ခန်း စာအုပ်ငယ်ထဲမှ ဖြုံဖြုံ စက္ကူလေးများကို ဖြဲကာ ဆွဲထားသော ပုံလေးများ။ တစ်ပုံနှစ်ပုံကြည့်ပြီး နှင့် ရဲသင်ရဲ လက်ထဲမှ လွတ်ကျသွားမတတ် လန့်သွားလေသည်။ ပန်းချီ ဆရာတစ်ဦး၏ လက်ရာကဲ့သို့ ပီပြင်ထင်ရှားခြင်းတော့ မရှိလှပါ။ သို့သော် ရုပ်လုံးတော့ ပေါ်လှ၏။ ရုပ်ပုံလေးများမှာ ရှစ်ရွက် ဆယ်ရွက်ခန့်။

မနီးနှင့်သူ ရေကူးနေကြပုံ။ မနီး ယခု နေ နေသော ယခင်က ရဲသင်ရဲ၏ အိပ်ခန်းပုံ။ ငှားထားတာ မကြာသေးသော ရုံးခန်းပုံ။ မနီး ခရီး ထွက်စဉ်က tour group အတွက် ငှားသွားခဲ့သော ကားကြီး။ မနီး တစ်ဦးတည်းမြင်ကွင်းအရသာ ပတ်သက်ခဲ့သော ရှုခင်းမြင်ကွင်းများ။ မနီး မျက်စိမှ မြင်ရသော ရဲသင်ရဲပုံ။ သူတို့အိမ် ရေကန်ဘေးတွင် အန်ကယ်





ကျော့ရှ်၊ အန်တီမေရီနှင့် သူ့အဖေ ဦးဘုန်းရဲတို့ ထမင်းစားရင်း စကားပြော နေကြစဉ် ခွေးကြီးဘရုစ်မှ ပတတ်ရပ်၍ စားပွဲစွန်းလက်ထောက်ကာ အစာ တောင်းနေသည်ကို မနီး ထိုင်နေသောနေရာမှ မြင်နေရပုံ။ မြတ်စွာဘုရား။ သူ ယခု ထိုင်နေသော နေရာတွင် သူ စာရွက်များ ကြည့်နေသည်ကို မနီး နေရာမှ မြင်နေရပုံ။ နောက်တစ်ပုံ လှန်လိုက်ချိန်တွင် ရဲသင်ရဲ အတော်တုန်လှုပ်သွား၏။

'မျက်ရှုလရောင်'

တစ်ထစ်ချ မတူသော်လည်း သူပင်ဖြစ်သည်မှာ ထင်ရှား၏။ မျက်လုံး တွေက ခပ်စိမ်းစိမ်း ကြည့်လျက်။ ကိုယ်တစ်ပိုင်းပုံ။ နောက်ဆုံးတစ်ပုံ ကား ...

အမျိုးသမီးတစ်ယောက်။

ရဲသင်ရဲဘဝတွင် တစ်ခါမှ မမြင်ဘူးပါ။ ပြုံး၍နေပုံကို ဆွဲထား၏။ ရင်ဘတ်တွင် ပန်းတစ်ပွင့် ရှိ၏။ အမျိုးအစား မကွဲပြား။

'ဘယ်သူလဲ ကိုကို'

မေးသူက မေးခဲ့ပြီးသော်လည်း အဖြေက မရှိ။ အတန်ကြာ တိတ် ဆိတ်၍နေ၏။

'အဲဒီနေ့က ကိုကိုကလည်း ဒင်နာတစ်ခုရှိတော့ အိမ်မှာမရှိဘူးလေ၊ မာမားတို့က အန်ကယ်ဘုန်းနဲ့ တိုင်ပင်တာ၊ နာနားက မနီးကို ပြန်ခေါ်စေ ချင်တာ၊ ကိုကို့ကိုလည်း တွေ့ချင်လို့တဲ့၊ သူက ဆမ်မက်စတာမပြီးသေး တော့ သူ လိုက်မလာနိုင်တာကို စိတ်ညစ်နေတာ၊ သူက အဲဒီမိန်းမကို ဘယ်သူမှန်း သိချင်နေတာ၊ ကိုကို သိတယ်တဲ့၊ မာမားတို့ကတော့ နာနား အစ်မကိုလွမ်းလို့ ဟိုပြောဒီပြော ပြောနေတာလို့ ထင်နေကြတာ၊ မနီးက တော့ အဲလို မထင်ဘူး'

'နေဦး အဖေက ဘာပြောလဲ မနီး၊ အဲဒီနေ့က'

'ဘာမှမပြောဘူး ကိုကို၊ အန်ကယ်က စဉ်းစားနေလို့တောင် ဒက်ဒီက သိပ်အရေးမကြီးပါဘူးဘာဘူးနဲ့ ပြောနေသေးတယ်'

'Thank you မနီး'

'ဘာကြီးလဲ ကိုကို'



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်မို့ မေနိုး နားမလည်။

'သြော် ကိုကိုကို ဒါတွေ ပြောလိုက် ပြလိုက်တာကို ပြောတာ မေနိုး လုပ်သင့်တာကို လုပ်လိုက်တာအတွက် Thank you လို့ ပြောတာ'

'မဟုတ်ဘူး ကိုကို၊ ဒက်ဒီတို့က အရေးမကြီးလှဘူး ဆိုပေမဲ့ နာနာ က ကိုကိုကို ဘာလို့ ခေါ်ခဲ့ခိုင်းတာလဲ'

'အကြောင်းရှိလို့ ဖြစ်မှာပေါ့'

'ဘာလဲ ကိုကို၊ ဘာအကြောင်းလဲ၊ ဟိုမိန်းမက ဘယ်သူလဲ'

'ကိုကို မသိဘူး ညီမလေး'

မေနိုး ငိုင်ကျသွားလေသည်။ ရဲသင်ရဲတွင်လည်း ပြောရန်စကား မရှိ။ အတန်ကြာ တိတ်ဆိတ်နေကြပြန်၏။ မေနိုးမှ တစ်ခုခု ဆုံးဖြတ်ပြီးပုံနှင့်

'ကိုကို'

ရဲသင်ရဲ မော့ကြည့်၏။ မေနိုးကား တည်တည်ခံ့ခံ့။

'မေနိုးကို ချစ်လား'

ပေါ့ပါးစွာ မေး၏။ မေးခွန်း၏ အဓိပ္ပာယ်နှင့် ရည်ရွယ်ချက်ကို နှစ် ပေါင်းများစွာကတည်းက သိခဲ့ပြီးပြီဖြစ်၍ ပေါ့ပါးစွာပင် ပြန်ဖြေရလေသော အကြိမ်ပေါင်းများစွာ မေးခဲ့ဖူးသော စကား။

'ညီမလေး ငါ ညည်းကို တတ်နိုင်သလောက် ကူညီမှာပါ'

ညနေစောင်းစ ပြုလာလေပြီ။ ငှက်သံများ ကြားရ၏။ ငှက်သံများ ကြားမှ တစ်စုံတစ်ယောက်၏ ခေါ်သံလိုလို ရဲသင်ရဲ ခံစားလိုက်ရလေ သည်။

'ကိုကိုရေ'

ပွဲတင်သံနောက်မှ တိုးတိတ်စွာ ကြားရသည်ကား

'ပုဏ္ဏားရေ'

ဘဝတွင် ပထမဦးဆုံးအကြိမ် ခံစားမှုတစ်ခုကို ရုတ်တရက် ရလိုက် လေသည်။ ဘဝသည် မှုန်ရီဝေဝါးလျက်။

လူပြောသူပြော များခဲ့သလို တစ်စုံတစ်ရာ အာမခံချက်ကော ဘဝတွင် ရှိခဲ့လေသလား။ နူးညံ့သော လက်ဖြူနုလေးတစ်ခုက ပခုံးထက်သို့ ရောက် လာ၏။





'ကိုကို ပြန်ကြရအောင်လေ'

မြောက်ပြန်လေသည် အေးသောရနံ့ကို တစ်ခါတစ်ရံ ယူဆောင်လာ တတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

သုံးလေးငါးရက်ခန့် ရှိလေပြီ။

အိပ်မက်လည်း မက်ဖူး၏။

သွားရင်းလာရင်း စိတ်ထဲမှာလည်း အကြောင်းမဲ့ ပေါ်ပေါက်လာဖူး၏။ ခရမ်းရောင်ဆိုင်လေး တစ်ဆိုင်။ ပန်းတွေ အများကြီးနှင့်။ ဘာမှန်းလဲ စဉ်းစားလို့ မရ။ နေရာကိုတော့ စိတ်ထဲရောက်ဖူးခဲ့သလိုလို။ ဆိုင်မျက်နှာစာကိုသာ မြင် မြင်နေရခြင်းဖြစ်၍ အတွင်းထဲတော့ မမြင်ရ။ ဆိုင်လေးတဆိုင်ခန်း အတွဲလိုက်လို နှစ်ထပ်တိုက်တန်းရှည်ကြီး တစ်ခု၏ အလယ်မှာ။ အခြားဆိုင်တွေရှိသော်လည်း မှတ်ဉာဏ်ထဲတွင် မှုန်ဝါးဝါးနှင့် သိပ်မမှတ်မိ။ ပန်းဆိုင် ခရမ်းရောင်လေးကိုသာ ထင်ထင်ရှားရှား မှတ်မိကာ မြင် မြင်နေ၏။

တစ်ဆိုင်လုံးကို ခရမ်းရောင် အနုအရင့်များနှင့် အနောက်တိုင်းက ပန်းဆိုင်တွေလို သေချာပြင်ဆင်ထား၏။ ဆိုင်ရှေ့ အပြင်ဘက်တွင်လည်း ပန်းမျိုးစုံများချထားသည်ကို မှတ်မိနေ၏။ ဆိုင်းဘုတ်က နီယွန်မီးလေးများနှင့်။ ဆိုင်နာမည်ပေးထားသည်ကလည်း တစ်မျိုးလေး။ ခေတ်ဟောင်းမှ ကမ္ဘာကျော် ရုပ်ရှင်မင်းသားကြီး ဂရေဂိုရီပက်နှင့် မြန်မာမင်းသမီး ဝင်းမင်းသန်းတို့ တွဲဖက် ရိုက်ကူးခဲ့ဖူးသော ရုပ်ရှင်ခေတ်ဟောင်းကားတစ်ကား၏ နာမည်။ purple plain တဲ့။ ခရမ်းရောင်လွင်ပြင် ဟူ၏။ တစ်ခုခုတော့ တစ်ခုခုပဲဟုတော့ သဘောရ၏။ ဘာတစ်ခုခုမှန်းလဲ မသိ။

ဒီနေ့တော့ ထိုကိစ္စကို မနက်ကတည်းက သတိရနေသဖြင့် တစ်နေကုန်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကိစ္စများနှင့် လျှောက်သွားနေရရင်းမှ လမ်းဘေးဘီဝဲယာကို သတိထား ကြည့်နေမိ၏။ လမ်းကြားတစ်ခုထဲတွင် တည်ရှိသော ကုမ္ပဏီတစ်ခုရှိရာသို့ ကားကို ချိုးကွေ့ဝင်လိုက်စဉ်တွင် ဖျတ်ခနဲ သိလိုက်ပြီ။ ထင်သည့်အတိုင်း လမ်းမကြီးဘက်က ကွေ့ဝင်လိုက်ပြီးသည်နှင့် အတန်းလိုက်ဆောက်၍ထားသော ဆိုင်ခန်းများကို ညာဘက်ခြမ်းတွင် စတွေ့ရ၏။ သွားစရာရှိသော ကုမ္ပဏီကို ခဏမေ့သွား၏။ ကားမောင်းလာရင်းမှ ဆိုင်ခန်းတွေကိုသာ စူးစူးစိုက်စိုက် ကြည့်လာမိလေသည်။

'ပုဏ္ဏားရေ'

တစ်ကိုယ်လုံးမှ ကြက်သီးမွေးညင်းများ ထသွားသလို ရုတ်တရက် ခံစားလိုက်ရ၏။ ခေါ်သံ။ မျက်ရှုလရောင်၏ အသံ …။ စိတ်နှင့်ကိုယ်နှင့် ကွာသလို ဖြစ်နေသော်လည်း ရဲသင်ရံမှာ အကျင့်ပါနေကျအတိုင်း ကားကို စနစ်တကျ လမ်းဘေးချရပ်လိုက်လေ၏။ ထိုအသံကို သူ တကယ် ကြားလိုက်လေသလား။ ဒါမှမဟုတ် စိတ်တွင် ထင်မြင်လိုက်ခြင်းလေလား။ မည်သို့ဖြစ်စေ ရဲသင်ရံမှာ ကားထဲမှထွက်၍ လမ်းပေါ်တွင် မတ်တတ်ရပ်လျက် ရှိပေပြီ။ ရည်ရွယ်ချက် တစ်စုံတစ်ရာ မပါဘဲနှင့် သူ လျှောက်သွားနေမိခဲ့ပြီ ဖြစ်၏။ တစ်ဆိုင်၊ နှစ်ဆိုင်၊ သုံးဆိုင်၊ လေးဆိုင်၊ ငါးဆိုင် …။

'ပုဏ္ဏား'

ဆတ်ခနဲ ဖြစ်သွား၏။ အသိစိတ်သည် ဝေဝါးလျက်။ တစ်ကြိမ်တစ်ခါမျှ စိတ်ထဲတွင် မဖြစ်ပေါ်ခဲ့ဖူးသော ခံစားချက်တစ်ခု ပေါ်လာ၏။

အသိပြန်ဝင်လာချိန်၌ သူသည် ဆိုင်လေးရှေ့တွင် ချထားသော ပန်းမျိုးစုံ ပန်းတောင်းများအနက်မှ ပန်းနီလေးတစ်ပွင့်ကို ယူကာ ကိုင်ထားပြီးလျက်သား ဖြစ်နေ၏။ အရာအားလုံးသည် စနစ်တကျ ဖြစ်ပျက်သွားကြလေ၏။

'ရှော့ … ကွန်ဂရက်ကျူလေးရှင်း'

'ဟဲ့ .. ဟာ ဟ .. နင်က ငါ့ဆိုင်ကပန်း ငါ့ ပြန်ပေးပြီးတော့'

'အမိကက အထိမ်းအမှတ်ပါဟာ'

'ဘာလဲ တင်မောင်တို့ ပြောလိုက်လို့လား၊ အိုး … ပုဏ္ဏား နင် ဘာလုပ်တာလဲ'





မရည်ရွယ်ဘဲ တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်မိ၏။ အရပ်မြင့်မြင့် ခန္ဓာကိုယ်လေးမှာ နွေးထွေးစွာ ပါလာ၏။ အားလုံး မှင်တက်လျက်။ အတန်ကြာ ငြိမ်နေပြီးမှ ရုန်းကန်ရင်း တိုးတိုးပြော၏။

'ဟဲ့ လွှတ်စမ်း၊ ဆိုင်က ကောင်မလေးတွေ ကြည့်နေတယ်၊ နင် ဘာလုပ်တာလဲ'

ယောင်ယမ်းလွှတ်လိုက်မိသော်လည်း ကြောင်စီစီ ဖြစ်နေသော ရဲသင်ရံကို ကြည့်ကာ မျက်ရှုမှ ရှက်ရှက်နှင့် အခြေအနေကို ထိန်းရလေ၏။ ရဲသင်ရံလက်ကို ဆွဲခေါ်ကာ ခုံတစ်လုံးတွင် ထိုင်ခိုင်းရလေ၏။ ကြောင်ပြီး ကြည့်နေကြသော ကောင်မလေးနှစ်ယောက် အနက်မှ တစ်ယောက်အား

'စန္ဒာ .. အအေးတစ်ခွက် သွားဖျော်ခဲ့ ညီမလေး၊ အေးအေးလေး လုပ်နော်၊ မြန်မြန်'

'ဟုတ်ကဲ့ မမ'

'ဟိုဘက်နှစ်ဆိုင်ကျော်မှာ မုန့်တစ်ခုခု သွားဝယ်ပေးပါလား၊ ညွှန့်သည်ကို ကျွေးရအောင် အံဆွဲထဲက ပိုက်ဆံယူသွား'

နောက်တစ်ယောက်ကိုပါ တစ်ခုခု ခိုင်းလိုက်ရ၏။ ကောင်မလေးနှစ်ယောက်မှာ ခိုင်းလို့သာ အသီးသီး ထွက်သွားကြရသည်။ ဇဝေဇဝါနှင့် ဘာပါလိမ့် ဘယ်လိုပါလိမ့်ဟူသော သဘောနှင့် လှည့်ကြည့်လှည့်ကြည့် စိတ်မချသလို။ မျက်ရှု မသိချင်ယောင် ဆောင်နေလိုက်ရ၏။ နှစ်ယောက်ထဲ ကျန်ခဲ့တော့မှ ကျေးဇူးရှင်ကို သေချာကြည့်ရ၏။ အခုထက်ထိ ယောင်တီးယောင်နနှင့် ဆိုင်ထဲ ဟိုဟိုဒီဒီ လိုက်ကြည့်နေ၏။ မျက်ရှုမှာ စိတ်တိုလာကာ ရဲသင်ရံ၏ ပခုံးနှစ်ဖက်ကို စိတ်ရှိလက်ရှိ ဆုပ်ကိုင်ခါယမ်းလိုက်ရင်း တိုးတိုးကျိတ်ခေါ်၏။

'ဟဲ့ ပုဏ္ဏား … ပုဏ္ဏား … နင် ဘာဖြစ်နေတာလဲ'

ထိုခဏမှ ယောင်တောင်တောင် သတိပြန်ဝင်လာသလို ပုံစံနှင့်

'ဟင် ဟင် .. ဟာ .. ဟဲ့ မျက်ရှု ငါ ဘာဖြစ်သွားတာလဲ'

'ရှူး တိုးတိုးလုပ်စမ်း၊ နင်ဟာလေ ဘာမှန်းလဲ မသိဘူး'

'မဟုတ်ဘူးဟ၊ ငါ ဘယ်ရောက်နေတာလဲ'

'ဟဲ့ ငါ့ဆိုင်မှာလေ'



www.burmeseclassic.com

www.burmeseclassic.com



'နှင့်ဆိုင်မှာ'

'အေးလေ ပုဏ္ဏား နင် ငါ့ဆိုင်လာလည်တာ မဟုတ်ဖူးလား'

'မဟုတ်ဘူးဟ၊ နေဦး ဒါ နင့်ဆိုင်လား၊ ဘယ်တုန်းက ဖွင့်တာလဲ၊ ငါ နင့်ဆိုင် အရင်က ရောက်ဖူးလား'

'အာ .. ဘယ်လိုလုပ်ရောက်ဖူးမှာလဲ၊ နေစမ်းပါဦး၊ နင် ခုနက ဖြစ်သွားတာတွေ တကယ် မသိဘူးလား၊ နင် ငါ့ဆိုင်ကို ဘယ်လိုသိလဲ၊ နင့်ကိုလည်း ငါ မပြောဖူးပါဘူး'

'မသိဘူးဟ'

'ဟင်'

'မမ အအေးရပြီ'

'ဩော် အေး၊ ပေး ပေး၊ ရော့ ပုဏ္ဏား'

သံပုရာရည်အေးအေး တစ်ခွက်လုံးကို အားရပါးရ သောက်ချလိုက်ပြီး တော့မှ ခေါင်းတော်တော် ကြည်သွားတော့၏။

'ပြောစမ်းပါဦးဟ၊ ငါက ဘယ်လိုရောက်လာပြီး ဘာတွေ လျှောက်ဖြစ်ကုန်တာတုံး'

'နင်က လာပြီးတော့ အာ .. ပုဏ္ဏားရာ ... နင် ပြဿနာရှာဖြစ်ပြီ၊ လာ လာ အအေးဆိုင်သွားမယ်၊ စန္ဒာ ဆိုင်ခဏစောင့်ပေးဦးနော်၊ မမတို့ အပြင် ခဏ သွားလိုက်ဦးမယ်'

'ဟုတ် ဟုတ်ကဲ့'

ကောင်မလေးမှာ ကြောင်စီစီနှင့် ကျန်ခဲ့၏။ မျက်ရှုမှာ စိတ်တိုတိုနှင့် ရဲသင်ရဲလက်ကို ဆွဲကာ ဆိုးဆိုးဆတ်ဆတ် ထွက်သွားလေရာ ရဲသင်မှာ ကန့်လန့်ကန့်လန့် ပါသွားလေသည်။

လူရှင်းသော အအေးဆိုင်တစ်ခုသို့ ရောက်သွားကြလေ၏။ ဆိုင်ထောင့် စားပွဲတစ်လုံးကို ရွေးထိုင်ကြပြီး၍ မှာစရာရှိသည်များ မှာပြီး စားပွဲထိုး ပြန်ထွက်သွား၍ ဘယ်သူမှ မရှိတော့သောအခါမှ မျက်ရှုက သူ့ကို ပြူးကြောင်ကြောင် လာကြည့်နေသော ရဲသင်ရဲကို မျက်စောင်းထိုးရင်း စုပုပ်နှင့်

'ဘာလာကြည့်နေတာလဲ၊ ပုဏ္ဏား နင် ငါ့ကို သက်သက်လာနောက်





နေတာ မဟုတ်လား၊ နင် တော်တော် တရားလွန်တယ်၊ ငါ့ ကောင်မလေးတွေ ရှေ့မှာ နင် ...'

ပြောရင်း ရုတ်တရက် ရပ်သွားကာ မျက်နှာလေး နီသွား၏။ ရဲသင်ရဲမှ

'မဟုတ်သေးဘူး မျက်ရှု ဘာတွေဖြစ်သွားလို့လဲ၊ ငါသိတာ ငါ နင့်ဆိုင်ရှိတဲ့လမ်းထဲက ကုမ္ပဏီတစ်ခုကို လာတာဟ၊ နင့်ဆိုင်ကို တွေ့ပြီးတော့ ငါ ဘာဖြစ်သွားလဲ မသိဘူး၊ ငါ ဘာတွေလျှောက်လုပ်သေးလဲ'

'နင်က ခပ်တည်တည် ဝင်လာပြီးတော့ ငါ့ကို ပန်းတစ်ပွင့်ပေးပြီး ကွန်ဂရက်ကျူလေးရှင်းတွေ ဘာတွေပြောပြီးတော့ ... နောက်တော့ ... အာ ပုဏ္ဏား ... နင်ဟာလေ ဘာမှန်းလဲ မသိဘူး'

'နောက်တော့ ဘာဖြစ်တုံး၊ ဘာလဲဟ'

'အာ .. ဘာမှမဟုတ်ဘူးဟာ၊ မသိဘူး မသိဘူး'

'မဟုတ်သေးဘူးလေဟာ၊ နင်ပဲ ခုနက ပြောတာ၊ နင့်ဆိုင်က ကောင်မလေးတွေရှေ့မှာ ဆိုပြီးတော့'

'တော်တော့ ပုဏ္ဏား၊ နင်နော်'

'ဟ ဘာလို့ လာအော်နေတာတုံး၊ ငါ ဘာမှမသိပါဘူးဆို၊ ပြောစမ်းပါဟ၊ ငါ ဘာဆက်ဖြစ်တုံး၊ ငါသိတာက ငါ သတိရတော့ နင်ကငါ့ကို ဆွဲ ဆွဲခါနေတာပဲ ငါသိတယ်၊ ဘာလဲဟ ပြောစမ်းပါ'

'ဟာကွာ .. တော်တော့၊ မပြောဘူး၊ နင်ဟာလေ ဖြစ်လိုက်ရင် ဘာမှန်းလဲ မသိဘူး'

မျက်နှာလေးနီကာ ခေါင်းငုံ့သွား၍ ရဲသင်ရဲ စဉ်းစားရခက်လေ၏။ ငါ ဘာတွေလျှောက်ဖြစ်သေးလဲဟု တွေးရင်း နည်းနည်းလည်း လန့်လာ၏။ ကိုယ့်ရှေ့မှ ကောင်မလေးမှာလည်း ခေါင်းကြီး အတင်းငုံ့နေပြန်၏။ အေးမှတော့ ဖြစ်တော့မည်။

'မျက်ရှု ... ဟဲ့'

' ..... '

ပြန်ဖြေသံ မကြားရ။ လေသံကို အနည်းငယ်ပြင်၍ ခေါ်ကြည့်၏။

'မျက်ရှု .. ငါ အကောင်းမေးတာ၊ နည်းနည်းအရေးကြီးတယ် နင်



www.burmeseclassic.com

www.burmeseclassic.com



မပြောချင်ရင် ငါ မေးမယ်၊ ဟုတ်ရင် ခေါင်းညိတ်ပြ၊ ဟုတ်ပြီလား'

ခေါင်းညိတ်ပြ၏။ ဆက်မေးရလေသည်။

'နင်ပြောတော့ ငါက နင့်ဆိုင်ထဲ ဝင်လာပြီးတော့ နင့်ကို ကွန်ဂရက် ကျူလေးရှင်း လုပ်တဲ့အထိ ရောက်ပြီ၊ ဟုတ်တယ်နော်'

ခေါင်းညိတ်၏။

'ဘာလဲ နင့်ကို ကွန်ဂရက်ကျူလေးရှင်းလုပ်နေတုန်း ငါ ပုဆိုးကျွတ် ကျတာလား'

'အာ … ခိ ခိ မဟုတ်ပါဘူး'

အသံပြန်ထွက်လာသဖြင့် တိုးတက်မှု ရှိလာသည်ဟု ယူဆရ၏။

'ဒါဆို ငါက နင့်ကို တစ်ခုခု လုပ်တာလား'

ခေါင်းညိတ်ပြန်၏။ မော့တော့ မကြည့်သေး။

'လက်ဆွဲလို့လား'

ခေါင်းညိတ်၏။ စိတ် အတော်ပေါ့သွားလေသည်။

'လက်ဆွဲတာလောက်များဟာ နင်ကလည်း'

'မကဘူးဟဲ့၊ ဘာမှန်းလဲ မသိဘူး'

'ဟေ'

ရဲသင် ခေါင်းကြီးသွားလေသည်။ အနီကောင်မလေးအား ဘာများ လုပ်ရှေ့သူရှေ့ သွားလုပ်မိခဲ့လေသနည်း။

'ဘာလဲ ငါက နင့်ကို ကောင်မလေးတွေရှေ့ ဖက်နမ်းရောလား'

'ဟာ တော်တော့၊ နမ်းမပါဘူး၊ ပုဏ္ဏား နင်ဟာလေ'

'သြော် သိပြီ၊ ငါက နင့်ကို ထဖက်ရောပေါ့'

'တော်တော့ဆို'

သဘောပေါက်ရလေတော့၏။ တော်သေးတာပေါ့။ ဖက်ရုံပဲ ဖက်လို့။ ဘယ်လိုဖြစ်သွားတာပါလိမ့်။ တယ်ခက်ပါလား။ ဒီခွတီးခွကျ ကောင် မလေးကို ငါက ဘာကိစ္စ သွားဖက်ရတာတုံး။ ဟီ ဟီ။ ဘာလဲဟ။

'မျက်နှ အကြာကြီးလား'

'မပြောနဲ့တော့ ပုဏ္ဏား နင်နော်'

'ဟီ ဟီ'





'ရယ်မနေနဲ့၊ ဘာရယ်တာလဲ ဘာမှန်းလဲ မသိဘူး'

'အေးပါ အေးပါ'

အတွေးကိုယ်စီနှင့် ငြိမ်သွားကြ၏။ မျက်နှာလရောင်မှာ ရဲသင့်ရဲကို မော့မကြည့်သေး။ ခေါင်းငုံ့ထားဆဲ စားပွဲကိုသာ ကသိဏ်းရှုနေ၏။ ရဲသင် ရဲကတော့ ပြုံးစိစိနှင့် မျက်နှာလရောင်ကို ကြည့်နေလေ၏။ ရှက်နေရှာလိုက် တာ။ ဣန္ဒြေကြီးလိုက်တဲ့ ကောင်မလေး။ ခြေဆုံးခေါင်းဖျား ကောင်းကင် ပေါ် သွားတက်ပွင့်တဲ့ ပန်းလို လန်းဆန်းနေလိုက်တာ။ ဘယ်လို အင်အား တွေနဲ့များ လင်းနေလိုက်ပါလိမ့်။ ချစ်ခြင်းနဲ့များလား …။

ရဲသင်ရဲ ဆတ်ခနဲ လန့်သွားကာ ရုတ်တရက် သတိဝင်လာပြီး တိတ် ဆိတ်ခြင်းကို ချေမှုန်းလေ၏။

'အေးပါဟာ၊ ထားလိုက်ပါတော့၊ ဒီလိုဟ နင့်ဆိုင်ကို နင့်ဆိုင်မှန်း ငါ မသိဘူးဟ၊ ဒါပေမဲ့ ငါသိသလိုလို ရှိတယ်လို့လည်း ပြောရင် ပြော လို့ရတယ်၊ ငါ နင့်ဆိုင်ကို မျက်စိထဲ မြင် မြင်နေတာ သုံးလေးငါးရက် ရှိပြီဟ၊ အိပ်မက်လည်း မက်တယ်'

'ဟင် ဟုတ်တယ်'

အကြောင်းအရာရော လေသံပါ ပြောင်းသွားသဖြင့် ပြန်မော့ကြည့်ကာ မေးဖော်ရ၏။ မျက်နှာလေးကတော့ အနီဖျော့ဖျော့။ ရဲသင်ရဲ မသိချင် ယောင်ဆောင်ကာ ဆက်ပြော၏။

'အေး ဟုတ်တယ်ဟ၊ ပထမတော့ ငါက ရိုးရိုး ပန်းဆိုင်တစ်ဆိုင် တွေ့ တွေ့နေတယ်ပေါ့ဟာ၊ လေးငါးခါလောက်ကျတော့ အဲဒီဆိုင်က နင့် ဆိုင် ဖြစ်လောက်မယ်ထင်တယ်လို့ ငါ့စိတ်ထဲ အလိုလို ထင်လာတယ်၊ ဘယ်မှာမှန်းတော့ ငါလည်း တကယ် မသိတာဟ၊ ဒီမနက်ကျတော့ မနက် နိုးကတည်းကကို နင့်ဆိုင်လေး ငါ မျက်စိထဲ မြင် မြင်နေတာ၊ နင့်ဆိုင်ကို ငါ ရောက်သွားလိမ့်မယ်လို့လည်း သိနေသလိုပဲ၊ ငါ ခုနက ပြောသလိုပေါ့၊ ငါက ကုမ္ပဏီတစ်ခုကို လာဖို့ ဒီလမ်းထဲ ရောက်လာတာ၊ နင့်ဆိုင် ဒီမှာ ရှိမှန်းသိလို့လာတာ မဟုတ်ဘူးဟ၊ ဒါပေမဲ့ နင့်ဆိုင် တွေ့လည်းတွေ့ရော ငါ ဘာတွေလျှောက်ဖြစ်ကုန်မှန်း မသိဘူး'

'တကယ်ကြီးရယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟ ငါကဘာကိစ္စ နင့်ကို နောက်ရမှာတုံး'

တိတ်ဆိတ်သွားကြပြန်၏။ ကောင်မလေး မျက်နှာမှ အနီဖျော့ရောင်လေးများ ပျောက်သွားပြီ ဖြစ်ကြောင်း ရဲသင်ရဲ သတိထားမိလေသည်။ အလေးအနက် တစ်ခုခုပြောရန် စဉ်းစားနေပုံ ရ၏။ ရဲသင်ရဲမှာ ဤအတိုင်းပင် ထိုင်ကြည့်နေလိုက်လေသည်။ အတန်ကြာ အားယူနေပြီးမှ

'ပုဏ္ဏား'

'အေး'

'နင် မသိလောက်သေးဘူး ထင်တယ်၊ ဟိုတစ်နေ့က ငါလေ တင်မောင်ဝင်းရှော့သွားရင်းနဲ့ ...........................'

ရှည်လျားစွာ ပြောပြလိုက်ပြီးနောက် မောသွားပုံနှင့် အအေးတစ်ငုံသောက်နေ၏။ မျက်ရှ ပြောနေစဉ်တစ်လျှောက် ရဲသင်ရဲမှာ တစ်စုံတစ်ရာဝင်ရောက်ပြောဆိုခြင်း ထင်မြင်ချက်ပေးခြင်း မရှိခဲ့။ ယခုလည်း တိတ်ဆိတ်နေ၏။ မျက်ရှလရောင်မှာ အားမလိုအားမရ ဖြစ်လာ၏။

'ပုဏ္ဏား'

'ဟေ'

'နင်က ဘာမှလဲမပြောဘူး'

'ငါက ဘာပြောရမှာလဲ'

'တစ်ခုခုတော့ ပြောလေဟာ၊ နင်ကလည်း ငါတို့ ဘာတွေဖြစ်နေကြတာလဲ'

ရဲသင်ရဲ ပြန်မဖြေ။ မျက်မှောင်ကုတ်ကာ အအေးဆိုင်ထဲမှ လူလာရောက်ခွန်အတုလေးတစ်ခုကို ငေးနေလေသည်။ မျက်နှာက တည်တည်ငြိမ်ငြိမ်။ မျက်ခုံးထူထူအောက်က မျက်လုံးများကတော့ တောက်ပလွန်းနေ၏။ တစ်စုံတစ်ရာ အငွေ့အသက်များ လွှမ်းခြုံလာသလို မျက်ရှ ခံစားလာရ၏။ ဘာလဲ။ ဘာတွေလဲ။

'ပုဏ္ဏား'

ပြန်ထူးသံ မကြားရသော်လည်း စူးစူးစိုက်စိုက် လှည့်ကြည့်လာသည်ကို လက်ခံရ၏။

'ငါတို့ ဘာတွေ ဖြစ်နေကြတာလဲ'





သူ့ကို စိုက်ကြည့်နေသော ရဲသင်ရဲ၏ မျက်နှာပေါ်တွင် နှုတ်ခမ်းထောင့်လေးကွေး၍ အပြုံးလေးတစ်ချက် ဖျတ်ခနဲ ပေါ်သွားသည်ကို သတိထားလိုက်မိ၏။ တစ်ခုခု ပြောရန် ကြိုးစားလိုက်စဉ်မှာပင်

'ဟုတ်တယ်၊ အဲဒီနာမည် ငါ့ကို နင်စပေးခဲ့တာပါ၊ ဒါပေမဲ့ ငါဟာ စာတ်ထဲက ကုန်းချောတတ်တဲ့ ပုဏ္ဏားတော့ မဟုတ်ဘူး၊ အခုအချိန်မှာ ငါဟာ ဆင်ကိုစမ်းနေတဲ့ မျက်မမြင်ပုဏ္ဏား ခြောက်ယောက်ထဲက တစ်ယောက် ဖြစ်နေတယ်ဟ၊ ငါ စမ်းနေရတဲ့နေရာဟာ ဘာမှမရှိဘူး'

အရှိန်အဟုန် ပြင်းထန်သော အင်အားတစ်ခု ရုတ်တရက် ဝင်ဆောင့်လိုက်သလို မျက်ရှ ထိတ်ခနဲ ဖြစ်သွား၏။

'ပုဏ္ဏား နင်'

လက်ကာပြ၏။ စကားဆက်မခံ။

'မျက်ရှ နင့်ဆိုင်က ကောင်မလေးတွေကို ဖုန်းလှမ်းဆက်ပြီးတော့ ဆိုင်ပိတ်ခိုင်းလိုက်ပါလား၊ ငါတို့ တစ်နေရာရာ သွားဖို့ လိုအပ်လာပြီ'

နားမလည်နိုင်စွာ။ ပြီးတော့ တစ်စုံတစ်ရာအတွက် စိတ်မချစွာ။ သို့သော် နာခံချင်လှစွာ။

'မျက်ရှ please'

လိုအပ်သော ကိစ္စတစ်ခုကို လိုအပ်သည့်အချိန်တွင် လုပ်ရပေမည်။ မျက်ရှမှာ စားပွဲပေါ်ချထားသော ဖုန်းကို ကောက်ကိုင်လိုက်ရင်း

'ပုဏ္ဏား နင် တစ်ခုခုသိထားတယ် မဟုတ်လား၊ အခု ငါတို့ ဘယ်သွားကြမှာလဲ'

အဆီအငေါ်မတည့်သော မေးခွန်းများ လျှံကျလာ၏။ သို့သော် အသံပါသော အဖြေမရှိ။

ပုဏ္ဏားရေ ....

ရဲသင်ရဲ ထိတ်လန့်စွာ ငေးကြည့်မိ၏။ နှစ်နှင့်ချီ၍ ကြားခဲ့ရဖူးသော ခေါ်သံ ..။ ခေါ်လိုက်ခြင်း မဟုတ်သလို ညည်းတွားမြည်တမ်းလိုက်ခြင်းလည်း မဟုတ်သော အသံ ...။

'မြို့ပြင်မှာ လယ်ကွင်းတွေ ရှိတယ်၊ ငါတို့ အဲဒီကို သွားရအောင်'

'ငါ ကြောက်လာရင်ရော'



www.burmeseclassic.com

www.burmeseclassic.com

အအေးဆိုင်လေးထဲ ပြန့်တိတ်ဆိတ်သွားပြန်၏။ လှုလုပ်ရေတံခွန် အတု မှ ရေကျသံ တပွက်ပွက်။ လေသန့်စင်စက်မှ ပုံမှန်မြည်နေသံ တဒီဒီး ရဲသင်ရုံ သက်ပြင်းချလိုက်သံကို တိုးတိုးသက်သက် ကြားလိုက်ရ၏။

'ငါ နင့်ကို ဖက်ထားမှာပေါ့ဟာ'

ပြောပြီး ခဏမှာပင် အသံများ နားထဲ ဝင်လာလေ၏။

*'မင်းက ဆင်လား ရှရှားလား'*

*'ယောက်ျားကြီး မမှတ်နဲ့၊ မိန်းမကွ'*

*'တစ်ခုခုနဲ့ ဖျက်လို့ရလား'*

*'မေနှီးကို ချစ်လား'*

ရဲသင်ရုံ ခေါင်းတစ်ချက် ခါလိုက်မိလေသည်။ သူ့ကို ငေးကြည့်နေ သော မျက်ရှုလရောင်၏ မျက်ဝန်းများက နားမလည်မှုများစွာဖြင့်။



လယ်ကွင်းတွေ။

သူတို့ထိုင်နေကြသော အဝေးပြေးကားလမ်းမဘေးတစ်ခုမှ မြင်နေရ သော မျက်စိတဆုံး အစိမ်းရောင်လယ်ကွင်းတွေ။

လယ်ကွင်းတွေကို ပြချင်တာ မဟုတ်ဘူးတဲ့။

ရှင်သန်အောင် ကြိုးစားထွန်ယက်ရခြင်း။

ရှင်သန်လာခြင်း။

ကြီးထွား ရင့်မှည့်လာခြင်း။

တစ်ဖန် ပြန်လည် ရိတ်သိမ်းခြင်း။

ကြိုးစား ထွန်ယက်ရပြန်ခြင်း။

ရှင်သန်အောင် စိုက်ပျိုးပြန်ခြင်း။

**နင် ဘာပြောချင်တာလဲ။ သိသရာလား။**

ငါ ပြောချင်တာက ဘာကို အကြိမ်ကြိမ် မမောနိုင်မပန်းနိုင် မပြီးနိုင် ခမ်းနိုင် စိုက်ပျိုးလိုက် ရိတ်သိမ်းလိုက် လုပ်နေတာလဲ။ ဘာကြောင့်လဲ။

**လိုအပ်လို့ပေါ့ဟ။ နင်ကလည်း။**

လိုအပ်တယ်ဆိုတာ ဘယ်နေရာမှာလဲ။

**အကျိုးရှိဖို့အတွက် အသုံးချရမယ့် နေရာမှာပေါ့။**

ဟုတ်ပြီ။ အကျိုးရှိဖို့ အသုံးချရမယ့် နေရာပေါင်း များစွာအတွက် ဒီ နေရာတွေ ရှိနေတာပေါ့။ အဲဒီလိုလား။

**ငါ သိပ်မသိဘူးဟ။**



www.burmeseclassic.com

www.burmeseclassic.com



လယ်သမားက တစ်နေရာက လာမယ်။ ကျွဲနွားတွေက တစ်နေရာက လာမယ်။ မျိုးစေ့က တစ်နေရာက လာမယ်။ ရေက တစ်နေရာက လာမယ်။ ရာသီဥတုက တစ်နေရာက လာမယ်။ ကံကြမ္မာက တစ်နေရာက လာမယ်။ Dimention တွေထဲက ပုံဖျက်ထွက်လာမယ့် ကြီးထွားရှင်သန်မှုက တစ်နေရာက လာမယ်။ လှုပ်ရှားမှုတွေက တစ်နေရာက လာမယ်။ ဒီနေရာမှာ အားလုံး လာဆုံကြတော့ ဖြစ်ပျက်မှုတစ်ခု ဖြစ်ပွားတယ်။

**နေဦး နေဦး။ နင်ပြောတာတွေက ရုပ်ပိုင်းမှာ မြင်သာမြင်ရပေမဲ့ ကံကြမ္မာနဲ့ ရာသီဥတုက တစ်နေရာက လာတာတို့၊ Dimention တွေထဲက ပုံဖျက်ထွက်လာတဲ့ ကြီးထွားရှင်သန်မှုက တစ်နေရာက လာတာတို့ဆိုတာ ငါ သိပ်မရှင်းဘူး။**

ဒီနေရာက အစက ဘာရှိလဲ။

**ဘာမှမရှိဘူးလေဟာ။**

ဘာမှမရှိတာတော့ မဟုတ်ဘူးလေဟာ။ မြေကြီးတော့ ရှိသေးတယ် မဟုတ်ဘူးလား။

**အဲဒါ နင် ကတ်သတ်ပြောတာပဲ။ ဘာမှန်းလဲ မသိဘူး။ ကဲ .. ဒီနေရာမှာ မြေကြီးပါမရှိသေးဘူး ဆိုရင်ရော။**

ငါ ပြောချင်တာ အဲဒါလိုရင်းပဲ။ အာကာသ စကြဝဠာမှာရှိတဲ့ Space တစ်ခုရဲ့ ဖြစ်လာခြင်းနဲ့ ပြီးသွားခြင်းကို ပြောချင်တာ။ Space တစ်ခုမှာ ဒြပ်တစ်ခု ဖြစ်လာတယ်။ နင်ပြောသလို မြေကြီးပေါ့ဟာ။ အဲဒီမြေကြီးမှာ ငါ ပြောတဲ့ ခုနကဟာတွေ လာဆုံကြရတယ်။ စပါးရခြင်းဆိုတဲ့ Result တစ်ခု အသစ် ထွက်သွားတယ်။ မြေကြီး ဖြစ်လာခြင်းနဲ့ Result စပါး ထွက်သွားခြင်းဆိုတဲ့ ကြားထဲမှာ အချိန်ကာလ time တစ်ခုပါ အလိုအလျောက် တိုင်းတာလို့ရအောင် ရှိလာတယ်။

**နင်က ကော့စ်အန်အဖက်ရဲ့ ဖိုဒိုင်မင်းရှင်းကို လာပြောနေတာပဲ။**

မဟုတ်ဘူး။ လုံးဝ မဟုတ်ဘူး။ ငါ ပြောချင်တာက ရလဒ်တစ်ခု အသစ်ထွက်ပေါ်လာဖို့အတွက် စကြဝဠာမှာ နေရာတစ်ခု လိုတယ်။ ရလဒ် အသစ်ထွက်လာဖို့အတွက် လိုအပ်တဲ့ ပါဝင်ကိစ္စတွေက အဲဒီနေရာမှာ လာစုရတယ်။ အဲလို ရလဒ်သစ်တစ်ခု ထွက်မလာသေးခင် လိုအပ်တဲ့ပါဝင်





ကိစ္စတွေ လာ လာစုနေစဉ်မှာ သူတို့အတွက် ဘယ်လောက် ကြာတယ်ဆိုတဲ့ အချိန်ကာလအလျားဟာ အလိုအလျောက် ရှိလာတယ်။ ဒါပေမဲ့ နေရာနဲ့ အချိန် ရှိလာပြီဆိုတာနဲ့ ရလဒ်က unique ဖြစ်သွားတယ်။ ဒါဆို ဒါပေါ်မယ်၊ ဟိုဟာဆို ဟိုဟာပေါ်မယ်ပေါ့ကွာ။ ဒါဆိုဒါ ဟိုဟာဆိုဟိုဟာက သဘာဝ ဖြစ်လာမယ်။ သမားရိုးကျပေါ့။ သမားရိုးကျ မဟုတ်တော့ရင် normal မဟုတ်တော့ရင် စကြဝဠာနိယာမအရ အများစု majority က လက်မခံတော့ဘူး။ ဒါပေမဲ့ အများစု နိယာမဟာ၊ သူတို့မသိနိုင်တဲ့ သာမန် သမားရိုးကျ မဟုတ်တဲ့ ဖြစ်ပျက်မှုတွေဟာ သူတို့နဲ့ ဟန်ချက်ညီစွာ Equilibriam point တစ်ခုမှာ ရှိနေတယ်။ Balance ညီနေတယ် ဆိုတဲ့ဟာပဲ။ ကမ္ဘာပေါ်မှာ လူတတ်စွမ်းသိရှိနိုင်သမျှ အတတ်ပညာ အသိပညာတွေ အားလုံးဟာ အဲဒီ point က စဉ်ထွက်လာတဲ့ ကိစ္စအသေးအမွှားလေးတွေပဲ။

**နင် ဘာပြောချင်တာလဲ။**

လူက လွန်သောကိစ္စတွေကို ပြောချင်တာ။

**မဖြစ်နိုင်ဘူး။**

ငါတို့ ဖြစ်နေကြတယ်လေ။

နင်ရယ်၊ ငါရယ်၊ ငါ့အဖေ တွေ့ခဲ့ဖူးတဲ့ ဘုရားပေါ်ကလူ၊ မေနိုးနဲ့ သူ့မောင်လေး၊ ဇော်ဝါးနဲ့ သူ့ဆရာမ၊ တင်မောင်၊ ချိုကြီး ပြီးတော့ ငါတို့နဲ့ ပတ်သက်နေတဲ့ နေရာတွေ။ နေရာတွေမှာ အဖြစ်အပျက်တွေ ခေတ်အဆက်ဆက် ဖြစ်ပျက်ခဲ့ဖူးတဲ့ အတွက် အဲဒီအဖြစ်အပျက်တွေရဲ့ အားနဲ့ နေရာတွေဟာ ဆွဲငင်မှုရှိတယ်ဆိုတာ၊ တစ်နည်းအားဖြင့် အဆက်ရှိနိုင်တယ်ဆိုတာ သံသယဖြစ်စရာ ရှိတယ်။ နင် တစ်ခု စဉ်းစားကြည့်စမ်းဟာ။ ငါတို့ အားလုံးဟာ ဘာလို့ စနစ်တကျ လာပတ်သက်နေကြတာလဲ။ ပြီးတော့ ငါတို့ မသိတဲ့ကိစ္စတွေ ဘာလို့ လာ လာဖြစ်နေကြတာလဲ။ ဒါဟာ ဘာလဲ။

အဖြေမရှိပါ။

လယ်ကွင်းများကို ဖြတ်သန်းတိုက်ခတ်လာသော လေသည် သူတို့နှစ်ယောက်ကိုပါ တသုန်သုန် ဖြတ်သန်း တိုက်ခတ်လျက် ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီလေတွေ ဘယ်ကရောက်လာသလဲ နင် သိလား။ အဲဒီအနံ့တွေ ဘယ်ကပါလာလဲရော နင်သိလား။ လယ်ကွင်းတွေက အနံ့တွေလေ။ ငါတို့ မြို့ပြမှာ မရနိုင်တဲ့ ရေနံ့ ရွှံ့နံ့ စပါးနံ့တွေလေ။

မျက်ရှု မဖြေနိုင်ပြန်ပါ။ တစ်စုံတစ်ရာကို ရိပ်မိလိုက်သလို သူ့ကို အားကိုးတကြီး လှည့်ကြည့်မိ၏။

စကြဝဠာမှာ တိုက်ဆိုင်မှုဆိုတာ မရှိဘူး။ စနစ်တကျ ပြဋ္ဌာန်းထားတာပဲ ရှိတယ်။

မယုံကြည်ပါ။ သို့သော် ချေပရန် စကားကင်းလျက်။

အခု ငါတို့နှစ်ယောက် လာထိုင်မိတဲ့နေရာမှာ ငါတို့ ဒီအချိန်ဒီနေရာမှာ ဒီလိုလာထိုင်ဖို့ တိုက်ဆိုင်မှုလို့ နင်တို့ယူဆတဲ့ ကိစ္စတစ်ခုအတွက် မြေကြီးက နဂိုထဲက စီစဉ်ဖြစ်ပေါ်ခဲ့တယ်။ ငါတို့ထိုင်ဖို့အတွက် မြက်တွေဟာ နဂိုကတည်းက ကြိုပေါက်နေခဲ့တာ။ ငါတို့ထိုင်တာနဲ့ တိုက်ဖို့ လေဟာ စောင့်နေခဲ့ပြီးသား။ ငါတို့ကြည့်စရာ လယ်ကွင်းတွေ ကြိုခင်းပေးခဲ့ပြီးသား။ ငါတို့ရမယ့် ရနံ့တွေ ကြိုစီစဉ်ထားပြီးသား။ အရာအားလုံးဟာ အစီအစဉ်တကျ ရှိပြီးသား။

**Butterfly Effect!**

ထိတ်လန့်စွာ သူ အော်မိသည်။ သို့သော် သူကမူ ပြုံးရယ်၏။

ကမ္ဘာတစ်ဖက်ခြမ်းက လိပ်ပြာလေးတစ်ကောင် တောင်ပံတစ်ချက် ခတ်လိုက်ခြင်းဟာ နောက်ကမ္ဘာခြမ်းတစ်ခုက လေမုန်တိုင်းတစ်ခုနဲ့ ဆက်သက်မှုရှိတယ်ဆိုတဲ့ အယူအဆလား။ မှန်ကောင်းမှန်နိုင်ပါလိမ့်မယ်။ ဒါပေမဲ့ နင် အခု လက်ခုပ်လေးတစ်ချက်လောက် ခပ်ဖြည်းဖြည်း တီးကြည့်ပါလား။ တစ်နေရာရာမှာ ပြင်းထန်တဲ့ ငလျင်ကြီး တစ်ခုခု လှုပ်သွားမလားဆို ကြာသပတေးဂြိုဟ်ကြီးပေါ်မှာပဲ ဖြစ်ဖြစ်ပေါ့။ ဆက်စပ်ပတ်သက်မှုတွေဟာ ဒီလိုသာဆို ငါတို့ ဘာမှမလုပ်ရဲတော့ဘဲ နေမှာပေါ့။ ငါ ပြောချင်တာက အဲဒီလို ဆက်စပ်ပတ်သက်မှုတွေ ပျက်တဲ့ဖြစ်စဉ်ကို ပြောချင်တာ။ ဇီတာ ဆိုတာ အဲဒီသဘောတပဲ။ ဖြစ်စဉ်အားလုံးမှာ အခြေခံဆက်သွယ်ပေးမှု တစ်ခု ရှိတယ်။ အဲဒီဆက်သွယ်ပေးမှုဟာ သင့်တင့်တဲ့ အချိန်မတန်ဘဲ ပျောက် ပျက်သွားခဲ့ရင် အဲဒီဖြစ်စဉ်ဟာ အချိန်မတန်ဘဲ ကတိမ်းကပါးဖြစ်သွားပြီး





အခြားဖြစ်စဉ်ကို ဝင်ရောက်ပတ်သက်မှုတွေ ဖြစ်လာတတ်တယ်။ အဲဒီဖြစ်စဉ်ကို လေ့လာလိုက်စားပြီး ပြောင်းလဲပေးဖို့အတွက် ဇီတာသီအိုရီ လို တယ်။

ဘာလို့ မြို့ပြင်လယ်ကွင်းဘေးမှာ အရာအားလုံး လေးနက်နေပါသနည်း။

နင်သိထားသမျှ ငါ့ကို အကုန်ပြောပြမှ ဖြစ်မယ်ဟ။ နင် ခံစားမိသမျှ နင် စိတ်ထဲ တွေးမိသမျှတွေပေါ့။ ငါကလည်း နင့်ကို အားလုံးပြောပြဖို့ ခေါ်လာတာ။

**ငါ ဘာမှမသိဘူး။ တစ်ခါတလေ ငါ ကြောက်တယ်။ ဘာကိုမှန်းလဲ မသိဘူး။**

ငါလည်း ဘာမှတော့ သိပ်မသိပါဘူး။ ဒါပေမဲ့ ငါတို့ထက်ပိုသိတဲ့ လူတစ်ယောက်ယောက် ရောက်လာလိမ့်မယ်လို့ ငါ ထင်နေတယ်။ သူနဲ့ တွေ့ပြီးရင် ငါတို့ တစ်ခုခု ဖြစ်ကြလိမ့်မယ်လို့လည်း ငါ ထင်နေတယ်။ ငါ နင့်ကို အကုန်ပြောပြထားမှ ဖြစ်မယ်လို့လည်း ငါ့စိတ်ထဲ ဘာကြောင့်မှန်းမသိ အသိပေးခံရသလို ဖြစ်နေတယ်။ စိတ်ရှည်ရှည် နားထောင်ပေးတာ။ ဒီလိုဟ ........................................................................................................................,

များပြားလှပါ၏။ ကျယ်ဝန်းလှပါ၏။ တစ်စုံတစ်ရာကို ပိုပြီးသိလာသလို ခံစားလာရသည်နှင့် တစ်ပြိုင်နက် တစ်စုံတစ်ရာမှပို၍ ဝေကွာသွားသလိုလည်း ခံစားနေရ၏။ ထူးဆန်းမှုပေါင်းများစွာ၊ တိုက်ဆိုင်မှုပေါင်းများစွာ၊ များပြားလှသော လေ့လာတွေ့ရှိ မှတ်တမ်းတင်ထားမှုများ။ ဤတိုက်ဆိုင်မှုများတွင် သူ မည်မျှ အာရုံစူးစိုက်ထားခဲ့လေသလဲ။ သူက ဘာလဲ။ ဇီတာကရော ဘာလဲ။ အခြားသူတွေကရော ...။ အတွေးတွေ အတွေးတွေ။

'နေဝင်တော့မယ်ဟ ပြန်ကြရင်ကောင်းမယ်'



www.burmeseclassic.com

www.burmeseclassic.com



ကာလကြာမြင့်စွာ တိတ်ဆိတ်သွားခဲ့ကြပြီးနောက် ကိုယ့်အတွေးနှင့် ကိုယ်စီ မည်မျှ မျောလွင့်သွားခဲ့ကြသနည်း။ သူ့စကားသံကြားမှ သတိဝင်လာ၏။ အိုး .... ဘယ်အချိန်တုန်းကတည်းက အတူယှဉ်ထိုင်ရင်း သူ့ပခုံးပေါ် ခေါင်းမှီထားခဲ့လေသနည်း။

ထိုနေ့တစ်နေ့က မျက်ရှုလရောင်တစ်ယောက် မသိနားမလည်မှုများနှင့် အတူ ရှက်ခြင်းများစွာဖြင့် ကုန်လွန်လိုက်ရလေသည်။



လူတွေဟာ
သိပ်သေးကွေးပါတယ်
သိပ်အားနည်းပါတယ်
မသိနားမလည်တာတွေလည်း
သိပ်ပြီးများလွန်းတယ်
နေရာယူနိုင်မှု
သိပ်ကျဉ်းတယ်
အချိန်ရရှိမှုလည်း
သိပ်နည်းနေပြန်ရော
လူတွေဟာ
သူ့အစွမ်းအစတွေ ဘယ်လောက်ရှိမှန်း
သူတို့ကိုယ်သူတို့ မသိနိုင်ခင်မှာ
ပြီးဆုံးအောင်
မရှာဖွေရသေးခင်မှာ
သေဆုံးသွားတတ်မြဲ
စကြဝဠာထဲ
လူဆိုတာ သိပ်သေးဖွဲလွန်းတယ်။

Zeta
13 century



www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူက ထအကြံရ၍ ဘယ်သူက လိုက်မြှောက်လိုက်ကြသည်မသိ။ ဘယ်သူမှလည်း အားကြတာမဟုတ်ပါဘဲနှင့် ချောင်းသာနှစ်ညအိပ် သွားရန် စီစဉ်ဖြစ်ကြလေ၏။

သေချာတာကတော့ မြို့ပြကြီး၏ နိစ္စဓူဝများကို ငြီးငွေ့နေကြတာနှင့် သည်း အားလုံး လာတိုက်ဆိုင်နေကြပုံရ၏။ ဘယ်သူမှ မငြင်းကြ။ ရုတ်တရက် ကြား ကြားခြင်းကတော့ အားလုံးတစ်ခါခါ ဖြစ်ကြသေး၏။ အားပါဘူးဆိုမှ ဘယ်သူက ဒီကိစ္စထရှည်တာတုံးဟု တစ်ယောက်ကို တစ်ယောက် လွှဲချကြသေး၏။ အမှန်တော့ အားလုံး စိတ်ပါကြသည်သာ ဖြစ်၏။ ခရီးသွားချင်နေကြသည်မှာတော့ အားလုံးအတူတူ။ နောက်ဆုံး ဇော်ဝါး ကနေဒါမှ ပြန်ရောက်လာခြင်းကို လွှဲချလိုက်ကြ၏။ သင်း ပြန်ရောက်လာပြီး ဆတ်ဆော့သဖြင့်သာ အားလုံးမအားသည့်ကြားမှ အားနာပါးနာ သွားကြရပုံမျိုး ဖမ်းကြ၏။ ဘယ်သူမှ မနေခဲ့ကြခြင်းကိုက ဘယ်လောက်လျှောက်ပြောနေနေ သူငယ်ချင်းများစု၍ ခရီးထွက်ချင်နေကြသည်က ထင်ရှား၏။ ဇော်ဝါးကလည်း ထိုသည်ကို သိ၏။ သူပင် တရားခံအဖြစ် ခံလိုက်လေသည်။ ဟိုလူ့ ဖုန်းဆက်လိုက်၊ ဒီလူ့ ဖုန်းဆက်လိုက်နှင့်ပင် လိုက်စီစဉ်နေလိုက်သေး၏။ အမှန်တော့ သူ စီစဉ်စရာ အထွေအထူး လိုလှသည်မဟုတ်။ tour လုပ်ငန်းလုပ်နေသော ရဲသင်ရုံနှင့် တပည့် ဘယန်းပေါ်များလှသော တင်မောင် ပါလာသည်နှင့်ပင် အဆင်အတော် ပြေနေပြီ ဖြစ်၏။

ရှုသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဇော်ဝါး တာဝန်ကား မင်း လုပ်လို့ အလုပ်တွေပျက်တယ် ဟူသော သ
မညည်းချင်ဘဲ ညည်းကြသည့်ဒဏ် ခံရုံသာ ရှိ၏။

ရဲသင်ရုံ၊ မေနိုးနှင့် ချိုကြီးတို့မှ နေရေးထိုင်ရေး၊ စားရေးသောက်ရေး
အကုန်စီစဉ်ကြ၏။ သူတို့လုပ်နေကျကိုး။ တင်မောင်မှ တစ်ယောက်တ
ပေါက် ယူသွားချင်ကြသော ပစ္စည်းပစ္စယများ အားလုံးကို lite truck
တစ်စီးပေါ် စုတင်ကာ သူ့တပည့်နှစ်ယောက်နှင့် အရင်လွှတ်လိုက်၏
သူ ဝယ်သိမ်းထားသည့် banana boat တွေရော၊ မီးပုံပွဲလုပ်ဖို့ ပစ္စည်း
ပစ္စယတွေရော၊ ခွင့်ပြုလွှင့်လွှတ်ရန် မီးရှူးမီးပန်းတွေရော၊ စက်ဘီးတွေရော
နောက်ဆုံး စွန်လွှတ်ရန် ပစ္စည်းများမှအစ ငါးမျှားတံနှင့် ဗာဟီရ စုံစီနေ
အားလုံးပါ၏။ သူတို့အားလုံးကတော့ တင်မောင်၏ ပူပူနွေးနွေး အ
ပေါ်ထားသော super custom ကြီးနှင့် လစ်ရန် ကြံကြ၏။ ဒရိုင်ဘာ
မခေါ်။ တင်မောင်မှ သူ့ကားသူ ကိုယ်တိုင်မောင်းမည် အဆိုတင်သွင်း
သူစိမ်းလူမပါဘဲ သူတို့ချည်းသွားရမှာ ပိုအကြိုက်တွေ့သဖြင့် ကန့်ကွက်
မရှိ အားလုံး ထောက်ခံကြလေ၏။

မျက်ရှူလရောင်ကို သွားဝိုင်းခေါ်ကြ၏။ ပထမ အင်တင်တင် ဖြစ်နေ
သေးသော်လည်း မိန်းကလေးအဖော် မေနိုးပါသည်က တစ်ကြောင်း၊ တစ်
သက်လုံးပေါင်းသင်းလာသည့် အကောင်တွေနှင့် သွားရမှာ ဖြစ်သည်က
တစ်ကြောင်း၊ နောက်ဆုံး သူ ကိုယ်တိုင်လည်း မြို့ပြကြီးကို ခေတ္တ ရှောင်
ရှားနေလိုသည်က တစ်ကြောင်းတို့ကြောင့် ပါလာလေတော့၏။ အန်ကယ်
ဖရက်ဒီကြီးက သူပါလိုက်မည် လုပ်နေသေးသဖြင့် အမျိုးမျိုး ရှောင်ကွင်း
နေကြသေး၏။ နောက်ဆုံး စကားတတ်လှသော ဇော်ဝါး ဘာသွားပြောလိုက်
သည် မသိ။ သူမလိုက်တော့ဘဲ သူ့တူမကိုသာ စိတ်ချလက်ချ ထည့်လိုက်
လေတော့မှ သက်ပြင်းချကြရကုန်၏။

ရဲသင်ရုံ၊ မေနိုးနှင့် တင်မောင်တို့ ပူးပေါင်း၍ မနက်အစောကြီး အတင်း
လိုက်နှိုး၏။ ဇော်ဝါးက ခရီးအမျိုးမျိုး သွားနေကျ လူစားဖြစ်၍ အဆင်
သင့် တွေ့၏။ ခေါ်တင်သွားကြပြီး ချိုကြီးဆီ သွား၏။ အီးအီးအဲအဲ
အပျင်းကြီးနေကာ တမင်ပေ၍မထဘဲ နေ နေသဖြင့် အတင်းနှိုးကာခေါ်လာ
ရ၏။ အိမ်ချင်းကပ်လျက် ဖြစ်သော်လည်း ရဲသင်ရုံမှ မျက်ရှူလရောင်အား





မိန်းကလေးမို့ ပြင်ပြင်ဆင်ဆင် အချိန်ပိုရအောင် နောက်ဆုံးမှ တစ်ခါပြန်
လာဝင်ခေါ်၏။ သို့သော် မျက်ရှူလရောင်မှာ အဆင်သင့်စောင့်နေသည်ကို
တွေ့ကြရ၏။ အားလုံးစုံ၍ ရန်ကုန်က စထွက်တော့ မနက်လေးနာရီခွဲပြီး
ဆိုသို့ဖြင့် ……

'ဟော့ကောင် တင်မောင်၊ မင်း ကိုယ့်လားကိုယ်စီး ခန့်ရောက်ရောက်
လုပ်ဖို့ မစဉ်းစားနဲ့၊ ဖြည်းဖြည်းမောင်း၊ မင်းအကြောင်း ငါ သိတယ်၊ မြို့
ပြင်ထွက်တာနဲ့ သောက်ရမ်းလုပ်မယ့်ကောင်'

'ချိုကြီး ငါ ဘယ်လောက်မောင်းနေလို့လဲ၊ ရှစ်ဆယ်တောင် မရှိဘူး၊
နေစမ်းပါဦး၊ ခါတိုင်း ခရီးသွားရင် လူတိုင်းပြောတယ်၊ မင်းဟာ နောက်
ခန်းတစ်ချောင်ချောင်မှာ ပြိတ္တာကြီး အရက်မူးနေသလို သေအောင်အိပ်ပြီး
လိုက်နေကျဆိုကွ၊ အခု ဘာကိစ္စ ခေါင်းခန်းမှာ ငါ့ဘေးလာထိုင်ပြီး မြူး
မူးပြတဲ ဖြစ်နေတာတုံး'

'မင်း မောင်းတာ စိတ်မချလို့ကွ'

'အောင်မာ၊ ဝပ်ရှော့ပိုင်ရှင်မောင်းတာကိုများ၊ မင်းက ကားအကြောင်း
ဘယ်လောက်သိလို့လဲ'

'ဟော့ကောင်တွေ နားညည်းတယ်ကွာ၊ ဒီမှာ အားလုံး ပြန်မှိန်းနေကြ
တာကို'

'ဘယ်သူကမှ ဘာမှမပြောတာကို မင်းက ဘာကိစ္စ လာဟောက်နေရ
တာတုံး'

'ဟ မင်းတို့နှစ်ကောင်ဟာ ကားစထွက်ကတည်းက အယ်လ်တန်တွန်
ဟာ ယောက်ျားကြီးပါ အခြောက်ကြီးပါနဲ့ ငြင်းခဲ့ကြပြီးပြီ၊ အခုလည်း
နောက်တစ်မျိုး ထပ်ငြင်းကြဖို့ လုပ်နေကြပြန်ပြီ၊ နားညည်းတယ်ကွ၊ သည်း
ခံနိုင်တော့ဘူး'

'သည်းမခံနိုင်ရင် ဆင်းကျန်ခဲ့ကွာ'

'ဇော်ဝါး ‥ မင်း လူတကာနဲ့ ခရီးသွားရင် သည်းခံခဲ့တာတွေ ငါ
တို့နဲ့ကျ အကြွေးသာဆပ်နေတာလား'

'မင်းတို့ဟာကလည်းကွာ'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူး ရဲသင်၊ ငါပြောပြမယ်၊ မင်းတော့ ဘယ်လို အလုပ် လုပ်နေတယ် မသိဘူး၊ ဒီအကောင်ဟာ ငယ်ငယ်ကတည်းက သိပ်ပစိ များတဲ့ကောင်၊ ခုနက ကြည့်ပါလား၊ တင်မောင်က အယ်လ်တန်ဂျွန် ကြီးဖြစ်ဖြစ် ငါနဲ့မဆိုင်ဘူးဆိုပြီး ပြီးသွားတာတောင် ဒီကောင်က ဘူး၊ မင်း သေချာမသိဘဲ လာငြင်းတာ ဘာညာနဲ့ ဆက်ချင်သေးတ ချိုကြီးက မိန်းမပါးစပ်နဲ့ကောင်'

'ဓော်ဝါး နင်နော် ငါတို့ကို မစော်ကားနဲ့'

'ဟ မျက်ရှု၊ နင် အိပ်နေတာ မဟုတ်ဘူးလား'

'အိပ်လို့ရမလားဟဲ့ နင်တို့ ဒီလောက်ဆူညံနေတာ'

'ငါနဲ့ ရဲသင် မပါဘူး၊ ဟိုနှစ်ကောင် ဆူနေတာ'

'နေပါစေ မပြောနဲ့ ဓော်ဝါး၊ ဒီအခြောက်မကြီး ငါ့လာငြင်းနေ ကောင်းတယ်'

'တင်မောင် မင်း စော်ကားလှချည်လား၊ ဟော့ကောင်တွေ မင်း တွေ့တယ်နော်၊ ဘယ်သူအရင် ရန်စလဲဆိုတာ၊ ငါ့ကို ကြည့်စမ်း တင် ဘယ်နေရာ ခြောက်နေတဲ့ရုပ် ပေါက်နေသလဲ'

'မင်း သောက်ရုပ်ကြီးများကွာ၊ ပိုက်ဆံရမယ်ဆိုတောင် မကြည့် အခု ငါ ကားမောင်းနေတာ ပိုတောင် မကြည့်သေး၊ မင်းက ရုပ်က တာ မဟုတ်ဘူး၊ စိတ်က တိတ်တိတ်ပုန်း ခြောက်နေတာ၊ ဒါ မင်း အယ်လ်တန်ဂျွန်က အခြောက်ကြီးပါလို့ အတင်း သက်သေထူ တာ'

'ဟာကွာ အစက ပြန်စကြပြန်ပြီ၊ ငါ ပြောတယ် ဓော်ဝါး .. သွားပြန်မစပါနဲ့ဆို'

'မဟုတ်ဘူး ရဲသင် ... ငါက ခရီးသွားရင် အိပ်တတ်တဲ့ကောင် ဒီကောင်တွေ အလကားနေရင်း အဓိပ္ပာယ်မရှိတာ အော်ကြီးဟစ် ငြင်းနေလို့ဟ'

'နင်တို့ကလည်းဟာ ငါ့ဘေးက မေနိုးပဲ ကောင်းတယ်၊ နင်တို့ လောက်ဆူနေတာတောင် အိပ်ပျော်သွားပြီ'

'နင် မကျေနပ်ရင် နင်လည်း အိပ်လေ'





'အိပ်မရလို့ပေါ့ဟဲ့၊ နင်တို့ အသံပြဲကြီးတွေနဲ့ ဒီလောက် အော်ဟစ် ငြင်းခုန်နေကြတာ၊ အစက ရှေ့ဆုံးက နှစ်ကောင်ထဲ ငြင်းနေတုန်းက ငါ မှေးမှေး မှေးမှေး ဖြစ်သွားသေးတယ်၊ အခု နင်တို့ပါ ထပ်ပါလာလို့ ငါ ပြန်နိုးလာတာ'

'နေ နေ .. မင်းတို့အားလုံး အေးအေးသာနေ၊ ဒီအခြောက်မကြီးကို သာ ငါနဲ့ ပေးငြင်းလိုက်'

'ဟော့ကောင် မင်း လုပ်လာပြန်ပလား'

'တင်မောင်ရာ .. ဒီလောက်စကားများတဲ့ကောင်ကို သွားမစစမ်းပါ နဲ့၊ မပြီးနိုင်မစီးနိုင် ရှိလွန်းလို့'

'မင်း မသိဘူး ရဲသင်၊ ဒီကောင် ငါ့လာငြင်းနေသရွေ့ ငါ မောင်းရတာ အိပ်မငိုက်ဘူးလေကွာ၊ ကက်ဆက်တွေ ဒီဗီဒီတွေတောင် ဖွင့်စရာမလိုဘူး ဟား ဟား'

'သေနာကျက ငါ့ပါ အိပ်မရအောင် လာလုပ်နေတာကိုး'

'မင်းဘာလို့ ငါ့ဘေး လာထိုင်လဲ'

'တော်ပြီ ဟော့ကောင် .. ငါ အိပ်ပြီ'

'နေစမ်းပါဦး ချိုကြီးရာ၊ ငါ သတိရတာ နောက်တစ်ခု မင်းနဲ့ ဆွေးနွေး ရလို့၊ အိုဘာမားက နဂိုတုန်းက လူဖြူတဲ့ကွ၊ သူ နိုင်ချေရှိလာတော့မှ အမေရိကန်သမိုင်းမှာ လူမည်းပထမဆုံးသမ္မတ ဖြစ်တယ်ဆိုတာ မှတ်တမ်း တင်နိုင်အောင် ပလတ်စတစ်ဆာဂျရီတွေ ဘာတွေ လျှောက်လုပ်ခဲ့တာကွ'

'ဟ အာ .. တင်မောင် မင်း လုပ်ပြီကွာ'

'အေးလေ၊ အမေရိကန်သမိုင်းကို သမ္မတထက် သူပိုသိတယ်လို့ ယူဆ နေတဲ့ကောင်ကိုမှ'

'တင်မောင် .. နင်ဟာလေ'

'ဘာလဲ မျက်ရှု .. နင်က မဖြစ်နိုင်ဘူးတွေ ဘာတွေ ပြောမလို့လား၊ ဒါဆို နင်ပြော၊ ဟစ်တလာ ဘယ်မှာသေသွားသလဲ ကဲ'

'အား .. အားလုံး ခဏနေဦး'

'အေး ပြော ချိုကြီး'

'တင်မောင် .. မင်းလိုကောင်မျိုးသာ သမိုင်းဆရာဖြစ်ရင် နောင်လာ



www.burmeseclassic.com

www.burmeseclassic.com



နောက်သားတွေအတွက် အတော် ရင်လေးစရာကောင်းတယ်၊ လူဖြူတို့ လူမည်းလုပ်လို့ ရမလားကွ'

'မိုက်ကယ်ဂျက်ဆင်က မည်းရာက ဖြူမသွားလို့ မင်းကြီးတော်ကြီး လို ညိုတိုတိုကြီး ဖြစ်နေလို့လား'

'ဒီမှာဟောကောင် .. အိုဘာမားဆိုတာက မြို့တော်ဝန်လား ဘာလား က စပြီး ..'

'လုပ်ကြပြန်ပြီကွာ'

မည်သို့ဆိုစေ မိုးလည်းလင်းလာပြီ ဖြစ်၍ မေနိုးမှလွဲပြီး အိပ်မရကြ တော့။ ကားလေးမှာ တရိပ်ရိပ်ပြေးဆဲ ...။

ကီလိုတစ်ရာနီးပါး တင်မောင် ထုံးစံအတိုင်း နင်းနေပြီဖြစ်သည်တို့ ချိုကြီး မေ့သွားပြီ။ အိုဘာမား ဖြူခြင်းမည်းခြင်းကိစ္စကို ငြင်းခုံလေ၏ တုန့်သည့်သူများကလည်း အိပ်မရတော့သည့် အတူတူ အရေမရ အဖတ် မရ စဉ်းစားမိသမျှ လျှောက်ဝင်ငြင်းကြ၏။ ကားလေးထဲတွင် ဆူညံနေလေ တော့၏။ မေနိုးကတော့ လေယာဉ်ဘယ်လောက်ဆူဆူ ဘာဖြစ်ဖြစ်တောင် မမှုဘဲ အိပ်ရေးမပျက်ခဲ့သူဖြစ်ရာ သူတို့လောက်တော့ မမှု။ အားရပါးရ အိပ်ကာ ပါလာ၏။ ချိုကြီးမှလည်း တစ်ယောက်နှင့်အများ ဖြစ်နေသည်တို့ အလျှော့မပေးဘဲ အိုဘာမားကို သူ့ယောက္ခမအလား ကာကွယ်လေ၏။ ထိုသို့ဖြင့် ...

ပန်းတနော် ရောက်လာကြလေသော် တင်မောင်မှ ဆူညံငြင်းခုံနေကြ သော စကားဝိုင်းကို အတင်းအော်ဖြတ်ကာ ခဏနားကြမလားဟု မေး၏။ ကိုယ်မမောင်းရတိုင်း ယာဉ်မောင်းကို နှိပ်စက်လိုကြသည့်အလျောက် မရပ် နဲ့ မရပ်နဲ့ တစ်ခါတည်းရောက်အောင် ဆက်မောင်းဟု တညီတညွတ်တည်း ဝိုင်းအော်ကြ၏။ ထိုအသံကြောင့် မေနိုးပြန်၍ နိုးလာကာ တင်မောင့်ထံမှ ဒရိုင်ဘာတာဝန်ကို သူ မောင်းကြည့်ချင်သည်ဟုဆိုကာ အတင်းလုယူ၏။ တင်မောင်မှာ ဝမ်းသာအားရ တာဝန်လွှဲပေးကာ အားလုံး တားနေသည့် ကြားမှ ကားကို မေနိုးလက် အပ်ကာ ရဲသင်ရုံနှင့် ဇော်ဝါးကြား အတင်း ဝင်အိပ်လေ၏။ ကားမောင်းကျွမ်းကျင်သလောက် ကားမောင်းကြမ်းသော





မေနိုးမှာ အသေမောင်းလေ၏။ ရှေ့ခန်းမှ ချိုကြီးမှာ ဘယ်သူ့ကိုမှ မငြင်း အားတော့ဘဲ မျက်လုံးကြီးပြူးကာ ခါးပတ်တွေဘာတွေ ကောက်ပတ်၍ ဖြည်းဖြည်းဟဲ့ ဖြည်းဖြည်းဟဲ့ နှင့် လိုက်လေ၏။ နောက်ခန်းထဲမှ လူများ ကား တင်မောင်ကို ဝိုင်းဝန်း၍ အတင်းထုရိုက် နှိုးကြသော်လည်း တင်မောင် မှာ ပေခံကာ မရရအောင် အိပ်လေရန် ကြံလေ၏။ ထိုသို့ဖြင့် ရှန်းရင်းဆန် ခတ် ဖြစ်လာကြရင်း ဥတိုချောင်းကူးတံတားအထိ ရောက်လာကြလေ သည်။ ထိုအခါ ရဲသင်ရုံမှာ ရုတ်တရက် သတိရ၍

'ဟောကောင် ချိုကြီး ချိုကြီး'

'ဘာလဲဟ .. ဟဲ့ ဟဲ့ မေနိုး ဆိုင်ကယ် ဆိုင်ကယ်'

'လွတ်ပါတယ် ကိုချိုကြီးရဲ့'

'ချိုကြီး ငါတို့ ကိုအေးဝင်းကျော်ဆီ ခဏဝင်မယ်ဆို၊ မင်းပဲ ယေးစရာ တစ်ခု ယူလာတယ်ဆို၊ အခု ဥတိုတောင် ရောက်နေပြီ'

'ဟ အေး .. ဒီကောင်မလေးကို ကားကြည့်ပေးနေတာနဲ့ မေ့သွား ပြီဟ၊ ပုသိမ်မှာတုန်းက ငါ ပြောမလို့၊ အဝိုင်းကို သောက်ရမ်းကွေ့ချတာ နဲ့ ငါ မေ့သွားတာဟ'

'မေနိုးမှ မသိတာ၊ ကိုကိုတို့က မေနိုးမှ မပြောထားတာကိုး'

'ဘယ်သူတုံးဟဲ့ ချိုကြီး'

'အာ မျက်ရှုကလည်း .. ဟိုတစ်ခါ နင် ပြောဖူးတဲ့ ကိုအေးဝင်းကျော် လေ'

'ဟင်'

တစ်မျိုးဖြစ်သွားသော မျက်ရှုကို ရဲသင်ရုံ လှည့်ကြည့်လိုက်ပြီးနောက်

'ထားလိုက်ပါတော့ကွာ၊ အပြန်မှ ဝင်ရင်ဝင်တော့ပေါ့၊ ဒီတောင် ရောက်နေပြီဥစ္စာ၊ မေနိုး ရတယ်၊ ဆက်မောင်း ဆက်မောင်းလိုက်တော့'

အရှိန်လျှော့ထားသော မေနိုးမှာ တံတားကို ဖြတ်ပြီးနောက် အရှိန် ပြန်တင်လေ၏။ ချိုကြီးမှာ လန့်သွားပြီး

'ဟဲ့ ဖြည်းဖြည်းဟဲ့ ဖြည်းဖြည်း'

'အဲဒီ အခြောက်မကြီးဟာ သေတစ်နေ့ မွေးတစ်နေ့ အေးအေးစီးလိုက် လာတာ မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်က မကြားတကြား ပြောသော်လည်း အားလုံးကြားအောင် နဝိုကတည်းက ကျယ်ကျယ်ပြောခြင်း ဖြစ်၍ အားလုံးကြားကာ ဝါးခနဲ ဖြစ်ကြ၏။ ချိုကြီးမှ တင်မောင်အား ထောပနာလေသည်။

'ခွေးသား'

ထိုသို့ဖြင့် .....



ပင်လယ်ပြင်ကျယ်ကြီးကို တွေ့သော် အားလုံးပျော်သွားကြလေသည်။ ဆယ်ကျော်သက် အရွယ်များသို့ ပြန်ရောက်သွားသလို အားလုံး ပြန်ခံစားကြရ၏။ ကားမှ ဟိုတယ်ထဲ မရောက်သေး။ ဘာမှန်းမသိ တစ်ယောက်နှင့်တစ်ယောက် လက်ဝါးချင်း ရိုက်ကြ၏။ ဟိုတယ်ထဲသို့ ဝေါခနဲ ကားဝင်ရပ်လိုက်သော် တင်မောင် ကြိုလွှတ်ထားသော ချာတိတ်နှစ်ယောက်မှ အဆင်သင့် စောင့်နေကြ၏။ အခြားသူများ မပြောနှင့်။ မေနီးသည်ပင် ကားရပ်လိုက်ပြီးသည်နှင့် တံခါးဖွင့်ဆင်းကာ တံခါးပင် ပြန်မပိတ်တော့ဘဲ ပင်လယ်ထဲ ဆင်းပြေးသွားကြသူများနောက် ပြေးလိုက်လေ၏။

အဝတ်လဲဖို့ ဘယ်သူမှ မစဉ်းစား။ ရေထဲ ဆင်းပြေးကြ၏။ တင်မောင်နှင့် ချိုကြီးမှ ဇော်ဝါးကို ရေထဲနှစ်ရန် ကြံကြ၏။ နဂိုကတည်းက သူတို့ထက် ရေကူးပိုကျင်လည်၍ သူတို့ထက် အတွေ့အကြုံပိုများသော ဇော်ဝါးမှာ နစ်ချင်ယောင်ဆောင်ကာ ရေငုပ်ပြီး ချိုကြီးခြေထောက်ကို ဆွဲလေ၏။ ရေသင်ရုံပါ ရောက်လာကာ ဇော်ဝါးကို ကူညီ၍ ချိုကြီးကို ပြန်နှစ်လေ၏။ တင်မောင်ကပါ ချိုကြီးကို သစ္စာဖောက်လေသော် သုံးယောက်တစ်ယောက် ဖြစ်၍ ချိုကြီး အနှစ်ခံရကာ ဝူးဝူးဝါးဝါး ဖြစ်လေ၏။ ချိုကြီး ပြန်ပေါ်လာလျှင် မျက်ရှုနှင့်မေနီးမှ သဲများဖြင့် ဝိုင်းပေါက်ကြ၏။ လွတ်လပ်စွာ ကလေးများ ပြန်ဖြစ်သွားကြလေပြီ။ ပင်လယ်သည် (သို့မဟုတ်) သဘာဝတရားသည် လူတို့အား အရောင် အသွေးအထင်း မရှိသော အဖြူရောင်သတ္တဝါများအဖြစ် နဂိုအခြေအနေသို့ ပြန်ရောက်သွားစေခဲ့လေသည်။ ခွေးငင်းသာ



www.burmeseclassic.com

www.burmeseclassic.com



သို့ သူတို့ရောက်သွားကြသည်က နေ့ခင်းကြီး။ ချောမောလှပသည့် ကောင်မလေးနှစ်ယောက်နှင့် ကောင်လေး လေးယောက်တို့ ဖုန်းဒိုင်းကြဲ ရေထဲ ပြေးဆင်းသွားကြပြီး သောင်းကျန်းနေကြသည်ကို မြင်သူများ အံ့သြကြလေ၏။ ထိုအထဲတွင် ကြိုတင်ဘွတ်ကင် လုပ်ထားသော ဟိုတယ်ကြီး၏ ဝန်ထမ်းများနှင့် တင်မောင့် တပည့်လေးနှစ်ယောက်လည်း ပါ၏။ သူတို့ သိထားသည်က ခပ်ငယ်ငယ် ပညာတတ်လုပ်ငန်းရှင်လေးတွေ ရောက်လာကြမည်ဟု။ အခု တွေ့ရသည်က ဆယ်တန်းအောင်ပြီးခါစ ကလေးလေးတွေလို။ သဘာဝရင်ခွင်တွင် လူသားသည် ကလေးလေးတွေမျှသာ ဖြစ်သည် ဟူသော အတွေးအခေါ်မျိုး သူတို့ မတွေးမိ။ ထိုသို့ဖြင့် ...

မေနိုးနှင့် မျက်ရှုလရောင်က တစ်ခန်း နေ၏။ ရဲသင်ရဲတို့ လေးယောက်ကား တစ်ခန်းထဲတွင် လုံးထွေးနေကြ၏။ ဟိုတယ်မှာလည်း ရဲသင်ရဲတို့နှင့် မကင်းရာမကင်းကြောင်း ဖြစ်လေရာ လိုတာပြည့်စုံအောင် စီစဉ်ပေးကြ၏။ အားလုံး တစ်ရေးတစ်မော အိပ်ကြပြီး ခြောက်နာရီခန့်လောက်တွင် ပြန်နိုးလာကြလေသည်။ တစ်ခန်းကို တစ်ခန်း ဖုန်းဆက်မေးကြပြီး ပင်လယ်ထဲ မဆင်းကြတော့ဘဲ ဟိုတယ်မှ ရေကူးကန်ထဲတွင်သာ ဆင်းဆော့ကြရန် ဆုံးဖြတ်ပြီး ရေကန်ဘေး ဆုံကြလေ၏။

ချိုကြီးမှာ နေ့လယ်က တစ်ခါ ပယ်ပယ်နယ်နယ် ခံထားလိုက်ရပြီး၍ ရေကူးကန်ထဲ မဆင်းတော့ဘူးဟု အကြောက်အကန် ငြင်းဆန်၏။ ဘယ်သူမှ ဘယ်လိုမှ ပြောမရ။ နောက်ဆုံး တင်မောင်မှ ချိုကြီးမဆင်းလျှင် သူလည်း မဆင်းတော့ဘဲ ကန်ဘေးတွင် ထိုင်ကာ တစ်ခါတလေအဖြစ် အပျင်းပြေ ဘီယာသောက်ကြရန် ကြံစည်ကြ၏။

ထိုသို့ဖြင့် လေးယောက်က ရေကန်ထဲ ရောက်သွားပြီး နှစ်ကောင်က ကန်ပေါင်တွင်ထိုင်ပြီး ဘီယာတစ်လုံးသာမှာကာ ဆေးသောက်သလို ရှုံ့ခဲ သောက်ကြရင်း အမြည်းပေါင်းများစွာ တစ်မျိုးပြီးတစ်မျိုး မှာကာ ခွစားကြလေ၏။ ဇော်ဝါးမှာ လူစုံနှင့် ပေါင်းသင်းနေသူဖြစ်၍ အနည်းငယ် သောက်တတ်သည့်အလျောက် ရေထဲဆော့လိုက် ဟိုကောင်တွေခွက်များမှ တစ်ငုံစီ ငုံကာ အမြည်းနှိုက်စားပြီး ပြန်ဆင်းဆော့လိုက် လုပ်နေ၏။ ခဏကြာသော် ရဲသင်ရဲ အကြံနှင့် တစ်ဖက်ကို နှစ်ယောက်စီခွဲကာ ကန်တစ်ဖက်





တစ်ချက်စီတွင် နေစေလျက် ကန်လယ်တည့်တည့်ကို တင်မောင်တို့မှ ကျောက်စရစ်ခဲလေး တစ်ခဲ ပစ်ချပေးစေပြီး ရေပြိုင်ငုပ်၍ ရှာကြရန် လုပ်ကြလေ၏။ ရဲသင်ရဲနှင့် မျက်ရှုက တစ်ဖက်နေ၍ ဇော်ဝါးနှင့်မေနိုးက တစ်ဖက်နေ၏။ ရဲသင်ရဲနှင့် ဇော်ဝါးမှာ မတိမ်းမယိမ်း ဖြစ်သော်လည်း မေနိုးမှာ မျက်ရှုထက် ရေငုပ်ပိုကျွင်လည်လေရာ နှစ်ပွဲမျှ ကစားပြီးသော် ရဲသင်ရဲတို့ချည်း ရှုံး၍နေ၏။ ထိုသို့ဖြင့် တတိယပွဲ စ၏။ ရဲသင်ရဲတို့က ကန်၏ ရေနက်သည့်ဘက်ခြမ်းတွင် ကျလေသည်။ တင်မောင်မှ ကျောက်ခဲ ချပေးလိုက်ရာ အလုအယက် ငုပ်လိုက် အသက်တက်ရှုလိုက်နှင့် ရှိကြလေ၏။ ထိုစဉ် မျက်ရှုစိတ်ထဲ တစ်မျိုး ဖြစ်လာ၏။ သူတို့လေးယောက် ကစားနေကြသည်ကို တစ်စုံတစ်ယောက်သည် တစ်နေရာရာမှ ကြည့်နေသလိုလို ထင်လာ၏။ ထိုအထင်မှာ တဖြည်းဖြည်း သေချာလာလေသည်။ ရေပေါ်ပြန်တက်ကာ ရေကူးကန် ပတ်ပတ်လည်ကို ကြည့်၏။ တင်မောင်နှင့် ချိုကြီးမှလွဲ၍ ဘယ်သူမှမရှိ။ ရေကူးကန်ထဲတွင်လည်း သူတို့ လေးယောက်သာ ရှိ၏။ မျက်ရှု ဇဝေဇဝါ ဖြစ်သွား၏။ သူ ခံစားနေရသည်ကတော့ သေချာလွန်းနေသည်။ သေချာပေါက် တစ်စုံတစ်ယောက် ရှိနေသည်။ သူတို့ကို ကြည့်နေသည်။

ဒါဆိုရင် ....

မျက်ရှု ရေအောက်သို့ ငုပ်ဆင်းလိုက်၏။ တိုက်တိုက်ဆိုင်ဆိုင် ရဲသင်ရဲတို့ သုံးယောက်လုံး အသက်တက်ရှုနေချိန်ဖြစ်၍ ရေအောက်မှ သူတို့ ခြေထောက်တွေသာ မြင်နေရ၏။ မျက်ရှု ကန်အောက်ခြေ ကြမ်းနားအထိ ဆင်ငုပ်ကာ ရေအောက်တွင် လှည့်ပတ်ကြည့်မိ၏။ ရေကန်အောက်တွင် မီးလုံးများ ထွန်းထားသဖြင့် ကောင်းကောင်း မြင်နေရ၏။ သို့သော် ရေကူးကန်၏ ရေနက်ပိုင်း ထောင့်တစ်ခုတွင်ရှိသော မီးလုံးတစ်လုံးမှာ မီးလုံး အားနည်းနေသလိုလို တစ်စုံတစ်ရာနှင့် ကွယ်နေသလိုလို ဖြစ်နေကြောင်း မျက်ရှု သတိထားမိလိုက်သဖြင့် ထိုနေရာသို့ ငုပ်ရင်း ကူးသွားလိုက်၏။ သွားနေရင်းမှ စိတ်ထဲမှ ခံစားမှုသည် ပို၍ သေချာလာသလို ကျောချမ်းထဲ စိမ့်ခနဲ ဖြစ်သွားကာ မျက်ရှု ရေအောက်တွင် ကြက်သီးထသွား၏။ ထိုနေရာနှင့် တဖြည်းဖြည်း နီးလာပြီ။



www.burmeseclassic.com

www.burmeseclassic.com



'ဟင်'

အသွင်သဏ္ဌာန်တစ်ခု။ မျက်ရှုမှာ ထိုသဏ္ဌာန်ကိုသာ မျက်ခြေမပြတ် စိုက်ကြည့်နေမိတော့၏။ ကြောက်ရွံ့ခြင်း မဖြစ်သလို စိတ်ထဲတွင် ဘာ မခံစားရတော့။ ဘာခံစားချက်မှ မရှိတော့။ အရာအားလုံး ဟာလာဟင်း လင်း။ မျက်ရှု အဆုတ်ထဲမှ လေကျန်များ တဖြည်းဖြည်း ထွက်၍သွား သည်ကိုပင် သတိမရတော့။

ပြန်ငုပ်လာကြသော သုံးယောက်အနက်မှ မျက်ရှုကို ဇော်ဝါးက ဦး မြင်၍ ရဲသင်ရဲကို လက်ညှိုးထိုးပြလေရာ သုံးယောက်လုံး မြင်သွားကြ သည်။ သုံးယောက်လုံး ထိတ်လန့်သွားကြလေ၏။ သူတို့ မြင်ရသည်

...

သူတို့ကို ကျောပေးလျက် ရေကန်ထောင့်တစ်နေရာတွင် မည်သည့် လှုပ်ရှားမှုမျှ မရှိဘဲ လက်နှစ်ဖက်သေးချ၍ ရေအောက်ကြမ်းပြင်ပေါ် မတ်တတ်ကလေးရပ်ကာ ငြိမ်သက်စွာ တစ်နေရာကို စိုက်ကြည့်နေ မျက်ရှုလရောင်။ ဆံနွယ်များက ရေအောက်တွင် ပျံ့ဝဲလျက်။ နှာခေါင်း လေပလုံစီလေးများ တက်လျက်။

ပထမဆုံး သတိဝင်လာသူမှာ ရဲသင်ရဲ။ ငါးတစ်ကောင်လို မျှော် လရောင် ရှိရာသို့ လျှောခနဲ ရောက်သွား၏။ ချက်ချင်း ကပ်လိုက်လာသူ ရေသူမလေးတစ်ယောက်လို ကျင်လည်လှသည့် မေနှီး။ ဇော်ဝါးမှာ အံ့သြနေ၍ နောက်ကျလေ၏။ အရာအားလုံး လျင်မြန်စွာ ဖြစ်ပျက်သွား လေသည်။

ရဲသင်ရဲမှ မျက်ရှုလက်မောင်း တစ်ဖက်ကို တင်းကြပ်စွာ ဆုပ် ကာ ရေပေါ်ကူး၍ တက်လိုက်ချိန်မှာပင် မေနှီးမှာ ရေအောက်ကြမ်းပြင် ထိ ကပ်ငုပ်သွားပြီး မျက်ရှုပေါင်နှစ်ဖက်ကို မြဲမြံစွာ ဖက်လိုက်ကာ ကြမ်း ပြင်ကို စုံကန်၍ ကြမ်းကန်အားနှင့်အတူတူ သူပါ လျှောခနဲ တက်လိုက် သွား၏။ နောက်ဆုံးရောက်လာသော ဇော်ဝါးက မေနှီး ခြေဖဝါးနှစ်ဖက် ကို ထပ်၍ အားနှင့် ပင့်တင်ပေးလိုက်လေသည်။

ရေမျက်နှာပြင်ပေါ်သို့ သုံးယောက်လုံး ဘွားခနဲ ပေါ်လာကြ၏။ ထို အချိန်တွင် မျက်ရှုလရောင်မှာ သတိဝင်လာနေပြီဖြစ်၍ အနီးဆုံး ကန်ပေါင်





ဘက်သို့ ခတ်သွားကာ ကန်ပေါင်ကို တွယ်ထားလိုက်လေသည်။ ဇော်ဝါး မှာ မျက်ရှုသေးမှ ချက်ချင်း ဘွားခနဲ ပေါ်လာ၏။ ရေအောက်မှ ကပ်လိုက် လာသည်ကိုး။ ရဲသင်ရဲနှင့် မေနှီး ရောက်လာချိန်တွင်တော့ လေးယောက် လုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြ၍ တိုင်ပင်ထားကြသည့် အလား ကန်ပေါင်ပေါ်သို့ ပြိုင်တူတက်လိုက်ကြကာ အခန်းများရှိရာသို့ ပြန်သွားကြလေတော့၏။ ဤသည်ကို ကန်ပေါင်တစ်ဖက်တွင် ငြင်းခုံစကား များနေကြသော တင်မောင်တို့နှစ်ယောက်ပင် မသိလိုက်။ ထိုသို့ဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com

ညကိုးနာရီခန့် ရှိပြီ။ ကမ်းခြေတွင် ဘယ်သူမှ သိပ်မရှိတော့။ သူတို့ ခြောက်ယောက်မှာ တင်မောင့် တပည့်လေးနှစ်ဦး ဖိုပေးထားသော မီးပုံကို ဝိုင်းကာ သဲပေါ်တွင်ပင် ခြေပစ်လက်ပစ် ထိုင်နေကြသည်။ အားလုံး အတွေး ကိုယ်စီနှင့် မီးပုံကိုသာ စိုက်ကြည့်နေကြ၏။ ပင်လယ်ဘက်မှ လေတဟူး ဟူး တိုက်ခတ်နေလေသည်။ လှိုင်းသံများက တဝုန်းဝုန်းနှင့်။ ဇော်ဝါးမှ သစ်ကိုင်းခြောက်ဖေးတစ်ခုကို မီးပုံထဲ ပစ်ထည့်လိုက်ရင်းမှ

'ငါတော့ တော်တော့်ကို အံ့သြနေတာ၊ လူတစ်ယောက်ဟာ ရေအောက် မှာ အဲလိုပုံစံနဲ့ နေလို့ကိုမရဘူး ထင်တယ်၊ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မမြင်ဖူးဘူး၊ မင်းတို့ သိပါတယ်၊ ရွယ်တူချင်းအတူတူ ငါက မင်းတို့ထက် နေရာစုံမှာ လူစုံ ပိုပေါင်းလာတာ၊ ရေကျွမ်းတဲ့လူတွေ အများကြီး ငါ တွေ့ဖူးတယ်၊ ဒါပေမဲ့ ရေအောက်မှာ အဲလိုနေပြနိုင်တဲ့လူ တစ်ခါမှ မမြင် ဖူးဘူး၊ အဲဒါကြောင့် ငါ ကြောင်နေပြီး နည်းနည်း နောက်ကျသွားတာ၊ တည့်တည့်မတ်မတ်ကြီးကွာ ငါ့နှယ်'

'ကိုဇော်ဝါးကလည်း ကိုဇော်ဝါး မမြင်လိုက်လို့၊ မေနိုးက ကိုကို့ကို အံ့သြသွားတာ၊ မမကိုလည်း မြင်ရော သူ့ကိုယ်သူ ဘယ်လိုလုပ်လိုက်လဲ မသိဘူး၊ လက်နှစ်ချောင်းကို ပေါင်မှာကပ် ခြေထောက်နှစ်ချောင်း စိပြီး တစ်ချက်သာသာလေးပဲ တွန့်လိုက်ရုံနဲ့ လျှောခနဲ မမဆီ ချက်ချင်းထွက် သွားတာ အရမ်းမြန်တာပဲ၊ အမှန်မှာ ကိုကိုတို့ နှစ်ယောက်လုံးက နောက် ကျရမှာ၊ မေနိုးက မမကို မြင်လိုက်တာနဲ့ တစ်ခုခုပဲဆိုတာ ချက်ချင်းသိပြီး



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း စကူးနေပြီ၊ ကိုကိုတို့က ကြောင်နေသေးတာ၊ ဒါပေမဲ့ မမဆီကျ ကိုကိုက အရင်ရောက်သွားတယ်၊ လျှောခနဲပဲ'

'အဲဒါ ငါးရှဥ့်ကူးဖြစ်မှာပေါ့'

'ချိုကြီး .. အကောင်းပြောနေတာကို မင်းက တစ်မျိုး'

'ငါ အကောင်းပြောနေတာဟ၊ မင်းက ငါတို့ထဲမှာ ရေအကျွမ်းဆုံးပါ တင်မောင်ရာ၊ တပ်ထဲမှာတောင် လူကယ်တဲ့နည်းတွေဘာတွေ သွားသင်ထားတဲ့ကောင် မဟုတ်လား၊ ငါးရှဥ့်ကူးလည်း ရှိချင်ရှိမှာပေါ့'

'ကြုံကြုံဖန်ဖန်ဟယ် ချိုကြီးရယ်'

လက်မောင်းလေးတစ်ဖက်ကို ပွတ်ရင်း မျက်ရှုက ဝင်ပြော၏။ ရဲသင်မှ မျက်ရှုကို လှမ်းကြည့်ရင်း

'နင့်လက်က တော်တော် နာနေလား'

'နာတာပေါ့ဟဲ့၊ နင့်အားကြီးနဲ့ အတင်းညှစ်ပြီး ဆောင့်ဆွဲခေါ်သွားတာကို'

ဇော်ဝါးမှ ဝင်ပြော၏။

'နေဦးကွ မေနိုးပြောတာ ဟုတ်တယ်၊ ငါတို့ရှိနေတဲ့ နေရာနဲ့ မျက်ရှုရှိနေတဲ့နေရာ ပြောမယ်ဆို ကန်သုံးပုံတစ်ပုံ နီးပါးလောက်တောင် ရှိချင်ရှိမှာ၊ မင်းက ရွတ်ခနဲ ချက်ချင်းရောက်သွားတာ ဘယ်လိုဖြစ်တာလဲ ရဲသင်'

'ငါလည်း မသိဘူးလေ၊ ကိုယ်ထဲက တစ်ခုခု ဆောင့်တွန်းလိုက်သလိုမျိုးပဲ'

ချိုကြီးမှ မျက်ရှုကို လှမ်းမေး၏။

'နင် လုံးလုံး ရေမမွန်းဘူးလား'

'မမွန်းဘူးဟ၊ ဘာမှကို မဖြစ်တာ၊ အဲဒီတုန်းက ငါ ခံစားရတာက ဟာလာဟင်းလင်းကြီးဟ၊ အေးချမ်းနေတာ'

'တော်တော် ထူးဆန်းတယ်၊ နင် ဘယ်တော့မှ ပြန်သိလဲ'

'ပုဏ္ဏား ငါ့လက်မောင်း လာကိုင်တာနဲ့ ငါ ပြန်သိတာ'

မေနိုးမှ ဝင်ပြော၏။

'ကိုဇော်ဝါးကြီးက အကျင့်မကောင်းဘူး၊ မေနိုးကို တွန်းတင်တုန်းက ခြေဖဝါးကို ကလိထိုးလွှတ်လိုက်သေးတယ်'





'ဘုရားစူးရစေရဲ့ လက်မနဲ့ မတော်တဆ ကုတ်မိတာပါဆို နင်ကလည်း ဒါပဲပြဿနာရှာနေ'

'မင်းတို့ ပြန်ပြောပုံအရဆို တော်တော် သေသေသပ်သပ်နဲ့ စနစ်တကျရှိမှာကွ၊ ငါ မမြင်ရတာ နာတာပဲ'

'လုပ်မနေနဲ့ တင်မောင်၊ မင်း ရှိနေလည်း အံ့သြလွန်းလို့ ငါ့လိုကြောင်ပြီး ကျန်ခဲ့မှာပဲ၊ နေစမ်းပါဦး မေနိုး .. ညည်း ငါ အခုမှ သတိရတယ်၊ ညည်း ကြမ်းအထိ ငုပ်ဆင်းသွားပြီး မျက်ရှုခြေထောက်ကို ဖက်ပြီး ကန်တက်သွားတာ တော်တော် ကြည့်လို့ ကောင်းတယ်၊ ညည်း ဘယ်လိုလုပ်စိတ်ကူးရလဲ'

'ကိုဇော်ဝါးကလည်း .. မေနိုးတို့ကျောင်းမှာ ရေပေါ်ပန်းဖွားကတဲ့ training ရှိတယ်လေ၊ ဒီလိုပဲ တစ်ယောက်ကိုတစ်ယောက် မြှောက် မြှောက်တင် တင်ပေးနေရတာ အကျင့်တောင်ပါလို့ ရီးနေပြီ၊ လူညီလို့ သုံးလေးယောက် ဆင့်လိုက်ရင် ရေပေါ်လွတ်ပြီး အမြင့်ကြီးတောင် ပစ်ပေးနိုင်သေးတယ်'

'ဘာလို့ ခြေကျင်းဝတ်တို့ ခြေသလုံးတို့က မဖက်ဘဲ ပေါင်ကဖက်ပြီး ကန်တက်တာလဲ'

'ခြေသလုံးကဖက်ပြီး ကန်ပေးရင် ဒူးခေါင်းနှစ်ဖက်ကို စိတ်မချရဘူးလေ အစ်ကိုရဲ့၊ ရေထဲမှာက ဒူးတွေ ရေဖိအားနဲ့ ကွေးသွားတတ်တယ်၊ ကွေးသွားရင် တွန်းတင်တဲ့အရှိန် လျော့သွားရော၊ မြန်မြန်ထိုးတက်မသွားတော့ဘူးလေ၊ ခြေကျင်းဝတ်ဆို ပိုဆိုးတာပေါ့၊ ခါးကတော့ သေချာတယ်လေ၊ အဲဒါကြောင့် ပေါင်ကဖက်ပြီး ကန်တက်တာ'

'ညည်းကတော့ အတတ်ကို စုံပါတယ်ဟာ'

မျက်ရှုမှ ဝင်ပြော၏။

'ဘာပဲဖြစ်ဖြစ်ဟာ ငါကတော့ နင်တို့အားလုံးကို အရမ်း ကျေးဇူးတင်ပါတယ်၊ နင်တို့နဲ့ နေ နေရရင် ငါ ငါ့မိသားစုနဲ့ နေ နေရသလို အရမ်းလုံခြုံတယ်လို့ ခံစားရတယ်'

တင်မောင်မှ ဝင်ပြော၏။

'ငါတို့က နင့်မိသားစုပဲလေဟာ၊ ငါက အဘိုး၊ ဟိုကောင် ရဲသင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဇော်ဝါးက ငါ့သားတွေ၊ နင်က ဇော်ဝါးသမီး၊ မေနိုးက ရဲသင်သမီး'

'ဒါဆို ချိုကြီးကရော'

'ချိုကြီးက ငါ့မြစ်လုပ်ရင်လုပ်၊ မလုပ်ရင် ငါ့မိန်းမ အဘွားကြီး အငြင်းသန်တဲ့ ပစိပစပ်များတဲ့ စပ်စုတဲ့ အဘွားကြီး၊ အဘွားကြီးမှ အခြော အဘွားကြီး'

'မိုက်ရိုင်းလှချည်လား'

ဝါးခနဲ ရယ်ဖြစ်ကြလေ၏။ ရယ်နေကြရင်းမှ မေနိုးက ရုတ်တရ သတိရကာ

'နေဦး နေဦး တစ်ခုမေ့နေတယ်၊ မမက မယ်မယ်ရရ မမြင်ရ ဆိုပေမဲ့ မမ မြင်ရတာတော့ အခုပြောပြ၊ ထမင်းစားတုန်းက မေးတုန်း ညမှ အေးအေးဆေးဆေး သေချာပြောပြမယ်ဆို'

'ဟ အေးဟုတ်တယ်'

'အေး အေး မျက်ရှု လုပ်စမ်းပါဦး၊ နင် ဘာသွားကြည့်နေတာလဲ'

မျက်ရှုမှ

'ဒီလိုဟ'

ကစားနေကြရာမှ သူ စခံစားလာရပုံမှစ၍ သဏ္ဍာန်တစ်ခုနား ရောက် သွားသည်အထိ အသေးစိတ် ပြောပြလေ၏။ အားလုံး စိတ်ဝင်တစား နားထောင်ကြလေ၏။ ဝိုင်း၍လည်း စကားထောက်ပေးကြ၏။

'အနားရောက်တော့'

'အနားရောက်တော့ ငါ မြင်ရတာက ပြတင်းပေါက်လေးတစ်ခုလို ဘာလိုလိုဟ၊ သိပ်မသဲကွဲဘူး၊ ပြတင်းပေါက်မှာ Dream Catcher လေး လိုလို ဘာလိုလိုလေး လှုပ်နေတဲ့ ဝိုးတိုးဝါးတားဟာလေး တစ်ခုလည်း ရှိတယ် ထင်တယ်ဟ'

'ဟင် .. နောက် နောက်တော့ရော မမ'

'နောက်တော့ မြင်ရသလိုလိုရှိတာက မမက ပြတင်းပေါက် အထဲက နေ အပြင်ကို မြင်ရသလိုမျိုး မဟုတ်ဘူး မေနိုးရဲ့၊ ပြတင်းပေါက် အပြင် ကနေ အိမ်ထဲကို မြင်ရသလိုမျိုး၊ ချာတိတ်လေးတစ်ယောက်လိုလို မေနိုး ရဲ့၊ မျက်နှာလေးတော့ မသဲကွဲဘူး၊ မျက်လုံးနဲ့ ဆံပင်လေးတော့ သဲကွဲ





တယ်၊ ဆံပင်နက်နက် အုပ်အုပ်စင်းစင်းလေးတွေနဲ့ မျက်လုံးညိုညိုလေးတွေ မကို ကြည့်နေသလို၊ သူက ပြတင်းပေါက်လေးကနေပြီး မေးလေးနှစ်ဖက် ထောက်ပြီး ငေးနေသလိုလို'

'ဘုရားရေ ...'

'ဘာလို့ အဲလောက်လန့်နေတာလဲ မေနိုးရဲ့၊ မမ မှတ်မိသလောက် သူ ဝတ်ထားတဲ့ ဆွယ်တာလေးက ..'

'အပြာရင့်ရောင် သိုးမွေးလက်ရှည်လေး၊ လည်ပင်းကို ခေါက်ထားတဲ့ turtle neck လေး မဟုတ်လား၊ မျက်နှာလေးက ပြုံးပြီး ကဗျာတွေရွတ် နေတာလေ၊ တစ်ခါတစ်ခါ မမီမကမ်းလေးနဲ့ ပြတင်းပေါက်အပေါ်မှာ ချိတ် ထားတဲ့ Dream Catcher လေးကို လှမ်းလှမ်းပုတ်ပြီး ဆော့သေးတယ်'

'ဟင် မေနိုး ... ဘယ်လိုလုပ်သိလဲ'

နှစ်ယောက်လုံး ထိတ်လန့်စွာ မတ်တတ်ထရပ်လိုက်ကြသဖြင့် အား လုံး ပြူးတူးပြဲတဲ ထရပ်ကြလေသည်။

'ဘာ ဘာတွေလဲ'

မျက်ရှုနှင့်မေနိုးမှာ အံ့သြလွန်းစွာ တစ်ယောက်ကိုတစ်ယောက် ကြည့် နေကြလေ၏။

'ဘယ်လိုလုပ်သိလဲ မေနိုး၊ ဟင် .. ဘယ်လိုလုပ်သိလဲဟင်၊ မမထက် ပိုအသေးစိတ် ဘာလို့ သိနေတာလဲ'

မေနိုး ပြန်မဖြေ။ ရဲသင်ရှိဘက်ကိုသာ လှည့်၍

'ကိုကို'

ရဲသင်ရှိမှ မေနိုးကို စူးစိုက်စွာ တစ်ချက်ကြည့်ပြီး မျက်ရှုဘက် လှည့် ကာ

'မျက်ရှု .. အဲဒါ နာနားပဲ၊ အဲဒါ မေနိုးမောင်လေးပဲ၊ မေနိုး ပြော ပြောပြဖူးလို့ သူ အဲဒီ ပြတင်းပေါက်လေးမှာ ထိုင်နေတတ်တာရယ်၊ ဆွယ် တာလေးက သူ သိပ်ကြိုက်တဲ့ ဆွယ်တာလေးဆိုတာရယ်'

'Dream Catcher လေးက ချာတိတ် subject တစ်ခုမှာ A + ရတုန်း က မေနိုး ဝယ်ပြီး ချိတ်ပေးထားတာဆိုတာရယ်'

အားလုံး ဇော်ဝါးကို လှည့်ကြည့်မိကြ၏။ အံ့အားသင့်လွန်းစွာ မေနိုး



www.burmeseclassic.com

www.burmeseclassic.com



မှာ အုံ့သြလွန်းသဖြင့် ဘာသံမှမထွက်တော့။ မျက်ရှုမှာလည်း

'ဇော်ဝါး .. နင် ..'

ဇော်ဝါး သက်ပြင်းတစ်ခုကို မှုတ်ထုတ်ကာ ခြေပစ်လက်ပစ် ပြန်ထိုင်ချလိုက်ရင်း

'ရဲသင် ရန်ကုန်ပြန်ရောက်ရင်တော့ ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး တစ်ခု သေချာစီစဉ်မှ ဖြစ်တော့မယ် ထင်တယ်'

အားလုံး ငြိမ်သက်စွာ ပြန်ထိုင်ကြ၍ အတွေးကိုယ်စီနှင့် တိတ်ဆိတ်သွားကြလေတော့၏။ အတော်ကြီးကြာမှ ချိုကြီးက ဘယ်သူ့ကိုမှ မကြည့်ဘဲ မီးခွယ်ကျိုးစဖြစ်နေပြီ ဖြစ်သော မီးပုံကိုကြည့်ရင်း

'ဘာပဲဖြစ်ဖြစ် နောက်နေ့တွေမှာတော့ ငါတို့ ရေဆော့ရင် အားလုံး တူတူဆော့မယ်၊ ငါတို့ကို တင်မောင့်ချာတိတ်နှစ်ယောက်ကို အမြဲ စောင့်ကြည့်ခိုင်းထားရမယ်၊ အမြဲတမ်း တစ်ယောက်ကို တစ်ယောက် သတိထားနေရမယ်၊ တစ်ယောက်ထဲဖောက်ပြီး ဘာမှ လုပ်ခွင့်သွားခွင့် မရှိဘူး။ နင်တို့ မိန်းကလေးနှစ်ယောက်အခန်းကို ငါ သတိရတိုင်း ဖုန်းဆက်ပြီး check လုပ်မယ်၊ အချိန် တော်တော်များများတော့ အားလုံးတူတူ ရှိနေအောင် ကြိုးစားပြီး တတ်နိုင်သလောက် ခရီးထွက်လာတုန်းလေး ပျော်ပျော်နေကြ မယ်၊ အဲဒါ အခု ငါ ထုတ်လိုက်တဲ့ စည်းကမ်းပဲ၊ ငါတို့က တခြားလူတွေ လို မဟုတ်ဘူး၊ စည်းကမ်းဖောက်ဖျက်ရင် ဘာတွေမှန်း မသိတာတွေ လျှောက်ဖြစ်ကုန်လိမ့်မယ်၊ ငါ ပြောတာ ဘယ်လိုသဘောရလဲ'

အားလုံး ချိုကြီးကို ကြည့်မိကြ၏။ ချိုကြီးကတော့ ဘယ်သူ့ကိုမှ မကြည့်။ စေ့စေ့ပိတ်ထားသော နှုတ်ခမ်းများနှင့် မေးကြောများထောင်ထ မီးပုံကိုသာ ခက်ထန်တင်းမာသော မျက်နှာနှင့် စူးစူးစိုက်စိုက် ကြည့်နေ သည်။ ပြီးမှ တဖြည်းဖြည်း မော့လာကာ လူတိုင်းကို သေချာကြည့်ရင်း

'ဘာတွေဖြစ်နေတယ်ဆိုတာ ငါ မသိဘူး၊ ငါ သိတာက အခု ဒီမှာ ရှိနေတဲ့ ငါတို့အားလုံး တတ်နိုင်သလောက် ဘာမှ တစ်စုံတစ်ရာ ထိခိုက်မှု မဖြစ်အောင် ငါ တတ်နိုင်သလောက် ကာကွယ်သွားမယ် ဒါပဲ'

အားလုံး မျက်နှာအရောင်များ ပြောင်းသွားကြ၏။ ကပ်၍ထိုင်နေသော ရဲသင်ရုံမှ ချိုကြီးပခုံးကို လေးလေးစားစားပုတ်၍

ရသစာအုပ်တိုက်



'မင်း တော်တယ် ချိုကြီး၊ အဲဒါ မင်းအစစ်ပဲ၊ မင်းကို သူငယ်ချင်း တော်ရတာ ငါ ဝမ်းသာပါတယ်၊ မင်း စည်းကမ်းတွေကို ငါတို့ တသွေ မတိမ်း လိုက်နာမှာပါ၊ စိတ်ချပါ၊ မင်းဘယ်လောက် ငါတို့ကို ချစ်တယ် ဆိုတာ ငါတို့ သိပါတယ်'

ဇော်ဝါးမှ

'သိပ်ကောင်းတယ် ချိုကြီး၊ မင်းပြောတာ ဟုတ်တယ်၊ ငါတို့ နေသင့်တဲ့အရပ်မှာနေပြီး လုပ်သင့်တာကို စနစ်တကျ လုပ်ကြတာပေါ့ကွာ'

ငြိမ်သွားကြပြန်၏။ ရုတ်တရက် တင်မောင်မှ ထ၍

'ဒီလိုကျပြန်တော့လည်း ငါ့မိန်းမ အခြောက်အသွားကြီးက သတ္တိတွေ ရှိနေပြန်ရော၊ တော်နေပြန်ရောဟ'

'ခွေးမသားက တစ်မျိုး'

တင်မောင်မှာ ပြောပြီးသည်နှင့် သောင်ပြင်တစ်လျှောက် ထပြေးလေရာ ချိုကြီးထလိုက်သဖြင့် အားလုံး ပြေးကြလွှားကြ ဖြစ်ကြရင်း ဆူညံနေကြပြန်လေတော့၏။

ပြဿနာကို ပျော်ရွှင်စွာ တည့်တည့် ရင်ဆိုင်ဖြေရှင်းတတ်ကြခြင်းသည် လူငယ်များ၏ ထက်မြက်သော အလေ့အထုံတစ်ခုပေပဲလား။ ပင်လယ်ကြီးကတော့ လှိုင်းများ တဝုန်းဝုန်းနှင့် အားပေးနေသယောင်။ ထိုသို့ဖြင့်

နောက်ရက်များတွင်တော့ ထူးခြားမှုမရှိ။ ပျော်၍သာ နေကြလေသည်။ ချိုကြီးစည်းကမ်းအတိုင်း နေကြ၏။ အန္တရာယ် တစ်စုံတစ်ရာ မတွေ့ကြ။ တင်မောင်မှာ banana boat ကြီး ယူလာသော်ငြား ဆွဲပေးမည့်မော်တော် မရှိသဖြင့် ဘာမှလုပ်မရ ဖြစ်လေ၏။ သို့သော် ဘယ်သူကမှ အပြစ်မပြောကြ။ ဘဝတွင် ခဏတာ ရရှိသော အချိန်လေးများကို စိတ်ချမ်းသာစွာ ဖြတ်သန်းသွားကြရန် သူတို့ ဆုံးဖြတ်ထားခဲ့ကြပြီး ဖြစ်လေသည်။

ကုန်းမြေနှင့် ရေပြင်၏ အစပ်တွင် သူတို့ ပျော်ရွှင်နေကြလေသည်။

တစ်နည်းအားဖြင့် ကုန်းနှင့်ရေ၏ အစပ်တွင် သူတို့ ပျော်ရွှင်နေကြပါသည်။

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းအားဖြင့် နယ်နိမိတ်နှစ်ခု၏ အစပ်တွင် သူတို့ ပျော်ရွှင်နေခဲ့ဖူးကြပါသည်။

ထိုသို့ဖြင့် ....

သူတို့တွင် မျှော်လင့်ခြင်းများ ရှိနေခဲ့ကြလေသည်။

ထိုသို့ဖြင့် ....

သူတို့တွင် အချင်းချင်း စိတ်ချယုံကြည်မှုများ ရှိခဲ့ကြ၏။

ထိုသို့ဖြင့် ....

သူတို့တွင် သီချင်းများ ရှိခဲ့ကြ၏။

ထိုသို့ဖြင့် ....

သူတို့တွင် မသိနားမလည်ခြင်းများ ရှိခဲ့ကြ၏။

ထိုသို့ဖြင့် ....

ပြင်ဆင်ထားခဲ့ပြီးလေသော စိတ်ဓါတ်များလည်း ရှိနှင့်ခဲ့ကြ၏။

ထိုသို့ဖြင့် ....



ဘယ်အညှိုးတွေကြောင့်
မိုးတွေ ခေါင်နေခဲ့တာလဲ
ဒီနေရာဟာ
ကမ္ဘာမြေရဲ့ အဖွင့်အပိတ် မြက်ခင်း
ရှင်းရှင်းလင်းလင်း
ထင်းထင်းမြင်သာ
လာ
ဒီနေရာမှာ
မြေပြင်အမြင့် ခြောက်လက်မနေရာကတောင်
မိုးတွေရွာချချင် ရွာချခွင့်ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com

# Zζ

## Greek Alphabet

| | | | |
|---|---|---|---|
| Αα | Alpha | Νν | Nu |
| Ββ | Beta | Ξξ | Xi |
| Γγ | Gamma | Οο | Omicron |
| Δδ | Delta | Ππ | Pi |
| Εε | Epsilon | Ρρ | Rho |
| Ζζ | **Zeta** | Σσς | Sigma |
| Ηη | Eta | Ττ | Tau |
| Θθ | Theta | Υυ | Upsilon |
| Ιι | Iota | Φφ | Phi |
| Κκ | Kappa | Χχ | Chi |
| Λλ | Lambda | Ψψ | Psi |
| Μμ | Mu | Ωω | Omega |



www.burmeseclassic.com

www.burmeseclassic.com

'ဟိုကောင်တွေနဲ့ တွေ့သေးလား တင်မောင်'

'မတွေ့ဘူး၊ ပြန်ရောက်ပြီးကတည်းက အရင်ဆုံးပြန်တွေ့တာ မင်းပဲ ခြောက်မကြီးရဲ့၊ ဖုန်းတော့ ရတယ်'

'ဟော့ကောင် စကားကို ကောင်းကောင်း ပြောစမ်း၊ ငါက စိတ်ပူလို့ တာ၊ မဟုတ်မဟတ်တွေ ထပ်ဖြစ်မှာ စိုးလို့'

'မင်း ဖုန်းတွေရနေတာပဲ မဟုတ်လား'

'အေး'

'ဒါဆိုလည်း ပြီးတာပဲလေကွာ၊ ပြော မင်းကား ဘာလုပ်မှာလဲ'

'ရေဆေးမယ်၊ အောက်ပိုင်းဆီဖြန်းမယ်၊ အလိုင်းမင်းချိန်မယ်၊ အောက် င်းစစ်မယ်'

'အနည်းဆုံး ငါးသောင်းပဲ ဟော့ကောင်'

'တင်မောင် မင်း အချင်းချင်းတောင် လောဘကြီးလှချည်လား'

'ငါ လောဘကြီးတာ မဟုတ်ဘူး၊ မင်းကိုယ်ကြီးနဲ့ မညှာမတာ တက် င်ပြီး ကျွဲခိုင်းနွားခိုင်း ခိုင်းထားတဲ့ မင်းကားက ပစ္စည်းဖိုးတင် အဲလောက် မှာ၊ ငါ မြင်ရုံနဲ့ သိတယ်'

'အောင်မာ'



www.burmeseclassic.com

www.burmeseclassic.com


## History

Archaic local variants



- Ligatures (ς, 8, ϰ)
- Diacritics

Numerals



(6)

(90)

(900)



www.burmeseclassic.com

www.burmeseclassic.com

'ပန်းတစ်စည်းလောက် ခင်ဗျ'

'ဟုတ် ဘယ်ထဲက .. ဟဲ့ အံမာ ဇော်ဝါး သရဲလာခြောက်တာလား'

'ဟဲ ဟဲ မဟုတ်ဘူးဟ'

'ဘာလဲ ငါ့ကို မုန့်လာဝယ်ကျွေးတာလား'

'ကျွေးဆိုလည်း ကျွေးရတာပေါ့ဟာ၊ မျက်ရှု ငါ နင့်ကို စကားပြောစရာ ရှိလို့ဟ'

'အမယ် ထူးထူးဆန်းဆန်း ဘာလဲ ဇော်ဝါး နင် ငါ့ကို ရည်းစားစကားလာပြောတာလား ဟား ဟား'

'ငါကတော့ နင့်ကို တစ်သက်လုံး ရည်းစားစကား ပြောမှာ မဟုတ်ဘူး၊ တခြားတစ်ယောက် ပြောလိမ့်မယ်၊ ငါ ပြောချင်တာက နင်တို့ဖြစ်ဖြစ်နေတဲ့ကိစ္စနဲ့ ဆိုင်လို့'

'ဟင်'

'အေး၊ ငါ ဟိုကောင်တွေကိုတော့ ပြောသင့်သလောက် ပြောပြပြီးပြီ၊ ဒီလိုဟ ငါ့မှာ ဆရာမတစ်ယောက် ရှိတယ်ဟ၊ သူက နင်တို့ကိစ္စတွေကို ဖြေရှင်းကောင်း ဖြေရှင်းပေးနိုင်လိမ့်မယ်၊ အဲဒါဟာ သူက ...'

'နေ .. နေဦး ဇော်ဝါး'

'ဘာလဲဟ'

'ငါတို့ အေးအေးဆေးဆေး တစ်နေရာရာ သွားပြောကြရင် ကောင်းမယ် ထင်တယ်'

'ပိုကောင်းတာပေါ့ သူငယ်ချင်း'

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# ζ

Zeta (uppercase Z, lowercase ζ; Greek: ζήτα, classical [ˈdzɛːta] or [ˈzdɛːta] zḗta, Modern Greek: [ˈzita] zíta) is the sixth letter of the Greek alphabet. In the system of Greek numerals, it has a value of 7. It was derived from the Phoenician letter Zayin 𐤆 Letters that arose from zeta include the Roman Z and Cyrillic З.



www.burmeseclassic.com

www.burmeseclassic.com

'ဟိတ် ကောင်မလေး ဘာတွေငေးနေလဲ၊ ရေကန်ဘေးမှာ နေပူကပူ နဲ့၊ မတ်တတ်ကြီး'

'နှာနှားကို သတိရလို့ ကိုကို'

'လာပါ၊ ထီးအောက် သွားထိုင်ရအောင်၊ ကဲ ပြော ဘာဖြစ်လဲ'

'ဒီတစ်ရက်နှစ်ရက် မေနိုး နှာနှားကို အရမ်းသတိရနေတယ် ကိုကို၊ ဘယ်လိုဖြစ်မှန်း မသိဘူး၊ အိပ်မက်လည်း ခဏ ခဏမက်တယ်'

'ဘယ်လိုဖြစ်လို့လဲ မေနိုး၊ contact ရှိနေတာပဲ မဟုတ်လား၊ video call မရဘူးလား၊ နှာနှား နေမကောင်းလို့လား'

'နေကောင်းပါတယ် ကိုကို၊ contact လည်း မပြတ်ပါဘူး၊ နှာနှားက first semester ဖြေနေတယ်၊ သူ့အပြောပေါ့၊ အဲဒါပြီးရင် သူက ဒီကို အရမ်းလာချင်နေတာ'

'ဟင် သူ လာမယ့်အချိန်ကျ အန်ကယ်ရျော့ရှ်တို့က ပြန်ပြီဥစ္စာ'

'မဟုတ်ဘူး ကိုကို၊ အဓိကက ကိုကိုတို့နဲ့ သူက အရမ်းတွေ့ချင်နေတာ၊ သူ သူက ..'

'ဘာဖြစ်လဲ နှာနှားက ဘာပြောလို့လဲ'

'မနက်က ဖုန်းထဲမှာ မေနိုးကို ပြောတယ် ကိုကို၊ ဒီ ဒီက မေနိုးတို့ကို သူ မြင် မြင်နေရတာ ခဏခဏပဲတဲ့ ကိုကို၊ မေနိုးတို့ ပတ်ဝန်းကျင်ကို သူ သိနေတယ်၊ currently နော် ကိုကို'

'ဟင်'

'သူ မေနိုးတို့ကို သိပ်တွေ့ချင်နေတယ်'

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# ζ

## Name

Unlike the other Greek letters, this letter did not take its name fromthe Phoenician letter from which it was derived; it was given a new name on the pattern of beta, eta and theta.

The word zeta is the ancestor of zed(UK) or zee(US), the name of the Latin letter Z. In other languages (eg.Italian and Icelandic),the name zeta is used to refer to the Roman letter Z as well as the Greek letter.



www.burmeseclassic.com

www.burmeseclassic.com

'ဟ အာ .. လန့်တောင်သွားတယ်၊ ဇော်ဝါး မင်း ဘယ်တုန်းက ရောက်နေတာတုံး'

'ဟား ဟား မင်းလန့်သွားအောင် ငါ ဒီနားကပ် ရပ်နေတာဟ၊ ခုန ကလေးတင်ရောက်တာ'

'ထူးထူးဆန်းဆန်း ဘာလာလုပ်တာတုံး'

'ငါ့ကိစ္စလည်း မဟုတ်ဘူး၊ မင်းကိစ္စလည်း မဟုတ်ဘူး'

'ဟော့ကောင် ဘာလဲ၊ ရှင်းရှင်းပြောစမ်း'

'ရှင်းရှင်းပြောရရင် Mr. Zeta နဲ့ Mrs. Cristine တို့ရဲ့ ကိစ္စကွ'

'ဘာဖြစ်တယ်'

'ရဲသင် ဒီနေ့ ဘာနေ့လဲ'

'လေးရက်နေ့လေ'

'လာမယ့် ဆယ့်သုံးရက်နေ့ မင်း အားအောင်လုပ်ထားကွာ၊ ငါ မျက်ရှု ကိုလည်း ပြောထားပြီးပြီ'

'ဆယ့်သုံးရက်နေ့၊ ဆယ်သုံးရက်ဆိုတော့ ဟ .. မင်းဟာ thirteen friday ကြီး ဘာကိစ္စရှိလို့လဲ'

'မင်း မေ့သွားပြီလား၊ မင်းက လူကြီးမှတ်နေတဲ့ ငါ့ဆရာမ ခရစ္စတင်း လေကွာ၊ အဲဒါ ရန်ကုန်ရောက်နေတယ်၊ မင်းရဲ့ ဇီတာပရောဂျက်ကြီးနဲ့ ပေးတွေ့မလို့'

'ဟိုက်'

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



'သူ့ကို ငါ အားလုံး ပြောပြထားပြီးပြီကွ၊ ဒါပေမဲ့ ..'

'ဘာဖြစ်လဲ'

'တချို့လူတွေနဲ့ တချို့ကိစ္စတွေကို သူ သိနေတယ်ကွ'

' ....... '



# ζ

The letter ζ represents the voiced alveolar fricative /z/ in Modern Greek.

The Sound represented by zeta in Classical Greek is disputed. See Ancient Greek phonology and Pronunciation of Ancient Greek in teaching.

.......................................................................................

.......................................................................................

.......................................................................................



www.burmeseclassic.com

www.burmeseclassic.com

'နင် ငါ လန့်ပြီး တမင်သက်သက် အရွက်ကွဲအောင် ...'

'မှတ်ထီးကောင်'

'လာ မိန်းမ သွားမယ်၊ ရှော့ ချိုကြီး ငါ့ကားမောင်းခဲ့ဟ'

'ပုဏ္ဏား ... မင်းကို ပုဏ္ဏား ဆိုတဲ့နာမည် ဘယ်သူစခေါ်တာလဲ'

'ရှော့ နင့်ပုတီး၊ ရစ်လုံးက ......'

'နေဦးအဖေ၊ ဘာမှမမြင်တော့ဘူး ဆိုတော့ .......'

'ရဲသင်ရုံ'

'ပုဏ္ဏား နင် နင်ဟာ သစ္စာဖောက်'

'ဓီတာလေကွာ၊ ဇက် အီး တီ အေ ဓီတာ'

'ပုဏ္ဏား မင်းက ဆင်လား'

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



'တစ်ခုခုနဲ့ ဖျက်လို့ရလား ကိုကို'

မှန်ထဲတွင် ပေါ်နေသောပုံရိပ်မှာ ....

'ကိုကို မေနိုးကို ချစ်လား'

'ပုဏ္ဏားရေ'

'ဟဲ့ လွှတ်စမ်း၊ ဆိုင်က ကောင်မလေးတွေ ........'

'အိုး ဘယ်အချိန်တုန်းကတည်းက ........'

'ပုဏ္ဏား ငါ့လက်မောင်းကို လာကိုင်တာနဲ့ ငါ ပြန်သိတာ'

'ဘာလို့ အဲလောက်လန့်နေတာလဲ မေနိုးရဲ့၊ မမ မှတ်မိသလောက်'

'တချို့လူတွေနဲ့ တချို့ကိစ္စတွေကို သူသိနေတယ်'

'ငါ ကြောက်လာရင်ရော'



## Numeral

Zeta has the numerical value 7 rather than 6 because the letter digamma (also called 'stigma' as a Greek numeral) was originally in the sixth position in the alphabet.



www.burmeseclassic.com

www.burmeseclassic.com

အဆုံးသတ်ခြင်း တစ်ခုခုဆီသို့ ရောက်ကိုရောက်လာလိမ့်မည်ဟူသော အကြောင်းအရာတစ်ခုကို သူ သိထားခဲ့ပြီးသည်မှာ ကြာခဲ့ပြီဖြစ်၏။ သို့သော် သူ ဘယ်သူ့ကိုမှ မပြောပြခဲ့ပါ။ ပြောပြရန်မလိုဟု သူ ယူဆသောကြောင့် ဖြစ်လေသည်။

မည်သည့်ကိစ္စမျိုးတွင်မှ ဆိတ်ကွယ်ရာဟူသည် မရှိကြောင်း သူ ရာနှုန်းပြည့် ယုံကြည်ထားပါသည်။ နံရံများတွင် နားတွေရှိပါ၏။ ထို့အတူ ဝတ္ထုပစ္စည်းများ အားလုံးတွင်လည်း နားတွေရှိနိုင်ကြောင်း သူ တစ်စွန်းတစ်စ ရှာဖွေမိခဲ့ပြီးပါပြီ။ လူတစ်ယောက်၏ လျှို့ဝှက်ချက်ဟူသည် ဤကမ္ဘာတွင် ဘယ်တုန်းကမျှ မရှိခဲ့ပါ။ အဘယ်ကြောင့်ဟူမူ လူကိုယ်တိုင်သည် မည်သည်ကိုမျှ ကြာကြာ လျှို့ဝှက်ထားနိုင်စွမ်း မရှိသောကြောင့် ဖြစ်ပါ၏။ အခြားသော တစ်ဖက်ကဆိုရလျှင် လူသည် တစ်စုံတစ်ရာကို လျှို့ဝှက်နိုင်စွမ်း မရှိလောက်အောင် ချည့်နဲ့လှသော သတ္တဝါဖြစ်နေသောကြောင့် ဖြစ်ကြောင်း သူ တစ်စွန်းတစ်စ သိရှိခွင့်ရခဲ့သောကြောင့် ဖြစ်ပါ၏။

'ဘာလဲ' ဟူသောကိစ္စကို သူ သတိထားခဲ့မိပါ၏။ ထို့နောက် 'ဘာကြောင့်လဲ' ဟူသောကိစ္စကို သူ အစဉ်မပြတ် လိုက်ခဲ့မိပြန်ပါ၏။ တစ်စွန်းတစ်စပါ။ တစ်စွန်းတစ်စ သက်သက်ပါ။ သူ တို့ထိမိခဲ့ပါသည်။ သူသည် ထိုအဝန်းအဝိုင်းထဲက မဟုတ်ပါ။ ထို့အပြင် ထိုအဝန်းအဝိုင်းကို သိရှိရုံသာ သိရှိခွင့်ရ၍ ဝင်ရောက် ပတ်သက်နိုင်လောက်အောင် အင်အားကောင်းသူ တစ်ယောက် မဟုတ်ခဲ့ပါ။ ဤသည်ကို သူ သိရှိလိုက်ပြီးချိန်



www.burmeseclassic.com

www.burmeseclassic.com



တွင် သူသည် လောကကို မဲ့ပြုံး ပြုံးပြနိုင်လောက်ရုံကလေးသာ တတ်နိုင်ခဲ့လေ၏။ သူသည် 'လူ' သက်သက်လောကတွင် 'တော်' သောသူတစ်ယောက်ဖြစ်ကြောင်း လူသက်သက်လောကမှ လူတိုင်းက ချွင်းချက်မရှိ ထောက်ခံပါလိမ့်မည်။ သို့သော် ...

လူသက်သက်မဟုတ်သော လောကတွင် သူသည် ဘာမှမဟုတ်သော သာမညသောင်ည အသေးအဖွဲသာ ဖြစ်ကြောင်း သူ ရှာဖွေတွေ့ရှိခဲ့ပါ၏။ တမ္ဘာပေါ်တွင် ဘာသာရပ်တစ်ခုအဖြစ် ပြဋ္ဌာန်းထားခြင်း မရှိသော ကိစ္စရပ်တစ်ခုကို သူ လိုက်စားခဲ့၏။ ထိုကိစ္စရပ်သည် သူ့ကို ညို့ယူသွားခဲ့လေသည်။ မသိနိုင်ခြင်းပေါင်းများစွာကို သူ ကြုံတွေ့ရ၏။ အကြိမ်ကြိမ် မေးမြန်းခဲ့၏။ သူသည် ဘာနည်း။ နောက်ဆုံး သူသည် ဘာမှမဟုတ်သော 'သူ' သက်သက်သာဖြစ်ကြောင်း တွေ့ရ၏။ လောကသည် ဆန်းကြယ်လှလေစွ။ တစ်နေရာထဲတွင်ပင် လောကသုံးလေးမျိုး ရောထွေးနေ၏။ သို့သော် တစ်ခုကိုတစ်ခု မမြင်ရ၊ မတွေ့ရ၊ မကြားရ။ ပတ်သက်မှုတွေကတော့ တစ်ခါတစ်ရံ လိုအပ်စွာ ကြုံတတ်ကြရ၏။ ပတ်သက်ခြင်းများဖြစ်ပွား ကြုံကြိုက်သောအခါများတွင်လည်း ဤပတ်သက်ခြင်းများသည် ကောင်းခြင်းဖြစ်စေ ဆိုးခြင်းဖြစ်စေ သတ်မှတ်၍ မရ။ ပတ်သက်မိခြင်းများသည် ပတ်သက်မိခြင်းများ သက်သက်သာ ဖြစ်၏။ ရှုထောင့်တစ်နေရာအဖို့ ကောင်းခြင်းလည်း ဖြစ်မည်၊ ဆိုးခြင်းလည်း ဖြစ်နိုင်၏။ ဖြစ်နေခြင်းများသည် ဖြစ်နေခြင်းများသာ ဖြစ်၏။ ယခုအချိန်တွင် သူ၏ စိတ်များငြိမ်သက်နေလေသည်။

ကောင်းကင်ထက်မှ လရောင်သည် ရေကူးကန်ပတ်လည်တွင် ထွန်း၍ထားသော မီးတိုင်ရှည်များ၏ အလင်းရောင်ကို ကျော်လွှားထိုးဖောက်ဝင်ရောက်လာနိုင်စွမ်း မရှိခဲ့ပါ။ သူသည် အိမ်တံစက်မြိတ်နားရှိ ကုန်းမြင့်မြက်ခင်း တစ်နေရာပေါ်မှနေ၍ ရေကူးကန်ကို လှမ်းကြည့်နေမိလေသည်။ အချိန်မှာ ည ဆယ်နာရီခန့် ရှိပေပြီ။ သူ့ဘေး မြေပြင်ပေါ်တွင် ဖောက်ပြီးခါစ ဝိုင်အနီတစ်ပုလင်း ရှိ၏။ သူ့ရှေ့တွင်တော့ ငှဲ့ထားပြီး ဝိုင်တစ်ခွက်ရှိလေသည်။ သူ့စိတ်များမှာ ဟာလာဟင်းလင်း ဖြစ်လျက်။ ဝိုင်ခွက်ကို ရုတ်တရက် တစ်ရှိန်ထိုး မော့သောက်ပစ်လိုက်ကာ ပြန်ချထားလိုက်၏။





အခုတော့ ခွက်ထဲတွင် ဘာမှမရှိတော့။ လွန်ခဲ့သော အခိုက်အတန့် ခဏက ထိုခွက်သည် ဝိုင်အနီများ ထည့်ထားသော ဝိုင်ခွက်တစ်ခွက် ဖြစ်ခဲ့၏။ အခုတော့ ဗလာဟင်းလင်း။ ဤခွက်အတွင်း ရေအချို့ ရှိလာခဲ့လျှင် ဤခွက်သည် ရေခွက်ဖြစ်လာနိုင်မလား။ ဤခွက်အတွင်း အဖြူရောင်နွားနို့အချို့ ရှိလာခဲ့လျှင် ဤခွက်သည် နို့ခွက်ဖြစ်လာနိုင်မလား။ သို့မဟုတ် လက်ဖက်ရည်များ ကော်ဖီများဖြစ်စေ အရောင်အမျိုးမျိုးရှိသော အအေးများ ဖြစ်စေ၊ ပယင်းရောင် မူးယစ်ရီဝေတတ်စေသော အရည်များဖြစ်စေ၊ အမျိုးမျိုး ပြောင်းထည့်ကြည့်ပါက ဤခွက်သည် လက်ဖက်ရည် ကော်ဖီခွက်၊ အအေးခွက်၊ အရက်ခွက် ဖြစ်သွားနိုင်မည်လား။ သူ တစ်ချက် ပြုံးလိုက်မိ၏။

နဂိုကတည်းက ပုံစံ အဆင်းသဏ္ဌာန်အရ ဝိုင်သာထည့်ရန် ပြုလုပ်ထားသော ခွက်လွတ်တစ်လုံးအတွက် ဘာထည့်ထားထား ဝိုင်ခွက်ထဲတွင် တစ်စုံတစ်ရာ ထည့်ထားခြင်းသာ ဖြစ်ပါ၏။ ဝိုင်ခွက်အဖို့ မည်မျှ လွတ်နေစေကာမူ ရေနွေးကြမ်းခွက်တစ်ခွက် ဖြစ်လာမည် မဟုတ်ပါ။ သူ ခွက်ထဲသို့ ဝိုင်နီများသာ ထပ်မံ ဖြည့်တင်းထားလိုက်၏။ ရုတ်တရက် သင်းပျံ့သော ရနံ့တစ်ခု သူ ရလိုက်လေသည်။

'ပုဏ္ဏား'

တိုးတိတ်ညင်သာသော ခေါ်သံတစ်ခုနှင့်အတူ နွေးထွေးသော လက်တစ်ဖက်က သူ့ပခုံးကို ထိကိုင်လာ၏။ သူ လှည့်ကြည့်မိသောအခါ ဘာတစ်ခုမှ မွမ်းမံခြယ်သထားခြင်း မရှိသော လှပတည်ငြိမ်သည့် မျက်နှာလေးတစ်ခု။ သူ ရေကန်ဘက်ဆီသို့ မျက်နှာပြန်လွှဲလိုက်ချိန်တွင် သူ့ဘေး၌ ညင်သာစွာ ဝင်ထိုင်လေသည်။ စကားဆက်မဆိုဖြစ်ကြ။ လသည် သူ့ခရီးသူနှင့်၍ နေလေ၏။ လေညင်းအချို့ တိုက်ခတ်လာပြီးချိန်၌

'ပုဏ္ဏား နင် တစ်ခုခု သိထားတယ် မဟုတ်လား'

ဖြေသံ ခွင့်အလျက်။ မေးသံသာဆက်၍ တိုးညင်းထွက်ပေါ်လာခဲ့၏။

'ပုဏ္ဏား ... နင် ငါ့ကိုသိသလို ငါ နင့်ကို သိတယ်လေ၊ ဘာဖြစ်လို့ ဖုံးကွယ်ထားချင်နေတာလဲ၊ နင် ငါ့ကို မယုံဘူးလား ပုဏ္ဏား နင် ဘာဖြစ်နေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



အမေးများသာ လှုပ်ရှားဆူပွက်ခဲ့လေသည်။ သူကမူ ရေကန်ဘက်သို့သာ ငေးလျက်။ ထိခိုက်မှု တစ်စုံတစ်ရာ မရှိခဲ့သည်မှာ အချိန်ကြာမြင့်ခဲ့ပြီဖြစ်၍ ရေကန်မျက်နှာပြင်မှာ ငြိမ်သက်နေလေသည်။ ထို့အတူ သူ့မျက်နှာသည်လည်း ငြိမ်သက်လျက်။ ရုတ်တရက် သူမသည် သူ့ရှေ့မှ ဝိုင်ခွက်ကိုယူကာ တစ်ရှိန်ထိုး မော့ချလိုက်၏။ သူ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'မျက်ရှု .. နင် ဘာလုပ်တာလဲ'

ယခုအချိန်တွင်တော့ မေးသူက သူ ပြန်ဖြစ်နေခဲ့လေ၏။ အလန့်တကြားလည်း လှည့်ကြည့်လိုက်မိ၏။ သူ့ကို ပြန်လည် ရင်ဆိုင်နေသော မျက်ဝန်းနက်နက် ကြည်ကြည်လေးများက တည်တည်ငြိမ်ငြိမ်။ မျက်နှာလေးက မခိုးမခန့် ပြုံးလျက်။

'ဘာလဲ နင်လုပ်ခါနီး အလုပ်တစ်ခုကို ငါ လုပ်လိုက်လို့ မဟုတ်လား၊ နင့်စိတ်ထဲမှာ ဒီခွက်ကို ကောက်ကိုင်လိုက်ဖို့ ဆုံးဖြတ်လိုက်ခဲ့တယ် မဟုတ်လား'

သူ သက်ပြင်းတစ်ချက် ချမိ၏။

'တချို့တွေက jumper လို့ ခေါ်ကြတယ်၊ တချို့ကတော့ connector တဲ့၊ တချို့ကျပြန်တော့ existance တည်ရှိနေခြင်းသက်သက်လို့ အဓိပ္ပာယ်ဖွင့်ချင်ကြတယ်၊ သဘောကတော့ဟာ နင် နားလည်လွယ်အောင် လူအနေနဲ့ ပြောရရင် မောင်ဖြူနဲ့ မောင်မဲဟာ အချိန်ကာလတစ်ခု တိုင်တဲ့အခါ သူတို့ချင်း ပတ်သက်ကြရပြီး တစ်စုံတစ်ရာ ဖြစ်ပွားလိမ့်မယ်ဆိုတာ သူတို့ သိကြတယ်၊ ဒါပေမဲ့ သူတို့ချင်း တိုက်ရိုက်ပတ်သက်လို့ မရဘူးဆိုတာလည်း သိကြတယ်၊ ဘာလို့လဲဆိုတော့ သူတို့ကို မိတ်ဆက်ပေးမယ့် ကြားခံမီဒီယာတစ်ယောက် လိုတာကိုး၊ အဲဒီတစ်ယောက်ကို မောင်နီလို့ပဲ ထားပေါ့ဟာ၊ မောင်နီဟာ မောင်ဖြူနဲ့ရော မောင်မဲနဲ့ပါ ကာလအတော်ကြာ တောက်လျှောက် သိလာခဲ့တယ်၊ မောင်ဖြူနဲ့ မောင်မဲဟာ သူတို့ချင်းသိဖို့ မောင်နီတစ်ယောက်ထဲကြောင့်သာ ဖြစ်နိုင်လိမ့်မယ်ဆိုတာ ရိပ်မိပေမဲ့ မောင်နီကတော့ မသိဘူး၊ ဝေဝါးနေတယ်၊ မောင်ဖြူကို မောင်စိမ်းနဲ့ပဲ ပတ်သက်ခွင့်ပေးရမလို၊ မောင်ညိုနဲ့ပဲ ပတ်သက်ပေးရမလို ဖြစ်နေတယ်၊ ဒါပေမဲ့ အရာ





အားလုံးဟာ စနစ်တကျ ဖြစ်နေခဲ့တာဆိုတော့ နောက်ဆုံး မောင်နီဟာ မောင်ဖြူနဲ့ မောင်မဲကို ဆက်ပေးလိုက်မိတယ်၊ အဲဒီအချိန်ကစပြီး သူ့တာဝန်အခန်းကဏ္ဍဟာ ပြီးဆုံးသွားပြီ၊ မောင်နီ ဖြစ်လာခဲ့ရတာက မောင်ဖြူနဲ့ မောင်မဲကို ဆက်သွယ်ပေးဖို့လေ၊ မောင်နီဟာ connector ပဲ၊ မောင်မဲနဲ့ မောင်ဖြူ ဆက်သွယ်မိဖို့အတွက် တည်ရှိနေရတဲ့ existance သက်သက်ပဲ၊ ဒါက ရိုးရှင်းတဲ့ အဖြစ်အပျက် တစ်ခုထဲအတွက်ကို ပြောတာနော်၊ တကယ်လို့ မောင်နီဟာ မောင်ဖြူနဲ့ မောင်မဲကို ဆက်ပေးဖို့အတွက်ရော၊ မောင်ပြာနဲ့ မောင်စိမ်းကို ဆက်ပေးဖို့အတွက်ရော၊ မောင်စိမ်းနဲ့ မောင်မဲကို ဆက်ပေးဖို့အတွက်ရော လိုအပ်တယ် ဆိုရင်တော့ မောင်နီဟာ မောင်မဲနဲ့ မောင်ဖြူ တွေ့ကြုံ ဆက်သွယ်မိပြီးရုံနဲ့ သူဟာ မပြီးဆုံးသွားသေးဘူး၊ ကျန်တဲ့ မောင်ပြာနဲ့ မောင်စိမ်း ဆက်ပေးဖို့၊ မောင်စိမ်းနဲ့ မောင်မဲ ဆက်ပေးဖို့ သူ ဆက်ရှိနေရလိမ့်မယ်၊ အဲဒီ အခြေအနေမျိုးကျတော့ မောင်နီဟာ အရေးပါတဲ့ connector ဖြစ်လာရော၊ ဖြစ်သင့်တဲ့ ဖြစ်ရမယ့် connection တွေအားလုံး ဖြစ်သွားဖို့ မောင်နီဟာ object တွေ matter တွေဖြစ်တဲ့ မောင်မဲ၊ မောင်ဖြူ၊ မောင်စိမ်း၊ မောင်ပြာတို့ ရှိနေကြတဲ့ place တွေဆီကို အမြန်လိုရင် အမြန်၊ အနှေးလိုရင် အနှေး သူ့ကိုယ်သူ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ပြေးလွှားဆက်သွယ်နေရတယ်၊ အဲဒီလို ပြေးလွှားချိတ်ဆက်မိနေရခြင်းတွေကို လူသာမန် ဦးနှောက် အသိဉာဏ်လောက်နဲ့ မရဘူး၊ ဒါကြောင့် ထူးဆန်းတာတွေ ဖြစ်လာတယ်၊ အဲဒီလို connector မျိုးတွေကို jumper လို့ ခေါ်တယ်၊ အခု နင် ဒီကနေ ရေကန်ထဲကို ရောက်အောင်သွားဖို့ မြက်ခင်းပေါ်က တစ်ဆင့် လျှောက်သွားပြီးမှ ရောက်မှာ မဟုတ်လား၊ နင်ကတော့ ရေကန်ဆီ ရောက်သွားဖို့ပဲသိတော့ 'မြက်ခင်းပေါ်မှတစ်ဆင့်' ဆိုတဲ့ကိစ္စကို မေ့ကောင်းမေ့သွားလိမ့်မယ်၊ တကယ်တော့ ဒီနေရာကနေ နင်ဟာ 'မြက်ခင်းမှတစ်ဆင့်' သာ ရေကန်ဆီ ရောက်နိုင်တာ၊ နင်က တန်ခိုးရှင်မို့လို့ ပျံသွားနိုင်ရင်တောင် 'လေထဲမှတစ်ဆင့်' သာ ရေကန်ဆီ ရောက်မှာလေ၊ via သီအိုရီလို့ အကြမ်းဖျင်း ငါပေးထားတယ်၊ ဘယ်လောက်နင်စွမ်းစွမ်း ဒီနေရာကနေ ဖြတ်ခနဲ ပျောက်သွားပြီး ရေကန်ထဲမှာ ဖြတ်ခနဲ ပေါ်လာခဲ့ရင်တောင် 'ဤနေရာမှ ဖြုတ်ခနဲ ပျောက်သွားခြင်း' မှတစ်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



ရေကန်ထဲတွင် ပြန်ပေါ်လာခြင်းပဲ ဖြစ်တယ်၊ လောကမှာ တစ်ခုနဲ့တစ်ခု ချိတ်ဆက် ဖြစ်ပျက်ခြင်းတိုင်းမှာ 'မှတစ်ဆင့်' ဆိုတာ ရှိတယ်၊ connector လား၊ jumper လားပဲ ကွာလိမ့်မယ်၊ ခုနကအတိုင်း ပြောရရင် မြက်ခင်းဟာ အငြိမ်သက်ဆုံး ဖြစ်တဲ့အတွက် connector လို့ အကြမ်း ပြောလို့ရတယ်၊ လေကျတော့ အဲလို မဟုတ်ဘူးလေ၊ နင့်အဖြစ်အပျက်မှာလည်း သူ့ပါရသလို သူက အခြားအဖြစ်အပျက်တွေအတွက် ဆက်တိုက်သွားရဦးမှာ၊ အဲဒီ existance တွေနဲ့ ပတ်သက်တဲ့ကိစ္စတွေအတွက် ငါ့ပရောဂျက်ကို ဓိတာလို့ ပေးခဲ့တာ'

သူမ နားလည်နိုင်ရဲ့လား။ သူကတော့ ဝိုင်တစ်ခွက် ထပ်ငှဲ့ကာ မော့ချလိုက်မိ၏။ တစ်ခါတစ်ရံကျ အသိတစ်ခုကို ရှင်းပြဖို့အတွက် မြောက်များလှစွာသော စကားလုံးများ လိုအပ်နေခြင်းကို သူ စိတ်ပျက်မိ၏။ ပတ်ဝန်းကျင်သည် အေးချမ်းစွာ တိတ်ဆိတ်နေလေသည်။ ဝိုင်တစ်ခွက် ထပ်ငှဲ့ကာ ရှေ့တွင် ချထားမိ၏။ တိုးတိုးသဲ့သဲ့ သက်ပြင်းချသံလေး တစ်ခုကို သူ ကြားလိုက်ရ၏။ သူ ဆက်ပြောမိ၏။

'နှစ်မျိုးနှစ်စားပဲ ရှိတယ် မျက်ရှု၊ object ဒါမှမဟုတ် matter တွေနဲ့ connection တွေ ... တစ်ခါတလေမှာ object တွေ matter တွေရဲ့ relationship ဟာ သိပ်အားကောင်းခဲ့ရင် သူတို့ရဲ့ connection တစ်ခု ဖြစ်ပေါ်တဲ့အချိန်မှာ ကြားခံ jumper တွေဟာ မှေးမှိန်ပျောက်ကွယ် သွားကြရလေ့ရှိတယ်၊ တစ်ခါတလေမှာ ကျတော့လည်း ...'

သူ စကားမဆက်ဖြစ်ပါ။ နူးညံ့နွေးထွေးသော လက်ချောင်းလေး နှစ်ချောင်းက သူ့နှုတ်ခမ်းများအား လာရောက် ဟန့်တားလိုက်သောကြောင့် ဖြစ်လေသည်။ သူ လှည့်ကြည့်မိတော့ စိုလဲ့နေသော မျက်ဝန်းလေးတစ်စုံကို ရင်ဆိုင်ရ၏။

'ပုဏ္ဏား'

သူ တစ်ချက်ပြုံးမိ၏။ မျက်ဝန်းလေးတစ်စုံမှ ပြန်ခွာကာ သူ အပေးမှ အမှောင်ရိပ်များထဲ သူ ငေးကြည့်နေမိပြန်၏။

'နင်ငါ့ကို ဘာလို့ အဲဒီနာမည် ပေးခဲ့တယ်ဆိုတာ နင်နဲ့ငါနဲ့ နှစ်ယောက်ထဲပဲ သေချာသိခဲ့ကြတာပါ၊ နင် ငါ့ကို သေချာမသိခင်ကတည်းက ငါ





နင့်ကို သေချာသိခဲ့ပြီးပါပြီ'

စောဒကတက်ချင်သလို အမူအရာလေးနှင့် နှုတ်ခမ်းလေးနှစ်လွှာ ပွင့်လာလေသည်။ သူ လက်ကာပြရင်း ဆက်ပြောဖြစ်၏။

'မဟုတ်ဘူး၊ အခု ငါတို့နေနေတဲ့ လောကနဲ့ ဘာမှမဆိုင်ဘူး၊ ငါက ငါ သိတန်သလောက် သိထားတဲ့ world ဘက်က ပြောနေတာ၊ ဟုတ်တယ် ငါဟာ လူတွေအနေနဲ့ သာမန်ကြည့်ရင်တော့ နင့်ထက် powerful ဖြစ်တဲ့ လူတစ်ယောက်ပါ၊ ဒါပေမဲ့ ...'

ခေတ္တ တိတ်ဆိတ်သွားပြန်၏။ တိတ်ဆိတ်သော ညအတွင်း ပိုးပုရွက်စိသံသဲ့သဲ့များကြားမှ သူ့လေသံ အေးအေးမှန်မှန် ပြန်ထွက်ပေါ်လာလေသည်။

'အခြားသော ဖြစ်စဉ် တစ်ခုမှာတော့ ငါဟာ object နဲ့ matter မဟုတ်ဘူး၊ ငါဟာ အင်အား အတန်အသင့်ပဲ ရှိတဲ့ jumper တစ်ယောက်ပဲ ဖြစ်တယ်၊ ငါဟာ ကြားခံပဲဖြစ်တယ်၊ အင်အားကောင်းတဲ့ နင်တို့နာနားတို့ ဖော်ဝါး တို့တွေဟာ ငါကတစ်ဆင့် စီစဉ်ထားပြီးခဲ့တဲ့အတိုင်း ဖြတ်သန်းဖြစ်ပျက် သွားကြလိမ့်မယ်၊ ကြားခံတွေဟာ ဘက်လိုက်ခွင့် မရှိဘူး၊ ဒါပေမဲ့ ငါအာ ...'

တစ်ချက် လှည့်ကြည့်မိ၏။ မျက်ရည်တို့ဖြင့် စိုလဲ့နေသော မျက်နက်ဝန်းတစ်စုံကို သူ ရင်ဆိုင်ရလေသည်။

'ငါ နင့်ကို သနားတယ် မျက်ရှု၊ ဒီကိစ္စတွေကို ငါ အဆုံးသတ်ခွင့် ပေးလိုက်တော့မယ်၊ နောက်တစ်ခုက အကြောင်းပေါင်းစုံတွေ တိုက်ဆိုင်ချိန် ရောက်လာပြီ၊ ခရစ္စတင်းဟာ အရမ်းအားကောင်းတဲ့ ဖြစ်စဉ် matter တစ်ခု ဖြစ်တယ်၊ နင်တို့ object တွေဟာ ငါကတစ်ဆင့် ခရစ္စတင်းကြောင့် တစ်စုံတစ်ရာ ဖြစ်ပျက်သွားကြလိမ့်မယ်၊ မနက်ဖြန်ကျရင် ငါတို့ အဲဒီကိစ္စတွေကို သိကြရတော့မယ်၊ အဲဒါတွေ ပြီးသွားရင် နင်တို့အားလုံး အေးချမ်းသွားကြတော့မှာပါ၊ နားမလည်နိုင်တဲ့ အဖြစ်အပျက်တွေ ကိစ္စတွေ ဘဝက ပျောက်ကွယ်သွားလိမ့်မယ်'

'နင်ကရော'

သူ တိတ်ဆိတ်သွားခဲ့လေသည်။ ကောင်းကင်ကို မော့ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ပြင်အကျယ်ကြီးထဲတွင် တစ်စနှစ်စ သေးကွေးလှစွာသော အလင်းစက်မှိတ်တုတ်လေး အချို့ကို ဖျော့တော့စွာ မြင်ရလေသည်။ သူ နှစ်ခြိုက်စွာ ပြုံးလိုက်၏။ အပြုံးနှင့်အတူ သေသေချာချာ လှည့်ကြည့်ကာ ဖြေဖြစ်၏။

'ငါ မသိဘူး မျက်ရှု'

'ဖြန်း'

ပါးပြင်တစ်ဖက် ပူခနဲ ဖြစ်သွားသည်နှင့်အမျှ သူ အလွန်အမင်း အံ့အားသင့်သွား၏။ သူမသည် သူ့ကို အမှန်တကယ် ရိုက်ပစ်လိုက်ခဲ့သလားဆိုသည်ကို သူ မယုံသလို ငေးကြည့်မိသောအခါ မျက်ရည်များ ပြည့်နေသော နာကျည်းမှုအပြည့်နှင့် မျက်နက်ဝန်းတစ်စုံ။ လှပသော နှုတ်ခမ်းတစ်စုံမှ တဆတ်ဆတ်တုန်ရင်း

'ရဲသင်ရဲ'

သူ ပြန်မထူးဖြစ်ပါ။ သူ မထင်မှတ်ထားသည်များ ဆက်တိုက်ဖြစ်ပွားသွားခဲ့လေသည်။

သူမသည် သူ့ရှေ့မှ ဝိုင်ခွက်ကိုယူကာ တစ်ငုံ ငုံလိုက်၏။ ထို့နောက် သူ့နှုတ်ခမ်းတွင် နူးညံ့ပူနွေးသော အထိအတွေ့နှင့်အတူ အေးစက်သော ဝိုင်များက သူ့နှုတ်ခမ်းမှ တစ်ဆင့် လည်ချောင်းထဲသို့။ သူ့မျက်လုံးများကို မှိတ်ထားမိလိုက်လေသည်။ စက္ကန့် အနည်းငယ်မျှ သူ့စိတ်များ လွင့်ထွက်သွား၏။

'ပုဏ္ဏား'

တိုးညင်းလွန်းသော အနီးကပ် ခေါ်သံလေးတစ်ခုတွင် သူ သတိပြန်ဝင်လာခဲ့၏။ သူမသည် သူ့ရင်ခွင်တွင် မျက်နှာဝှက်လျက်။ ရှိုက်သံတစ်ဝက်ဖြင့် ...

'မပေးနိုင်ဘူး ပုဏ္ဏား၊ ငါ နင့်ကို ဘာအကြောင်းပြချက်မျိုးနဲ့မှ ဘယ်ကိုမှ မပေးနိုင်ဘူး၊ နင့်ကို ငါပိုင်တယ် ပုဏ္ဏား၊ နင့် နင့်ကို ငါပဲပိုင်တယ်၊ နင့်ကို ငါ ငါ အရမ်း ...'

သူ သက်ပြင်းချလိုက်မိခဲ့လေသလား။ တသိမ့်သိမ့် တုန်ခါနေသော ခန္ဓာကိုယ်လေးကို သူ အလိုက်သင့် ဖက်ထားမိလေသည်။ ရှိုက်သံတစ်ဝက်





နှင့် ညည်းတွားသံလေးများက တိုးတိုးညင်းညင်း။

'ဘာလို့လဲ၊ ဘာလို့ ငါတို့မှာမှ လာဖြစ်ရတာလဲ၊ နင် နင် .. ဘာလို့ ငါ့ကို အားလုံး မပြောခဲ့တာလဲ၊ နင် ဘာလို့ ဒါကို ရွေးချယ်ခဲ့တာလဲ၊ ငါ ငါတို့ ထွက်သွားကြမယ်လေဟာ၊ နင် နင်ဘာမှ မလုပ်ပါနဲ့တော့၊ ငါ နေနိုင်ပါတယ်၊ ငါ ငါ ခံနိုင်ရည်ရှိပါတယ်ဟာ ပုဏ္ဏား နင် နင် ...'

'မနက်ဖြန်ကျရင် အားလုံး ပြီးသွားပါလိမ့်မယ်ဟာ၊ ငါ မလုပ်ရင် နင်က ဒီဘဝအတွက် အသက်အန္တရာယ်ရှိတဲ့ အခြေအနေအနားထိ ရောက်လာပြီလေ'

သူ့စိတ်ထဲမှသာ ရေရွတ်ဖြစ်ခဲ့သော စကားများသာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

စိမ်းဖန့်ဖန့် အလင်းရောင်လေးတစ်ခု ရသည်ဆိုရုံမျှသာရှိသော အခန်းတစ်ခုထဲတွင်။

လူသားလေးဦးသည် စားပွဲဝိုင်းတစ်ခုတွင် ဝိုင်းကာ ထိုင်လျက်။ စားပွဲပေါ်တွင် လက်များကို မှောက်ကာ တင်ထားရင်း လက်ချောင်းချင်း ထိဆက်ထားကြ၏။ အခန်းထဲတွင် အေးစိမ့် တိတ်ဆိတ်လွန်းနေ၏။

အလွန်တရာ စူးရှတောက်ပလွန်းသော မျက်လုံးများနှင့် အသက်သုံးဆယ်ကျော် အမျိုးသမီးသည် သူ့ရှေ့တည့်တည့်တွင် ခပ်မတ်မတ်ထိုင်နေသော လူငယ်ကို စိုက်ကြည့်လိုက်၏။ လူငယ်မှ လက်သန်းထိပ် ကလေးချင်း စားပွဲပေါ်တွင် ထိဆက်ထားသော သူ့ညာဘက်မှ လှပချောမောသည့် ကောင်မလေးတစ်ယောက်ကို တစ်ချက် လှည့်ကြည့်၏။ ကောင်မလေးက ပြန်မကြည့်။ မျက်စိရှေ့တည့်တည့်တွင် ထိုင်နေသော မေးရိုးကားကားနှင့် လူငယ်ကိုသာ တည့်တည့် ကြည့်နေ၏။ မေးရိုးကားကားနှင့် လူငယ်မှ သူ့ညာဘက်တွင် ထိုင်သော လူငယ်နှင့် သူ့ဘယ်ဘက်တွင် ထိုင်နေသော အမျိုးသမီးကို တစ်လှည့်စီကြည့်ကာ ခေါင်းညိတ်သည် ဆိုရုံလေး ညိတ်ပြလိုက်လေသည်။ ထို့နောက် သူတို့အားလုံး မျက်လုံးများကို မှိတ်လိုက်ကြလေသည်။ အခန်းသည် ပို၍ အေးစက်တိတ်ဆိတ်ကာ မည်းမှောင်သွားသလိုလို။

ပုံရိပ်များ။

မြင်ကွင်းများ။

ရှာသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



နေရာများ။

အဖြစ်အပျက်များ။

အာရုံထဲတွင် အဆက်မပြတ် ပေါ်လာ၏။ အမျိုးသမီးရှေ့တည့်တည့်မှ လူငယ်မှာ တစ်ချက် လှုပ်ရှားသွား၏။ သို့သော် ခဏ အတွင်းမှာပင် ပြန်လည် ငြိမ်သက်သွားလေသည်။

သူသည် အလွန် လျှင်မြန်သော အရှိန်အဟုန်ဖြင့် ခရီးတစ်ခုကို သွားနေသလို ခံစားနေရ၏။

လူများ၊ နေရာများ၊ အဖြစ်အပျက်များ။

ကြီးမားသော ဖိစီးမှုတစ်ခုကို တဖြည်းဖြည်း ခံစားလာရ၏။

ကလေးငယ် တစ်ယောက်။

သူ့ကို လက်ပြ ဟန့်တားနေ၏။

ထို့နောက် သူ မသိသော တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသော လူတစ်ယောက်။

သူ့ကို စိန်းစိန်း စိုက်ကြည့်နေပြန်၏။

ဖိစီးမှုမှာ သူ့အပေါ် အလွန် ကြီးမားလာနေပြီ။

ပုံရိပ်များ။

မြင်ကွင်းများ။

နေရာများ။

အဖြစ်အပျက် ဆက်စပ်ပတ်သက်မှုများ။

ရုတ်တရက် သူ ဟာခနဲ ခံစားလိုက်ရ၏။

တစ်စုံတစ်ရာကို သဘောပေါက် သိရှိသွားသလို။

ဖိစီးမှုမှာလည်း အလွန့်အလွန် ကြီးမားနေခဲ့ပြီ။

ဖျတ်ခနဲ …

အရာအားလုံးနှင့် လွှင့်စင်ပြတ်တောက်သွားသလို …

အလင်းပြင်

အဖြူရောင် အလင်းပြင်

သူဘာကိုမှ မသိတော့ပါ။

ရသစာအုပ်တိုက်

ကျမ်းတကာတို့၏ အပြင်ဘက်ထွက်ကာ ငါ ဆိုသည်

ဤမည်သောနေရာတွင် ထိုကြမ္မာသည် ရှိအံ့

ထိုကြမ္မာသည် ငါ၏အရာဖြစ်လျှင် ငါလာမည်

ငါသည်

နတ်ဘုရားတို့ ရေတွက်အပ်သော

ဆဋ္ဌမနေရာ

သတ္တမတန်ဖိုး

Zeta ဖြစ်သည် …

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

'သူဟာ တို့ခန့်မှန်းထားတဲ့ အတိုင်းအတာထက် ပိုတတ်နိုင်ခဲ့တယ် ဇော်ဝါး'

'ဒါပေမဲ့ ခရစ္စတင်း .. သူ ...'

'မဟုတ်ဘူး သူ ခရီးထွက်သွားတာ'

'သူ ပြန်လာမယ် မဟုတ်လား ခရစ္စတင်း'

'အချိန်ကာလ တစ်ခု လိုအပ်လိမ့်မယ် မျက်ရှုလရောင်'

'ခရစ္စတင်း'

'........'

'တို့ကို သူနဲ့ လက်ထပ်ပေးပါ'

'မျက်ရှု .. နှင်'

'မပြောနဲ့ ဇော်ဝါး၊ သူ ငါ့အတွက် ဘာတွေလုပ်ပေးသွားခဲ့တယ် ဆိုတာ နှင်သိပြီးသားပါ၊ ငါ့ကို ကူညီပါ'

'............'

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ပါတယ်၊ Coma လို့ သတ်မှတ်ကြတာ မမှားပါဘူး၊ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာတော့ Coma မဟုတ်ဘူးလို့ပဲ ယူဆတယ်'

'ဒါဆို ဘယ်လိုလုပ်ရမလဲ ဒေါက်တာ'

'မဟုတ်သေးဘူး ဦးဘုန်းရဲ၊ အရမ်းလောလို့ရတဲ့ ကိစ္စမျိုး မဟုတ်ဘူး၊ ကျွန်တော်တို့ အချိန်ယူပြီး အဖြေရှာကြရလိမ့်မယ်'

'ဟင်း ...'

'စိတ်အေးအေးထားပါ ဦးဘုန်းရဲ၊ ကုထုံးတွေ မှားခဲ့လို့ရှိရင် ခင်ဗျားသားအတွက် ပိုထိခိုက်သွားမှာစိုးလို့ ကျွန်တော်တို့ အချိန်ယူစောင့်ကြည့်နေကြတာပါ'

'ဆရာ့ တစ်ဦးထဲအမြင်နဲ့ ဘယ်လိုယူဆသလဲ ဆရာ'

'ကျွန်တော့် အမြင်ကတော့ ...'

'ပြောပါဆရာ ပွင့်ပွင့်လင်းလင်းသာ ပြောပါ၊ ဒီမှာရှိနေတဲ့ လူအားလုံးဟာ သူ့မိသားစုဝင်တွေပါပဲ'

'ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်တို့တွေ အားလုံးဟာ သူ့အတွက် ညီအစ်ကို မောင်နှမတွေပါပဲ'

'ကျွန်တော့်အမြင်ကတော့ သူဟာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတာဗျ'

'ဗျာ ဒီလောက် အကြာကြီး'

'အဲဒါက ထူးဆန်းတာပေါ့'

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

'ဘာတွေဖြစ်ပျက်သွားတယ်ဆိုတာ အခုအချိန်ထိ ငါ တွေးလို့ကို မရဘူး၊ လောကကြီးမှာ ဒါမျိုးကိစ္စတွေ ရှိသလား'

'သိပ်မတွေးနဲ့ ချိုကြီး၊ ဓော်ဝါးရော ဟိုအမျိုးသမီးရော ငါတို့ နားလည်နိုင်သလောက် အကြိမ်ကြိမ် ငါတို့ မေးခဲ့တိုင်း သေချာရှင်းပြခဲ့တာပဲ၊ ငါတို့မှ နားမလည်တာ'

'မဟုတ်သေးဘူး တင်မောင်ရာ၊ ငါ ခဏခဏ အစကနေ အဆုံးတွေး တွေးကြည့်တယ်၊ ဘာမှန်းမသိလို့ကို မကျေနပ်တာ'

'သိပ်မတွေးနဲ့ ရှူးသွားမယ်၊ ဟိုမှာ မေနီးတို့ ထွက်လာပြီဟ၊ လာလာ သွားမယ်'



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

‘နာနား … ဒါ အန်ကယ်ရဲသင်လေ’

‘ဘာလုပ်နေတာလဲ’

‘အိပ်နေတာ နာနားရဲ့’

‘တီတီမျက်ရှုက မနိုးဘူးလား မမမေနိုး’

‘………’

‘နာနား နိုးကြည့်မယ်လေ’

‘………’

‘တီတီမျက်ရှု ‥ နာနားကို ကိုင်ထား၊ ဟင့်အင်း မမက နာနားကို မကိုင်ထားရဘူးလေ’

‘ဟဲ့ ဟဲ့’

‘အန်ကယ်’

‘………’

‘အန်ကယ် ရဲသင် ‥’

‘………’

‘အန် ကယ် ရဲ သင်’

‘အိုး’

မျက်ခွံများ အနည်းငယ် လှုပ်ခတ်သွားသလို။

‘သူ ကြားတယ် တီတီမျက်ရှု၊ မမ နာနားခေါ်တာ သူ ကြားတယ်’

‘အန်ကယ် ‥ အန်ကယ် ရဲသင် …. နာနားလေ’

ရှုသစ္စာအုပ်တိုက်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

နှစ်နှစ်ခန့် ကြာသောအခါ

ရသာစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ညဦးပိုင်းသည် လွန်စွာ အေးချမ်းလှ၍ ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံနေပေသည်။

ကုန်းတော် တစ်နေရာ၌ သန့်သန့်ပြန့်ပြန့် လူတစ်ယောက်သည် ခေါင်းလောင်းကြီးတစ်လုံးကို ကျောပေးကာ အေးအေးဆေးဆေး ထိုင်လျက် ဟိုသည် ကြည့်နေလေ၏။ ထိုခဏ၌

'ဒေါင် .... ဟောင် .... ဟောင်'

နောက်နားကပ်လျက်မှ ကျယ်စွာသော ခေါင်းလောင်းသံကြီး ရုတ်တရက် ပေါ်၍လာလေရာ ထိုသူသည် ခေါင်းမွေးများ ထောင်ထမတတ် အကြီးအကျယ် လန့်သွားကာ မတ်တတ် ထရပ်မိလေ၏။ ဒေါသလည်း လွန်စွာ ထွက်သွားသဖြင့် ခေါင်းလောင်းထိုးသူကို ကြည့်ရာ

'ဟင်'

မြင့်မားသော အရပ်အမောင်းနှင့် ဥစ္စာစောင့်တမျှ လှပသော ကောင်မလေးတစ်ယောက်။ ကောင်မလေးမှာလည်း ထိုသူကို မြင်သော် မှတ်မိသွားပုံရ၏။

'ဩော်'

ထိုခဏ၌ ခပ်ဖိုင့်ဖိုင့်လူငယ်တစ်ယောက် သူတို့နား ရောက်လာကာ ထိုလူကို မြင်သော်

'ဟာ ... ဟို ... ကိုဘယ်သူ မဟုတ်လား'

'သန်းနိုင်လေ'

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



'ဟာ ဟုတ်တယ် ကိုသန်းနိုင်၊ ခေါင်းလောင်းထိုးမလို့လား၊ မျက်ရှုပေး ပေး နှင့်လက်ထဲက တုတ်တံပေး'

'ဟဲ့ ဟဲ့ ချိုးကြီး'

'ရှော့ ကိုသန်းနိုင် တွေ့ရတာဝမ်းသာတယ်ဗျာ၊ ထိုး ထိုး၊ အားရပါးရသာထိုး'

ကိုသန်းနိုင်ဆိုသူမှာ ခေါင်းလောင်းထိုးတံကြီး ကိုင်ကာ ကြောင်လျက်သား ကျန်ခဲ့လေသည်။

ဥစ္စာစောင့်တမျှ လှပသော အရုပ်မြင့်မြင့် ကောင်မလေးမှာ တစ်နေရာတွင်ရပ်ကာ သူတို့ကို ပြုံးရှုံကြည့်နေသော ခပ်ဖြောင့်ဖြောင့် ကောင်လေးတစ်ယောက်နှင့် ပိန်ရှည်ရှည် ကောင်လေးတစ်ယောက်ဆီသို့ ထွက်သွားပြီဖြစ်၏။ ခပ်ဖိုင့်ဖိုင့် ကောင်လေးမှာလည်း ခပ်သုတ်သုတ် လိုက်သွားလေသည်။

လေးယောက်သား ရယ်ကာမောကာ ပြောဆိုနေကြစဉ် ခပ်ချောချောသွက်သွက်လက်လက် ကောင်မလေးတစ်ယောက် ထပ်ရောက်လာကာ ငါးယောက်သား စကား အလုအယက် ပြောဆိုကြရင်း အေးချမ်းစွာ ထွက်သွားကြလေသည်။

ကိုသန်းနိုင်ဆိုသူကား ခေါင်းလောင်းထိုးတံကြီး ကိုင်ကာ ထိုငါးယောက်ကို ငေးမော၍ ကျန်နေဆဲ။

ဥစ္စာစောင့်မလေးမှ ခပ်ဖြောင့်ဖြောင့်ကောင်လေး လက်ကို လှမ်းတွဲလိုက်သည်ကိုသာ နောက်ဆုံး မြင်လိုက်ရလေသည်။

စိတ်ချမ်းသာကြပါစေ။
အရိုး

ရသစာအုပ်တိုက်

BURMESE CLASSIC .com

www.burmeseclassic.com